www.free4readers.com

The SPEAKER
သတင်းဂျာနယ်
news journal
Vol(3) No(3) ၁၃၈၀ပြည့်နှစ်၊ နတ်တော်လဆန်း(၆)ရက် December ( 13 - 19 ) 2018

# ၂၀၁၉ တွင် အငြိမ်းစားပင်စင်လစာများ တိုးပေးရန် စီစဉ်နေ

■ စာ (၃၀)





## ဝေဠုကျော်ကို တရားစွဲဖို့ ကျွန်မမှာ သက်သေအခိုင်အမာ ရှိပါတယ်

■ စာ (၃၂)

## လူမင်း အကူအညီတောင်းခြင်းကြောင့် ဗိုလ်ချုပ်ရုပ်ရှင်ကို တတ်နိုင်သည့်ဘက်က ကူညီပေးနေဟု ဘုရှင်းသိုက် ပြော

■ စာ (၆)

## ဒိုက်ဦး တစ်သောင်းတန် ငွေစက္ကူအတုများတွေ့ရှိမှု CID ကိုင်တွယ်နေ

■ စာ (၂)

## ဦးနေဝင်းကို ရှိခိုးရစေဦးတော့

■ စာ (၃)

ဦးဝင်းထိန်

အင်တာဗျူး

## ဖိုးထိပိုးပိကို တစ်ဖက်လှည့်နဲ့ လိုချင်တဲ့သူတွေက နည်းမျိုးစုံနဲ့ ကြိုးစား သွေးထိုးနေကြတယ် ...

■ စာ (၃၆)

အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုးနှင့် တွေ့ဆုံခြင်း





# ဦးနေဝင်းကို ရှိခိုးရစေဦးတော့

ဦးဝင်းထိန်

(၂၁)ရာစု ပင်လုံ

နိုင်ငံ့တာဝန်ကို NLD အစိုးရစတင်တာဝန်ယူခဲ့တဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးအတွက်ရည်ရွယ်ပြီး (၂၁)ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံကျင်းပခဲ့တာ ယခုဆိုရင် တတိယအကြိမ်ထိ ပြီးမြောက်ခဲ့ပါပြီ။ မကြာခင်မှာ စတုတ္ထအကြိမ် ကျင်းပတော့မယ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ပြည်သူအများမျှော်လင့်တောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အခု အနေအထားမှာတော့ မျှော်လင့်ခြင်းအဆင့်မှာပဲဆိုပြီး လက်တွေ့အကောင်အထည်ဖော်ဖို့ကတော့ တော်တော့်ကို လိုနေပါသေးတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိစ္စကိုတောင်မှ ပီပြင်အောင် အကောင်အထည်မပေါ်နိုင်သေးဘဲကိုး။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ သဲသဲကွဲကွဲအနေအထားကိုရောက်အောင် အကြိမ်ပေါင်းမြောက်မြားစွာ ဆွေးနွေးညှိနှိုင်းရမှာပါ။ နိုင်ငံရေးပါတီတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တပ်မတော် စတဲ့ အဖွဲ့တွေအချင်းချင်း အာပေါက်မတတ် ငြင်းကြ၊ ခုံကြရဦးမှာပါ။

၁၉၈၉ ခုနှစ်ကစခဲ့တယ်

တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ လက်နက်ကိုင် ပဋိပက္ခတွေချုပ်ငြိမ်းစေဖို့အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အဖြေရှာမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ၁၉၈၉ ခုနှစ်ကတည်းက NLD က ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့တာပါ။ တိတိကျကျပြောရရင် ဒေါ်အောင်ဆန်းစုကြည်ဟာ NLD အင်အားစုအချို့နဲ့ အတူ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ပင်လုံမြို့ကို ရောက်ရှိသွားပြီး ပင်လုံမြို့ရှိ သမိုင်းဝင်ကျောက်တိုင်ရှေ့မှာ ကိုယ်တိုင်ကိုယ်ကျ ကြေညာခဲ့တာပါ။

ဒါ့ကြောင့် NLD ဟာ ဒီသဘောထားကို ဆုပ်ကိုင်ပြီး တစ်သတ်မတ်တည်း နိုင်ငံရေးလှုပ်ရှားမှုများဆောင်ရွက်တဲ့အခါမှာမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင် ဒီရည်ရွယ်ချက်ကို ဘယ်တော့မှ လက်မလွှတ်ခဲ့ပါဘူး။ ဒါကြောင့်မို့လို့ ၂၀၁၆ ခုနှစ်ကစပြီး နိုင်ငံရဲ့ တာဝန်လွှဲပြောင်းထမ်းဆောင်ခဲ့တဲ့ အချိန်ကစပြီး ငြိမ်းချမ်းရေးကို ဦးတည်တဲ့လုပ်ရပ်တွေ ဆောင်ရွက်ခဲ့တာဟာ (၂၁) ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံတွေက သက်သေတည်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ နိုင်ငံမှာ ဒီမိုကရေစီထွန်းကားရေးကိုရှေးရှုတဲ့ နိုင်ငံရေးလှုပ်ရှားမှု နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းခဲ့ပါတယ်။ အဲဒီလိုကြိုးပမ်းခဲ့တဲ့ သာဓကတွေထဲက ဖြစ်စဉ်တစ်ခုကို ၁၉၉၅ ခုနှစ်က ကျွန်တော် ထဲထဲဝင်ဝင် လုံးပန်းခဲ့ရဖူးပါတယ်။ သူပထမအကြိမ် အကျယ်ချုပ်ဘဝက လွတ်မြောက်ပြီးတဲ့ကာလ နောက်လများမှာပါ။



ထိုင်ရှိခိုးဆို ခိုးပါ့မယ်

၁၉၉၅ ခုနှစ် ဇူလိုင်လမှာ ဒေါ်အောင်ဆန်းစုကြည် အကျယ်ချုပ်ဘဝက လွတ်မြောက်ခဲ့ပါတယ်။

သူ့ရဲ့ မေတ္တာရပ်ခံချက်အရ ကျွန်တော်ဟာ အမှတ် (၅၄) တက္ကသိုလ်ရိပ်သာလမ်းလို့ခေါ်တဲ့ သူနေတဲ့အိမ်အိုကြီးကို ရုံးအဖြစ် အသုံးပြုပြီး နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်တဲ့ အခါ ကျွန်တော်က တနင်္ဂနွေနေ့ကလွဲရင် တစ်ပတ်မှာ ခြောက်ရက် သွားရောက်ခဲ့ပါတယ်။ သူ့ဆီကို လာလည်တဲ့ ပြည်တွင်းက ဧည့်သည်တွေနဲ့ တွေ့ဆုံပွဲတွေ စီစဉ်ပေးရသလို သူ့ဆီရေးတဲ့စာတွေကိုလည်း ဖတ်ကြားစိစစ်ပြီး သူ့ကို တင်ပြရပါတယ်။

ပြည်ပဧည့်သည်တွေ၊ ပြည်ပမီဒီယာတွေနဲ့ ပတ်သက်လာရင်တော့ ဦးအေးဝင်းက တာဝန်ယူပါတယ်။ ဦးအေးဝင်းဟာ အာဇာနည် ဦးဘဝင်းရဲ့ သားအကြီးဆုံးပါ။ ဒေါ်စုနဲ့ဆိုရင် မောင်နှမ တစ်ဝမ်းကွဲပေါ့။ ပြည်ပရောက် ဒေါက်တာစိန်ဝင်းကတော့ ဦးအေးဝင်းရဲ့ ညီအငယ်ဆုံးပါ။ သူဟာ စက်မှု(၁)မှာ ညွှန်ကြားရေးမှူးရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒေါ်စုနိုင်ငံရေးနယ်ပယ်ထဲကို ရောက်လာတော့မှ သူဟာ အငြိမ်းစားယူခဲ့တာပါ။

နေ့လယ်စာ စားရင် ဒေါ်စုရယ်၊ ဦးအေးဝင်းရယ်၊ ကျွန်တော်ရယ် အတူစားလေ့ရှိပါတယ်။ ရုံးချိန်မှာ နိုင်ငံရေးကိစ္စတွေနဲ့ လုံးပန်းနေရတာမို့ ထမင်းစားချိန်မှာတော့ လွတ်လွတ်လပ်လပ်တခြားကိစ္စတွေပြောကြ၊ ဆိုကြပေါ့။

> ကိုကိုမောင်ကြီးစာအုပ်ကို ဖတ်တဲ့သူတွေသာမက၊ စာအုပ်ကိုမှီပြီး ထုတ်နုတ်ဖော်ပြကြတဲ့ မီဒီယာတွေရဲ့ကျေးဇူးကြောင့် တော်တော်ပျံ့နှံ့ ကျော်ကြားသွားပါတယ်။ ဒါပေမဲ့ သူတို့နဲ့ဦးနေဝင်းတွေ့ဆုံပွဲကို ကျွန်တော်က တိုက်တွန်းလို့ တွေ့ခဲ့ရတဲ့အကြောင်းရော၊ ဒေါ်စုနဲ့ ဦးနေဝင်းတွေ့ဖို့ပြောမယ့်အကြောင်းတွေ မပြောဖြစ်တာတွေကိုရောရေးမထားပါ။ သိသိကြီး ချန်ထားခဲ့ပါတယ် ...

စာမျက်နှာ (၁၂) သို့




HOTEL AKIMOMI
(ASEAN Green Hotel Standard 2018 Award Winner Hotel)
No.126, Khay Mar Street, Qtr.(6), Pyin Oo Lwin, E-mail:hotelakimomi.myanmar@gmail.com
Tel: (+95) 85-2021185, 09-777583774, 09-961674204, Face book Page: Hotel AKIMOMI
☎ : 085-2021185, 09-777583774, 09-961674204

www.free4readers.com



# အကျဉ်းသားများကို လွတ်လွတ်လပ်လပ် သီးခြားတွေ့ဆုံမေးမြန်းခွင့်ရခြင်းက တိုးတက်မှုတစ်ခုဟုဆို




**ရန်ကုန်၊ ဒီဇင်ဘာ ၁၀**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အကျဉ်းထောင်ရှိ အကျဉ်းသားများကို လွတ်လပ်စွာသီးခြားတွေ့ဆုံမေးမြန်းခွင့် ရရှိလာခြင်းက တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ ဥက္ကဋ္ဌ ဦးဝင်းမြက ပြောသည်။

"အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ ပြဿနာတွေက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ဆိုင်ပါတယ်၊ အကျဉ်းထောင်တွေမှာဖြစ်နေတာ၊ အချုပ်ခန်းတွေမှာ ဖြစ်နေတာ၊ အလုပ်စခန်းတွေမှာ ဖြစ်နေတာ၊ ညှဉ်းပန်းနှိပ်စက်မှုတွေ ဖြစ်နေတာ စသည်ဖြင့်ပေါ့။ သူတို့ကတော့ တဖြည်းဖြည်း သူတို့ရဲ့ ဆောင်ရွက်ချက်တွေကို ပြန်ကြားလာတာတွေ့ရတယ်။ အခုကတော့ တိုးတက်လာတယ်။ အရင်တုန်းကတော့ အကျဉ်းထောင်တွေကိုသွားပြီး စုံစမ်းစစ်ဆေးပိုင်ခွင့် မရှိပါဘူး။ ၂၀၁၁ ခုနှစ်မှာ လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းပေးလိုက်တဲ့အချိန်မှာ ပထမဆုံးအကျဉ်းထောင်ကို သွားပြီးစစ်ဆေးတာက အင်းစိန်ထောင်ပါ။ လွတ်လွတ်လပ်လပ် စစ်ဆေးပိုင်ခွင့်မရှိပါဘူး။ အခုက လွတ်လွတ်လပ်လပ် တွေ့ဆုံမေးမြန်းခွင့် ရှိတယ်ဆိုပေမယ့် ကျွန်တော်တို့ဘာသာ သီးခြားတွေ့ဆုံမေးမြန်းပိုင်ခွင့်တော့ မရှိပါဘူး"ဟု ၎င်းက ပြောသည်။

ထပ်မံ၍ "အခုတော့ ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဌာန်းပြီးတဲ့နောက် အကျဉ်းထောင်တွေ၊ အချုပ်ခန်းတွေမှာ လွတ်လွတ်လပ်လပ် စစ်ဆေးမေးမြန်းခွင့်ရပါတယ်။ အကျဉ်းသားတွေကလည်း သီးခြားတင်ပြချင်ရင်လည်း တင်ပြခွင့်ရပါတယ်။ ကျန်းမာရေး၊ နေရေး၊ ထိုင်ရေး၊ စိတ်ပိုင်းဆိုင်ရာတွေနဲ့ ပတ်သက်လို့ ကြိုးစားပြီး လိုက်လျောလာတာမျိုး တွေ့ရတယ်။ ထောင်ဆိုတာ လူတွေကို နှိပ်စက်ညှဉ်းပန်းဖို့မဟုတ်ဘူး။ ထောင်ဆိုတာ ထောင်ကျတဲ့သူက ထောင်ကလွတ်လာရင် ဘဝသစ်ကို ရင်ဆိုင်နိုင်ဖို့ ပြုစုပျိုးထောင်ပေးတဲ့ နေရာဖြစ်တယ်။ အကျဉ်းထောင်တွေမှာ တရားစခန်းတွေထားဖို့၊ ဘာသာမတူသူတွေကို လွတ်လွတ်လပ်လပ်ကိုးကွယ်ခွင့်ရဖို့၊ စာကြည့်တိုက်တွေထားပေးဖို့ တောင်းဆိုပါတယ်။ တစ်နည်းအားဖြင့် အကြံပြုချက်တွေ ပြန်ကြားလာတဲ့ တိုးတက်မှုတစ်ရပ် ဖြစ်ပါတယ်"ဟု ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပတ်သက်၍ တိုင်ကြားလာသည့် တိုင်စာများအရ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း စုစုပေါင်းတိုင်စာ အရေအတွက် သုံးထောင်ခန့်ရှိရာတွင် တိုင်စာမမြောက်သည့် စာများကိုစိစစ်ဖယ်ရှားရာ၍ တိုင်စာအရေအတွက် ကိုးရာကျော်ရှိကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ထပ်မံပြောသည်။

"ရဲတပ်ဖွဲ့နဲ့ ပတ်သက်တဲ့ တိုင်ကြားချက်တွေက ၃၀ ရာခိုင်နှုန်းလောက်တော့ရှိပါတယ်။ ကျွန်တော်တို့က အခုအချိန်မှာသက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုက ပိုမိုပြီး အရှိန်အဟုန်မြင့်လာတာ တွေ့ရတယ်။ အခုအချိန်မှာတော့ မြေယာအငြင်းပွားမှုနဲ့ ပတ်သက်ပြီး အများဆုံးဖြစ်ပါတယ်။ ရဲနဲ့ပတ်သက်တဲ့ အမှုတွေလည်း တိုင်စာရရှိပါတယ်။ ဥပဒေပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့တိုင်စာတွေ ရရှိပါတယ်။ တရားရုံး မရောက်ခင်မှာတော့ ကျွန်တော်တို့က ဒါတွေကို အရေးယူဆောင်ရွက်ပေးတယ်။ တရားရုံးရောက်ပြီးသား ကိစ္စတွေကိုတော့ ကျွန်တော်တို့ ကိုင်တွယ်လို့မရပါဘူး။ ၂၀၁၇ နဲ့ နှိုင်းယှဉ်မယ်ဆိုရင် တိုင်စာတွေပိုများလာတာတွေ့ရပါတယ်"ဟု ၎င်းကပြောသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားသောကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြီးခဲ့သည့်အောက်တိုဘာ ၉ ရက်နောက်ပိုင်းက နှစ်ကြိမ် သွားရောက်စုံစမ်းစစ်ဆေးလေ့လာခဲ့ပြီး တွေ့ရှိချက်များကို နိုင်ငံတော်သမ္မတရုံးသို့ အသေးစိတ် အစီရင်ခံစာ တင်ပြထားကြောင်းသိရသည်။

**ကိုငှက်ခါး**

# MPT မှ အခွန်အများဆုံး ပေးဆောင်သည့်အပေါ် ဝင်ငွေခွန်များကို ပြန်လည်ဆန်းစစ်ရန် လွှတ်တော်အမတ် ထောက်ပြ

**နေပြည်တော်၊ ဒီဇင်ဘာ ၁၁**

ဆက်သွယ်ရေးကဏ္ဍ အခွန်ဆောင်မှုတွင် MPT မှ အများဆုံးဆိုသည့်အပေါ် ဝင်ငွေခွန် မှန်ကန်မှု ရှိ၊ မရှိ ဆက်လက်ဆန်းစစ်ရမည့် အနေအထားဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က သုံးသပ်ပြောဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အနေဖြင့် ကျပ် ၆၆ ဘီလီယံနှင့် MPT ၏ မိတ်ဖက်ဖြစ်သော KDDI တို့က ကျပ် ၂၂ ဘီလီယံဖြင့် စုစုပေါင်းကျပ် ၈၈ ဘီလီယံကို အခွန်ပေးဆောင်ထားပြီး ဆက်သွယ်ရေးကဏ္ဍတွင် ဝင်ငွေခွန် အများဆုံးပေးဆောင်ခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လွှတ်တော်တွင် ရှင်းလင်းခဲ့သည်။

" MPT ဆိုတာ ဆက်သွယ်ရေးရှိတယ်။ စာတိုက်ရှိတယ်။ ကြေးနန်းရှိတယ်။ တစ်နိုင်ငံလုံးမှာ Fax လိုင်းတွေရှိတယ်။ ဒီလိုင်းတွေကရတဲ့ ဝင်ငွေခွန်တွေရော မှန်မှန်ကန်ကန်ဖြစ်နေသလားဆိုတာ ဝန်ကြီးဖြေတဲ့အဖြေပေါ်မှာ ဆက်လက်ပြီး လေ့လာဆန်းစစ်ကြည့်ရမယ့် အနေအထား ရှိတယ်လို့ပဲ မြင်ပါတယ်" ဟု ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က ပြောသည်။

ဒီဇင်ဘာလ ၁၁ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်အစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် MPT အခွန်ပေးဆောင်မှုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၏ ဆွေးနွေးမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းခဲ့ပြီးနောက် ဦးတင်ထွန်းနိုင်က လွှတ်တော်နားချိန်တွင် မီဒီယာများကို ပြောကြားလိုက်ခြင်း ဖြစ်သည်။

တယ်လီ-မြန်မာသည် ဈေးကွက်ဝေစုတွင် GSM ဈေးကွက်တစ်ခုတည်းသာ ရရှိထားသော်လည်း ကျပ်ဘီလီယံ ၉၀ နီးပါး ဝင်ငွေအခွန် ဆောင်ထားသောကြောင့် MPT သည် ဈေးကွက်တွက် GSM ဈေးကွက်၏ ဝေစုအပြင် CDMA ဈေးကွက်ဝေစုနှင့် Fax လိုင်း၊ တစ်နိုင်ငံလုံးတွင် လိုင်းချိတ်ထားသော အိမ်လိုင်းများ၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများ များစွာရှိသော်လည်း အခွန်ကျပ် ၈၈ ဘီလီယံဆောင်ခဲ့သည့်အပေါ် ပြန်လည်ဆန်းစစ်ရမည်ဟု ဦးတင်ထွန်းနိုင်က သုံးသပ် ပြောကြားသည်။

"မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရဲ့ ပေးဆောင်မှုကို စစ်လိုက်တဲ့အခါမှာ ၂၀၁၇-၁၈ စည်းကြပ်နှစ်မှာ ၂၀၁၆-၁၇ ခု ဘဏ္ဍာရေးနှစ်အတွက် ဆက်သွယ်ရေးလုပ်ငန်းအပေါ်မှာ ကုန်သွယ်ဝန်ဆောင်မှုအခွန် ၅၅ ဘီလီယံ ပေးသွင်းထားတာကို တွေ့ရပါတယ်။ သူဟာ တယ်လီနော၊ အူရီဒူးတို့ထက် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

၂၀၁၆ ခုနှစ် အစိုးရအခွန်အကောက်ဥပဒေအရမြန်မာ့ဆက်သွယ်ရေး ဖုန်းသုံးစွဲသူများထံမှ ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှစ၍ ပြည်တွင်းအခွန်များ ဦးစီးဌာနကို ပေးသွင်းခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပြောသည်။

သို့သော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အစိုးရပိုင်အဖွဲ့အစည်းဖြစ်သည့်အတွက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြေညာသည့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍ၏ ပြည်တွင်းကုမ္ပဏီနှင့် အခြားကုမ္ပဏီများကဲ့သို့ ကုန်သွယ်ခွန်၊ လုပ်ငန်းခွန်ပေးဆောင်သော လုပ်ငန်းရှင်များစာရင်းတွင် ဖော်ပြခြင်းမခံခဲ့ရကြောင်း သိရသည်။

"တယ်လီဖုန်းဘေလ်ပေါ်ကနေပြီး ၅ ရာခိုင်နှုန်း ကောက်ခံတာ ပြည်သူလူထုရဲ့ ပိုက်ဆံ။ ပြည်သူလူထုရဲ့ ပိုက်ဆံကောက်ခံတာ ဘယ်လောက်ရလဲ ဆိုတာကတော့ သူတို့အနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိစွာ ဝက်ဘ်ဆိုက်ကရော၊ အစီရင်ခံစာမှာရောဒါလေးတွေကပြောကို ပြောရမယ့်ကိစ္စ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က ပြောသည်။

ထို့ကြောင့် ရှေ့လာမည့် နှစ်များတွင် အစိုးရပိုင်လုပ်ငန်းများအခွန်ဆောင်ခြင်းကိစ္စကို သေချာပြန်ဆန်းစစ်၍ အခွန်ကိစ္စများကိုရှင်းရန်လိုအပ်ကြောင်း ဦးတင်ထွန်းနိုင်က ပြောကြားလိုက်သည်။

**အေးအေးဟန်**

# ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားအရေးဆောင်ရွက်သူ ကိုရဲမင်းအဖမ်းခံရမှုတွင် မြန်မာသံရုံးပယောဂမပါဟု မြန်မာသံအရာရှိပြော

**ရန်ကုန် ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားအရေးဆောင်ရွက်နေသည့် ကိုရဲမင်း အဖမ်းခံရမှုတွင် မြန်မာနိုင်ငံသံရုံးမှ အဖမ်းခိုင်းသည်ဟုဆိုသည့် သတင်းများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေရာ ထိုသတင်းများ မဟုတ်မှန်ကြောင်း ဘန်ကောက်ရှိ မြန်မာသံအရာရှိ ဦးစန်းမောင်ဦးက Speaker သို့ပြောသည်။

ဦးစန်းမောင်ဦးက "ကိုရဲမင်း အဖမ်းခံရတာဟာ သံရုံးကဖမ်းခိုင်းလို့ အလုပ်သမား အရေးဆောင်ရွက်လို့ ဖမ်းတယ်ဆိုပြီး မီဒီယာတွေမှာ ဖြစ်လာတယ်။ ကျွန်တော်တို့ဘက်က သက်ဆိုင်ရာဌာနတွေနဲ့ သွားတွေ့တယ်။ သူက ထိုင်းနိုင်ငံ လဝကဥပဒေ ၁၂/၁၃အရ အကြမ်းဖျင်းပြောရရင် ဗီဇာသက်တမ်းကုန်တာပေါ့။ သူမှမဟုတ်ဘူး။ ဘယ်သူပဲဖြစ်ဖြစ် အဲဒီပဟာနဲ့ဖမ်းခံရရင် နှစ်နိုင်ငံချစ်ကြည်ရေးအရ မြန်မာနိုင်ငံကို ပြန်ပို့ရတယ်။ သို့သော် ကာယကံရှင်ကိုယ်တိုင် ထိုင်းနိုင်ငံမှာ အမှုလေးတွေရှိနေတယ်။ အဲဒီတော့ အမှုလေးတွေပြီးမှ မြန်မာနိုင်ငံကို ပြန်ပို့မယ်။ ဒါနဲ့ပတ်သက်လို့ သတင်းထုတ်ပြန်ပေးထားတယ်"ဟု ပြောသည်။

ကိုရဲမင်းဦးဖမ်းခံရခြင်းနှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်တွင် "၇-၁၁-၂၀၁၈ ရက်တွင် တရားရုံးမှ ရုံးထုတ်ခဲ့ပြီး ထိန်းသိမ်းရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ လဝကမှ ၎င်းတို့ဥပဒေနှင့် ဆောင်ရွက်ခဲ့ကြောင်း တရားရုံးမှဆုံးဖြတ်ခဲ့သဖြင့် ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း သိရှိရသည်။

တရားရုံးမှရုံးထုတ်ပြီး ထိန်းသိမ်းခံထားရသည့် အကြောင်းအရင်းနှင့်ပတ်သက်၍ Facebook ပေါ်တွင် သံအရာရှိ ဖမ်းခိုင်း၍ ဖမ်းသည်ဟူ၍သာ စွပ်စွဲပြောဆိုခဲ့ပြီး အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ၊ သံရုံး၊ အလုပ်သမား သံအရာရှိ ရုံးတို့နှင့် အလုပ်သမားများအကြား၊ နှစ်နိုင်ငံ အစိုးရအကြား၊ နိုင်ငံသားများနှင့် တာဝန်ရှိသူများအကြား အမုန်းတရားပွားများစေရန်၊ လူစုလူဝေးဖြစ်စေရန်သာ Social Media ကို အသုံးချ၍ဆောင်ရွက်ခဲ့ပြီး၊ ယင်းနေ့တွင်ပင် တရားရုံးနှင့်အနီး ပတ်ဝန်းကျင်တွင် လူစုလူဝေးဖြစ်စေရန် ဆောင်ရွက်မှုများကြောင့် ထိုင်းနိုင်ငံ သတင်းရဲတပ်ဖွဲ့ (Special Branch) မှ တိုင်ကြားအကြောင်းကြားလာသည့် အဆင့်အထိ ဖြစ်ခဲ့ရသည်"ဟုလည်း ဖော်ပြထားသည်။

ထို့ပြင် "ဖမ်းဆီးခံရသည့် အဓိကအကြောင်းအရင်းသည် မြန်မာနိုင်ငံမှဖမ်းဝရမ်းကို သံအရာရှိရုံးမှ ဆက်လက်ပေးပို့ထားမှုနှင့် ပတ်သက်သည့် အကြောင်းကြားစာကြောင့်ဟု အတည်ပြု ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် FIR အမှုတွဲအား ၁၀ လပိုင်း လကုန်သည်အထိ တင်ပြဆောင်ရွက်နိုင်ခြင်း မရှိဘဲ၊ ပြဿနာအားပြေလည်အောင် မဖြေရှင်းဘဲ ပိုမိုရှုပ်ထွေးအောင်သာ လုပ်ဆောင်လာနေကြောင်း တွေ့ရှိရသဖြင့် ၇-၁၁-၂၀၁၈ ရက်တွင် သံအမတ်ကြီး၏လမ်းညွှန်မှုဖြင့် ရဲမင်း(ခ)ရဲမင်းကြည်နှင့် ပုံနှိပ်စာသည် အလုပ်သမားသံအရာရှိရုံး၏ Unregistered ဖြစ်ကြောင်း ၎င်းစာအမှန်တကယ်ရှိနေပါလျှင် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားစာအား ၁၀-၁၁-၂၀၁၈ တွင် သက်ဆိုင်ရာဌာနများသို့ ဆက်လက်အကြောင်းကြားပေးခဲ့ပြီး ဦးအောင်မျိုးသန့်မှတစ်ဆင့် ကာယကံရှင်၏ ရှေ့နေသို့ သက်ဆိုင်ရာအမှုတွဲများတွင် အသုံးပြုနိုင်ရေး မိတ္တူလာရောက်ယူဆောင်နိုင်ကြောင်း အကြောင်းကြားခဲ့သည်"ဟု ထုတ်ပြန်ထားသည်။

ထို့ပြင် မိမိတို့ရင်ဆိုင်ရန်ရှိသည့် အမှုအခင်းများအား ထိမ်ချန်ထားပြီး သံရုံးမှ ဖမ်းခိုင်းကြောင်း (သံရုံးအနေဖြင့် မည်သူ့ကိုမျှဖမ်းခိုင်း၍ မရသကဲ့သို့ လွှတ်ခိုင်း၍မရပါကြောင်း) ထိုင်းအစိုးရမှ အလုပ်သမားအရေးဆောင်ရွက်သဖြင့် အကြောင်းပြချက်မရှိဘဲ ထိန်းသိမ်းဖမ်းဆီးကြောင်း မမှန်သတင်းထုတ်လွှင့်ခြင်းဖြင့် ပြဿနာသည် ပြေလည်သွားမည်မဟုတ်ဘဲ ကာယကံရှင်များကိုယ်တိုင် မိမိတို့ရင်ဆိုင်ရန်ရှိသည့် မြန်မာဘက်၊ ထိုင်းဘက် တရားရုံးအမှုများကို မိမိတို့ကိုယ်တိုင်သိရှိပြီး ဖြစ်သည့်အတွက် တရားဥပဒေနှင့်အညီ ရင်ဆိုင်ရန် လိုအပ်ပြီး မမှန်သတင်း ထုတ်လွှင့်မှုကြောင့် နှစ်နိုင်ငံချစ်ကြည်ရေးအား ထိခိုက်စေပါက တည်ဆဲဥပဒေများနှင့်အညီ နှစ်နိုင်ငံဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်ဟု သတင်းထုတ်ပြန်ထားသည်။

**ရွှေထီး**

# မြန်မာနိုင်ငံလာပြီး ၁၀ ရက် တရားစခန်းဝင်ခဲ့တဲ့ Twitter အမှုဆောင်အရာရှိချုပ်

အေးမွန်(IR)



Twitter အမှုဆောင်အရာရှိချုပ် Jack Dorsey တရားအားထုတ်နေစဉ် (ယာ)

ကမ္ဘာ့ထိပ်တန်း လူမှုကွန်ရက်တစ်ခု ဖြစ်တဲ့ Twitter ကို ပဲ့ကိုင်ထားသူ တစ်ဦးရဲ့ မြန်မာနိုင်ငံ ခရီးစဉ်အကြောင်း ဝေမျှမှုဟာ ဒီရက်ပိုင်း နိုင်ငံတကာထိပ်တန်းသတင်းတွေထဲမှာ ရေပန်းစားခဲ့ပါတယ်။ သာမန် အလည်အပတ် သဘောမျိုးနဲ့ လာရောက်ခဲ့တာ မဟုတ်ဘဲ ဝိပဿနာတရားအားထုတ်မှု ပြုလုပ်ခဲ့တာကြောင့် သူ့ရဲ့ခရီးစဉ်ဟာ ထူးခြားတယ်လို့ဆိုရမှာပါ။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံခရီးစဉ်အကြောင်း အတွေ့အကြုံတွေကို ဝေမျှခဲ့တဲ့ သူ့အပေါ် ဝေဖန်မှုတွေ မြင့်တက်ခဲ့ပါတယ်။ ဒါကလည်း မြန်မာနိုင်ငံရဲ့ ဥပမိရုပ်အပေါ် ပြန်ပြီး ဆန်းစစ်စရာ ဖြစ်စေခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေလောက် ခေတ်မီတိုးတက်ခြင်းမရှိပေမယ့် သာယာလှပတဲ့ တောတောင်ရေမြေတွေနဲ့ ဒဿဝတ်ကျေပွန်ပြီး ဖော်ရွေကူညီတတ်တဲ့ မြန်မာလူမျိုးတွေရဲ့ စိတ်ဓာတ်ဟာ နိုင်ငံတကာမှာ ဂုဏ်ယူစရာအချက်အဖြစ် တစ်ချိန်က မှတ်ယူထားကြပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဒီအချက်တွေဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်ယူစရာဖြစ်ဟန် မတူတော့ပါဘူး။ ဘာလိုအခြေအနေတွေက ဒီလိုဖြစ်ခဲ့တာပါလဲ။ Twitter အမှုဆောင်အရာရှိချုပ် မြန်မာနိုင်ငံ လာရောက်ခဲ့ခြင်းနဲ့ ပေါ်ပေါက်ခဲ့တဲ့ ဂယက်တွေကို ဒီတစ်ပတ်ဆောင်းပါးမှာ ဖော်ပြပါမယ်။

အသက်(၄၂)နှစ် ရှိပြီဖြစ်တဲ့ Jack Dorsey ဟာ နိုဝင်ဘာလထဲမှာ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ပါတယ်။ သူဟာ အမေရိကန်နည်းပညာလုပ်ငန်းရှင် သန်းကြွယ်သူဌေး ဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်း လူမှုကွန်ရက် Twitter ကို ပူးတွဲတည်ထောင်ခဲ့သူဖြစ်သလို ကုမ္ပဏီရဲ့ အရေးပါဆုံး အရာရှိတစ်ဦးလည်း အခုချိန်ထိ ဖြစ်နေဆဲပါပဲ။ သူ့မွေးနေ့အတွက် အပန်းဖြေခရီးထွက်ဖို့ နေရာအဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ခဲ့သလို ထူးခြားမှုအနေနဲ့ ဝိပဿနာ ၁၀ ရက် တရားစခန်းဝင်ဖို့ စိတ်ပိုင်းဖြတ်ခဲ့တာပါ။ သူရွေးချယ်ခဲ့တဲ့ တရားစခန်းက ပြင်ဦးလွင်မှာ ဖြစ်ပါတယ်။ ခရီးစဉ်အပြီးမှာ သူ့ရဲ့ အတွေ့အကြုံတွေကို ဝေမျှခဲ့ပါတယ်။

Jack Dorsey ဟာ သူ့မွေးနေ့ နိုဝင်ဘာ၁၉ရက်မှာတရားစခန်းဝင်ခဲ့တာဖြစ်ပြီး နံနက် ၄ နာရီ ထရတဲ့ အကြောင်း၊ ညစာ မစားတဲ့အကြောင်းတွေ အပါအဝင် ဝစီပိတ် ၁၀ ရက် တရားစခန်းဝင်ခဲ့တဲ့ အကြောင်းတွေကို သူ့ရဲ့ Twitter စာမျက်နှာမှာ မျှဝေခဲ့ပါတယ်။ တရားစခန်းဝင်တဲ့ ပထမရက်ဟာ သူ့အတွက် အခက်ခဲဆုံး ဖြစ်တယ်လို့ဆိုခဲ့ပါတယ်။ ဒုတိယနေ့မှာ အခြေအနေကောင်းလာပြီး အာရုံစူးစိုက်မှုတချို့ ရခဲ့တယ်၊ ခြောက်ရက်မြောက်နေ့မှာ အအေးမိပြီး လုံးဝအိပ်လို့ မရတဲ့ အခြေအနေပါ ကြုံခဲ့တယ်လို့ ပြန်ပြောခဲ့ပါတယ်။ ဒါပေမဲ့ ၁၀ ရက် တရားစခန်းကို အောင်မြင်စွာပဲ ကျော်ဖြတ်နိုင်ခဲ့ပြီး သူ့အတွေ့အကြုံ ဝေမျှခဲ့တဲ့အထဲမှာ ခြင်ကိုက်ခံရတဲ့ အကြိမ် ၁၁၇ ခါအကြောင်းကိုလည်း ထည့်ရေးခဲ့ပါသေးတယ်။

တကယ်တော့ Jack Dorsey ဟာ အခုမှ ဝိပဿနာ တရားစခန်း ဝင်ဖူးသူမဟုတ်ပါဘူး။ အရင်ကတည်းက ဝိပဿနာတရားကျင့်စဉ်ကို လေ့လာဖူးပြီး အမေရိကန်မှာ ဆရာကြီး ဦးဂိုအင်ဂါ ဖွင့်ထားတဲ့ ၁၀ ရက် တရားစခန်းကိုလည်း ဝင်ရောက်အားထုတ်ခဲ့ဖူးပါတယ်။ အခုသူဝင်ခဲ့တဲ့ ၁၀ ရက် တရားစခန်းဟာလည်း ဆရာကြီးဂိုအင်ဂါ နည်းနာအတိုင်း ဖွင့်ထားတဲ့ တရားစခန်းပါပဲ။ ဝိပဿနာတရားကျင့်စဉ်နဲ့ ပတ်သက်လို့လည်း Jack Dorsey က မှတ်ချက်ပြုပြောခဲ့တာ ရှိပါသေးတယ်။ ဝိပဿနာဆိုတာ ကိုယ့်ကိုယ်ကိုယ်သိမြင်အောင် စူးစမ်းရှာဖွေခြင်းဖြစ်တယ်။ အတွင်းစိတ်သဘောကို သိရှိနားလည်အောင် လုပ်ခြင်းဖြစ်တယ်လို့ သူကဆိုပါတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ လောက်မှာ ဒုက္ခဆင်းရဲတွေက လွတ်မြောက်ဖို့နည်းလမ်းကို ဂေါတမဗုဒ္ဓ မြတ်စွာဘုရားက သူကိုယ်တိုင် အပင်ပန်းခံကျင့်ကြံအားထုတ်ပြီး ဝိပဿနာလမ်းစဉ်ကို ရှာဖွေတွေ့ရှိခဲ့တဲ့ အကြောင်းတွေကိုလည်း Jack Dorsey က ပြောခဲ့ပါတယ်။

မြန်မာနိုင်ငံ ခရီးစဉ်အပြီး ပြန်ပြီးပြောပြခဲ့တဲ့ အတွေ့အကြုံတွေနဲ့အတူ သူအရမ်းကြိုက်တဲ့ ခရီးသွားမှတ်တမ်း ဗီဒီယိုလေးကိုလည်း Jack Dorsey ဟာ မျှဝေခဲ့ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ အမှန်တကယ် သွားရောက်လည်ပတ်သင့်တဲ့ နေရာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ လှပမှု၊ မြန်မာလူမျိုးတွေရဲ့ ဖော်ရွေမှုနဲ့ အရသာရှိတဲ့ ဒေသထွက် အစားအသောက်အကြောင်းတွေကိုလည်း သူ့ရဲ့ Twitter စာမျက်နှာမှာ တစ်ခုပြီး တစ်ခု ဝေမျှခဲ့ပါတယ်။

"မြန်မာလူမျိုးတွေဟာ ပျော်ပျော်နေတတ်ပြီး အစားအသောက်တွေကလည်း အလွန်ကောင်းပါတယ်။ ကျွန်တော်က ရန်ကုန်၊ မန္တလေးနဲ့ ပုဂံကို သွားလည်ခဲ့တယ်။ နိုင်ငံအနှံ့က ဘုန်းကြီးကျောင်းတွေဆီ သွားရောက်ပြီး တရားနာတာ၊ တရားထိုင်တာတွေ လုပ်ခဲ့တယ်"လို့ ဆိုခဲ့ပါတယ်။ ပြီးတဲ့နောက် "if you're willing to travel a bit, go to Myanmar" ဆိုပြီး မြန်မာနိုင်ငံကို သွားလည်ပတ်ကြဖို့ လိုလိုလားလား တိုက်တွန်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုပြောဆိုမှုကြောင့် Jack Dorsey အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်မှုတွေ ပေါ်ပေါက်ခဲ့ပါတယ်။

Jack Dorsey ရဲ့ မြန်မာနိုင်ငံကို အပြုသဘောဆောင် ချီးကျူးမှုက နိုင်ငံတကာ ဖိအားဒဏ်ခံနေရတဲ့ မြန်မာနိုင်ငံအတွက် ရှားရှားပါးပါး အသိအမှတ်ပြုခံရခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတကာက Twitter အသုံးပြုသူအများစုက Jack Dorsey ကို စိတ်ဆိုးဒေါသထွက်ခဲ့ကြပါတယ်။ ဒါက ဘင်္ဂါလီအရေးနဲ့ ဆက်စပ်နေတာပါ။

ဘင်္ဂါလီတွေသိန်းနဲ့ချီပြီး ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးခဲ့တဲ့နောက် မြန်မာနိုင်ငံရဲ့ ပုံရိပ်ဟာ ကမ္ဘာ့အလယ်မှာ ကျဆင်းနေခဲ့ရပါတယ်။ ဘင်္ဂါလီအရေးကြောင့်ပဲ မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက စောင့်ကြည့်ပြစ်တင်နေခဲ့သလို မြန်မာနိုင်ငံကို လာရောက်ကြတဲ့ ကမ္ဘာလှည့်ခရီးသွားဝင်ရောက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ရုတ်ခြည်းကျဆင်းခဲ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ ဘက်ပေါင်းစုံက မျှတစွာ ဖော်ပြတဲ့သတင်းတွေထက် အစွန်းရောက်သူတွေ ဖော်ပြကြတဲ့သတင်းတွေသာ လွှမ်းမိုးနေတဲ့အတွက် နိုင်ငံတကာမှာရှိနေသူအများစုဟာ မြန်မာဗုဒ္ဓဘာသာဝင်တွေနဲ့ သံဃာတော်ကိုပါ မုန်းတီးနေခဲ့ပါတယ်။ ဒီအချိန်မှာပဲ Jack Dorsey က မြန်မာနိုင်ငံကို သွားရောက်ပြီး ဝိပဿနာ ၁၀ ရက် တရားစခန်းဝင်ရောက်ပြီး တရားအားထုတ်ခဲ့တာအပြင် သံဃာတော်တွေကို ဆွမ်းကပ်လှူတာ၊ သီလရှင်တွေကို ထီးနဲ့ ဖိနပ်လှူတာတွေပါ လုပ်ခဲ့တာကြောင့် ကမ္ဘာတစ်ဝန်းက Twitter အသုံးပြုသူများစွာက မျက်မုန်းကျိုးခဲ့ကြတာ ဖြစ်ပါတယ်။

နှစ်ပေါင်းများစွာ ဖိနှိပ်ခံရတဲ့ ဘင်္ဂါလီလူနည်းစုတွေရဲ့ ဒုက္ခတွေ၊ ပြဿနာတွေ၊ လူမျိုးသုဉ်းသတ်ဖြတ်မှုတွေကို အလေးထားမပြောဘဲ လျစ်လျူရှုထားတယ်လို့ twitter အသုံးပြုသူများစွာက စွပ်စွဲပြစ်တင်ခဲ့ကြပါတယ်။ "ဂျက် မင်းက စိတ်ပျက်စရာကောင်းလောက်အောင်ကို ဘာမှမသိပါလား။ ခုမြန်မာပြည်မှာ ဖြစ်နေတာတွေနဲ့ မင်းအတော် အလှမ်းဝေးနေတာပဲ။ နောက်တစ်ခါဆို ယီမင်ကိုသာ အလည်သွားလိုက်ပါတော့"လို့ တစ်ယောက်က ရေးသားခဲ့ပြီး၊ "ကော့ဘဇာကို တရားလာထိုင်ပါလား. . . . "စသဖြင့် ပြင်းထန်စွာ ဝေဖန်တိုက်ခိုက်ခဲ့ကြပါတယ်။

နိုင်ငံတကာ သတင်းဌာနအချို့ကလည်း Jack Dorsey ကို ဝေဖန်ခဲ့ကြပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်လို့ စွပ်စွဲခံနေရတဲ့ နိုင်ငံတစ်ခုရဲ့ ပုံရိပ်ကို မြှင့်တင်ပေးတာ မလုပ်သင့်ဘူးလို့ ပြောခဲ့သူတွေတောင် ရှိပါတယ်။ Jack Dorsey ကတော့ သူ့အပေါ် ဝေဖန်မှုတွေကို တုန်လှုပ်ခြင်းရှိပုံမရပါဘူး။ သူ့ခရီးစဉ်နဲ့ ပတ်သက်ပြီး စိတ်ဝင်တစားပြောဆိုမှုတွေကို ကြိုဆိုတဲ့ အကြောင်းနဲ့ မေးခွန်းတွေကိုတတ်နိုင်သရွေ့ ပြန်ဖြေပေးမယ်လို့လည်း ပြောခဲ့ပါသေးတယ်။ ဒါ့အပြင် နှစ်စဉ် ဝိပဿနာတရားစခန်းဝင်ဖို့ ရည်ရွယ်ထားပြီး ဒီအတွက် အချိန်ပိုပေးနိုင်ဖို့လည်း မျှော်လင့်မိကြောင်း ပြောပါတယ်။

ဒီလိုကမ္ဘာက နာမည်ကျော်တဲ့ပုဂ္ဂိုလ်တစ်ဦး မြန်မာနိုင်ငံကိုလာပြီး ရှားရှားပါးပါး အသိအမှတ်ပြုစကားပြောဆိုခဲ့တာဟာ ရတောင့်ရခဲ အခွင့်အလမ်းတစ်ခုလို့ ပြောနိုင်ပါတယ်။ Jack Dorsey ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်၊ သူ့အတွေ့အကြုံဝေမျှမှုနဲ့ နိုင်ငံတကာမှာရှိနေတဲ့ Twitter သုံးစွဲသူတွေဆီက ထွက်လာတဲ့ ဝေဖန်မှုတွေအပေါ် မြန်မာအစိုးရအနေနဲ့ ဆန်းစစ်သင့်ပါတယ်။ ကိုယ့်နိုင်ငံနဲ့ပတ်သက်ပြီး မှန်ကန်တိကျ၊ မျှတတဲ့ သတင်းအချက်အလက်တွေကို နိုင်ငံတကာသိနိုင် ဖြန့်ဝေနိုင်ဖို့ အရေးကြီးတဲ့အကြောင်း Jack Dorsey ရဲ့ ခရီးစဉ်နဲ့ ပေါ်ပေါက်လာတဲ့ ဂယက်တွေက သက်သေထူနေပါတယ်။

အေးမွန်(IR)







www.free4readers.com

www.free4readers.com

The SPEAKER သတင်းဂျာနယ်
news journal

အယ်ဒီတာချုပ် - အွန်လိုင်းဝဏ္ဏ
wunna.online@gmail.com
တာဝန်ခံအယ်ဒီတာ - နှင်းမောင်ဦး
ဥပဒေအကြံပေး - ဦးသိန်းသန်းဦး
(တရားလွှတ်တော်ရှေ့နေ)
B.Sc(R.L)
- ဦးနေလ
(B.A Law)LL.B
အကြီးတန်းသတင်းထောက် - သက်မှူး
- ဇော်ဇော်ထွန်း(ရွှေထီး)
- ကိုဘုန်း
- ကိုငှက်ခါး
နယ်သတင်းထောက် - ထန်းထန်း(မဲဇလီ)
- နေမင်း
ဓာတ်ပုံအယ်ဒီတာ - ဇော်မင်းနိုင်(ဒီပဲယင်း)
မန္တလေးသတင်းအဖွဲ့ - ယဉ်ယဉ်ခန့်(တာဝန်ခံ)၊
- ဖြိုးအိနိုင်
စာပြင် - ဇောဝင်းနိုင်
လိုဂို - ဒီဇိုင်းသိန်းလွင်
ဒီဇိုင်း - မျိုးမင်း (တာဝန်ခံ)
- နိုင်မျိုးလွင်
- မင်းခန့်
နေပြည်တော်သတင်းအဖွဲ့ - အေးအေးဟန်
- သဥ္ဇာထွန်း
- သီဟရဲရင့်(ဖြန့်ချိရေး)
အမှတ်(၄၀၅)၊ ချယ်ရီလမ်း၊
- ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း- ၀၉ ၉၇၇၇၄၈၅၅၅
၀၉၇၇၇၇၄၉၅၅၅
ကြော်ငြာ - နန့်ဂျိုးစလင်းဝျွန်
၀၉ ၉၇၁၉၃၁၇၃၃
- နော်ဂလိုရီယာ
၀၉ ၂၅၄၄၁၀၄၉၂
ထုတ်ဝေသူ - ဦးဝဏ္ဏ (၀၁၉၀၁)
အမှတ်(၂၂)၊ ဦးဖိုးရွှေလမ်း၊
ဆရာစံမြောက်
(အနောက်ရပ်ကွက်)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ် - အလင်္ကာဝတ်ရည်
(၀၀၉၇၈)
အမှတ်(၁၃၅)၊
လုံးသွယ် (၁)လမ်း၊
(၂၉)ရပ်ကွက်၊
သုဝဏ္ဏမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇော်ဇော်ထွန်း၊ ဖြိုးကိုကို
ဖုန်း - ၀၉ ၇၈၀၉၄၉၉၉၇
၀၉ ၇၇၃၈၉၁၄၈၄
ရန်ကုန်ရုံးအဖွဲ့ - ဖြိုးဖြိုး

အမှတ်(၅)၊ ပုညဝဇ္ဇနလမ်း၊
မလွကုန်းဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ရုံးဖုန်း - ၀၁-၅၅၉၀၂၄
၀၉- ၇၇၇၇၄၈၅၅၅၊ ၀၉- ၉၇၇၇၄၉၅၅၅၊
E-mail-thespeakernewsjournal@gmail.com

# ကံစမ်းမဲအစီအစဉ်များ အပါအဝင် မောင်းမကန်ကမ်းခြေနှင့် ထားဝယ်ရှင်ကိုးရှင်ဘုရားကို ငါးရက်ခရီး ငွေရှစ်သောင်းကျော်ဖြင့် သွားနိုင်ပြီ



ရန်ကုန်၊ ဒီဇင်ဘာ ၁၁

ထားဝယ်ရှင်ကိုးရှင်ဘုရားနှင့် မောင်းမကန်ကမ်းခြေကို ငါးရက်ခရီး ငွေရှစ်သောင်းကျော်ဖြင့် သွားရောက်နိုင်ပြီဟု လင်းရောင်ခြည်ဘုရားဖူးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက Speaker သို့ ပြောသည်။

အဆိုပါ ခရီးစဉ်ကို ၂၀၁၈ ဇန်နဝါရီ ၃ ရက် ကြာသပတေးနေ့ ည ၇ နာရီတွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာမည်ဖြစ်ပြီး ငါးရက်ကြာမြင့်မည်ဟု ဆိုသည်။ ခရီးစဉ်၌ ရှင်ကိုးရှင်ဘုရားများဖြစ်သည့် ဆံတော်ရှင်၊ ရှင်မော်၊ ရှင်တောင်ပုံ၊ ရှင်ဓာတ်ဝဲ၊ ရှင်တောက်ထိန်၊ ရှင်ပင်ခရု၊ ရှင်ဥညြ၊ ရှင်မုတ္ထီးများအပြင် လျှောင်းတော်မူဘုရား၊ လောကမာရဇိန်ဘုရား၊ သမိုင်းဝင် အရှူးပျောက်ဘုရား၊ မျှော်ရစ်ဘုရားနှင့် မောင်းမကန်ကမ်းခြေအပြင် မြင်းခွာအော်ကမ်းခြေများအထိ ပါဝင်သည်ဟု ဆိုသည်။

ယင်းခရီးစဉ်တွင် ထမင်းငါးကြိမ် ကျွေးမွေးမည်ဖြစ်ပြီး ဇန်နဝါရီ ၃ ရက် စတင်ထွက်ခွာကာ ဇန်နဝါရီ ၇ ရက်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ခရီးစဉ်အတွက် လူတစ်ဦးလျှင် ကျပ်ရှစ်သောင်းခွဲသာ ကျသင့်မည်ဟု ဆိုသည်။

ထို့ပြင် နောက်ခရီးစဉ်တစ်ခုဖြစ်သည့် ဆေးတစ်ဆွန်းဆရာတော်၊ ကျိုက္ခမိ၊ မော်လမြိုင်ခရီးစဉ်အတွက် လူတစ်ဦးလျှင် ကျပ်နှစ်သောင်းရှစ်ထောင်သာ ကျသင့်မည်ဟု ဆိုသည်။ အဆိုပါ ခရီးစဉ်တွင် ဆေးတစ်ဆွန်းဆရာတော်၊ ကျိုက္ခမိရေလယ်ဘုရား၊ ဝင်းစိန်တောရ ခပ်ရခပ်ယူ ဘုရားကြီး၊ မုဒုံကန်ကြီး၊ စက်စဲကမ်းခြေနှင့် သေမင်းတမန်ရထားလမ်း ပြတိုက်တို့ ပါရှိမည်ဟု ဆိုသည်။ ယင်းခရီးစဉ်ကို ၂၀၁၈ ဇန်နဝါရီ ၃ ရက်တွင် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက် ညတွင် ရန်ကုန် သို့ ပြန်ရောက်မည်ဖြစ်သည်။ ခရီးစဉ်များနှင့်ပတ်သက်ပြီး ဝန်ဆောင်မှုများအဖြစ် Air Con ယာဉ်၊ ဦးထုပ်၊ ရေသန့်၊ သွားတိုက်ဆေးနှင့် သွားပွတ်တံ၊ စနိုးတာဝါ၊ Medical Kit၊ ခရီးသွားအာမခံနှင့် ကံစမ်းမဲအစီအစဉ်များလည်း ပါဝင်သည်ဟု သိရသည်။

အဆိုပါခရီးစဉ်များကို စိတ်ပါဝင်စားပြီး လိုက်ပါလိုသူများအနေဖြင့် လင်းရောင်ခြည် ဘုရားဖူးအဖွဲ့ အမှတ် (၂၂) ဦးဖိုးရွှေလမ်း ဆရာစံမြောက်/အနောက် ဗဟန်းမြို့နယ်။ ဖုန်း ၀၉၂၅၁၀၃၉၅၉၃၊ ၀၉၉၇၇၀၆၀၁၃၉၊ ၀၉၇၉၈၁၁၂၂၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်ဟု သိရသည်။

ရွှေထီး

# ပြည်သူများအပေါ် ထီဈေးတင်ရောင်းကာ မနိုင်ဝန်ထမ်းခိုင်းသည့်ကိစ္စမှာ နည်းလမ်းမကျကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦး ပြော

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

လုပ်ငန်းရှင်များ ထုပ်ပိုးစရိတ်ကြောင့် ထီဈေးကြီးခြင်းဟု ပြောသူများ ရှက်ရန်လိုကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးက ပြောသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ၁၁မ ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေးဦးက အောင်ဘာလေထီနှင့် စပ်လျဉ်းသည့် မေးခွန်းမေးရင်း ပြောကြားခဲ့သည်။

အောင်ဘာလေထီ လက်မှတ်များကို အကွာရာတိုးမြှင့်ထုတ်ဝေရန် ပျက်ကွက်နေသောကြောင့် နိုင်ငံတော်မှ လစဉ်အခွန်ဝင်ငွေများ နစ်နာနေခြင်း၊ ထီလက်မှတ်တစ်စောင်လျှင် ကျပ် ၆၅၀၊ ကျပ် ၇၀၀ ဖြစ်နေ၍ ပြည်သူများ နစ်နာဆုံးရှုံးနေခြင်း၊ တစ်နိုင်တစ်ပိုင် ထီရောင်းသူများ ဝင်ငွေကျဆင်းနေခြင်းတို့ ဖြစ်ပေါ်နေသော်လည်း ထီလုပ်ငန်းရှင်ကြီးများမှာ အကျိုးအမြတ်များစွာ ရရှိနေပါသဖြင့် လိုအပ်သလို ပြုပြင်တည့်မတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းကို မေးမြန်းခဲ့ခြင်းဖြစ်သည်။

"ထီဈေးကြီးတာ ထီလုပ်ငန်းရှင်ကြီးတွေရဲ့ ထုတ်ပိုးစရိတ်၊ ဝန်ထမ်းစရိတ်ကြောင့်လို့ လူပြိန်းအတွေး၊ လူပြိန်းစကားပြောနေသူတွေကို ရှက်ဖို့ ပြောလိုပါတယ်။ နိုင်ငံတော်က ထီစရောင်းကတည်းက ၅၅၀၀ နဲ့ ရောင်းရမယ့် ထီတစ်အုပ်ကို ၅၀၀၀နဲ့ရောင်းတာဖြစ်တဲ့အတွက် ၅၀၀၀ ရင်းပြီး ၅၀၀ မြတ်တဲ့ ၁၀ ရာခိုင်နှုန်း အမြတ်ပေးပြီး ဖြစ်ပါတယ်။ အုပ်ရေသိန်းနဲ့ချီပြီး ရောင်းနေတဲ့ ထီလုပ်ငန်းရှင်ကြီးတွေက ထုပ်ပိုးစရိတ်နဲ့ ဝန်ထမ်းစရိတ်တွေ သုံးစွဲရမှာဖြစ်ပါတယ်" ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေးဦးက ပြောသည်။

ထိုသို့ နိုင်ငံတော်မှ အမြတ်ပေးထားပြီးသားဖြစ်၍ ထိုအမြတ်ဖြင့် လုပ်ငန်းရှင်များ မကိုက်ပါက နိုင်ငံတော်နှင့် ညှိနှိုင်းသင့်သောကြောင့် ပြည်သူများအပေါ် ထီဈေးတင်ရောင်းကာ ဝန်ထမ်းခိုင်းသည့်ကိစ္စမှာ နည်းလမ်းမကျကြောင်း ဦးငွေးဦးက ပြောသည်။

ပြည်သူများကို ထိုဝန်ထမ်းခိုင်းနေသည်ကို နိုင်ငံတော်မှလည်း ကြည့်နေသင့်ကြောင်း၊ ထီလုပ်ငန်းရှင်ကြီးများ ထီစာအုပ် ၁၀ သိန်းရင်းလျှင် ကျပ်သိန်းပေါင်း ငါးသောင်းမြတ်သည့်အတွက် သယ်ယူထုပ်ပိုးမှုစရိတ်နှင့် ဝန်ထမ်းစရိတ်တို့အား ယင်းအမြတ်မှသုံးစွဲသင့်ကြောင်း ဦးငွေးဦးက ဆက်လက်ပြောကြားသည်။

ထီလက်လီရောင်းချသူများသည် ယခင်က တစ်ရက်လျှင် ထီနှစ်အုပ်ရောင်းချရုံဖြင့် တစ်ရက် လုပ်အားခ ပြည့်မီခဲ့သော်လည်း ယခုအခါ တစ်ရက်လုပ်အားခ ငါးထောင်ခန့်ဖြစ်၍ ကျပ် ၅၀၀ တန် ထီစာအုပ် ၁၀ အုပ် ရောင်းချနိုင်မှ တစ်နေ့လုပ်အားခ ပမာဏကို ပြည့်မီစွာရရှိနိုင်မည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

ကျပ် ၅၀၀ တန် ထီလက်မှတ်များကို ပြင်ပပေါက်ဈေး ကျပ် ၇၀၀ ခန့် ရောင်းချသည့်အတွက် ၄၀ ရာခိုင်နှုန်းခန့် ဈေးနှုန်းပိုမိုနေသည်ကို တွေ့ရသဖြင့် ထီလက်မှတ်များကို သက်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရန်၊ မူရင်းထီဆိုင်အမည်ဖြင့် ထပ်ဆင့်ရောင်းချသော ဆိုင်များတွင်လည်း ဈေးနှုန်းမြင့်မားမှု မရှိရန် လစဉ်ခေါ်ယူ သတိပေးလျက်ရှိကြောင်း ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

အေးအေးဟန်

# လူမင်းအကူအညီတောင်းခြင်းကြောင့် ဗိုလ်ချုပ်ရုပ်ရှင်ကို တတ်နိုင်သည့်ဘက်က ကူညီပေးနေဟု ဘုဏ်းသိုက် ပြော

ရန်ကုန်၊ ဒီဇင်ဘာ ၁၁

ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကူးရန် တာဝန်ပေးခြင်းခံရသည့် အကယ်ဒမီလူမင်းက ဗိုလ်ချုပ်ရုပ်ရှင် ရိုက်ကူးရာတွင် ဇာတ်ညွှန်းနှင့်ပတ်သက်ပြီး တစ်ဖက်တစ်လမ်းက အကူအညီပေးရန်အတွက် အကူအညီတောင်းခံခြင်းကြောင့် တတ်နိုင်သည့်ဘက်က နိုင်ငံအတွက် အကူအညီပေးဖြစ်သည်ဟု ဘုဏ်းသိုက်က ပြောသည်။

"စိတ်ပင်ပန်းချိန်တွေ ဘယ်လိုဖြတ်သန်းလည်းဆိုတော့ အခုလို စိတ်ပင်ပန်းစေတဲ့ မေးခွန်းမျိုးတွေကို မဖြေတာမျိုးဘဲ ဖြစ်ဖြစ်၊ စိတ်ပင်ပန်းစေတဲ့ စကားအကြောင်းအရာတွေကို ပြောတဲ့အခါမှာ ကိုယ့်ကိုယ်ကိုယ် ဖြောင့်နေအောင် စိတ်ကိုထားနေရတယ်။ ဗိုလ်ချုပ်ရုပ်ရှင်မှာ ဘာလို့လည်းဆိုတော့ ကိုလူမင်းက လာပြီး ကူညီပေးစေချင်လို့ပါ။ ဗိုလ်ချုပ်ရုပ်ရှင်ပေါ်မှာထားတဲ့ စိတ်ထားကို သဘောကျတယ်။ သူပြောတဲ့ အချိန်၊ သူလုပ်တဲ့ အချိန်မှာ ညီသွားတယ်။ သူက ဒီကားပေါ်မှာ ကောင်းစေချင်တဲ့ စိတ်ရှိတယ်။ ကျွန်တော်နဲ့ ကိုအောင်ကြီးနဲ့ပေါ့။ သွားပြီးတော့ ကူညီပေးဖြစ်တယ်။ ညီလေးတို့ ဝိုင်းပြီး ကူညီပေးပါဆိုတော့ အစ်ကိုရဲ့ ဒီရုပ်ရှင်ပေါ်မှာထားတဲ့ စေတနာကို မြင်လိုက်ချိန်မှာ သဘောကျတယ်။ ဒီဟာကို လုပ်တဲ့အချိန်မှာ အရမ်းပင်ပန်းမယ်ဆိုတာကို သိတယ်။ ဖိအားတွေ အတော်များမယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ အလုပ်တစ်ခုထက်စာရင် တာဝန်တစ်ခုအနေနဲ့ ကိုယ့်ရဲ့နိုင်ငံသားတွေက ဒါကိုမှ မလုပ်နိုင်တာမှ မဟုတ်တာလို့ ကိုလူမင်းက ပြောပါတယ်။ အဓိကက ကောင်းချင်လို့ပါ။ ကိုယ်တတ်တဲ့နေရာကနေပြီး ကောင်းစေချင်လို့ ကူညီပေးဖြစ်တာပါ"ဟု ပြောသည်။



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

ဘုဏ်းသိုက်အနေဖြင့် လာမည့် ဒီဇင်ဘာ ၁၆ ရက်တွင် Cannel + က ထုတ်လွှင့်ပြသမည့် 'ခရီးသွားကောက်ကြောင်း' အစီအစဉ်တွင် ပါဝင်ရိုက်ကူးထားပြီး နောက်ထပ်ဇာတ်ကားရိုက်ကူးမှုများကိုလည်း ဆက်လက်လုပ်ကိုင်သွားမည်ဟုသိရသည်။

www.free4readers.com

# ရန်ကုန်မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းအတွက် ချေးငွေ ယူရှိသန်း ၇၀ ကို လက်လွှတ်လိုက်ရလျှင် တိုင်းပြည် နစ်နာနိုင်ဟု လွှတ်တော်ကိုယ်စားလှယ်ပြော

**နေပြည်တော်၊ ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းမှချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း၏ အားနည်းချက်ကြောင့်ချေးငွေယူရှိသန်း ၇၀ အား လက်လွှတ်ဆုံးရှုံးရလျှင် တိုင်းပြည်နစ်နာသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်က ပြောသည်။

"ချေးငွေက ကောင်းတယ်။ ချေးငွေနဲ့ အကောင်အထည် ဖော်ဆောင်ရွက်မယ့်လုပ်ငန်းတွေမှာ အားနည်းခြင်းတွေ၊ ရေရေရာရာ မရှိတာတွေဖြစ်တဲ့အခါတော့ အဲဒီချေးငွေက အဲဒါတွေကြောင့်မို့ ဆုံးရှုံးရရင် တိုင်းပြည်အတွက် နာတာပဲ"ဟု ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ပြောသည်။

ထို့အပြင် ချေးငွေပေးမည့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနှင့်လည်း အနည်းနှင့်အများ မျက်နှာပျက်နိုင်ကြောင်း၊ ထိုသို့ဖြစ်လာခဲ့လျှင် ယင်းစီမံကိန်းကိုတာဝန်ယူ အကောင်အထည်ဖော်သည့် အစိုးရအဖွဲ့အစည်း သို့မဟုတ် ရန်ကုန်မြို့တော်စည်ပင် သို့မဟုတ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့တွင် တာဝန်ရှိကြောင်း ဦးတင်ထွန်းနိုင်က ပြောသည်။

ဒီဇင်ဘာလ ၁၁ရက်တွင် ပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ ခဏနားချိန်တွင် ဦးတင်ထွန်းနိုင်က မီဒီယာများသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ထိုနေ့တွင် နိုင်ငံတော်သမ္မတမှပေးပို့သော ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီမှ ချေးငွေ ယူရိုသန်း ၇၀ ရယူရန်ကိစ္စအား ဆိုင်းငံ့ထားရန် အစီရင်ခံ တင်ပြခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဒီဇင်ဘာလ ၁၃ရက်၊ ကြာသပတေးနေ့တွင် အထက်ပါစီမံကိန်းနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ လာရောက် ရှင်းလင်း၍ ချေးငွေရယူရန် သင့်၊ မသင့်ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ထိုကြောင့် လာမည့်ကြာသပတေးနေ့ အဆုံးအဖြတ်မပေးမီ ကြားရက်များတွင် လွှတ်တော်မှ လိုအပ်သော အချက်အလက်များ ပေးနိုင်လျှင် ချေးငွေရယူရန် အလားအလာကောင်းနိုင်ကြောင်း သိရသည်။

အဆိုပါချေးငွေရယူရန်ကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့မှ လက်ရောက် ရှင်းလင်းမှု နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့သော်လည်း စီမံကိန်း၏ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်မှုတွင် အားနည်းချက်၊ အားသာချက်များကို ရေရာစွာ ရှင်းလင်းတင်ပြနိုင်စွမ်းမရှိကြောင်း သိရသည်။

ချေးငွေဖြင့်ဆောင်ရွက်သည့် စီမံကိန်းတွင် ထိုစီမံကိန်းမှ ပြန်လည်ရရှိသောငွေဖြင့် ပြန်လည် ပေးဆပ်ရန်ဆိုသည့် အချက်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဈေးများကို အဆင့်မြှင့်တင်ပြီးနောက် ပိုထွက်လာသော ဇရိယာစတုရန်းအပိုများကို ငှားရမ်းခများဖြင့် ပေးဆပ်ရန်စီစဉ်ထားသည်ဟု ဆိုလာကြောင်း သိရသည်။

"ဒီလောက်အရေးကြီးတဲ့ ချေးငွေကို ဒီကငွေနဲ့ ပြန်ဆပ်မယ်လို့ ပြောလာပြီးတော့ ပြန်ဆပ်မယ့် တွက်ချက်မှုနဲ့ ပြန်ဆပ်မယ်လို့ ပြောတဲ့အစီအမံနဲ့ တွက်ချက်မှုက သိပ်ကြမ်းနေတယ်။ သိပ်ကြမ်းနေတယ်ဆိုတာ နိုင်ငံတော်အဆင့်စီမံကိန်းနဲ့ သိပ်မတူဘူး။ အရပ်ထဲ ဈေးရောင်း၊ ဈေးဝယ်သလို ဖြစ်နေတာပေါ့" ဟု ဦးတင်ထွန်းနိုင်က ပြောသည်။

ချေးယူမည့် ယူရိုသန်း ၇၀အားဆိုင်းငံ့ရန် အစီရင်ခံစာတင်ပြခဲ့သည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ချေးငွေရယူသည့်အခါ အကျိုးအမြတ်ဖြင့် ပြန်ဆပ်ရန်အချက်သည် အဓိကအကျဆုံးဖြစ်ပြီး ပြည်ထောင်စုအစိုးရမှလည်း ချေးငွေအား စီမံကိန်းမှရသော အကျိုးအမြတ်ဖြင့် ပြန်လည်ပေးဆပ်ရန် သက်မှတ်ထားကြောင်း ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေး၊ မြစ်ကမ်းပါးတစ်လျှောက်ဖွံ့ဖြိုးရေးနှင့် မြို့ပြယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး မဟာဗျူဟာ စီမံကိန်းဆောင်ရွက်ရန်အတွက် ချေးငွေယူရိုသန်း ၇၀ ကို ချေးယူရန်ဖြစ်သည်။

သို့သော် စီမံကိန်းအတွက်ကုန်ကျစရိတ်နှင့်အကျိုးအမြတ်တွက်ချက်မှုများ လိုအပ်ပြီး ခန့်မှန်းခြေစာရင်းအပါအဝင် လုပ်ငန်း စီမံကိန်း၏ စီးပွားရေး တွက်ခြေကိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက် မပါရှိကြောင်း ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

"စီမံကိန်းဆောင်ရွက်မှု အခြေအနေနဲ့ စပ်လျဉ်းပြီးတော့ ပြည်သူလူထုကို ရှင်းလင်းဆွေးနွေးမှုတွေ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ရှင်းလင်းထားမှုတွေ မရှိခြင်းဘဲဖြစ်ပါတယ်။ အထူးသဖြင့် စီမံကိန်းလျာထားတဲ့နေရာတွေမှာ ကျူးကျော်နေထိုင်သူတွေရှိပြီးတော့ သူတို့ကို ပြန်လည်နေရာချထားရေးအတွက်ဆောင်ရွက်မယ့် အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်းမြင်သာစွာ ရှင်းလင်း ဆွေးနွေးမှုတွေ လိုအပ်မှာ ဖြစ်ပါတယ်"ဟု ဦးအောင်မင်းက ဆိုသည်။

အထက်ပါ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များက နိုဝင်ဘာလ ၁၉ ရက်တွင် ကန့်ကွက်ဆွေးနွေးခဲ့သည့်အတွက် ပြည်ထောင်စုလွှတ်တော်နာယကမှ ထပ်မံစိစစ်ဖို့ လိုအပ်သည်ဟုဆိုကာ ယာယီဆိုင်းငံ့ထားကာ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ လေ့လာစိစစ်ရန် နိုဝင်ဘာလ ၂၆ရက်တွင် ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

ချေးယူမည့် ယူရိုသန်း ၇၀သည် ဆိုင်းငံ့ကာလ ၇ နှစ်၊ ပြန်ဆပ်ကာလ ၁၈ နှစ်ဖြစ်ပြီး စုစုပေါင်း ၂၅ နှစ်ဖြစ်ကာ အတိုးနှုန်းမှာ သုည ဒသမ ၄ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**အေးအေးဟန်**

ရွှေပြည်စိုး

အထပ်သား၊ ဖော်မီကာနှင့်
ပါကေး ရောင်းဝယ်ရေး

ဝဝ၃၊ တိုက် B-2၊ ယုဇနအိမ်ရာ၊
မဉ္ဇူဒလလမ်း၊ တာမွေမြို့နယ်။
☎ -၇၀၁၃၄၉၊ ၂၉၅၄၀၀၊ ၂၉၀၆၄၇
-၀၉-၅၀၀၀၅၉၁

**တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်ရက် / လအနည်းငယ်သာလိုတော့သည်အတွက်**
ကျွန်ုပ်၏စရဏအား၊ သီလအား၊ ပညာအားများကို အစွမ်းကုန်အသုံးပြု၍
စီရင်ဆောင်ရွက်ပေးထားသည့်
**သိဒ္ဓိတန်ခိုးစွမ်းအား ကြီးမားလှသော**
**အနန္တမဟာသိဒ္ဓိ အလင်းတိုင်ကို လှူဒါန်းပူဇော်မှုပြုလုပ်ထားသူများသည်**
**တက္ကသိုလ်ဝင်စာမေးပွဲအား**
**ဖြေဆိုအောင်မြင်နိုင်ခြင်း**
**အကျိုးကျေးဇူးကို ရရှိပါလိမ့်မည်။**
**မန္တန်ဆရာကြီးဦးထင်အောင် (ခ) ဦးကံထူး**
**၁၊ အမှတ်(၁)၊ (၁)လမ်းထိပ်၊ အုတ်ကျင်းမာလာမြိုင် (၁၆)ရပ်ကွက်**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၇၉၅၃၃၂၂၄၆၊ ၀၉ ၇၆၅၅၈၀၄၁၀၊**

**ဟောက်သည်ဟောင်းများတောင်းဆိုချက်ကြောင့် "ရွှေနန်းနန်း" ပြန်ဖွင့်ပါပြီ**

* ဆေးဆီလိမ်း/ချွေးပေါင်း/ကြပ်ထုပ်ထိုး (အမျိုးသမီးသီးသန့်) *

-လေဖြန်း၊ ကြီးပေါင်းတက်၊ လေးဘက်နာ၊ ထိခိုက်နာကျင်ရောင်ရမ်း၊ အကြောတက်၊ အကြောပိတ်၊ ခြေဖျားလက်ဖျား ထုံကျင်ကိုက်ခဲ၊ ဇက်ခိုင်၊ အုံးလွဲ၊ လက်ပြင်ငုပ်၊ ခါးနာ၊ ဒူးနာ၊ ပေါင်ကိုက်၊ ဆီးစပ်ကိုက်ခဲ၊ တစ်ကိုယ်လုံးတောင့်တင်း၊ ညောင်းညာ၊ ကိုက်ခဲ၊ လေးလံထိုင်းမှိုင်း၊ ပင်ပန်းနွမ်းနယ်၊ အထိုင်ခက်၊ အထခက်၊ လမ်းလျှောက်ခက်၊ အိပ်မပျော်၊ စားမဝင်၊ လူကမကျန်းမာ၊ ရောဂါရှာလည်းမတွေ့ဖြစ်ခြင်းများအတွက်(တာဝန်ယူပါရစေ)။ နေ့စဉ်မွန်းလွဲ(၂)နာရီမှ ည(၈)နာရီအတွင်းသာ။ **အမှတ်(၈၄၃) ဦးဝိစာရလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း** ၀၉-၅၀၆၂၈၄၃ ၊ ၀၉-၅၁၇၇၆၂၂၊ ၀၉- ၂၅၂၃၀၆၆၇၅။

( လာနိုင်မည့်အချိန်ကို ကြိုတင်ညှိနှိုင်းရပါမည်)

**ဖျံ-၅-ကောင်**
**အမှတ်တံဆိပ်**

LONDON
QUALITY CROWN
QC 100




**သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
**ပင်ရင်း - သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)**
**ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၇၃၇၀၁၇၅၊ ၃၉၂၅၉၄**

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်းမှ ဆီးချို-သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အမျိုးသားအားနည်းရောဂါ၊ အသည်းရောဂါနှင့် လေးဘက်နာရောဂါတို့ကို အဓိကထား၍ ကုသပေးပါသည်။
**ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း(အထွေထွေရောဂါကု) သမားတော် စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)**
အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ (ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၇၃၇၀၁၇၅၊ ၃၉၂၅၉၄ ဆေးခန်းဖွင့်ချိန် - နေ့စဉ် နံနက် - ၁၁း၀၀ မှ ညနေ - ၅း၀၀ နာရီအထိ

**(၂၀၁၉)နှစ်သစ်မှာ၊ ဘယ်လိုကံကြမ္မာကောင်းတွေ ကြုံနိုင်မလဲ**

* ထီဆုကြီးတွေ ဘယ်လမှာပေါက်နိုင်မလဲ *အမွေရကိန်းရှိလား *ငွေအစုအဖုံဝင်ကိန်းရှိသလား * စီးပွားရေးဘယ်လကစပြီးအဆင်ပြေလာမလဲ * ကိုယ်ရစရာရှိတဲ့ အကြွေးငွေတွေ ဘယ်လပြန်ရနိုင်လဲ * သူများအကြွေး ငွေဘယ်လပြန်ဆပ်နိုင်မလဲ *ရာထူးတိုးတက်ကိန်းရှိလား * လက်ရှိအလုပ်နေရာမြို့က ဘယ်လပြောင်းရွှေ့ရမှာလဲ * ရောင်းချလိုတဲ့ တိုက်၊ အိမ်၊ တိုက်ခန်း၊ ဆိုင်ခန်း၊ ခြံ၊ မြေကွက် - ဘယ်လမှာရောင်းထွက်မလဲ * ဒီနှစ်အိမ်ထောင်ကျကိန်းရှိလား စာမေးပွဲအောင်နိုင်လား အလုပ်အကိုင်သစ်ရနိုင်လား * နိုင်ငံခြားသွားရကိန်းရှိလား * အိမ်ထောင်ရေးအဆင်ပြေမလား * အမှုအခင်းနိုင်မလား . . . စသည်တို့ကို ရာခိုင်နှုန်းပြည့်နီးပါးမှန်အောင် ဟောပေးနိုင်သည်။
**ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့) [လက္ခဏာဗေဒင်ပညာသုတေသီ ]၊ အမှတ်(၈၄၃) ဦးဝိစာရလမ်း၊ (၃၄) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း ၀၉- ၅၁၇၇၆၂၂။ ၀၉ - ၅၀၆၂၈၄၃။ * ယုံကြည်အားကိုးမှသာ လာခဲ့ပါ ***

ကြော်ငြာကိစ္စများ ဆက်သွယ်လိုပါက
ဖုန်း - ၀၉ ၂၅၀၀၇၈၃၇၃၊ ၀၉ ၂၅၄၄၁၀၄၉၂၊ ၀၉ ၉၇၁၉၃၁၇၃၃ တို့သို့
ဆက်သွယ်နိုင်ပါသည်။

www.free4readers.com

# ပရဟိတ မော်တော်ပီကယ် (သို့) ပရဟိတလုပ်လို့လက်သီးနဲ့ အထိုးခံရသူ ဦးရွှေငွေး

ရွှေထီး

"ကျွန်တော်က ကားလမ်းတွေပိတ်နေလို့ အခမဲ့ လမ်းရှင်းပေးတာကို လူငယ်လေးတစ်ဦးက ဝီစီမှုတ်သံ နားငြီးလို့ဆိုပြီး လက်သီးနဲ့လေးငါး၊ ဆယ်ချက်ထိုးတယ်။ ကျွန်တော်လည်း မင်းထိုးနိုင်သလောက်ထိုးကွာဆိုပြီး သူ့ကိုဘာမှမလုပ်ဘဲ ငြိမ်ပြီး နေလိုက်တယ်"ဟု ယာဉ်ကြောကျပ်တည်းနေသည့် ရန်ကုန်လမ်းမများတွင် လမ်းအသုံးပြုသော မော်တော်ယာဉ်များ အဆင်ပြေစေရန်ရည်ရွယ်၍ လုပ်ဆောင်နေသည့် ဦးရွှေငွေးတစ်ယောက် ပရဟိတလုပ်သဖြင့် လက်သီးဖြင့် ထိုးခံခဲ့ရကြောင်းကို ပြန်ပြောင်း ပြောပြသည်။



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

ဦးရွှေငွေးသည် တောင်ဒဂုံမြို့နယ်တွင် နေထိုင်ပြီး တာမွေမြို့နယ် မလွှကုန်းဈေးကြွယ် ရပ်ကွက်အတွင်းတွင် အနေ့ယာဉ်ဆိုက္ကားနင်း၍ အသက်မွေးဝမ်းကျောင်းပြုနေသူ တစ်ဦးဖြစ်သည်။ ဦးရွှေငွေးသည် ထိုကဲ့သို့ ဆိုက္ကားနင်း၍ အသက်မွေးဝမ်းကျောင်းပြုနေသော်လည်း ၄င်းနေ့စဉ်ပြုလုပ်နေသည့် ပရဟိတ လုပ်ငန်းများမှာ များပြားလှသည်ဟု ပြော၍ရသည်။ သူလုပ်ကိုင်နေသော ပရဟိတ လုပ်ငန်းများနှင့် ပတ်သက်ပြီး "ကျွန်တော်ကတောင်ဒဂုံကနေလာပြီး ဒီနားမှာဆိုက္ကားနင်းတယ်။ မော်တော်ကား လမ်းရှင်းတယ်၊ ကျွန်တော့်ဆိုက္ကားဂိတ်နဲ့အနီးရပ်ကွက်ထဲမှာ တစ်နိုင်တစ်ပိုင် နေ့စဉ်သန့်ရှင်းရေးလုပ်တယ်။ ဆိုင်တွေက ထမင်းကျန် ဟင်းကျန်တွေယူပြီး တောင်ဒဂုံကခွေးတွေကို ထမင်းကျွေးတယ်" ဟု သူနေ့စဉ်ပရဟိတလုပ်နေသည့်အကြောင်းကို ပြောပြသည်။

> “ အနေ့ယာဉ်အလုပ်တစ်ခုတည်းနဲ့ အဆင်ပြေလားဆိုတော့ ပြေပါတယ်၊ ကျွန်တော့်အတွက်က အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ကွမ်းမစားဘူး၊ ဘီယာမသောက်ဘူး၊ အပျော်အပါးလိုက်စားတာ မရှိဘူး . . .

၂၀၁၅/၁၆တွင် မြန်မာနိုင်ငံ၌ မော်တော်ယာဉ်များ ပိုမိုများပြားလာခဲ့ပြီး ထိုစဉ်အချိန်ကစပြီး ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှု ပိုမိုဆိုးရွားလာခဲ့သည်။ ထိုသို့ ယာဉ်ကြောကျပ်တည်းမှု ပိုမိုဆိုးရွားလာချိန်တွင် ဦးရွှေငွေး တစ်ယောက် ယာဉ်ကြောကျပ်တည်းမှုကို မည်ကဲ့သို့ ကူညီဖြေရှင်းပေးလျှင်ကောင်းမည်နည်းဟု အစဉ်အမြဲ စဉ်းစားနေခဲ့သည်ဟု ဆိုသည်။ ဦးရွှေငွေးတစ်ယောက် ယာဉ်ကြောကျပ်တည်းမှုကို ကြည့်ကာ မည်သူမျှစေခိုင်းမှုမရှိဘဲ လမ်းရှင်းပေးသည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့ဖြစ်သည့်အကြောင်းကို"အဲဒီလိုကားတွေ များလာတော့ မြန်မာနိုင်ငံမှာ အတွေ့အကြုံ မရင့်ကျက်ကြဘူး။ စကားများတာတွေ၊ ဒေါသထွက်လာတာတွေ ဒါတွေကို ကိုယ်ကခဏလေး ရပ်ကြည့်လိုက်တာနဲ့ ပြဿနာတော့ ဖြစ်တော့မယ်။ ငါတတ်နိုင်တဲ့ဘက်က လုပ်ပေးမှရမယ်ဆိုပြီး အသိစိတ်ဓာတ်လေးဝင်ပြီး လုပ်ဖြစ်သွားတာ"ဟု ဆိုသည်။

ဦးရွှေငွေးအနေဖြင့် ထိုကဲ့သို့လမ်းရှင်းပေးသည့် ပရဟိတအလုပ်ကို အလွယ်တကူ လုပ်ကိုင်ခွင့်ရသည်တော့ မဟုတ်ပေ။ "အဲဒီလို စလုပ်တုန်းက အခက်အခဲက တချို့က ဆဲသွားတယ်။ တချို့ကကြတော့ ရိုက်မယ်၊ နှက်မယ် လုပ်ကြတယ်။ ရိုက်ချင်လည်း ရိုက်ပါကွာ။ ငါကောင်းတာလုပ်တာပဲဆိုပြီး ဒီလိုပဲကြံ့ကြံ့ခံပြီး လုပ်ခဲ့တာ" ဟုဆိုသည်။ဦးရွှေငွေးအနေဖြင့် ယာဉ်ကြော ကျပ်တည်းနေသည်ကို မကြည့်ရက်လွန်း၍သာ လမ်းရှင်းပေးနေခဲ့ရပြီး သူ့အနေဖြင့် လမ်းရှင်းပေးသည့်အတတ်ပညာကို မတတ်မြောက်ကြောင်း ရိုးသားစွာ ပြောပြခဲ့သည်။ "လမ်းက အစတုန်းကတော့ မရှင်းတတ်ပါဘူး။ ဒီလ်ပဲ ကြည့်ပြီး ရှင်းရင်း ရှင်းရင်းနဲ့ ကြာကြာရှင်းတော့ ပညာတွေရလာတယ်"ဟု သူ၏အတွေ့အကြုံကို ပြောပြသည်။

ထိုကဲ့သို့ လမ်းကိုမရှင်းတတ် ရှင်းတတ်ဖြင့် လမ်းရှင်းပေးလာခဲ့ရာက လမ်းကြောင်းများကို ချောမွေ့သွားအောင် ရှင်းတတ်လာခဲ့ရပြီး ထိုလမ်းရှင်းချိန်ကစပြီး ယနေ့အချိန်ထိ တစ်ရက်မပျက် ပရဟိတ လမ်းရှင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေခဲ့သည်ဟု ဆိုသည်။

ထိုသို့ လမ်းရှင်းပေးသဖြင့် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့က ဦးရွှေငွေးကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေပေးအပ်ခဲ့သည်ဟု ဆိုသည်။ "ဂုဏ်ပြုဆုငွေက ခုနစ်သောင်းလား၊ ရှစ်သောင်းလားပဲ မမှတ်မိတော့ဘူး။ ကျွန်တော် အဲဒါတွေ လိုချင်လို့လုပ်ခဲ့တာ မဟုတ်ပါဘူး။ အများအဆင်ပြေဖို့အတွက် ကူညီတဲ့သဘောနဲ့ လုပ်တာပါ"ဟု သူဆောင်ရွက်ခဲ့သည်များကို ပြောပြသည်။

ဦးရွှေငွေးသည် အသောကမှတ်တိုင်တွင်သာ ပရဟိတ လမ်းရှင်းပေးသည့် လုပ်ငန်းတစ်ခုတည်း လုပ်ကိုင်နေခြင်း မဟုတ်ဘဲ သူတတ်စွမ်းနိုင်သမျှ ပရဟိတ မှန်သမျှကို လုပ်ကိုင်နေသူဖြစ်သည်။ ဦးရွှေငွေး၏မူလဘူတ အသက်မွေးဝမ်းကျောင်းပြုသည့် ဆိုက္ကားဂိတ်သည် သတိပဋ္ဌာန်လမ်းနှင့် သမ္မာဒိဋ္ဌိလမ်းတွင်ရှိပြီး ထိုဆိုက္ကားဂိတ်နှင့် အနီးတစ်ဝိုက် ပတ်ဝန်းကျင်တွင် ရပ်ကွက်အတွင်းရှိ အမှိုက်များကို နေ့စဉ်ရှင်းလင်းပေးနေသူလည်း ဖြစ်သည်။ ထိုသို့ အမှိုက်များ ရှင်းပေးသဖြင့် ဆိုက္ကားဂိတ်အနီးရှိ ရပ်ကွက်သူရပ်ကွက်သားများက ဦးရွှေငွေးကို အမြင့်မြတ်ဆုံးစိတ်ထားပိုင်ရှင်ဟု အမည်ပေးထားကြသည်။

ထိုသို့ ရပ်ကွက်အတွင်း သန့်ရှင်းရေးလုပ်ပေးသဖြင့် ရပ်ကွက်ကလည်း ဦးရွှေငွေးကို အဝတ်အထည်နှင့် စားသောက်စရာများလည်း အခါအားလျော်စွာ ပေးကြသည်ဟု ဆိုသည်။"အဓိက,က စိတ်ထားလေးကောင်းနေဖို့ပါပဲ။ ကျွန်တော်က တတ်နိုင်တဲ့ဘက်က လူတွေကိုကူညီနေတာ ကျော်လင့်ချက်နဲ့ လုပ်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေက သူတို့ကို ကူညီလို့ ကျွန်တော်ကို ပြန်ပြီးအသိအမှတ်ပြုတာ အဲဒါက စိတ်ချမ်းသာစရာ ပိုကောင်းတယ်"ဟု ပြောသည်။



ဦးရွှေငွေးသည် ထိုကဲ့သို့ လမ်းရှင်းပေးခြင်း၊ ရပ်ကွက်အတွင်းရှိ အမှိုက်များ ရှင်းလင်းပေးခြင်းကြောင့် လူအများကသူ့ကို အသိအမှတ်ပြုမှုကိုသာ လိုချင်သည်ဟုဆိုသည်။ "ကျွန်တော့်ကို ယာဉ်ထိန်းကဂုဏ်ပြုလက်မှတ်နဲ့ ဆုငွေပေးတာအပြင် လမ်းအသုံးပြုတဲ့မော်တော်ယာဉ်မောင်းတွေက ကျွန်တော့်ကို ညဝတ်ရောင်ပြန်အင်္ကျီတွေပေးတာ အထည်လေးဆယ်ကျော်ပြီ။ ဝီစီတစ်လုံးပျက်ရင် တစ်လုံးပေးသွားတဲ့သူတွေလည်း အများကြီး။ လက်ကိုင်မီးတုတ်တွေလည်း ပေးသွားတယ်။ တချို့လည်း မုန့်ဖိုးပေးသွားတယ်။ ရေသန့်ဘူးလေး၊ အချိုရည်လေး ပေးသွားတဲ့သူတွေလည်းရှိတယ်။ ဒါလေးတွေက ကားသမားတွေက အသိအမှတ်ပြုတယ်ဆိုတဲ့ သဘောပဲလေ" ဟု ပြောသည်။

ဦးရွှေငွေးသည် အမျိုးသမီးနှင့် ကွဲသွားသည်မှာ နှစ်အတန်ကြာပြီဟု ဆိုသည်။ လက်ရှိ တောင်ဒဂုံတွင် သမီးဖြစ်သူနှင့်အတူ နေထိုင်နေပြီး သားဖြစ်သူက အိမ်ထောင်ကျသွားသဖြင့် အမျိုးသမီးနှင့် လိုက်ပါနေထိုင်နေသည်ဟု ဆိုသည်။ ဦးရွှေငွေး၏ တစ်နေ့တာဆောင်ရွက်ချက်အဖြစ် တောင်ဒဂုံမြို့နယ်မှ ဆိုက္ကားဂိတ်သို့ မွန်းလွဲ ၁ နာရီခန့်တွင် ရောက်ရှိပြီး ဆိုက္ကား သုံး၊လေးကြောင်းနင်းသည်ဟု ဆိုသည်။ ထိုသို့ ဆိုက္ကားနင်းပြီးသူ၏ အလှည့်မရောက်ရှိသေးချိန်တွင် ရပ်ကွက်အတွင်းရှိ အမှိုက်များကို သန့်ရှင်းရေးလုပ်ပေးသည်ဟု ဆိုသည်။" ထိုကဲ့သို့ ဆောင်ရွက်ပြီး ညနေစောင်းချိန်တွင် ယာဉ်ကြောပိတ်ဆို့တတ်သည့် သုံးနေရာသို့ သွားရောက်လမ်းရှင်းပေးဖြစ်သည်ဟု ဆိုသည်။ "လမ်းရှင်းတာက အခုနောက်ပိုင်း ယာဉ်ထိန်းရဲရောက်လာတော့ တာမွေဈေးရှေ့မှာ ညနေ ၅နာရီဝန်းကျင်မှာ ရှင်းဖြစ်တယ်၊အရမ်းကျပ်တဲ့ နေ့မျိုးမှာပေါ့။ တစ်ခါ ကျောက်မြောင်းထဲက ကျားကွက်သစ်လမ်းထဲမှာလည်း အဲဒီမှာကျပ်ရင် အဲဒီနေရာ သွားရှင်းတယ်။ အဲဒီကပြီးတော့ အသောကမှာ ယာဉ်ထိန်းပြန်သွားရင် ၇နာရီခွဲပြီးချိန်ကစပြီး ကျွန်တော်တစ်ယောက်တည်း ရှင်းဖြစ်တယ်။ အသောကကတော့ မူလနေရာပေါ့"ဟု ဆိုသည်။

ထိုသို့ လမ်းရှင်းပြီးချိန်တွင် ဦးရွှေငွေးအနေဖြင့် အိမ်ကိုပြန်ချိန်ရောက်လာခဲ့သော်လည်း ဒီအတိုင်းလက်ဗလာဖြင့် ပြန်လေ့မရှိဟုဆိုသည်။ "နောက် ကျွန်တော့်ပရဟိတကတော့ ဒီနားက ထမင်းဆိုင်နှစ်ဆိုင်က ပိုတဲ့ထမင်းဟင်း အကြွင်းအကျန်တွေ နောက်ပြီး သတိပဋ္ဌာန်ထိပ် ကြက်ရိုးသုပ်ဆိုင်က ကြက်ရိုးတွေယူပြီး တောင်ဒဂုံကခွေးတွေ ကျွေးတယ်။ အဲဒါ ကျွေးတာဆိုရင် ဒီကနေ ၁၀နာရီထိုးပြန်တယ်။ ခွေးတွေကျွေးတယ်။ ခွေးကျွေးတာက နံနက်၁နာရီခွဲမှ ပြီးတယ်။ဒီတစ်ကောင်စားလို့ မကုန်ဘူးဆိုရင် နောက်တစ်ကောင်ပြောင်းပြီး ကျွေးတာလေ သေသေချာချာကျွေးတဲ့အတွက် အချိန်ပေးရတယ်"ဟု ဆိုသည်။

ဦးရွှေငွေး အနေဖြင့် အနေ့ယာဉ်ဆိုက္ကားနင်းရင်း အသက်မွေးဝမ်းကျောင်းပြုနေပြီး ဘဝသည်ရောင့်ရဲတတ်သူအဖို့ လောဘကြီးစရာမလိုဟုဆိုသည်။ "အနေ့ယာဉ်အလုပ်တစ်ခုတည်းနဲ့ အဆင်ပြေလားဆိုတော့ ပြေပါတယ်။ ကျွန်တော့်အတွက်က အရက်မသောက်ဘူး။ ဆေးလိပ် မသောက်ဘူး။ ကွမ်း မစားဘူး။ ဘီယာ မသောက်ဘူး။ အပျော်အပါးလိုက်စားတာ မရှိဘူး။ ကောင်းတာတွေ လုပ်တယ်။ ရှိတာနဲ့ ရောင့်ရဲတင်းတိမ်တဲ့အတွက် အဆင်ပြေပါတယ်"ဟုဆိုသည်။ တစ်နိုင်တစ်ပိုင် ပရဟိတလုပ်နေသည့် ဦးရွှေငွေးအနေဖြင့် Speaker ဂျာနယ်မှတစ်ဆင့် အများပြည်သူကို အမှာစကားတစ်ခုပါးပေးရန် တောင်းဆိုသောအခါသူက "အဓိကပြောချင်တာက ကားသမားတွေ တစ်ယောက်နဲ့ တစ်ယောက် သည်းခံပြီးတော့ ဘယ်သူပဲလုပ်လုပ် လိုက်နာပေးဖို့ လိုပါတယ်"ဟူ၍သာ ပြောကြားခဲ့ပြီး ပရဟိတလုပ်ငန်းကိုလည်း အသက်ထက်ဆုံး စွမ်းနိုင်သ၍ လုပ်ကိုင်သွားဦးမည်ဟု ပြောကြားခဲ့သည်။ ။

www.free4readers.com



# တွေ့ကြုံခဲ့ရ လူ့ဘဝ (၁၅၅)

# ဓာတ်ပုံဝါသနာရှင်ဘဝ အမှတ်တရ (၆)

၂၀၀၃ ခုနှစ်တစ်ဝိုက် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ ခေါင်းဆောင်များ၊ ဧည့်သည်တော်ကြီးများအား ရန်ကုန်မြို့ ပြည်လမ်းရှိ လွှတ်တော်ခန်းမအတွင်း၌ ဗိုလ်ချုပ်မှူးကြီးက ညစာဖြင့် တည်ခင်းဧည့်ခံပြီးနောက် သဘင်ခန်းမကြီးထဲတွင် မြန်မာ့ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေလေ့ရှိသည်။

ရှေ့ဆုံးတန်း အလယ်ကောင်တည့်တည့်ထိုင်ခုံတွင် ဗိုလ်ချုပ်မှူးကြီးက ထိုင်သည်။ သူ၏ဘေးဘက်တွင် နိုင်ငံတော်ဧည့်သည်ကြီးက ထိုင်ပြီး ယဉ်ကျေးမှုအကများကို ကြည့်ရှုသည်။

ဗိုလ်ချုပ်မှူးကြီး၏ နောက်တည့်တည့်ဒုတိယတန်း ထိုင်ခုံသည် ကျွန်တော်အမြဲထိုင်ရသော ခုံဖြစ်၏။ လိုအပ်သည်များ ဆောင်ရွက်ပေးရန်နှင့် ညွှန်ကြားစရာရှိက မှတ်သားရန်၊ အဝင်အထွက် နောက်မှ ကပ်လျက်လိုက်ရင်း လိုအပ်က ဖေးမပေးရန်ဖြစ်သည်။

ကပွဲဇာတ်စင်ကြီး၏ အလယ်ကောင်တည့်တည့်နှင့် တစ်တန်းတည်းခုံနေရာဖြစ်သည်။ အကွာအဝေးမှာလည်း ပေ ၄၀-၅၀ခန့်သာ ရှိ၍ ဇာတ်ခုံပေါ်မှ အကများအား ဓာတ်ပုံရိုက်ရန် အကောင်းဆုံးအနေအထားဖြစ်၏။

နိုင်ငံတော်အဆင့် ကပြခြင်းဖြစ်ရာ အကောင်းတကာ့အကောင်းဆုံးများဖြင့် ပွဲထုတ်သည်။ မြန်မာ့ဆိုင်းဝိုင်းကြီးက ဇာတ်စင်ရှေ့ မြေအောက်ထဲမှ မြင့်တက်လာပြီး ဧည့်ခံတီးလုံးများတီးပြီး ပြန်လည်နိမ့်ဆင်း ပျောက်ကွယ်သွားသည်။

ကပြသွားကြသည့် မင်းသား၊ မင်းသမီးတွေကလည်း သဘင်ပညာအပြည့်ဝဆုံး၊ အချောအလှဆုံးများ ဖြစ်ကြသည်။ အဝတ်အစားနှင့် ဆင်ယင်ထုံးဖွဲ့မှုများကလည်း သစ်လွင်လှပသည်။ ဇာတ်စင်မီးများကလည်း ဓာတ်ပုံရိုက်ရန် လုံလောက်သည်။

ထို့ထက်ကောင်းသောနေရာမရှိ၊ ကျွန်တော့်လို ဓာတ်ပုံဝါသနာရှင်အိုးအတွက် ပုရွက်ဆိတ် ထန်းလျက်အိုးတွေ့သည့်နှယ်တည်း။

ပထမဆုံးညဉ့်က ကျွန်တော့် Nikon ကင်မရာကို 80-200mm တပ်ထားပြီး၊ Body ကို View Finder နှင့် Playback Screen ချန်လှပ်ကာ ပတ်တီးဖြင့် အထပ်ထပ် ရစ်ပတ်ပြီး တိတ်အမည်းရောင်ဖြင့် ထပ်ပတ်လိုက်သည်။ ဓာတ်ပုံ တစ်ချက်ရိုက်တိုင်း ထွက်လာသည့် Shutterသံက သိပ်မကျယ်လောင်တော့။ သို့သော် Continuious (ဆက်တိုက်) ရိုက်ရာတွင်တော့ အသံကျယ်သည်။

ထိုပထမဆုံးညဉ့်က ဧည့်ခံပွဲအပြီး ပေါ်တီကိုအောက်တွင် ယာဉ်တန်းစောင့်နေစဉ် ဗိုလ်ချုပ်မှူးကြီးက “မင်း ပုံတွေ တော်တော်ရလိုက်လား” ဟု မေးသည်။

ထိုညဉ့်မှ စ၍ နောက်ပိုင်းညဉ့်များတွင် ပတ်တီးနှင့် တိတ်အနက် ကပ်စရာမလိုတော့၊ shutter သံထွက်မှာကိုလည်း မစိုးရိမ်ရတော့၊ ဤသို့ဖြင့် မြန်မာ့ယဉ်ကျေးမှုအကများကို အကောင်းဆုံး ရှုထောင့်မှ ဆယ်စုနှစ်တစ်ဝက်မက ကာလကြာအောင် ရိုက်ခွင့်ရခဲ့သည်။

ထို့နောက် ပြည်ပခရီးသွားတိုင်းလည်း ရောက်ရာတိုင်းပြည်တိုင်းတွင် ယဉ်ကျေးမှုကပွဲ ကြည့်ဖြစ်သည်။ ဇာတ်ခုံမီးများဖြင့် ရိုက်ကူးဖြစ်သည်။ ထိုသို့ ဓာတ်ပုံရိုက်ရင်း သတိထားမိလာသည်မှာ အချို့သော



မြန်မာ့ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သည့် ယပ်တောင်ယိမ်း (ဝဲ)၊

ကကြိုးကကွက်၊ ပြကွက်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သိပ်မကွာလှ။ ဝတ်စားပုံ၊ တင်ပြပုံသာ ခြားနားသည်။ မူလကျောရိုးခြင်းက တူကြသည်။

ကျွန်တော် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိစဉ် ဘူဆန်မြို့၌ ကြည့်ခဲ့ရသော ကိုရီးယားသားရေတူရိယာ တီးခတ်ပုံ၊ ယပ်တောင်က ကပြပုံတို့ကို မြန်မာပြည်မှာလည်း ကျွန်တော် ရိုက်ကူးဖူးသည်။ မြန်မာယပ်တောင်ယိမ်းအကမှာ လှပသည်၊ သို့သော် နောက်ခံသမိုင်းကြောင်းက ပြောပြရန် သိပ်မရှိလှ။

သို့သော် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်၊ တူရိယာ ငါးပါးတွင် သားရေတူရိယာနှင့် ပတ်သက်၍ နောက်ခံသမိုင်းကြောင်းက ထူးခြားသည်။ ဥပမာ-အိုးစည်၊ ဗုံ၊ ဖြော၊ စည် စသည်ဖြင့် ရှိကြရာ စည်ဖြောကိုယိမ်းအသွင်တင်ဆက်ထားသည့်ပြကွက်တစ်ခုကို ကျွန်တော် ရိုက်ကူးဖူးသည်။ အမျိုးသမီးကချေသည်တို့က တုတ်တို တစ်ချောင်းစီမြှောက်တီးပြီး ကပြကြသည်။

ဖြောတီးနည်း တီးချက်သည် အလောင်းစည်သူမင်းလက်ထက်မှ စတင်ထွန်းကားလာသည်ဟု အဆိုရှိသည်။ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် ဇမ္ဗူဒီပါတိုင်းခန်းလှည့်လည်ရာတွင် ကျွန်းဦးသပြေပင်အောက် ရောက်ရာ သပြေပင်ကို လေခတ်သည့်အခါ တူရိယာငါးပါးအသံကဲ့သို့ကြားရသည်ကို အကြောင်းပြု၍ ဖြောတီးနည်း တီးချက်များစတင်တည်ထွင် တီးမှုတ်ခဲ့သည်ဟု ဆိုသည်။



တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် စာရေးသူစွန်ရဲ ရိုက်ကူးခဲ့သော ကိုရီးယား ယဉ်ကျေးမှု ယပ်တောင်အက

ဇမ္ဗူသပြေသီး ရေထဲ ကြွေကျသောအသံသည် ဖြုတ်ဟူသောအသံ ဖြစ်ပေါ်လာသည်။

ရေမှ ပေါ်သောအသံသည် ဖြုန်းဟူသောအသံ ဖြစ်ပေါ်လာသည်။ သို့အတွက် ဖြောတီးသောအခါ ဖြုတ် ဖြုန်း ဟူသောအသံ ဖြစ်ပေါ်လာသည်။ ကြေးနှဲ့သံ လွှင်မှာကား ဇမ္ဗူသပြေပင်၏ ပင်စည်ခက်မ အရွက်အလက်တို့ကို လေတိုက်သော အသံတို့ကို ဖောင်စကြာပေါ်က ကြားရသည့်အတိုင်း စီမံပြုလုပ်သည်ဟု ဆိုသည်။

ထို့ကြောင့် ရှေးကဗျာတို့တွင်

“ကျွန်းဦးသပြေ၊
ညာမှကြွေသား၊
ကျပေထုံလှာ၊
ရေမျက်နှာထက်၊
သံငါကူးလွန်၊
နှစ်လေဟန်တူ၊
ဖြုတ်ဖြုတ်ယူ၍၊
ပေါ်မထူးလည်း၊
ဖြုန်းဖြုန်းမြည်ရှင်”

ဟူ၍ စပ်ဆိုခဲ့ကြသည်ဟု မှတ်သားဖူးသည်။

စည်ဖြောသည် ဒိုးပတ်တီးသကဲ့သို့ လည်ပင်းတွင် ကြိုးဖြင့် အလျားလိုက်သိုင်းလျက် အဖျား၌ကွေးကောက်ထားသော ကြိမ်တိုနှစ်ချောင်းဖြင့် တီးရသော သားရေတူရိယာဖြစ်သည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)တွင် ဖော်ပြထားပေသည်။



တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့တွင် စာရေးသူစွန်ရဲ ရိုက်ကူးခဲ့သော ကိုရီးယားယဉ်ကျေးမှု စည် (Drum) အက (ယာ)

မြန်မာ့ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သည့် ဖြောကလေး (ဝါ) လွယ်ဖြောယိမ်း (အောက်)



ပလုတ်ဖြုန်းရယ်နဲ့
တောင်ကုန်းရွာသာစခန်းဆီက
ဒေါ်ရွှေမေ၊ ဦးရေချမ်းငယ်တို့
သာသနာ့ဝါဝါလန်းရန်တဲ့၊
ဆန်းလိုက်တဲ့ ဖြောသံစည် ဟု

ဆရာကြီးမင်းသုဝဏ်က စပ်ဆိုခဲ့ဖူးသည်။

(၁) ဖြောစည်၊ (၂) ဖြောကလေး(ဝါ)လွယ်ဖြော၊ (၃) ရှမ်းဖြော ဟူ၍ ရှိရာ ထိုညဉ့်ကလွယ်ဖြောကို ရှုစားကြရသည်။ တုတ်တစ်ချောင်းတည်းဖြင့် တီးခတ်ကခုန်သွားကြသည်မှာ ရှုမငြီးဖွယ်ဖြစ်၏။

စွန်ရဲ

# အရက်ရောင်းချမှု ဝင်ငွေအမှန်ကိုသိရှိနိုင်ဖို့ ခလုတ်မီတာများတပ်ဆင်ပြီး စက်ရုံများလည်ပတ်မှုကို Online Monitoring System ဖြင့် စောင့်ကြည့်လျက်ရှိ

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

အရက်ထုတ်လုပ်မှုလုပ်ငန်းများ၏ ဝင်ငွေအမှန်ကို သိရှိနိုင်ရန် ခလုတ်မီတာများ တပ်ဆင်၍ စက်ရုံလည်ပတ်မှုကို Online Monitoring System ဖြင့် စောင့်ကြည့်လျက်ရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

"ဘီယာထုတ်လုပ်မှု လုပ်ငန်းများမှာ ထုတ်လုပ်မှု ပမာဏအမှန်ကို သိနိုင်ဖို့ ခလုတ်မီတာများ တပ်ဆင်ပြီးတော့ ယင်းမီတာအပေါ်မှာ ပေါ်ပေါက်တဲ့ ပမာဏ အမှန်အတိုင်း အခွန်ကောက်ခံရရှိရေး ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး အရက်ထုတ်လုပ်မှု လုပ်ငန်းများမှာ ခလုတ်မီတာများ တပ်ဆင်ပြီးတော့ ဆောင်ရွက်လျက်ရှိပြီးတော့ စက်ရုံရဲ့ လည်ပတ်မှုကို စောင့်ကြည့်နိုင်မယ့် Online Monitering System ကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းရှင်များရဲ့ အမှန်ရောင်းရငွေကို ခန့်မှန်းသိရှိနိုင်ပြီး ဝင်ငွေခွန် တွက်ချက် စည်းကြပ်ရာမှာ အထောက်အကူပြုမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၁၀ ရက်က ပြုလုပ်သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန် အစည်းအဝေး အဋ္ဌမမြောက်နေ့၌ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ၏ ၁၁/၂၀၁၈ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းရာတွင် ထည့်သွင်း ပြောဆိုခြင်း ဖြစ်သည်။

အထူးကုန်စည်ဖြစ်သော အရက်ဘီယာ ဝိုင်နှင့်စီးကရက် ကုန်စည်များအပေါ် ရောင်းချသည့် တန်ဖိုးအလိုက် အခွန်အမှတ်တံဆိပ်ခတ်နှိပ်စေခြင်းကို ၂၀၁၇ ကစပြီး ဆောင်ရွက်ခဲ့ရာ လိုက်နာမှုမရှိသော လုပ်ငန်းရှင်များကို ဒဏ်တပ်ရိုက်မှုအနေဖြင့် ဒဏ်ငွေ ၃၄၂ ဒသမ ၄၀၆သန်း ဒဏ်ရိုက်ခဲ့ပြီး သတင်းပေး တိုင်ကြားသူ ဆုချီးမြှင့်မှု ၂၄ဒသမ ၄၀၁ သန်းတို့ကို ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရသင့်ရထိုက်သော ကုန်သွယ်လုပ်ငန်းခွန်များ ဆုံးရှုံးမရှိစေရန် စားသောက်ဆိုင် ဟိုတယ်၊ မိုတယ်၊ အင်းနှင့် တည်းခိုခန်းများက ထုတ်ပေးသော ငွေရပြေစာများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ပြီးဖြစ်ကြောင်း ကျသင့် အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ခတ်နှိပ်ခြင်း အစီအစဉ်ကို ၂၀၁၄ခုနှစ်က စပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စားသုံးသူပြည်သူများအနေနဲ့ လိုက်နာဆောင်ရွက်မှုမရှိတဲ့ လုပ်ငန်းများက ပြေစာအထောက်အထားများနဲ့အတူ သတင်းပေးပို့ တိုင်ကြားနိုင်ရန် ဆောင်ရွက်ထားရှိပြီး လိုက်နာမှုမရှိတဲ့ အခွန်ထမ်းများအပေါ် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ သတင်းပေးတိုင်ကြားသူကို ဆုငွေချီးမြှင့်ခြင်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇-၂၀၂၈ဘဏ္ဍာနှစ်မှာ လိုက်နာမှုမရှိလို့ ဒဏ်တပ်ရိုက်ရတဲ့ အမှုပေါင်း ၇၁၅မှုရှိပြီးတော့ ဒဏ်တပ်ရိုက်ခြင်းက ရရှိငွေ ၁၇၆ ဒသမ ၆၃၄သန်း ရရှိခဲ့ပါတယ်။ သတင်းပေးတိုင်ကြားသူ ဆုငွေချီးမြှင့်မှုအနေနဲ့ ကျပ်၉ဒသမ ၉၆၅သန်း ချီးမြှင့်ပေးခဲ့ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

ရွှေဆိုင်များမှ ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန်လ၁ရက်ကစ၍ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချမှု အပေါ်မှာ ကုန်သွယ်လုပ်ငန်းခွန် ၁ရာခိုင်နှုန်းကောက်ခံပြီး၊ ထုတ်ပေးသည့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ခတ်နှိပ်ခြင်းကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၀ ရက်ကစ၍ ရုပ်သံလွှင့်မီဒီယာများက ထုတ်ပေးသည့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်စေခြင်း အစီအစဉ်ကို လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုငှက်ခါး




# ရန်ကုန်စည်ပင်ရွေးကောက်ပွဲနည်းဥပဒေတွင် တပ်စည်ပင်နယ်မြေအတွင်းနေထိုင်သူများ မဲပေးခွင့်ရမည် မဟုတ်ဟု ဆို

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် ဆက်လက်ဆွေးနွေးရမည့် စည်ပင်သာယာရေးနည်းဥပဒေတွင် တပ်စည်ပင်နယ်မြေအတွင်း နေထိုင်သူများ မဲပေးခွင့် ရမည်မဟုတ်ဟု ပါရှိသောကြောင့် ကန့်ကွက်သွားရမည်ဟု ဒဂုံမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ဇေယျက Speaker သို့ ပြောသည်။

ဦးကျော်ဇေယျက "စည်ပင်ရွေးကောက်ပွဲလုပ်မယ့် နည်းဥပဒေစာအုပ် ကျွန်တော်တို့ကိုဝေတယ်။ ကျွန်တော် မကြိုက်တဲ့အချက်က တပ်နယ်စည်ပင်မှာနေတဲ့ လုပ်သားပြည်သူများက မဲပေးခွင့်မရဘူး။ အဲဒါကို လုပ်ထားတယ်။ လုပ်ထားတယ်ဆိုတော့ ဒါဟာမဖြစ်သင့်ဘူး။ စည်ပင်ဥပဒေဆိုတာ အကုန်အသက်ဝင်ရမယ်။ ဥပမာ ငါကတပ်နယ်ကဆိုပြီး ငါမဲပေးခဲ့တာ မဟုတ်ဘူး။ အဲဒီဥပဒေကို မလိုက်နာဘူးဆိုရင် ပြဿနာ။ ကျွန်တော်ကတော့ အဲဒါလေးကို ထောက်ပြဖို့ လုပ်နေတယ်"ဟု ဆိုသည်။

အဆိုပါ နည်းဥပဒေစာအုပ်ကို လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေခြင်းနှင့် ပတ်သက်ပြီး " ကျွန်တော်တို့ ဘာလုပ်ရမှာလဲ ဆွေးနွေးရမှာလား။ ပြင်စရာရှိရင် ကျွန်တော်တို့က တင်ပြရမှာလားတော့ မသိဘူး။ လွှတ်တော်ဥက္ကဋ္ဌကို ကျွန်တော်ကတော့ မေးရဦးမယ်"ဟု ဆိုသည်။

ယင်းကဲ့သို့ တပ်နယ်စည်ပင်တွင် နေထိုင်သူများ မဲပေးခွင့်မရခြင်းနှင့် ပတ်သက်ပြီး "ဒါကတော့ မျှတမှု မရှိဘူးလေ။ မဲပေးတာတော့ဗျာ (၁၈) နှစ်ပြည့်ရင် မဲပေးခွင့်ရတာပဲ။ ဒီလိုပဲဥပဒေက ဆိုထားတာပဲ။ သို့သော်လည်း နည်းဥပဒေမှာ တပ်နယ်စည်ပင်ကို ကန့်သတ်လိုက်တယ်။ တပ်နဲ့ အရပ်နဲ့ ဒီအချိန်မှာခွဲခြားမနေတော့နဲ့ ရွေးကောက်ပွဲတောင် တပ်မတော်သားတွေ မဲပေးပိုင်ခွင့် ရှိနေတာပဲ"ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကို ၂၀၁၈အတွင်း ကျင်းပနိုင်မည်ဟု တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများက ၂၀၁၈ နှစ်ဦးပိုင်းတွင် ပြောကြားထားသော်လည်း လက်ရှိအချိန်၌၂၀၁၉ ရောက်ရှိချိန်တွင် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲကို ကျင်းပနိုင်လိမ့်မည်ဟု ဦးကျော်ဇေယျက ပြောသည်။

ရွှေထီး

# ၂၀၁၆/၂၀၁၇ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် အစီရင်ခံစာနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်က အစီရင်ခံစာ မကြာမီထုတ်ပြန်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၆/၁၇ စာရင်းစစ်ချုပ်အစီရင်ခံစာနှင့် ပတ်သက်ပြီး ပြည်ထောင်စုအဆင့်မှ အစီရင်ခံစာတစ်ခု မကြာမီ ထုတ်ပြန်လိမ့်မည်ဟု ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဇေယျက Speaker သို့ ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ၅၊၆၊၇ရက်များတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ငွေစာရင်းကော်မတီ၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီတို့နှင့် ပြည်ထောင်စုအဆင့် ပြည်သူ့ ငွေစာရင်းကော်မတီ၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီတို့နှင့် တွေ့ဆုံခဲ့ကြသည်ဟု ဆိုသည်။

ထိုသို့ တွေ့ဆုံခဲ့ခြင်းနှင့် ပတ်သက်ပြီး "ရန်ကုန်တိုင်းဒေသကြီးရဲ့ ၂၀၁၆/၁၇စာရင်းစစ်ချုပ်အစီရင်ခံစာနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရက တုံ့ပြန်ဖို့ လိုတယ်ဆိုတာကို ကျွန်တော်တို့ တင်ပြဆွေးနွေးခဲ့တယ်။ ဥပမာဗျာ မြို့သစ်စီမံကိန်းဆိုရင် ပြည်ထောင်စုအဆင့်က ဆုံးဖြတ်သင့်တာမျိုး၊ဘီလီယံ ၇၀ ကိစ္စဆိုရင်လည်း ပြည်ထောင်စုမှာလိပ်ခဲတည်းလည်း ဖြစ်နေတယ်။ နောက်ပြည်ထောင်စုအဆင့်ကလည်း ကျွန်တော်တို့ပေးတဲ့အကြံဉာဏ်ကို သူတို့ကလိုချင်တာကိုး"ဟု ပြောသည်။

ယင်း တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို လက်ရှိထုတ်ပြောရန် မဖြစ်နိုင်သေးဟု ဦးကျော်ဇေယျက ပြောသည်။

"ကျွန်တော်က အတွင်းရေးမှူးဆိုတော့ အစီရင်ခံစာမထွက်ခင် ပြောလို့ မကောင်းဘူး။ အဲဒါကြောင့် မကြာမီ အစီရင်ခံစာထွက်လာတော့မှာပါ။ အဲဒီမှာ ပြည်ထောင်စုအဆင့်က ဘာလုပ်သင့်တယ်ဆိုတာ စောင့်ကြည့်ဖို့ လိုပါတယ်"ဟု ၎င်းကပြောသည်။

ရွှေထီး

# ပြည်သူ့ဥယျာဉ်အတွင်းရှိ Natural World တွင် KTV၊ မာဆတ်များပြုလုပ်မည့် အခန်းဖွဲ့စည်းပုံများ ပြုလုပ်နေသဖြင့် ပြဿနာတက်နေ

ရန်ကုန်၊ ဒီဇင်ဘာ ၁၀

ပြည်သူ့ဥယျာဉ်အတွင်းရှိ Natural World မှ ငှားရမ်းထားသည့် နေရာများတွင် KTV၊ မာဆတ် ပြုလုပ်မည့် အခန်းဖွဲ့စည်းပုံများ ပြုလုပ်ထားသဖြင့် ပြဿနာတက်နေပြီး ကန့်ကွက်ထားရသည်ဟု ဒဂုံမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက Speaker သို့ ပြောသည်။

ဦးကျော်ဇေယျက" MCVအဆောက်အအုံကတော့ တော်တော်ပြဿနာ တက်နေတယ်။ ကျွန်တော်တို့သွားကြည့်တဲ့အခါကျတော့ ကာရာအိုကေ လုပ်မှာလား။ ဘာလုပ်မှာလဲ။ အခန်းကျဉ်းလေးတွေ ဖွဲ့နေတယ်။ အဲဒါလေးတွေ ရင်ဆိုင်ထားတယ်"ဟု ပြောသည်။

အဆိုပါ ပြည်သူ့ဥယျာဉ်အတွင်းတွင် ဦးရှောက်စန်းက Natural World ကုမ္ပဏီအမည်ဖြင့် ငှားရမ်းထားပြီး အခြားသော ဈေးဆိုင်များကို ပြန်လည်ငှားရမ်းထားသည်ဟုသိရသည်။ ယင်းကဲ့သို့ ငှားရမ်းပြီး ပြီးခဲ့သည့် လအနည်းငယ်က Natural World ကုမ္ပဏီမှ ဆိုင်ခန်းခများ တိုးမြှင့်ကောက်ခံခဲ့သည်ဟု သိရသည်။ ထိုသို့ဆိုင်ခန်းခများ တိုးမြှင့် ကောက်ခံခြင်းနှင့်ပတ်သက်၍ ဆိုင်ခန်းငှားသူများဘက်က ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးကော်မတီထံ သို့ တိုင်ကြားခဲ့သည်ဟု ဦးကျော်ဇေယျက ပြောသည်။

ဆိုင်ခန်းငှားရမ်းသူများက ဦးရှောက်စန်းပိုင် Natural World က လက်ရှိဆိုင်ခန်းရှင်များကို ဈေးနှုန်းတိုးမြှင့်ကောက်ခံပြီး ဆက်လက် မငှားရမ်းနိုင်အောင် ပြုလုပ်နေပြီး ဈေးဆိုင်များ ထွက်သွားလျှင် တရုတ်များထားရှိနိုင်ရန် ဆောင်ရွက်နေသည်ဟု စွပ်စွဲနေသည်ဟု ဆိုသည်။" ဈေးသည်တွေပြောတဲ့အတိုင်း တရုတ်တွေထားမယ်ဆိုတဲ့အတိုင်း ဖြစ်နေတယ်။ Natural World မှာ MCVက ဟာကြီးကို အောက်ထပ်ကဟာတွေ အပေါ်ထပ် ပြောင်းတယ်၊ တရုတ်တွေထားဖို့ လုပ်နေတယ်ဆိုပြီး ဈေးသည်တွေက ပြောတယ်လေ။ အခုလည်း မှန်တယ်။ တရုတ်တွေနဲ့ လုပ်နေတယ်"ဟု ဆိုသည်။

ယင်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီက တိုက်ရိုက်ကိုင်တွယ်မည် မဟုတ်ဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်ဌာနမှ ဌာနမှူးဦးကိုကိုလေးကို ခေါ်ယူတွေ့ဆုံတင်ပြထားသည်ဟု ဆိုသည်။

" ဒါတွေဟာ စာချုပ်ပါအချက်လက်နဲ့ မကိုက်ညီတဲ့အတွက် ပြုပြင်ဖို့ လုပ်ခိုင်းတယ်။ ကျွန်တော်တို့ကတော့ တိုက်ရိုက်မပြောတော့ဘူး။ ပန်းဥယျာဉ်ဌာနမှူးနဲ့ပဲ တစ်ဆင့်ပြောခိုင်းထားလိုက်တယ်"ဟု ဦးကျော်ဇေယျက ပြောသည်။

ရွှေထီး

The SPEAKER news journal

www.free4readers.com

## စာ (၃) ဦးနေဝင်းကို ရှိခိုးရစေဦးတော့ မှအဆက်

ပြောကြတဲ့ ဘာသာရပ်တွေ ဘယ်လောက်ပဲစုံစုံ ရံဖန်ရံခါ နိုင်ငံရေးဘက်ကို ရောက်သွားတတ်ပါတယ်။

အဲဒီအချိန်မှာ နဝတအစိုးရမှာ ဗိုလ်ချုပ်မှူးကြီး စောမောင် အငြိမ်းစားယူသွားပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နဝတဥက္ကဋ္ဌဖြစ်နေပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့နဲ့ တကွ အားလုံးသော ပြည်သူတွေက မြန်မာပြည်နိုင်ငံရေးမှာ ဗိုလ်ချုပ်မှူးကြီးစောမောင် အုပ်ချုပ်သည်ဖြစ်စေ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအုပ်ချုပ်သည်ဖြစ်စေ၊ သူတို့အပေါ်မှာ မဆလဥက္ကဋ္ဌဟောင်း ဦးနေဝင်းက ဩဇာညောင်းတယ်လို့ ယူဆထားခဲ့ကြပါတယ်။ ဒီအယူအဆကို ဒေါ်စုကလည်း သိနေပါတယ်။

ဒီလိုသိနေတဲ့အတွက် မြန်မာနိုင်ငံအနာဂတ်တိုးတက်ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာ ဦးနေဝင်းသာ အခရာလို့ ကျွန်တော်တို့အားလုံး ယုံကြည်နေကြပါတယ်။ ဒေါ်စုဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့အရေးနဲ့ ပတ်သက်လို့ အဓိကအားဖြင့် ဦးနေဝင်းရဲ့ ဩဇာကို အသုံးချပြီး နိုင်ငံ့အတွက် လုပ်ချင်တဲ့ဆန္ဒရှိကြောင်း မကြာခဏ ပြောဆိုလေ့ရှိပါတယ်။ ဘယ်လောက်အထိ ပြောသလဲဆိုရင် “နိုင်ငံတိုးတက်ဖို့အတွက် လုပ်ရမယ်ဆိုရင် ဦးနေဝင်းက အဓိကျလို့ သူသာကူညီမယ်ဆိုရင် သူ့ကို ရှိခိုးရ၊ ရှိခိုးရ၊ ရှိခိုးပါ့မယ်”လို့ မကြာမကြာ ရေရွတ်လေ့ ရှိပါတယ်။

### ဦးတင်အောင်ဟိန်း၊ ကိုကိုမောင်ကြီးနဲ့ ဗိုလ်မှူး သူရချစ်ခိုင်(လေ)

တိုင်းပြည်တိုးတက်ဖို့ ပြင်းပြတဲ့ ဒေါ်စုရဲ့ ဆန္ဒတွေကို ကြားရပါများတဲ့အခါ ကျွန်တော်လည်း စဉ်းစားလာရပါပြီ။ ဦးနေဝင်းဆီကို ဘယ်လမ်းကြောင်းက ဝင်ရင်ရနိုင်မလဲပေါ့။ အဲဒီမှာ ကျွန်တော့် ဘော်ဒါဗိုလ်မှူး သူရချစ်ခိုင်(လေ)ကို သွားသတိရပါတယ်။ ဗိုလ်မှူးချစ်ခိုင်ဟာ “ဗိုလ်ကြီး အုန်းကျော်မြင့် အရေးအခင်း”တုန်းက ကျွန်တော်နဲ့အတူ ရေကြည်အိုင်ထောက်လှမ်းရေး အချုပ်စခန်းမှာ အတူတကွ နေခိုင်ခဲ့ပြီး တပ်မတော်က တစ်ရက်တည်း အငြိမ်းစားပေးခြင်း ခံခဲ့ရသူပါ။ သူဟာ (၂၈)လမ်းမှာ မိသားစုနဲ့အတူ နေထိုင်ပြီး တိုင်းရင်းဆေး တချို့ ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းတစ်ခုနဲ့ အောင်မြင်နေသူပါ။

ဗိုလ်မှူးသူရချစ်ခိုင်ဟာ တပ်မတော်(လေ)ကပါ။ တရုတ်ဖြူအရေးအခင်းကာလမှာ တစ်ဖက်က ကျူးကျော်လာတဲ့ လေယာဉ်နှစ်စီးကို ပစ်ချနိုင်ခဲ့လို့ ‘သူရ’ဘွဲ့ရခဲ့သူပါ။ မဆလပါတီဖွဲ့တော့ ထုံးစံအတိုင်း သူလည်းပါတီဝင်ဖြစ်လာပြီး ပါတီက ဖွင့်တဲ့ သဘောတရားရေးသင်တန်းကျောင်းမှာ ဒုတိယကျောင်းအုပ် ဖြစ်ခဲ့တယ်။ ဥက္ကဋ္ဌကတော့ နာမည်ကျော် “အညမည သဘောတရား” စာအုပ်ရေးရာမှာ အဓိကကျတဲ့ ဦးချစ်လှိုင်ဖြစ်ပါတယ်။ နောက်ပိုင်းပါတီကနေ ကက(လေ) ပြန်အပြောင်းခံရတော့ နဝရတ်ရိပ်သာမှာ ဗိုလ်အုန်းကျော်မြင့်နဲ့ တစ်တိုက်တည်းနေရပါတယ်။ ဗိုလ်အုန်းကျော်မြင့်က သူ့ကိုလေးစားတဲ့အတွက် ကိစ္စကြီးငယ်တွေကို တိုင်ပင်လေ့ ရှိပါတယ်။ အဲဒီတော့ အုန်းကျော်မြင့်လည်း ပြဿနာတက်ရော သူပါ ပါလာတော့တာပေါ့။ အမှုပြီးတော့ ကျွန်တော်တို့နဲ့အတူ တပ်မတော်က အငြိမ်းစားပေးခြင်းခံရပါတယ်။ အမိန့်စာမှာ “ဤအရာရှိများ၏ တပ်မတော်တွင် အမှုထမ်းခဲ့ခြင်းများကို ကျေနပ်ဖွယ်မရှိ”လို့ မှတ်ချက်ပါပါတယ်။ ဒီစာလည်းရရော ဗိုလ်မှူးချစ်ခိုင်က ပေါက်ကွဲပြီး “ပြည်ပရန်သူ လေယာဉ်တွေကို ချေမှုန်းနိုင်ခဲ့လို့ သူရဘွဲ့ရတာ ငါတစ်ယောက်တည်း ရှိတာကွ၊ ဒါကိုမှ ကျေနပ်ဖွယ်မရှိဘူးဆိုရင် ကဲကွာ . . . ကဲကွာ” ဆိုပြီး အမိန့်စာကို ဆွဲဆုတ်၊ လွှင့်ပစ်ပြီး ဖနောင့်နဲ့ပါ ပေါက်ခဲ့တဲ့ပုဂ္ဂိုလ်ပါ။

ကျွန်တော်ဟာ ဗိုလ်မှူးချစ်ခိုင်နဲ့ အဆက်အသွယ်မပြတ်တဲ့အတွက် တနင်္ဂနွေနေ့တိုင်းလိုလို သူ့အိမ်ကို ရောက်တတ်ပါတယ်။ သူတို့တစ်အိမ်သားလုံးနဲ့လည်း ရင်းနှီးကြပါတယ်။ ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြင်းပြတဲ့ အာသီသနဲ့ ပတ်သက်လို့ ဗိုလ်မှူးချစ်ခိုင်ရဲ့ အိမ်ကိုသွားပြီး သူနဲ့တိုင်ပင်မိပါတယ်။ ကျွန်တော့်လိုပဲ ဗိုလ်မှူးချစ်ခိုင်အိမ်ကို မကြာမကြာလာလည်လေ့ရှိသူတွေကတော့ ဦးတင်အောင်ဟိန်းနဲ့ (ဦး)ကိုကိုမောင်ကြီးတို့ ဖြစ်ပါတယ်။

ဦးတင်အောင်ဟိန်းဆိုတဲ့ ပုဂ္ဂိုလ်ကတော့ မဆလခေတ်က တရားသူကြီးချုပ်ဟောင်း ဖြစ်ပါတယ်။ ရှစ်လေးလုံး အရေးတော်ပုံကြီး စတင်ဖြစ်ပွားတဲ့အခါ “ တိုင်းပြည်ကို တစ်ပါတီအာဏာရှင်စနစ်နဲ့ အုပ်ချုပ်တာကြိုက်သလား၊ ပါတီစုံစနစ်နဲ့ အုပ်ချုပ်တာကြိုက်လား” ဆိုတဲ့ အရေးကို ပြည်သူ့ဆန္ဒကောက်ယူဖို့ ကော်မရှင်ဖွဲ့ရာ သူက ဥက္ကဋ္ဌဖြစ်ပါတယ်။ အဲဒီကော်မရှင်က သက်ဆိုးမရှည်ခဲ့ပါဘူး။

ဘာကြောင့်လဲဆိုတော့ အခု တပ်မတော်ခန်းမလို့ဆိုတဲ့ (ဟိုတုန်းက Envoy Hall)နေရာမှာ ပထမဦးဆုံးရုံးဖွင့်တဲ့နေ့မှာပဲ ဆန္ဒပြတဲ့ လူထုကြီးက ပိုင်းပြီး တောင်းဆိုလို့ တစ်ရက်တည်းနဲ့ ကိစ္စပြတ်သွားတာပါ။ ဘယ်လိုပြတ်သွားသလဲဆိုတော့ ဦးတင်အောင်ဟိန်းကိုယ်တိုင်က မြန်မာနိုင်ငံ အနာဂတ်နိုင်ငံရေးစနစ်ကို ပြည်သူလူထုက ပါတီစုံဒီမိုကရေစီစနစ်ကိုသာ လိုလားပါကြောင်းလို့ ကြေညာပေးလိုက်တာပါ။

(ဦး) ကိုကိုမောင်ကြီးဆိုတာက သူ့နာမည်ရင်းက ဦးချစ်လှိုင်ပါ။ ကိုကိုမောင်ဆိုတာက သူ့ရဲ့ ကလောင်နာမည်ပါ။ အရင်တုန်းက တပ်မတော် စိတ်ဓာတ်စစ်ဆင်ရေးဌာနက အရပ်သားအရာရှိပါ။ စစ်ရုံးမှာ ရှိနေစဉ်မှာပဲ သူ့ကို ပြင်သစ်နိုင်ငံမှာ ပညာသင်စေလွှတ်ခဲ့ဖူးပါတယ်။ သူ့အတွေ့အကြုံတွေကို အခြေခံပြီး ထိုစဉ်က မြဝတီမဂ္ဂဇင်းမှာ “ပါရီတွင် သောင်တင်ခဲ့စဉ်က”ဆိုတဲ့ အခန်းဆက် ဆောင်းပါးတွေရေးခဲ့ဖူးပါတယ်။ အဲဒီလိုနေရာက စစ်အစိုးရလက်ထက်မှာ သူစာတွေရေးတဲ့အခါ ကိုကိုမောင်ဆိုတဲ့ နာမည်အစား ကိုကိုမောင်ကြီးလို့ နာမည်ပြောင်းခဲ့ပါတယ်။

ဦးတင်အောင်ဟိန်းနဲ့ ဦးကိုကိုမောင်ကြီးတို့ဟာ မြို့ထဲ ၂၈ လမ်းက ဗိုလ်မှူးသူရချစ်ခိုင်အိမ်ကို မကြာခဏ လာလည်လေ့ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဗိုလ်မှူးချစ်ခိုင်ကို ပူဆာပါတယ်။ ဦးတင်အောင်ဟိန်းနဲ့ ဦးကိုကိုမောင်ကြီးတို့ဟာ နိုင်ငံရေးသမ္ဘာရှိတဲ့ ပုဂ္ဂိုလ်တွေပါ။ ပြည်တွင်းပြည်ပရေးရာတွေကိုလည်း နှံ့စပ်နားလည်သူတွေပါ။ ပြီးတော့ ဗိုလ်မှူးချစ်ခိုင်ရဲ့ ပြောစကားအရ သူတို့နှစ်ယောက်စလုံးဟာ ဒေါ်အောင်ဆန်းစုကြည်ကို ကရုဏာသက်နေတယ်ဆိုတာလည်း သိရပါတယ်။

ဒါ့ကြောင့် ဒေါ်အောင်ဆန်းစုကြည်က ဦးနေဝင်းနဲ့တွေ့ဆုံပြီး နိုင်ငံရေး အဖြေရှာဖို့ အားသန်နေတဲ့အကြောင်း ဗိုလ်မှူးချစ်ခိုင်ကို ပြောပါတယ်။ ဦးနေဝင်းနဲ့တွေ့ဖို့ ဗိုလ်မှူးချစ်ခိုင်က အလှမ်းဝေးနေပေမယ့် နိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး လုပ်ခဲ့ဖူးတဲ့ ဦးချစ်လှိုင်နဲ့ မဆလ တရားသူကြီးချုပ်ဟောင်း ဦးတင်အောင်ဟိန်းတို့ဆိုလျှင် လမ်းကြောင်းရှာနိုင်မှာ ဖြစ်ကြောင်း ပြောပြရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒနဲ့ပတ်သက်လို့ လမ်းစဖော်ရန် အနီးစပ်ဆုံးပုဂ္ဂိုလ်တွေဟာ ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ ဖြစ်နိုင်ဖို့များကြောင်း၊ ဒါ့ကြောင့် ကျွန်တော်နဲ့ အဲဒီပုဂ္ဂိုလ်တွေနဲ့ နောက်အပတ် တနင်္ဂနွေနေ့မှာ ချိန်းပေးစေလိုကြောင်း ပြောပြတဲ့အခါ ဗိုလ်မှူးချစ်ခိုင်က အားတက်သရော ထောက်ခံပါတယ်။ သူစီစဉ်ပေးမယ်ဆိုတဲ့အကြောင်းလည်း ကတိပေးပါတယ်။ ဒါ့ကြောင့် နောက်တနင်္ဂနွေနေ့မှာ ဗိုလ်မှူးချစ်ခိုင်အိမ်မှာပဲ လေးယောက်သား ဆုံကြပါတယ်။

### ဒေါ်နီနီမြင့်

ကျွန်တော်က ဗိုလ်မှူးချစ်ခိုင်အိမ်ကို ရောက်လာတဲ့ ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒကို ပြောပြလိုက်ပါတယ်။ နိုင်ငံတိုးတက်ရေးအတွက် လိုလားတယ်ဆိုရင် နဝတအစိုးရအပေါ် ဩဇာညောင်းမယ်လို့ ယူဆရတဲ့ ဦးနေဝင်းနဲ့ တွေ့ဆုံလိုကြောင်း၊ နိုင်ငံအနာဂတ်အရေးနဲ့ ပတ်သက်လို့ ဦးနေဝင်းရဲ့ ဩဇာအာဏာကို အသုံးပြုပြီး ဆောင်ရွက်လိုကြောင်း၊ ဒါကြောင့် ဦးနေဝင်းနဲ့သာ တွေ့ခဲ့ရရင် သူ့ကို ရှိခိုးဦးချဖို့တောင် အဆင်သင့်ရှိနေကြောင်း၊ ဒါကြောင့် လူကြီးမင်းများအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဦးနေဝင်းနဲ့တွေ့ဖို့အတွက် အကူအညီပေးစေလိုကြောင်း ပြောကြားပါတယ်။

လူကြီးနှစ်ဦးကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆန္ဒကို သဘောကျပါကြောင်း၊ ဒါ့ကြောင့် ကူညီဖို့ဝန်မလေးကြကြောင်း ပြန်ပြောပါတယ်။ တွေ့ဆုံဖို့ကို ဘယ်လိုလုပ်ရမလဲလို့ နည်းလမ်းရှာကြတဲ့အခါကျတော့ လူကြီးတစ်ယောက်က (ဘယ်သူလဲဆိုတာ မမှတ်မိတော့ပါဘူး) ဒေါ်နီနီမြင့်ကတစ်ဆင့် သတင်းပို့ရင် ရနိုင်မယ်ထင်ကြောင်း ပြောပါတယ်။ ဒေါ်နီနီမြင့်ဆိုတာ မီဒီယာတွေရဲ့ သတ်မှတ်ချက်အရ ဦးနေဝင်းရဲ့ နံပါတ်(၄)နဲ့ နံပါတ်(၆) ယောက်မြောက်ဇနီးပါ။ စာရှုသူများ ရှုတ်တရက်နားထွေးသွားမလားတော့ မသိပါ။ ဒေါ်ခင်မေသန်းကွယ်လွန်သွားတော့ ဦးနေဝင်းဟာ ဒေါ်နီနီမြင့်နဲ့ လက်ထပ်ခဲ့ပါတယ်။ ဒေါ်ခင်မေသန်းက ဦးနေဝင်းရဲ့ ဇနီးနံပါတ်(၃)ဆိုတော့ ဒေါ်နီနီမြင့်က နံပါတ်(၄)ပေါ့။

ဒေါ်နီနီမြင့်က ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှာ ကထိကလို့ ထင်ပါတယ်။ အိမ်ထောင်သက် သိပ်မရခင်မှာ ဒေါ်နီနီမြင့်ရဲ့ ညီမထင်ပါရဲ့၊ ဒေါ်နီနီမြင့်ရဲ့ ရုံးတံဆိပ်တွေသုံးပြီး ကုန်သွယ်ရေးက ပစ္စည်းတွေ ဝယ်ယူခဲ့တာတွေနဲ့ပတ်သက်ပြီး တရားတဘောင် ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ထင်ပါရဲ့ ဦးနေဝင်းဟာ ဒေါ်နီနီမြင့်အတွက် တက္ကသိုလ်ဝင်းထဲက ဆရာများ အိမ်တစ်လုံးကို စီစဉ်ပြီးနေစေပါတယ်။ ဒါပေမဲ့ ဒေါ်နီနီမြင့်အိမ်မှာ စောင့်ရှောက်ဖို့ဆိုပြီး ထောက်လှမ်းရေး နှစ်ယောက်ကို တွဲဖက်ပေးထားပါတယ်။ ဒေါ်နီနီမြင့်ရဲ့ အိမ်နိမ့်စံဘဝပေါ့။

အဲဒီလိုဖြစ်နေခိုက်မှာ ဦးနေဝင်းဟာ ဥရောပခရီးတစ်ခုထွက်ရင်းနဲ့ အီတလီနိုင်ငံမှာ ရောက်နေတဲ့ မြန်မာနိုင်ငံသူ ရတနာနတ်မယ်(ခ) June Rose Bellamy နဲ့တွေ့ဆုံပြီး မြန်မာပြည်ကို ပြန်ခေါ်ခဲ့ပါတယ်။ ရောက်တာနဲ့ လက်ထပ်လိုက်ပါတယ်။ ၁၉၇၆ ခုနှစ် ဩဂုတ်လလောက်မှာ ထင်ပါတယ်။ အုန်းကျော်မြင့်ကိစ္စနဲ့ ကျွန်တော်တို့ရေကြည်အိုင်ကို ရောက်နေခိုက်မှာ သတင်းစာထဲက ဖတ်ရလို့ သိခဲ့ရတာပါ။ ဒါပေမဲ့ သိပ်မကြာပါဘူး။ ဦးနေဝင်းနဲ့ ရတနာနတ်မယ်တို့ ပြင်းပြင်းထန်ထန်ကတောက်ကဆ ဖြစ်တယ်လို့ ကြားသိရပါတယ်။ မကြာပါဘူး ရတနာနတ်မယ်က အီတလီနိုင်ငံ ပြန်သွားပါတယ်။

> “ အံ့ဩစရာ စကားတွေလည်း ကြားခဲ့ရသေးတယ်ဗျ။ ဘာလဲဆိုတော့ အခုလို တရားတွေသိတာ အင်မတန်နောက်ကျသွားတယ်။ ဒီတရားတွေသာ ဟိုတုန်းက သိခဲ့ရင် ငါအာဏာတောင် သိမ်းဖြစ်မယ် မထင်ဘူးလို့ ပြောပါတယ် ...”



www.free4readers.com



ရတနာနတ်မယ်နဲ့ ကျွန်တော် ၁၉၆၃ ခုနှစ်မှာ မေမြို့ စိန့်မိုက်ကယ်ကျောင်း၊ ကျောင်းအုပ်ကြီး Mr.Wiltshire (ကျွန်တော့်သူငယ်ချင်း ဒေးဗစ်ရဲ့အဖေ) ရဲ့ အိမ်မှာ တွေ့ဖူးပါတယ်။ အရပ်က ငါးပေ ခုနစ်လက်မလောက်ရှိမယ်ထင်ပါတယ်။ အသားအရေက ဖြူဝင်းပြီး အင်မတန်ချောမောလှပတဲ့ မိန်းမတစ်ယောက်ပါ။ အဲဒီအချိန်လောက်မှာ Asiaweek မဂ္ဂဇင်းရဲ့ မျက်နှာဖုံးမှာ ဖော်ပြခြင်းခံထားရပါတယ်။ ဗမာအဝတ်အစား၊ ထိုင်မသိမ်းအင်္ကျီ၊ ချိတ်ထဘီနဲ့ အလွန်ကျက်သရေရှိပါတယ်။ သူ့ခင်ပွန်း အီတာလီယံလူမျိုး Mr.Bellamy ကိုလည်း တွေ့ပါတယ်။ အရပ်ပုပု၊ ထိပ်ပြောင်ပြောင်၊ သူ့ထက်အသက်ကြီးပါတယ်။ U.N က အရာရှိလို့ ထင်ပါတယ်။

အဲဒီနောက် မကြာပါဘူး ဒေါ်နီနီမြင့်ကို ပြန်ခေါ်ပြီး ပေါင်းသင်းပြန်ပါတယ်။ ဒါ့ကြောင့် ဒေါ်နီနီမြင့်ဟာ ဦးနေဝင်းရဲ့ နံပါတ်လေးနဲ့ နံပါတ်ခြောက်ယောက်မြောက် ဇနီးလို့ ပြောရတာပါ။ ကျွန်တော်ဗိုလ်မှူးချစ်ခိုင်ရဲ့ တိုက်ခန်းမှာ ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ တွေ့ဆုံနေတဲ့ကာလမှာ ဒေါ်နီနီမြင့်ဟာ ရန်ကုန်တက္ကသိုလ်ထဲက ဌာနတစ်ခုမှာ ရုံးတစ်လုံး၊ ခုံတစ်ခုံ၊ အနေအထား ရှိနေပြီလို့ သိရပါတယ်။ သူတို့ပြောစကားအရ သူတို့နှစ်ယောက်အနက်က နှစ်ယောက်စလုံးသော်လည်းကောင်း၊ တစ်ယောက်ယောက်သော်လည်းကောင်း ဒေါ်နီနီမြင့်ကို သွားတွေ့ပြီး အကျိုးအကြောင်းပြောကြမယ်လို့ သဘောတူလိုက်ကြပါတယ်။

## သူတို့ချည်း အရင်တွေ့မယ်

ဒီကိစ္စနဲ့ပတ်သက်ပြီး ဆက်ဆွေးနွေးကြရာမှာ လူကြီးနှစ်ဦးက ဦးနေဝင်းနဲ့ ဒေါ်အောင်ဆန်းစုကြည်တွေ့မယ်ဆိုတဲ့ Idea ဟာ အလွန်ကောင်းတယ်၊ ထောက်ခံတယ်၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တစ်ခုဖြစ်တယ်။ ဒါပေမဲ့ ဒေါ်နီနီမြင့်နဲ့ တွေ့တဲ့အခါ ပထမဦးဆုံး သူတို့နှစ်ယောက်နဲ့ ဦးနေဝင်းတို့ အရင်တွေ့ဖို့ ပြောကြည့်မယ်။ သူတို့နှစ်ယောက်နဲ့တွေ့ပြီးမှ အကျိုးအကြောင်းကို ရေလည်အောင် အဘိုးကြီးကိုရှင်းပြမယ်။ ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံ့အတွက်ဆိုရင် သူ့ကို ရှိခိုးဆိုလည်း ခိုးပါ့မယ်ဆိုတဲ့ ဆန္ဒရှိကြောင်းကိုပါပြောပြပြီး တိုက်တွန်းမယ်ဆိုပြီး အားတက်သရော ထောက်ခံစကားတွေ ပြောကြပါတယ်။ ဒါကြောင့်ရက်ချိန်းရရင် ပြန်အကြောင်းကြားမယ်ဆိုတဲ့ စကားတွေပြောပြီး လူစုခွဲလိုက်ကြပါတယ်။

## လည်ပင်းရှည်လု မတတ်

ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်လှိုင်တို့ကို တွေ့ပြီးနောက်မှာ သူတို့ရဲ့ ထောက်ခံမှု၊ သူတို့ရဲ့ အားတက်သရောရှိမှုတွေကို ဒေါ်အောင်ဆန်းစုကြည်ကို ပြန်ပြောရပါတယ်။ ဒေါ်နီနီမြင့်နဲ့ တွေ့ဆုံပြီး လမ်းကြောင်းရှာမယ့်အကြောင်းတွေကိုပါ ရှင်းပြခဲ့ပါတယ်။ သူကတော့ ကျွန်တော်ပြောသမျှကို ဂရုတစိုက်နားထောင်ပါတယ်။ တက်ကြွတဲ့အမူအရာတော့ သိပ်မတွေ့ရပါဘူး။ တွေ့ရင်တော့ ကောင်းတယ်၊ မတွေ့တော့လည်း ကိစ္စမရှိဘူးဆိုတဲ့ အမူအရာမျိုးလို့ ကျွန်တော် ထင်မှတ်မိပါတယ်။

လူကြီးနှစ်ယောက်ရဲ့ ပြောစကားကြောင့် နောက်အပတ်မှာ သတင်းထူးများကြားရမလားဆိုပြီး မျှော်မိပါတယ်။ သတင်းက တစ်ပတ်လည်း မလာ၊ နှစ်ပတ်လည်း မလာ၊ ဗိုလ်မှူးချစ်ခိုင်ကို အပတ်စဉ်အမြဲ ဖုန်းဆက်မေးတိုင်းလည်း ဘာမှမထူးသေးဘူးဆိုတာ ကြားရတော့ ကျွန်တော့်မှာ အားမလိုအားမရပေါ့။ သုံးပတ်ကျော်လို့ လေးပတ်မြောက်တော့မှ သူတို့နှစ်ဦးနဲ့ ဦးနေဝင်းတွေ့ဖို့ သဘောတူလိုက်ပြီဆိုတဲ့ အဖြေရပါတယ်။

ဟုတ်ပြီ . . . ကျွန်တော်ကတော့ ကြိုက်ပြီပေါ့။ ကိုယ်ကြိုးစားတာတွေ အကောင်အထည်ပေါ်လုနီးပြီပေါ့။ ဒီအတွေးနဲ့ ကျွန်တော်ဟာ သူတို့ရဲ့ တွေ့ဆုံမှုသတင်းကို မျှော်တလင့်လင့်နဲ့ နားစွင့်နေပါတယ်။ ဗိုလ်မှူးချစ်ခိုင်နဲ့လည်း တယ်လီဖုန်းအရည်ပျော်ကျမတတ် ပြောဆိုဆွေးနွေးတိုင်ပင်ခဲ့ပါတယ်။ ဗိုလ်မှူးချစ်ခိုင်ဟာ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ ဒုတိယကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသူတစ်ယောက်ဖြစ်လို့ နိုင်ငံရေးပါး အလွန်ဝပါတယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးမှာ ကိုယ်တိုင်ကိုယ်ကျ မပါဝင်သော်လည်း သူ့မြို့နယ်တစ်ဝိုက်မှာတော့ ဒီမိုကရေစီဘက်တော်သားတစ်ယောက်လို့ အများက သတ်မှတ်ကြပါတယ်။

## တွေ့ခဲ့ကြပြီ

သူတို့နဲ့ တွေ့ဖို့ချိန်းဆိုတဲ့နေ့မှာ ကျွန်တော်ဗိုလ်မှူးချစ်ခိုင်အိမ် ရောက်သွားပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး






တိုင်ပင်ခဲ့တဲ့ရက်နဲ့တွက်မယ်ဆိုရင် တစ်လခွဲလောက်ရှိပါပြီ။ အခုတော့ ကျွန်တော်တိုက်တွန်းတဲ့အတိုင်း ဦးတင်အောင်ဟိန်းနဲ့ ဦးချစ်ခိုင်တို့က ဦးနေဝင်းနဲ့သွားတွေ့တဲ့အကြောင်းကို ကျွန်တော်တို့ကို ပြန်ပြောပြဖို့ ချိန်းတာပါ။ သူတို့နဲ့တိုက်ရိုက်ပြောရတာ မဟုတ်သော်လည်း ဗိုလ်မှူးချစ်ခိုင်နဲ့ပဲ ပြောရတာပါ။ သူတို့တွေ့ပြီးတဲ့အခါ အခြေအနေ ဘယ်လိုနေလဲလို့ ဗိုလ်မှူးချစ်ခိုင်ကို မေးတဲ့အခါ သူလည်း မသိရသေးပါဘူးတဲ့။

ရောက်လာကြပါပြီ။ မနက် ၁၀ နာရီလောက်ပေါ့။ သူတို့ရောက်လာပြီဆိုတာနဲ့ အရင်ရောက်နှင့်နေတဲ့ ကျွန်တော်က သူတို့အမူအရာကို အကဲခတ်လိုက်ပါတယ်။ သူတို့အမူအရာက တက်ကြွရွှင်လန်းတဲ့ပုံစံမျိုး မဟုတ်သလို စိတ်ပျက်အားလျော့တဲ့ အမူအရာမျိုးလည်း မရှိပါဘူး။ ပုံမှန်ပါပဲ။ သူတို့ရဲ့ အဲဒီအမူအရာကို မြင်ရတာနဲ့ မျှော်လင့်တကြီးဖြစ်နေတဲ့ ကျွန်တော် စိတ်ပျက်သလိုဖြစ်သွားပါတယ်။ ဒါပေမဲ့ ခံစားချက်ကိုထိန်းချုပ်ပြီး "ဆရာတို့အခြေအနေ ဘယ်လိုပါလဲ"လို့ မေးတဲ့အခါ ဦးချစ်လှိုင်က "ပြောပါ့မယ်"လို့ ပြန်ဖြေပါတယ်။

"သူချိန်းထားတဲ့အတိုင်း ကျွန်တော်တို့ အဘိုးကြီး (ဦးနေဝင်း)ဆီရောက်သွားတော့ သူက ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းပဲဗျ၊ အချင်းချင်း မတွေ့တာကြာပြီဖြစ်လို့ အလ္လာပ၊ သလ္လာပ စကားဝေါင် တော်တော်ကြာပြောဖြစ်ကြသေးတယ်။ သူကပဲစပြီး မင်းတို့နဲ့ တွေ့ရတာ အတော်ပဲ စကားတွေပြောချင်နေတာ။ ဒါပေမဲ့ ကွာ နိုင်ငံရေးတွေ၊ စီးပွားရေးတွေ မပြောကြေးလို့ နိဒါန်းချီခဲ့တယ်ဗျ"

"သူက ဆက်ပြီးပြောပါတယ်။ အခုအချိန်ရလို့ ဘုရားနိပါတ်တော်တွေ တော်တော်များများ ဖတ်ခဲ့ရကြောင်း၊ ဒါကြောင့် လောကဓမ္မတွေ ပိုပြီးနားလည်လာကြောင်း အရှည်ကြီး ရှင်းပြပါတယ်။ တရားတွေကို နားလည်လာတယ်ဆိုတဲ့ အကြောင်းပေါ့။ ပဋိစ္စသမုပါပ္ပဒ်နဲ့ အဘိဓမ္မာတွေလည်း ပါတယ်"

"အံ့ဩစရာ စကားတွေလည်း ကြားခဲ့ရသေးတယ်ဗျ။ ဘာလဲဆိုတော့ အခုလိုတရားတွေသိတာ အင်မတန်နောက်ကျသွားတယ်။ ဒီတရားတွေသာ ဟိုတုန်းကသိခဲ့ရင် ငါအာဏာတောင် သိမ်းဖြစ်မယ် မထင်ဘူးလို့ပြောပါတယ်။ အဲဒီစကားကြားတော့ ကျွန်တော်ဆိုရင် ခေါင်းတောင်ကြီးသွားတာပဲဗျာ။ အဲဒီလို စကားတွေကို သူကပဲ ဒိုင်ခံပြီး ဖောင်နေအောင်ပြောတာ၊ ကျွန်တော်တို့ ပြန်ပြောစရာ အချိန်တောင်မရှိဘူး။ သူပြောလို့ အားရတော့မှ ကိုင်းလာ နေ့လယ်စာစားကြရအောင်ကွာဆိုပြီး ကျွန်တော်တို့ကို နေ့လယ်စာကျွေးပါတယ်"

ဒါနဲ့ ကျွန်တော်တို့လည်း သူကျွေးတဲ့ နေ့လယ်စာစားပြီး ကျွန်တော်တို့နှစ်ယောက် ပြန်လာခဲ့ပါတယ်။ ကျွန်တော်က မနေနိုင်လို့ မေးခွန်းထုတ်ပါတယ်။ "ဆရာတို့ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဒေါ်စုနဲ့တွေ့ဖို့ စကားစမိသေးသလား" ဦးချစ်လှိုင်က "ကျွန်တော်တို့ ဘာမှမပြောလိုက်ရဘူးဆို၊ သူကချည်းပဲ ဒိုင်ခံစကားပြောခဲ့တာဗျ၊ ပြီးတော့ သူက ကြိုပိတ်ထားတယ်လေ။ နိုင်ငံရေးနဲ့ စီးပွားရေး အကြောင်း မပြောကြေးဆိုပြီး၊ ဒါနဲ့ကျွန်တော်တို့လည်း သူ့ကို ကန်တော့ပြီး ပြန်လာခဲ့ကြတာပဲ"

## ကျွန်တော့်အဖြစ်

ဦးချစ်လှိုင်ရဲ့ စကားကိုကြားရတဲ့အခါ ကျွန်တော် သေချင်စော်နံသွားပါတယ်။ နိုင်ငံသူ၊ နိုင်ငံတော်သားတွေ အကျိုးအတွက် ရည်ရွယ်ပြီး နိုင်ငံရေးအဖြေရှာနိုင်အောင်လို့ ဒေါ်စုနဲ့ ဦးနေဝင်းတို့တွေ့ဖို့ တိုက်တွန်းခဲ့တယ်။ ဒီလိုနည်းလမ်းရှာဖို့လည်း အသည်းအသန် စဉ်းစားခဲ့တယ်။ တကယ်လည်းတွေ့လည်းတွေ့ရော သူတို့ ဘာမှမပြောလိုက်ရဘဲ ဟိုကပြောတာနားထောင်၊ သူကျွေးတာတွေစား၊ ပြီးတော့ ဖင်ဘူးတောင်းထောင်ပြီး ရှိခိုး၊ ပြန်လာ၊ ဒါ့ကြောင့် ကျွန်တော် သေချင်စော်နံသွားတာပါ။

ဒီလူကြီးတွေက အသက် (၇၀)တန်းရောက်နေပြီ။ ကျွန်တော်က ၅၀ ကျော်ကျော်လေး၊ သူတို့ရဲ့ အသက်ဂုဏ်၊ သိက္ခာဂုဏ်တွေကို လေးစားသောအားဖြင့် ကျွန်တော့်ဒေါသတွေကို ချုပ်တည်းထားရပါတယ်။ ကိုယ့်အဖွဲ့ထဲက လူငယ်တွေဆိုရင်တော့ ကျွန်တော်အော်ငေါက်ပစ်လိုက်မှာပါ။ သူတို့နှစ်ယောက်ကတော့ သူတို့ဦးနေဝင်းနဲ့တွေ့တဲ့အခါ အဓိကရည်မှန်းချက်ကို သေသေချာချာမှာကြားခဲ့ပါလျက်၊ ဘာမှမပြောဖြစ်ဘဲ ပြန်လာခဲ့တာဟာ ကျွန်တော့်အမြင်မှာတော့ အချည်းအနှီးပေါ့။

ဒါပေမဲ့ သူတို့ မျက်နှာကြည့်ရတာကတော့ နည်းနည်းလေးမှ အပြစ်ရှိတဲ့ပုံ Guilty Conscious ရှိပုံမပေါ်ပါ။ တွေ့ရခဲ့တဲ့ သူတို့ရဲ့ "အသက်သခင် ကျေးဇူးရှင်"လို့ ဆိုရမယ့် ပုဂ္ဂိုလ်ကြီးကို တွေ့ရတာကိုပဲ သူတို့အဖို့ အကျေနပ်ကြီး ကျေနပ်နေတဲ့ပုံပါ။ သူတို့ရည်မှန်းချက် မပြည့်လို့ ကျွန်တော့်ကို အားနာတာ၊ တောင်းပန်စကားဆိုမယ့် အရိပ်အယောင်လုံးဝ မတွေ့ရပါ။

နောက်တစ်နေ့ကျတော့ ကျွန်တော်ဒေါ်အောင်ဆန်းစုကြည်ကို ဖြစ်ကြောင်းရယ်ကုန်စင်ရှင်းပြပါတယ်။ ကျွန်တော်ကြိုးစားခဲ့သမျှ အကောင်အထည်မပေါ်တဲ့အတွက်လည်း အားမလို အားမရဖြစ်မိပါတယ်။ ဒီလူကြီးနှစ်ယောက်ကို ကျွန်တော် ဒေါသဖြစ်မိတဲ့အကြောင်းပြောတော့ ဒေါ်စုက "ထားလိုက်ပါ ကိုဝင်းထိန်ရယ်၊ ဒီတစ်နည်းမရလည်း နောက်တစ်နည်းပေါ့။ တစ်ချိန်ချိန်မှာ အခွင့်အရေးပေါ်ဦးမှာပါ"လို့ မှတ်ချက်ချပါတယ်။ သူကတော့ အမူအရာတစ်ချက်မပျက်ပါ။

## ကိုကိုမောင်ကြီးရဲ့ စာအုပ်

ကျွန်တော် ၂၀၁၀ ခုနှစ် ဇူလိုင်လမှာ ထောင်က လွတ်တော့ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာမှာ ဒုလ္လဘ တစ်လဝတ်ပြီး ဝိပဿနာများ ပွားများခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးတဲ့ နိုဝင်ဘာလ နောက်ဆုံးအပတ်မှာ ဒေါ်အောင်ဆန်းစုကြည်တ အကျယ်ချုပ်က လွတ်လာပါတယ်။ ကျွန်တော် ဒုလ္လဘကထွက်ပြီး NLD ရုံးချုပ်မှာ ပါတီလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပါတယ်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်နာမည်နဲ့ လာတဲ့စာတွေကို ဖွင့်ပြီး သင့်တော်တဲ့အကြောင်းအရာတွေကို ဒေါ်အောင်ဆန်းစုကြည်ကို တင်ပြတဲ့အလုပ် ဆက်လုပ်ပါတယ်။

အားလပ်တဲ့အချိန်ရရင်တော့ ထောင်ကျစဉ်မှာ ဖြစ်ပျက်ခဲ့တဲ့ ပြည်တွင်းပြည်ပ ဖြစ်စဉ်တွေကို ပြန်လေ့လာပါတယ်။ စာအုပ်တွေ ပြန်ဖတ်ပါတယ်။ အဲဒီလိုပြန်ဖတ်တဲ့အခါ ကိုကိုမောင်ကြီးရေးတဲ့ သူ့ဘဝအတွေ့အကြုံစာအုပ်ကြီး 'တရံရောအခါများ'ကိုလည်း ဖတ်ရပါတယ်။ အဲဒီလိုဖတ်ရင်းနဲ့ သူနဲ့ ဦးတင်အောင်ဟိန်းတို့ ဦးနေဝင်းဆီသွားလည်တဲ့အကြောင်း ရေးထားပါတယ်။ အဲဒီတွေ့ဆုံပွဲမှာ ဦးနေဝင်းက သူဟာ တရားတွေကို လေ့လာတာများလာတော့ တရားအသိတွေ ရလာကြောင်း၊ အဲဒီတရားအသိတွေ ဟိုတုန်းကသာ ရှိခဲ့ရင် သူအာဏာသိမ်းမိမှာတောင် မဟုတ်ကြောင်း ပြောတဲ့စကားတွေ ရေးထားပါတယ်။

အဲဒီအကြောင်းဟာ သူ့စာအုပ်ကို ဖတ်တဲ့သူတွေသာမက၊ စာအုပ်ကိုမှီပြီး ထုတ်နုတ်ဖော်ပြကြတဲ့ မီဒီယာတွေရဲ့ ကျေးဇူးကြောင့် တော်တော်ပျံ့နှံ့ကျော်ကြားသွားပါတယ်။ ဒါပေမဲ့ သူတို့နဲ့ ဦးနေဝင်းတွေ့ဆုံပွဲကို ကျွန်တော်က တိုက်တွန်းလို့ တွေ့ခဲ့ရတဲ့အကြောင်းရော၊ ဒေါ်စုနဲ့ ဦးနေဝင်းတွေ့ဖို့ ပြောမယ့်အကြောင်းတွေ မပြောဖြစ်တာတွေကိုရော ရေးမထားပါ။ သိသိကြီး ချန်ထားခဲ့ပါတယ်။

## ကိုကိုမောင်ကြီးနဲ့ ပြန်ဆုံတဲ့အခါ

ဒီလိုနဲ့ ကံကြမ္မာရဲ့ စေစားချက်လို့ပဲ ပြောပါရစေတော့။ ၂၀၁၂ ခုနှစ်မှာ ကျွန်တော်ဟာ မိတ္ထီလာမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ဖြစ်နေစဉ်ကာလမှာ လစဉ်ကိုယ့်မြို့နယ်ကိုပြန်ပြီး ကိုယ်စားလှယ်အလုပ်တွေလုပ်ရသလို၊ ရံဖန်ရံခါမှာလည်း လွှတ်တော်တွင်း အလုပ်တွေ၊ အခမ်းအနားတွေမှာလည်း တက်ရောက်ခဲ့ရပါတယ်။

လွှတ်တော်သဘင်ဆောင်မှာ လုပ်တဲ့ အခမ်းအနားတစ်ခုမှာပါ။ ပြင်ပပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားထားတဲ့အတွက် လူတော်တော်စုံတဲ့ အခမ်းအနားတစ်ခုမှာ ကျွန်တော်လည်း တက်ရောက်ခဲ့ပါတယ်။ အခမ်းအနားခေါင်းစဉ်တော့ မေ့သွားပါပြီ။ ဒါပေမဲ့ ရှေ့ဆုံးတန်းထိုင်ခုံတစ်ခုမှာ ကိုကိုမောင်ကြီးကို ကျွန်တော်လှမ်းမြင်လိုက်ရပါတယ်။ တော်တော်အိုစာသွားပါပြီ။ အသက်ကလည်း ၈၀ ကျော်သွားပြီထင်ပါရဲ့။

အခမ်းအနားပြီးလို့ ပရိသတ်တွေ လူစုကွဲစပြုတဲ့အချိန်မှာ ကျွန်တော်သူ့ကို သွားနှုတ်ဆက်ပါတယ်။ ကျွန်တော့်ကိုသူ မှတ်မိပါတယ်။ ကျွန်တော်ကလည်း သူ့စာအုပ်ကို ဖတ်ပြီးပြီဖြစ်ကြောင်း၊ အဲဒီစာအုပ်မှာ ဦးနေဝင်းနဲ့ တွေ့တဲ့အကြောင်းတွေကို အစဖော်ပြီး "ဆရာအဲဒီအပိုဒ်မှာ ကျွန်တော်က တိုက်တွန်းလို့ဆိုတာလည်း ထည့်မရေးဘူး၊ ဦးနေဝင်းဆီ သွားတဲ့ ရည်ရွယ်ချက်က ဒေါ်စုနဲ့တွေ့ဆုံဖို့ကို တိုက်တွန်းချင်လို့ ဆိုတာလည်း ထည့်မရေးဘူး"လို့ ပြောပါတယ်။

သူက "ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . အေးဗျာ" ဆိုပြီး ရှေ့မဆက်နိုင်ပါဘူး။ ကျွန်တော်က "ဆရာ့စာအုပ်ထဲမှာပါတဲ့ အခန်းကိုညွှန်းပြီး ဒေါ်စုနဲ့ဦးနေဝင်းတွေ့ဆုံဖို့ ကျွန်တော်တိုက်တွန်းလို့ သွားခဲ့တယ်ဆိုတဲ့အကြောင်း ဆောင်းပါးတစ်ပုဒ်ရေးမယ်နော်ဆရာ"လို့ ပြောတဲ့အခါ သူက "ရေးပါ ရေးပါ"လို့ ပြန်ပြောပါတယ်။

အဲဒီသဘောပါတဲ့ ဆောင်းပါးတစ်ပုဒ်ကိုရေးပြီး ရပ်သွားတဲ့ ကိုမြတ်ခိုင်ရဲ့ ဂျာနယ်တစ်စောင်မှာ ရေးဖူးပါတယ်။ အခု ပြန်ရေးရပြန်ပါပြီ။ ဟိုတုန်းက ရေးခဲ့တာတွေနဲ့တော့ လုံးစေ့ပတ်စေ့ တူမှာမဟုတ်ပါဘူး။ ဒါပေမဲ့ သဘောထားကတော့ အတူတူပါပဲ။ အခုလို ပြန်ရေးရတဲ့ ရည်ရွယ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ငြိမ်းချမ်းရေးအတွက် (၂၁)ရာစု ပင်လုံညီလာခံကျင်းပပြီး ကြိုးစားနေတာဟာ အခုမှမဟုတ်ပါဘူး။ ဟိုကတည်းက အချိန်မရွေး စဉ်းစားပြီး ကြိုးပမ်းနေတယ်ဆိုတာ အများပြည်သူသိစေချင်လို့ ယခုလို ထပ်မံတင်ပြရခြင်းဖြစ်ပါကြောင်း . . . ။

မေတ္တာဖြင့် . . .

ဦးဝင်းထိန်

www.free4readers.com



# ရေငတ်နေတဲ့ ရွာအတွက် ၂၇ နှစ်ကြာ တစ်ကိုယ်တော် ရေကန်တူးသူ

ကျော်ရင်မြင့်



၁၉၅၉ ခုနှစ်ကို နောက်ကြောင်းပြန်ရအောင်။

ဘီဟာပြည်နယ်က ဆင်းရဲမွဲတေလှတဲ့ အလုပ်သမား မန်ဂျီဟီရဲ့ ဇနီး ဖာယူနီဒေဝီ မကျန်းမာလို့ ဆေးရုံပို့တာ။ ဆေးရုံမရောက်ခင် လမ်းမှာပဲ သေဆုံးတယ်။ ဒီလိုဖြစ်ရတာက ဆေးရုံက ဝေးလွန်းလို့ပါ။ ရွာနဲ့ ဆေးရုံကြားမှာ မြင့်မားတဲ့ တောင်ကြီးတွေက ကာဆီးနေတယ်။ ဆေးရုံကိုရောက်ဖို့ ၅၅ ကီလိုမီတာ (၃၄ မိုင်ကျော်ကျော်) ဝေးပါတယ်။

ဇနီးမယား ဆုံးပါးရတာကို မခံမရပ်နိုင်ဖြစ်နေတဲ့ မန်ဂျီဟီက သူတို့ရွာ ခရီးသွားရာမှာ ကာဆီးနေတဲ့ တောင်ကြီးကို တူနဲ့ဆောက်သာသုံးပြီး တစ်ကိုယ်တည်းအားနဲ့ ဖြိုချ၊ လမ်းဖောက်တာ ၂၂ နှစ်ကြာတယ်။ ၁၉၆၀ ခုက စလုပ်တာ ၁၉၈၂ ခုနှစ်အထိပါ။ အခြားသူတွေ သူ့လိုကြမ်းဆိုး မကြုံအောင်ပေါ့။ ကီလိုမီတာ ၃၀ ဝေးတဲ့ခရီးကို သုံးကီလိုမီတာနဲ့ရောက်အောင် မြေကြော ချုံ့နိုင်ခဲ့တယ်။ မန်ဂျီဟီကို "Mountain Man"လို့ ဂုဏ်ပြုခေါ်ဆိုကြတယ်။ ၂၀၀၆ ခုနှစ်မှာ လူမှုထူးချွန်ဆု ချီးမြှင့်ခံရပါတယ်။ ၂၀၀၇ ခု ဩဂုတ်လ ၁၇ ရက်မှာ သည်းခြေအိတ်ကင်ဆာရောဂါနဲ့ သူအနိစ္စရောက်တော့ "ဘီဟာနယ်က နိုင်ငံတော်ရာပန"အဖြစ် သတ်မှတ်သင်္ဂြိုဟ်ပါတယ်။ ၂၀၁၆ ခု ဒီဇင်ဘာ ၁၆ ရက်မှာ သူ့ကိုဂုဏ်ပြုပြီး အိန္ဒိယအစိုးရက တံဆိပ်ခေါင်း ထုတ်ဝေတယ်။

ကာလရှည်ကြာစွာ ဇွဲနပဲနဲ့ အများအကျိုးအတွက် လုပ်ကိုင်တဲ့ နောက်ထပ် သူရဲကောင်းတစ်ယောက်လည်း အိန္ဒိယနိုင်ငံမှာ ပေါ်ထွက်လာပြန်ပါပြီ။

ရှဟက်တီဂါရတ် ကိုရီယာခရိုင်က ဆက်ဂျာပါဟက်ရွာကလေးက မိုးခေါင်ရေရှားတဲ့ဒဏ်ကို အလူးအလဲခံနေရတာပါ။ ရေအတွက် မှီခိုအားထားစရာဆိုလို့ ရွာမှာ ရေတွင်းတစ်တွင်း၊ နှစ်တွင်းသာ ရှိတယ်။ ရေတွင်းတွေကလည်း အပိဇိအထိနက်ပါ့။ ရေတွင်းတွေက ခန်းလွယ်တယ်။ ရေက ရှားလှတာမို့ ကောက်ပဲသီးနှံလည်း မဖြစ်ထွန်းဘူး။ အစာရေစာ ရှားတယ်။ ကျွဲတွေ၊ နွားတွေလည်း သေကြကျေကြ။ ရွာကလည်း ခေါင်သလားမမေးနဲ့။ အခြားကမ္ဘာနဲ့ ဆက်သွယ်စရာ လမ်းပန်းကလည်း ကောင်းကောင်းမွန်မွန်မရှိဘူး။

ရွာမှာ တွေ့ကြုံနေရတဲ့ ရေအခက်အခဲကို အစိုးရကလည်း လှည့်မကြည့်ဘူး။ ရွာသူရွာသားတွေကလည်း ဒီပြဿနာ ဖြေရှင်းဖို့ရာ နည်းလမ်းမရှာကြဘူး။ အသက် (၁၅) နှစ်အရွယ် ကောင်လေးတစ်ယောက်ကတော့ သူ့ရွာအတွက် ရေတွေဆောင်ယူပြီး ပေးချင်တယ်။ ဒီတော့ ဂေါ်ပြားတစ်ချောင်းကို ပခုံးပေါ်ထမ်းပြီး ရေရပေါက်ရလမ်းရှာတာပေါ့။ သူ့နာမည်က ရှယန်လာ ရာ့ဂျ်ဝါဒီတဲ့။ ရွာအတွက် ရေအတွက် ဂေါ်ပြားတစ်ချောင်းနဲ့ တူးတယ်၊ ဆွတယ်ဆိုတော့ ရွာသားအချို့က သူ့ကိုရယ်မောကြတယ်။

ရေရှိနိုင်တယ်ထင်ရတဲ့ တစ်နေရာမှာ သူ့ဂေါ်ပြားကို မြေကြီးထဲ ထိုးစိုက်ချလိုက်တယ်။ ပြီးတော့ ဆက်ကာဆက်ကာ အားကြိုးမာန်တက် ဆက်တူးတော့တယ်။ သူ့စိတ်ကူးထဲမှာ ရေကန်ကြီးတစ်ကန်ဖြစ်လာအောင် တူးမယ်ပေါ့။ တကယ်တော့ ရူးသွပ်တဲ့ အတွေးပါ။ တောင်ထိပ်မှာ ကြာပေါက်တယ်ဆိုသလို မိုးခေါင်လို့ ခြောက်သယောင်းနေတဲ့ မြေပြင်မှာ ရေကန်တစ်ကန်ဖြစ်လာအောင် လုပ်တယ်ဆိုတာ အင်မတန်ခက်ခဲတဲ့ အလုပ်၊ မဖြစ်နိုင်ဘူးထင်ရတဲ့ အလုပ်ပါ။ ဒါပေမဲ့ ဘယ်လိုအခက်အခဲကမှ ရှယန်လာကို နောက်တွန့်လက်လျှော့အောင် မစွမ်းဆောင်နိုင်ပါဘူး။

တစ်နှစ်ပြီးတစ်နှစ်၊ ဂေါ်ပြားနဲ့တူးဖော်ချက် တစ်ချက်ပြီးတစ်ချက် တူးနေလိုက်တာ။ ၂၇ နှစ်တောင်မှ ကြာသွားတယ်။ ခုတော့ ရွာကလေးအနီးမှာ ၁၅ ပေနက်ပြီး တစ်ဧကကျယ်တဲ့ ရေကန်ကြီးတစ်ကန် ပေါ်ထွက်လာပါတယ်။ ရှယန်လာရဲ့ အသက်ကလည်း ၄၂ နှစ် ဖြစ်သွားပြီ။

၂၇ နှစ်ဆိုတဲ့ကာလတစ်ခုဟာ ပေါ့သေးသေးအချိန်တော့ မဟုတ်ပါဘူး။ ဆယ်စုနှစ်ပေါင်း သုံးစုနီးပါးပါ။

ခုတော့ ရှယန်လာက သူလုပ်ဆောင်ခဲ့တာရဲ့ အသီးအပွင့်အတွက် ကျေနပ်ဂုဏ်ယူတယ်။

"ကျွန်တော်လုပ်နေတာကို ဘယ်သူကမှမကူညီဘူးဗျ။ အစိုးရ အုပ်ချုပ်ရေးဌာနရော၊ ရွာသူရွာသားတွေရောပေါ့"လို့ ရှယန်လာက ပြောတယ်။ ခုတော့ မဟာင်ဒရာဂရတ် မဲဆန္ဒနယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ် ရှန်းဘီဟာရီ ဂျာ့စ်ဝဲလ်ကလည်း ရွာကိုလာလည်ပြီး ရှယန်လာရဲ့ စွမ်းဆောင်ချက်အတွက် ရူပီးငွေ (၁၀၀၀၀) ထောက်ပံ့မယ်လို့ ဆိုသတဲ့။ ရှယန်လာကတော့ အခုအထိ ရူပီး (၁၀၀၀၀) တန် ချက်လက်မှတ်ကို ကျွန်တော်တော့ မရသေးပါဘူးဗျာလို့ ပြောတယ်။ အစိုးရကိုတော့ သိပ်ယုံကြည်အားထားဖို့မသင့်ဘူး။ အစိုးရဘက်က အထောက်အပံ့ရရ၊ မရရ သူ့ရေကန်ကို ဆက်တိုးချဲ့မယ်လို့ ရှယန်လာက ပြောတယ်။

ခရိုင်ကော်လိပ်တော်အရာရှိ နရိန္ဒြာ ဒူဂါလ်ကလည်း သူ့ကို အကူအညီတွေပေးမယ်လို့ ကတိစကားဆိုတယ်။

"အစိုးရကို ကျွန်တော် တင်ပြသတိပေးပါ့မယ်ခင်ဗျ။ ရွာရဲ့ ရေအခက်အခဲအတွက် ဆုံးဖြတ်ချက် ချက်ချင်းချစေရမယ်။ ရှယန်လာကိုလည်း လိုအပ်မယ့် အထောက်အပံ့တွေ တောင်းပေးမယ်။ သူက ကျွန်တော်တို့ ခရိုင်အတွက် နမူနာကောင်းပါပဲ"လို့ ကော်လိပ်တော်အရာရှိက ရွှန်းရွှန်းဝေအောင် ပြောပါတယ်။

ရှယန်လာ ဘာကြောင့် ၂၇ နှစ်ကြာ ဂေါ်တစ်ချောင်းနဲ့ ရေကန်တစ်ဝက် ဖြစ်လာတဲ့အထိ တူးဖော်ခဲ့တာလဲလို့မေးတော့ ရွာသူရွာသားတွေနဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေရဲ့ ကောင်းကျိုးချမ်းသာအတွက် လုပ်တာလို့ ဖြေတယ်။

> ရှယန်လာ ဘာကြောင့် ၂၇ နှစ်ကြာ ဂေါ်တစ်ချောင်းနဲ့ ရေကန်တစ်ဝက် ဖြစ်လာတဲ့အထိ တူးဖော်ခဲ့တာလဲလို့မေးတော့ ရွာသူရွာသားတွေနဲ့ ကျွဲ၊ နွားတိရစ္ဆာန်တွေရဲ့ ကောင်းကျိုး ချမ်းသာအတွက် လုပ်တာလို့ ... ”

ရွာမှာ ရေရဖို့ ဂေါ်တစ်ချောင်းနဲ့ စတူးဆွစဉ်က ရယ်မောလှောင်ပြောင်ခဲ့ကြတဲ့ ရွာသားတွေက အခုတော့လည်း ရှယန်လာကို "သူရဲကောင်း"လို့၊ "ကယ်တင်ရှင်"လို့ ခေါ်ကြပြန်တယ်။ ရမ်ဆာရမ်ဆိုတဲ့ အသက် ၇၀ အရွယ် ရွာသားတစ်ယောက်ကတော့ "တစ်ရွာလုံးက သူ့ကို ကျေးဇူးတင်နေကြတာပါ။ ရွာမှာ နေထိုင်သူတိုင်းက သူ့ရေကန်က ရေကိုပဲ သုံးတယ်လေ"လို့ ပြောတယ်။

တကယ်ကတော့ ရှယန်လာတို့ရဲ့ ဆက်ဂျာပါဟက်ရွာကလေးမှာ လမ်းကောင်းကောင်းလည်း မရှိသေးဘူး။ လျှပ်စစ်မီးလည်း မရှိသေးဘူး။ ဆက်သွယ်ရေးလည်း မကောင်းသေးပါဘူး။ ၂၇ နှစ်ကြာအောင် ဇွဲနပဲနဲ့ ရေကန်တူးပြီး ရွာအတွက် ရေရှိအောင်ဆောင်ရွက်ပေးတဲ့ ရှယန်လာရဲ့ အကြောင်းကို ဟိန္ဒူစတန်တိုင်း သတင်းစာကြီးက သတင်းဖော်ပြလိုက်ပြီးတဲ့နောက်မှာ သတင်းမီဒီယာလောကက စိတ်ဝင်တစား ဖြစ်သွားတယ်။ ဒီအကြောင်းကို သတင်းတွေ ဖော်ပြကြတယ်။ အစိုးရပိုင်းကလည်း ရွာကလေးကို စိတ်ဝင်တစား ဖြစ်လာကြပါတယ်။ အကျိုးတစ်ခုအနေနဲ့ ရွာကလေးရဲ့ ဆက်သွယ်ရေးလမ်းတွေ ပိုကောင်းလာဖို့၊ လျှပ်စစ်မီးရပြီး ဖွံ့ဖြိုးတိုးတက်ဖို့ ရွာသူရွာသားတွေက အိပ်မက်မက်နေကြတယ်။ ရှယန်လာကိုလည်း "Water Man" လို့ အမည်ပေးကြတယ်။

ကျော်ရင်မြင့်

ကိုးကားတဲ့စာများ

၁။ *Another Real-Life "Manjhi : This Man Dug A Pond Alone For 27 Years To Bring Water To His Village by Shabdita Pareek*

2. *Real hero: Why this man dug a pond for 27 years all by himself in Chhattisgarh By- Ritesh Mishra, Hindustan Times,*

3. *Meet the man who dug a pond for 27 years all aloneç with no help from administration; now hailed as hero By: FE Online*

4. *Slogging for 27 Years, This Man Single-Handedly Dug a Pond to Save His Village by Vidya Raja*

5. *Chhattisgarh man gifts his dry village a pond after digging it up for 27 years By Oneindia.*





# စာအုပ် မိတ်ဆက် | မောင်ဝန်ဇင်း(Speaker) - စုစည်းရေးသားသည်

**ဦးဝင်းထိန်**
**သံသရာတစ်ကွေ့**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ၏ နာယကအဖွဲ့ဝင် ဦးဝင်းထိန်၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဖြစ်သည်။ ငယ်စဉ်ဘဝမှ ၂၀၁၆ ခုနှစ်အထိ ဖြတ်သန်းခဲ့သည့် ဘဝဖြစ်စဉ်ကို မှတ်တမ်းတင်ထားသည့် စာအုပ်ဖြစ်သည်။ မိတ္ထီလာမြို့နယ် အလယ်ရွာကျေးရွာအုပ်စု ဆယ်ကုန်းကျေးရွာတွင် မွေးဖွားခဲ့သည့် ဦးဝင်းထိန်သည် ငယ်စဉ်က ရွာဦးဘုန်းကြီးကျောင်းမှ ဆရာတော် ဝင်စားခဲ့သူဖြစ်သည်။ ဆရာတော်ဘဝက အဖြစ်အပျက်များကို ငယ်စဉ်က မှတ်မိခဲ့သော်လည်း ကြီးပြင်းလာသည့်အချိန်တွင် မမှတ်မိတော့ကြောင်း ရေးသားထားသည်။

နိဒါန်း၊ တပ်မတော်သားဘဝ၊ တပ်မတော်အရာရှိဘဝ၊ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခြင်း၊ အရပ်သားဘဝ၊ ရှစ်လေးလုံးအရေးတော်ပုံ နှင့်အတူ၊ ဒီမိုကရေစီအသိ မြှင့်တင်ရေး ခရီးစဉ်များ၊လွတ်လပ်တဲ့ဘဝ တစ်ခဏ၊ အလုပ်အခက်များ၊ နောက်ဆုံးဆိုပေမယ့် မရိုးရပါဘူး၊ ပုံမှန်ဘဝ ပြန်ရောက်ဖို့၊ လွှတ်တော်ကိုယ်စားလှယ်ဘဝ၊ သားရေးသမီးရေးနဲ့ကျန်းမာရေး၊ ကျေးဇူးကြီးသော ပုဂ္ဂိုလ်များ၊ ၂၀၁၅ အထွေထွေရွေးကောက်ပွဲ၊ နိုင်ငံတော်တာဝန်လွှဲပြောင်းလက်ခံခြင်း၊ ရေးပြချင်သေးတဲ့ ပုဂ္ဂိုလ်အချို့၊ ဒီဘဝ သံသရာဆုံးခန်းတိုင်လုနီးပြီဟူသည့် အခန်း(၁၈)ခန်း ပါဝင်သည်။

၁၉၅၉ ခုနှစ်တွင် DSA အပတ်စဉ် (၅) တက်ရောက်ခဲ့ပြီး ကျောင်းဆင်းသည့်အခါ အောင်စစ်သည်ဆုနှင့် စာပေထူးချွန်ဆုဆုနှစ်ဆုကို စစ်တက္ကသိုလ်သမိုင်းတွင် ပထမဦးဆုံး ရရှိခဲ့သူဖြစ်သည်။ ငယ်စဉ်ဘဝက ရင်းနှီးခင်မင်ခဲ့သူများနှင့် တပ်မတော်သားဘဝ၊ နိုင်ငံရေးသမားဘဝတို့တွင် ရင်းနှီးခင်မင်ခဲ့သူများအကြောင်းကိုပါ စာအုပ်တွင် ထည့်သွင်းရေးသားထားသည်။

သူဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို ရေးသားထားသည့် စာအုပ်ဖြစ်သောကြောင့် သမိုင်းကြောင်းအရ တန်ဖိုးရှိလှသည်ဟုဆိုရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တို့အကြောင်းကိုလည်း စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ကိုယ်စားလှယ်အသစ်တွေ နေပြည်တော် ရောက်တဲ့အခါမှာ ဒေသအလိုက် ကိုယ်စားလှယ်အချင်းချင်း ညှိနှိုင်းကြတာ၊ ဆွေးနွေးကြတာတွေ ရှိလာပါတယ်။ ထူးထူးခြားခြား ချင်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ၁၀ ယောက်လောက်က သူတို့ပြည်နယ်မှာ သူတို့လိုလားတဲ့ ပုဂ္ဂိုလ်တစ်ဦးကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ဖို့ ကျွန်တော့်ကို လာအရေးဆိုကြပါတယ်။ ကျွန်တော်က လက်မခံခဲ့ပါ။ သူတို့ပြောတာကို ငြင်းပယ်ရုံတင်မက ခင်ဗျားတို့ရဲ့လုပ်ရပ်ဟာ အုပ်စုဖွဲ့သလိုဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်က ဒီလိုလုပ်ရပ်မျိုးကို မလိုလားဘူး။ ခင်ဗျားတို့ ပြည်နယ်နဲ့သင့်လျော်တဲ့ ဝန်ကြီးချုပ်တစ်ဦးကို သူခေါင်းဆောင်ပြီး ပါတီ CEC ရွေးချယ်ပေးပါလိမ့်မယ်လို့ ခပ်မာမာနဲ့ ပြန်ပြောရပါတယ်။ သူတို့ရောက်လာတာက မနက်ပိုင်းမှာပါ။ ညနေပိုင်းရောက်တော့ ကျွန်တော့်အခန်းကို ချင်းလွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဟင်နရီဗန်ထီးယူရောက်လာပါတယ်။ သူက မနက်က ကျွန်တော်တို့ ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်အချို့ ဘယ်သူ့ကို ဝန်ကြီးချုပ်ဖြစ်ရေးအတွက် စာလာတင်တယ်လို့ သိရပါတယ်။ အဲဒီလုပ်ရပ်တွေထဲမှာ ကျွန်တော် မပါဘူးဆိုပြီး ပြောတော့ ကျွန်တော် စိတ်ဝင်စားသွားပါတယ်။ ဘာဖြစ်လို့ မပါတာလဲလို့ မေးတော့ သူက ပြန်ဖြေပါတယ်။ ကျွန်တော်တို့ အခုရွေးကောက်ပွဲဝင်တာ ကိုယ့်မြို့နယ်ကို ကိုယ်စားပြုပြီး ဝင်တာပါ။ ရာထူးတာဝန်ဆိုတာ တောင်းမယူသင့်ဘူး။ အထက်အဖွဲ့အစည်းက သင့်လျော်ရာကို ရွေးချယ်ပေးမယ်လို့ ယုံကြည်တယ်လို့ ပြန်ဖြေပါတယ်။ သူပြောတာဟာ သမာသမတ်ကြပါတယ်။ သူ့ကိုယ်ရေးရာဇဝင်ကလည်း အကွေ့အကောက် သိပ်မများဘဲ ဌာနဆိုင်ရာအတွေ့အကြုံလည်း အထိုက်အလျောက်ရှိတယ်ဆိုတာလည်း သိရပါတယ်။ သမ္မတရာထူးအတွက် ဦးထင်ကျော်ကို အားလုံးသဘောတူပြီးတဲ့အခါ ဒုတိယ သမ္မတတစ်ယောက်ကို တိုင်းရင်းသားထဲက ရွေးချင်တယ်လို့ ဒေါ်စုက ဆန္ဒပြုပါတယ်။ သူကဆက်ပြီး တိုင်းရင်းသားဆိုတိုင်းလည်း မဖြစ်ဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ဒုတိယသမ္မတတာဝန်ကို ထမ်းဆောင်နိုင်တဲ့သူမျိုး ဖြစ်စေချင်တယ်လို့ ပြောတဲ့အခါ ဒေါ်စုကို ဟင်နရီဗန်ထီးယူကို ခေါ်တွေ့သင့်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။ သူက ဟင်နရီနဲ့ နှစ်ကြိမ်လောက် တွေ့ဆုံဆွေးနွေးပြီးတဲ့အခါ သူ့ကို ဒုတိယသမ္မတလောင်းအဖြစ် စာရင်းတင်သွင်းဖို့ အတည်ပြုလိုက်ပါတယ်။ ဟင်နရီဟာ စက်မှု(စားကုန်)မှာ အရာရှိအဖြစ် အမှုထမ်းပြီး စက်ရုံအချို့မှာလည်း စက်ရုံမှူးအဖြစ် တာဝန်ယူခဲ့ဖူးပါတယ်။ တပ်မတော်မှာလည်း ဗိုလ်မှူးအဆင့်ထိရောက်ခဲ့ဖူးပြီး စက်မှု(၁) ဝန်ကြီးဌာနက အငြိမ်းစားယူတဲ့အခါ ဖိလစ်ပိုင်၊ နယူးဇီလန်နဲ့ အမေရိကန်နိုင်ငံတွေမှာ နေခဲ့ဖူးပါတယ်။ သူ့ရဲ့ဇနီး ဒေါ်ရွှေလွှမ်းကတော့ ပညာရပ်ဆိုင်ရာ ဒေါက်တာဘွဲ့နှစ်ခု ရရှိထားပါတယ်။ သူတို့ရဲ့ သားသမီး သုံးယောက်ကတော့ ပညာသင်ဆဲပါ"ဟု ဦးဟင်နရီဗန်ထီးယူ ဒုတိယသမ္မတဖြစ်လာပုံအကြောင်း ဖတ်ရှုရမည်ဖြစ်သည်။

ထို့ပြင် သမ္မတဦးဝင်းမြင့်နှင့်ပတ်သက်၍ ဟာသအချို့ကိုလည်း ဦးဝင်းထိန်က ရေးသားထားသည်။ ကျွန်တော်တို့ ကိုဝင်းမြင့်နဲ့အတူ ဒေါ်စုခရီးစဉ်လိုက်တဲ့အခါမှာ အတွေ့အကြုံတွေ စုံပါတယ်။ ဒေါ်စုဟာ ခရီးစဉ်အတိုင်း အချိန်ဇယားတိကျတဲ့အတွက် သွားမယ်ဆိုရင် သွားမယ်၊ ရပ်မယ်ဆိုရင် ရပ်မယ်။ ကြားဖြတ်အစီအစဉ်တွေ ထိုးမယ်ဆိုရင် သူသိပြီးမှသာ လုပ်ရပါတယ်။ အစီအစဉ်မှာ မပါတဲ့ ကိစ္စတစ်ခု ပေါ်လာရင်တော့ ပြောလို့မဆုံးတော့ပါဘူး။ အဲဒီတော့ သူ့ခရီးစဉ် Convoy ဆိုရင် ရှေ့ဆုံးကားက လုံခြုံရေးလူငယ်တွေ၊ နောက်ကားက ကျွန်တော်၊ ကိုဝင်းမြင့်နဲ့ မောင်မောင်ဦးတို့ကား၊ နောက်ကားက ဒေါ်စုနဲ့ မငယ်၊ နောက်ဆုံးကားက လုံခြုံရေးလူငယ်တွေရဲ့ကား၊




အဲဒီနောက်မှာတော့ ဒေသခံလူတွေ နည်းရင်နည်းသလို၊ များရင် များသလို ကားတန်းရှည်လေပေါ့။ တစ်နေရာကနေ တစ်နေရာ သွားပြီဆိုလျှင် လမ်းမှာ ဘယ်မှာမှ မရပ်ပါဘူး။ အပေါ့အပါးက စလို့ပေါ့။ အဲဒီတော့ ကျွန်တော်တို့က သောက်ရေသန့် ပုလင်းလွတ်တွေ ဆောင်ထားရပါတယ်။ အပေါ့သွားချင်ရင် ပုလင်းနဲ့ ပြဿနာရှင်းလေ့ရှိပါတယ်။ မောင်မောင်ဦးတို့ ကျွန်တော်တို့ကတော့ ကျွမ်းနေပြီ။ ကိုဝင်းမြင့်ကတော့ ဒါတွေ မကျွမ်းသေးပါဘူး။ သူက အန္တရာယ် မလွယ်နိုင်လို့ ပူဆာတော့ သောက်ရေသန့် ပုလင်းလွတ်တစ်လုံး ပေးပြီး ရှင်းခိုင်းပါတယ်။ သူက ခဏနေတော့ ဟာကွာ အဆင်မပြေဘူး မောင်မောင်ဦးရ၊ စိုကုန်ပြီ၊ လုံခြည်တွေ စိုကုန်ပြီလို့ ညည်းပါတယ်။ ကျွန်တော်တို့ကတော့ တဝါးဝါး တဟားဟားပေါ့"

လူပျိုကြီးဖြစ်သော မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် ပတ်သက်သည့် ဖြစ်စဉ်အချို့ကို နိုင်ငံတော်တာဝန် လွှဲပြောင်းလက်ခံခြင်းအခန်းတွင် ရေးသားထားသည်။ "မကွေးတိုင်းကတော့ တနင်္သာရီတိုင်းလိုပဲ ရာနှုန်းပြည့်နိုင်တဲ့ တိုင်းပါ။ ဒီတိုင်းကို ဝန်ကြီးချုပ်ရွေးမယ်ဆိုတော့ ဒေါက်တာအောင်မိုးညိုကလွဲလို့ ဘယ်သူရှိရမှာလဲ။ ကိုညိုက ဘယ်လောက်အခက်အခဲတွေ ကြုံကြုံ၊ ထောင်ဘယ်လိုပဲ ကျကျ၊ ပျော်ပျော်နေတတ်တဲ့ သူတစ်ယောက်ပါ။ ထူးခြားတာက သူက လူပျိုကြီးခင်ဗျ။ လူစုံရာမှာ သူ့ရဲ့ ဂေါ်မစွံလူပျိုကြီးအဖြစ်ဟာ အားလုံးက ဝိုင်းစလို့ ကောင်းတဲ့အဖြစ်ပါ။ သူ့လူပျိုကြီးဘဝကလည်း ခပ်ဆန်းဆန်း။ သူ့မှာ ငယ်ရည်းစားတစ်ယောက်ရှိပါသတဲ့။ သူ့အိမ်နှင့် မလှမ်းမကမ်းမှာ နေပါသတဲ့။ ဒါပေမဲ့ သူတို့သမီး ရည်းစားဖြစ်တော့ သူ့အဖေ၊ အမေက သဘောမတူပါဘူးတဲ့။ ဒီလိုနဲ့ လူပျိုကြီးဘဝနဲ့ နေခဲ့လိုက်တာ သူ့ကောင်မလေးကလည်း အိမ်ထောင်မပြုပါဘူးတဲ့။ အခု ဝန်ကြီးချုပ်ဖြစ်ပြီဆိုတော့ ကျွန်တော်က ပြောပါတယ်။ ဟေ့လူ ခင်ဗျား အခု ဝန်ကြီးချုပ်ဖြစ်နေပြီ။ မိဘတွေ ရှိနေသေးရင်လည်း သူတို့က သဘောတူမှာပါ။ သူကလည်း ခင်ဗျားကိုစောင့်တဲ့အနေနဲ့ အိမ်ထောင်မပြုဘူးဆိုတော့ အခုဆို ယူလို့ရပြီလေလို့ဆိုတော့ သူက ဘာပြောတယ်ထင်လဲ။ သူ့တူမတွေက ပိုလှတယ်ဗျတဲ့"

ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်ကို ပြည်ထောင်စုဝန်ကြီးတစ်နေရာ ကမ်းလှမ်းခဲ့သည့် ဖြစ်စဉ်ကိုလည်း ဦးဝင်းထိန်က မခြွင်းမချန်ရေးသားထားသည်။

"ခွန်ထွန်းဦး ခေါင်းဆောင်တဲ့ SNLD ဟာ CRPP ရဲ့ အမာခံပါတီတစ်ခုဖြစ်ပါတယ်။ CRPP ဆိုတာ ကျွန်တော် ထောင်ထဲမှာ ရှိနေစဉ်ကတည်းက ဖွဲ့စည်းခဲ့တာပါ။ အဓိပ္ပာယ်က ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေပါတဲ့ ပါတီအချို့စုစည်းပြီး စစ်အစိုးရ ဖိနှိပ်မှုကို တောင့်ခံတဲ့အဖွဲ့ပါ။ သွားလေသူ S1 လို့ခေါ်တဲ့ ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဒီအဖွဲ့ကို ဖျက်ပေးဖို့ တောင်းဆိုဖူးပါတယ်။ ရွေးကောက်ပွဲနိုင်တဲ့အခါ ဒေါ်စုကလည်း CRPP ထဲက တစ်ဦးကို ဝန်ကြီးတစ်နေရာပေးဖို့ လျာထားပါတယ်။ အသစ်ဖွဲ့မှာဖြစ်တဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနအတွက်ပါ။ ခွန်ထွန်းဦးက ကျန်းမာရေးမပြည့်စုံတဲ့အတွက် သူ့ပါတီက စိုင်းညွန့်လွင်ကို အဲဒီဝန်ကြီးဌာနအတွက် လျာထားကြောင်း ကျွန်တော့်ကို သွားအသိပေးခိုင်းပါတယ်။ ကျွန်တော် ရန်ကုန်ပြန်ရပါတယ်။ ကိုးမိုင်၊ အေဝမ်းခြံနားက ခွန်ထွန်းဦးရဲ့အိမ်ကို ရက်ချိန်းတောင်းပြီး သွားပါတယ်။ ကျွန်တော်ရောက်တော့ ခွန်ထွန်းဦးနဲ့ သူ့ပါတီဝင် လေး၊ ငါးဦး တွေ့ပါတယ်။ ကျွန်တော်က ဒေါ်စုလွှတ်လိုက်လို့ လာရတဲ့အကြောင်း၊ နိုင်ငံရေးအရ ဖိနှိပ်မှုများတဲ့ အချိန်တုန်းက CRPP မှာ အတူလက်တွဲပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ဂုဏ်ပြုတဲ့ အနေနဲ့ SNLD က စိုင်းညွန့်လွင်ကို အသစ်ဖွဲ့မယ့် တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနမှာ ဝန်ကြီးရာထူးပေးချင်ကြောင်း ပြောကြားပါတယ်။ ခွန်ထွန်းဦးက တစ်ယောက်တည်းလားလို့ မေးတဲ့အခါ ကျွန်တော်က ဟုတ်ကဲ့တစ်ယောက်တည်းပါပဲလို့ ပြန်ဖြေရပါတယ်။ သူကတော့ နှစ်ယောက်အထိ လိုချင်ဟန် တူပါတယ်။ ဒါပေမဲ့ ကျွန်တော်ကလည်း ဒေါ်စုမှာထားတာထက် ပိုပြောလို့မဖြစ်ပါ။ နေပြည်တော်ပြန်ရောက်တော့ အကျိုးအကြောင်းကို ဒေါ်စုကို သတင်းပို့ပါတယ်။ နောက်တစ်ပတ်ကျတော့ စိုင်းညွန့်လွင် ကိုယ်တိုင် နေပြည်တော်ကို ရောက်လာပြီး ဒေါ်စုနဲ့တွေ့ပါတယ်။ ဒေါ်စုကမ်းလှမ်းတဲ့ တိုင်းရင်းသားဝန်ကြီး ရာထူးကို လက်ခံမယ့် အကြောင်းကို ပြောသွားပါတယ်။ အဲနောက်တစ်ပတ်ကျတော့ စိုင်းညွန့်လွင်ဆီက ဖုန်းလာပါတယ်။ တိုင်းရင်းသားဝန်ကြီးရာထူးကို မယူတော့ပါဘူးတဲ့။ ဘယ်တတ်နိုင်မလဲ။ ဒါ့ကြောင့် တိုင်းရင်းသားရေးရာဝန်ကြီးရာထူးကို မွန်အမျိုးသားပါတီတစ်ခုက ခေါင်းဆောင် နိုင်သက်လွင်ကို ရွေးချယ်လိုက်ရပါတယ်"ဟု ရေးသားထားသည်။

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် သူရဦးအောင်ကိုအား ခန့်အပ်ခဲ့မှုနှင့်ပတ်သက်ပြီး ကန့်ကွက်မှုကြုံခဲ့ရပုံကိုလည်း ဖတ်ရှုရမည်ဖြစ်သည်။ "ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟာ ဦးစံခင်ဖြစ်ပါတယ်။ သူရဦးအောင်ကိုကို ဝန်ကြီးရာထူး ပေးမယ်ဆိုတဲ့အခါ အကြီးအကျယ်မကျေနပ်ပါဘူး။ သူရဦးအောင်ကိုဟာ ကန်ပက်လက်မြို့နယ်က သူနဲ့ပြိုင်ခဲ့တဲ့ ပြည်ခိုင်ဖြိုးက ကိုယ်စားလှယ်လောင်းပါ။ သူရဦးအောင်ကိုက ရှုံးပြီး သူကနိုင်ခဲ့တာပါ။ သူကနိုင်ခဲ့ပြီး သာမန်လွှတ်တော်ကိုယ်စားလှယ်သာဖြစ်ခဲ့ပြီး သူ့ကိုရှုံးတဲ့ သူရဦးအောင်ကိုက ဝန်ကြီးဖြစ်သွားတာကို လုံးဝမကျေနပ်လို့ NLD ကတောင် ထွက်မယ်လို့ ခြိမ်းခြောက်လာပါတယ်။ အဲဒီအမှုက ကျွန်တော့်ဆီ ရောက်လာပါတယ်။ ရယ်လည်းရယ်ချင် စိတ်လည်းရှုပ်ပေါ့။ အလုပ်ကများပါတယ်ဆိုမှ ကိုစံခင်ရဲ့ လော့ဂျစ်ကို ကျွန်တော်နားလည်ပါတယ်။ Very Simple Logic ပါ။ ကန်ပက်လက်မြို့နယ်က ရွေးကောက်ပွဲမှာ သူနဲ့ သူရဦးအောင်ကိုတို့ အကြိတ်အနယ် ပြိုင်ခဲ့ရတယ်။ သူက နှာတစ်ဖျားနဲ့နိုင်ခဲ့တာ ကျွန်တော်တို့သိပါတယ်။ ပုံမှန်မဲရေတွက်နေစဉ်တုန်းက သူကရှုံးနေပြီး သန်းခေါင်ကျော်မှရောက်လာတဲ့ ရွာက မဲပုံးတွေရောက်တော့မှ သူနိုင်ခဲ့တာပါ။ သူက သာမန်လွှတ်တော်ကိုယ်စားလှယ်ပဲဖြစ်နေပြီး သူ့ကိုရှုံးသွားတဲ့သူက ဝန်ကြီးဖြစ်လာတယ်ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး။ ဦးစံခင်က အဲဒီလိုတွေးတာပါ။ ဒါ့ကြောင့် ကျွန်တော်အချိန်မဆိုင်းဘဲ ဦးစံခင်ကို သွားခေါ်ခိုင်းပါတယ်။ ဒေါ်စုရဲ့ I-12 က အစည်းအဝေးခန်းမမှာ သူ့ကိုခေါ်ပြီး စကားပြောရပါတယ်။ ဒီတစ်ခေါက် စကားပြောတဲ့အခါ သူ့ကို ဒေါနဲ့မောနဲ့ ပြောရပါတယ်။ ခင်ဗျားကို NLD က ရွေးလို့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတာ။ NLD က လူကြီးတွေချမှတ်တဲ့ လမ်းစဉ်ကို လိုက်နာရမှာ ခင်ဗျားတာဝန်ပဲ။ ဒါကြောင့် လူကြီးတွေရဲ့ သဘောထားကို ကဖျက်ယဖျက်မလုပ်ပါနဲ့ ဘာညာပေါ့။ သူကလည်း မလျှော့ပါဘူး။ တင်းတင်းမာမာပါပဲ။ ဒါပေမဲ့ စဉ်းစားပါဦးလို့ ဆိုပြီး သူ့ကို ပြန်လွှတ်လိုက်ပါတယ် . . .။ ဒေါ်အောင်ဆန်းစုနဲ့ အကြိမ်ကြိမ် ကိုင်ပေါက်တော့မှ သူလက်ခံသွားပါတယ်။ မောလိုက်တဲ့ ဖြစ်ခြင်း။ အခုတော့လည်း စိတ်မကောင်းစရာပါ။ လွန်ခဲ့တဲ့ နှစ်ထဲမှာပဲ သူ့ဇနီးသည်က ဆုံးပါးသွားခဲ့ပြီး ၂၀၁၈ ခုနှစ် နှစ်စလောက်မှာကတည်းက သူ့ကို စွဲကပ်လာတဲ့ ကင်ဆာရောဂါကြောင့် ဦးစံခင်တစ်ယောက်လည်း ကွယ်လွန်သွားခဲ့ပါပြီ။ NLD ရဲ့ တပ်သားကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရပါတယ်"

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ်အဖြစ် ဝင်းပပ စာပေမှ အုပ်ရေ ၂၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ တစ်သောင်းကျပ်ဖြစ်သည်။ ♦

www.free4readers.com



# စံလွဲနေတဲ့ လူ့အဖွဲ့အစည်း



သန်းနိုင်ဦး



မြန်မာ့လူ့အဖွဲ့အစည်းမှာ အံချော်ပြီး စံလွဲနေသူတွေ ရှိတယ်။ စံလွဲမှုကို တမင်ပုံဖော်နေသူတွေရှိသလို ပုံဖော်တဲ့အတိုင်း လိုက်ပါလွဲချော်နေသူတွေလည်း ရှိတယ်။ စံလွဲမှုတွေရှိလာရင် အထူးသတိထားရပါ့မယ်။ စံလွဲမှုတွေက လူ့အဖွဲ့အစည်းရဲ့ အစဉ်အလာကောင်းတွေ ပုံပျက်သွားနိုင်ပါတယ်။

အောက်ပါဖြစ်ရပ်အချို့က ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ စံလွဲမှုကို မီးမောင်းထိုးပြနေတယ်။

## ဖြစ်ရပ်(၁)

ဂီတဝါဒနာရှင်လူငယ်လေးက ရုပ်သံကလွှင့်တဲ့ နာမည်ကြီးသီချင်းဆိုပြိုင်ပွဲမှာ ဝင်ပြိုင်တယ်။ အဆိုပညာ မပါးနပ်မှုနဲ့ ကီးအဝင်အထွက် လွဲချော်မှုတွေကြောင့် ပြိုင်ပွဲက ထွက်ခွာခဲ့ရတယ်။ ပြိုင်ပွဲက ထွက်ခဲ့ရတဲ့ လူငယ်လေးက သူဖန်တီးထားတဲ့ သီချင်းတွေကို အွန်လိုင်းမှာ တင်လိုက်ပါတယ်။ လူငယ်လေးရဲ့ သီဆိုမှုအပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ပြီး နင်ပဲငဆပြောသူတွေလည်း ရှိတယ်။ အခြားတစ်ဖက်မှာတော့ အလွန်အကြူး မြှောက်ပင့်ကြတာတွေလည်း ရှိနေပါတယ်။ သီချင်းဆိုနေတဲ့ ဗီဒီယိုဖိုင် အွန်လိုင်းပေါ် တင်တာက ဂီတဝါသနာရှင် လူငယ်လေးရဲ့ အခွင့်အရေးဖြစ်ပါတယ်။

သူ့သီဆိုမှု ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ခံရပါ့မယ်။ နင်ပဲငဆ ပြောစရာလည်း အကြောင်းမရှိသလို ဆဲရေးတိုင်းထွာစရာလည်း မလိုအပ်ပါဘူး။ အလားတူ အလွန်အမင်းမြှောက်ပင့်ခြင်းက အမြှောက်ပင့်ခံရသူကို ရေလိုက်လွဲစေတတ်ကြောင်း သတိချပ်သင့်ပါတယ်။

## ဖြစ်ရပ်(၂)

အွန်လိုင်း သတင်းပေ့ချ်အချို့မှာ မှုခင်းသတင်းတွေ ရေးသားဖော်ပြနေတာ ရှိပါတယ်။ တရားစွဲဆို ခံထားရဆဲ အဆင့်မှာပဲ မျက်လုံး ဖုံးအုပ်ခြင်းမရှိဘဲ ပုံနဲ့တကွ မိသားစုဆွေစဉ်မျိုးဆက် ဇယားအလိုက် ဖော်ပြခံနေရသူတွေ ရှိတယ်။ တရားရုံးက အမိန့်တစ်စုံတစ်ရာ မချမှတ်မချင်း တရားခံမဟုတ်ဘဲ တရားစွဲဆိုခံရသူသာ ဖြစ်ပါတယ်။ ကိုယ့်သတင်း စာမျက်နှာ လူသိများဖို့အရေး ပုဂ္ဂိုလ်ရေး ချိုးဖောက်မှုတွေ ပြောင်ပြောင်တင်းတင်း လုပ်နေကြတာ ဖြစ်ပါတယ်။ တရားသူကြီးရဲ့ ဆင်ခြင်တုံတရားပေါ် မူတည်ပြီး တရားရုံးက ချမှတ်လိုက်တဲ့ အမိန့်ဟာ တရားစွဲဆိုခံရသူ ကွင်းလုံးကျွတ်လွတ်နိုင်သလို ထောင်ဒဏ်၊ ငွေဒဏ်ကျခံရတာလည်း ရှိနိုင်ပါတယ်။

တရားစွဲဆိုခံရသူရဲ့ ပြစ်မှုနဲ့ပြစ်ဒဏ် မမျှတဘူးလို့ယူဆရင် အထက်ရုံးအဆင့်ဆင့်မှာ ပြင်ဆင်ချက် လျှောက်ထားနိုင်ပါတယ်။ အမှုရင်ဆိုင်ဆဲ တရားစွဲဆိုခံရသူဖြစ်စေ၊ အမိန့်ချခံရပြီး တရားခံဖြစ်စေ သူ့ဂုဏ်သိက္ခာနဲ့သူ ရှိပါတယ်။

## ဖြစ်ရပ်(၃)

ဆူဇူကီးဖလားပြိုင်ပွဲဝင် မြန်မာဘောလုံးအသင်းရဲ့ ပြိုင်ပွဲတိုင်းနဲ့ ဝမ်းချန်ပီယံရှစ်ချန်ပီယံ အောင်လအင်န်ဆိုင်းရဲ့ ပြိုင်ပွဲတွေမှာ စံလွဲနေတဲ့ ပရိသတ်တွေ ရှိတယ်။ နိုင်ငံအသင်း နိုင်ပွဲတိုင်းမှာ ဂုဏ်ယူရကောင်းမှန်းမသိ။ ကိုယ့်နိုင်ငံသားရဲ့ အောင်မြင်မှုကို ဂုဏ်ယူရကောင်းမှန်းနားမလည် ရယ်ပွဲဖွဲ့နေကြသူတွေ ရှိတယ်။

နိုင်ငံဘောလုံးအသင်း ရှုံးပွဲတွေ့ရတဲ့အခါမှာလည်း သရော်စော်ကားဖို့သာ စိတ်ရောက်နေကြတယ်။ ဘောလုံးကစားနည်းတို့၊ ဘက်စုံကိုယ်ခံပညာ အတိုက်ပြိုင်ပွဲတို့ စတဲ့ အားကစားနည်းတွေက အနိုင်အရှုံးယှဉ်ပြိုင်ရတဲ့ ကစားနည်းတွေ ဖြစ်ပြီး သက်လုံ၊ နည်းစနစ်၊ ကျွမ်းကျင်မှုတွေ လိုအပ်တယ်။ ရှုံးနိမ့်မှုကြုံနိုင်သလို နိုင်တဲ့အခါလည်း ရှိနိုင်တာပါပဲ။ အရှုံးအပေါ် သင်ခန်းစာယူပြီး အချိန်မီ ပြုပြင်ဖို့လိုသလို အောင်မြင်မှုကိုလည်း ရေရှည်ထိန်းသိမ်းသွားကြဖို့ လိုအပ်တယ်။

ပညာဉာဏ် နုံနဲ့မှု၊ လူမှုရေးပြဿနာနဲ့ စီးပွားရေးအကျပ်အတည်းတွေက စံလွဲမှုတွေဆီ တွန်းပို့ပါတယ်။ စံလွဲနေရင် ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်တော့ဘူး။ အဲဒီအခါ စိတ်အချဉ်ပေါက်မှုတွေ ဖြစ်လာပြီး လူမှုအသိုင်းအဝိုင်းနဲ့ မရည်ရွယ်ဘဲ စည်းခြားလိုက်သလို ဖြစ်သွားပါတော့တယ်။ အလိုလိုနေရင်း စည်းအပြင်ဘက်ရောက်မှန်းမသိ ရောက်သွားရတယ်။ ဝမ်းသာရမယ့် အရေးကိစ္စတွေမှာ ဝမ်းသာအားရ မဖြစ်တော့ဘူး။

စာနာဖေးမရမယ့် အကြောင်းခြင်းရာတွေမှာ မစာနာတဲ့အပြင် ပြက်ရယ်ပြုလာတဲ့အထိ ဖြစ်လာတယ်။ ဘာသာတရားရဲ့ အဆုံးအမတွေလည်း နာယူရကောင်းမှန်းမသိ ဖြစ်လာတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ နယ်ပယ်စုံမှာ စံလွဲသူတွေက များပြားလှတယ်။ ကျေးလက်မှာ ကြီးပြင်းခဲ့တဲ့ လူငယ်တွေက တောရွာမှာ မပျော်တော့ဘူး။ လွှတ်တော်အမတ်အချို့က အိမ်စာမလုပ်ကြဘူး။ တောင်သူတွေက မိဘလက်ငုတ်လက်ရင်း လယ်ယာမြေလေး ရောင်းပြီး ခေတ်ပေါ်သူဌေး လုပ်ချင်နေတယ်။ တက္ကသိုလ်ဆရာတွေက သူတေသနဘက်မှာ အားနည်းနေတယ်။ နိုင်ငံရေးသမားတွေက ရွေးကောက်ပွဲကတိ မတည်ဘူး။

တချို့သူတွေက ကိုယ်တိုင်စံလွဲနေမှန်း မသိဘူး။ အဲဒီလို မိတ်ဆွေတွေက လမ်းမှားနေသူတွေပါ။ သူတို့ကို လမ်းမှန်ရောက်အောင် လက်တွဲခေါ်လို့ ရနိုင်ပါတယ်။ တချို့ကတော့ စံလွဲနေမှန်း သိသိကြီးနဲ့ တမင် ရေလိုက်လွဲနေကြသူတွေ ဖြစ်တယ်။ အရွဲ့တိုက်ချင်စိတ် လွန်ကဲမှုကြောင့် စံလွဲတဲ့ဘက် ကူးပြောင်းရောက်ရှိ သွားကြသူတွေ ဖြစ်တယ်။ သူတို့က ဘယ်အရာကိုမှ စိတ်တိုင်းမကျတော့ဘဲ သူတစ်ပါးပျော်ရွှင်မှုကို မရှုဆိတ် ဖြစ်ရုံမက ကိုယ်တိုင်လည်း ပျော်ရွှင်မှုကို တန်ဖိုးမထားတော့ဘဲ အမုန်းစိတ်နဲ့ဘဝကို ဖြတ်သန်းနေသူတွေသာ ဖြစ်တယ်။

စံလွဲမှုက ဗိုင်းရပ်စ်လိုပဲ ကူးစက်မြန်တယ်။ ကိုယ့်အဖွဲ့အစည်းအတွင်းမှာ စံလွဲနေသူရှိရင် တခြားသူတွေကိုပါ အလွယ်တကူ ကူးစက်စေတယ်။ အဲဒီလို စံလွဲသူတွေများလာရင် အဖွဲ့အစည်းက ပျော်စရာမကောင်းတော့ဘဲ အလုပ်လည်းမတွင်ကျယ်တော့ဘူး။ လွတ်လပ်ပေါ့ပါးခဲ့တဲ့ အဖွဲ့အစည်းက စံလွဲသူတွေကြောင့် စိတ်ကျဉ်းကျပ်စရာ ဖြစ်လာရတယ်။ နောက်ပိုင်းမှာတော့ ထိလွယ်ရှလွယ် ဖြစ်လာပြီး အဖွဲ့အစည်းပြိုကွဲရာ ပြိုကွဲကြောင်း လမ်းစဖြစ်ပေါ်လာတော့တာပါပဲ။ စံလွဲမှုတွေ အားကောင်းလာရင် အဲဒီလူ့အဖွဲ့အစည်းရဲ့ အနာဂတ်ရေတိမ်နစ်ဖို့သာ ရှိတော့တယ်။ စံလွဲနေသူတွေ အားကောင်းမလာအောင် အချိန်မီစနစ်တကျ ပြင်ဆင်ထားကြဖို့ လိုပါတယ်။ စံလွဲနေကြောင်း သိသာစေတဲ့ အချက်တွေ ရှိတယ်။

၁။ လူမှုကွန်ရက်ကို အလွန်အကျွံ သုံးစွဲပြီး တင်သမျှပို့စ်တိုင်းကို လိုက်ပါခံစားနေခြင်း

၂။ မသေချာတဲ့ ဝင်ငွေရပေါက်ရလမ်း

၃။ ကျန်းမာရေး ချို့ယွင်းမှု(သို့မဟုတ်) နာတာရှည်ဝေဒနာ

၄။ အကောင်းမြင်စိတ် နည်းပါးပြီး အဆိုးမြင်စိတ်ကြီးထွားလာမှု

၅။ ဘာသာတရားရဲ့ အဆုံးအမနဲ့ အလှမ်းဝေးလာခြင်း

၆။ အရက်နဲ့ မူးယစ်ဆေးဝါး အလွန်အကျွံ စွဲလမ်းစေမှု

၇။ လုပ်ငန်းခွင်က လူမှုရေးဖိအား

၈။ သင်ယူမှု သင်ကြားမှုကို ကန့်သတ်ခံရခြင်း စတဲ့ အချက်တွေကြောင့် စံလွဲမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ကျွန်တော့် မိတ်ဆွေတွေထဲမှာ စံလွဲနေတဲ့သူ အချို့ရှိတယ်။ မိတ်ဆွေတို့ဆီမှာလည်း စံလွဲနေသူတွေ ရှိကောင်းရှိနိုင်တယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့ လုပ်နိုင်တာက စံလွဲနေသူတွေကို ဖေးမနားလည်ပေးကြရုံပါပဲ။ သူတို့ကြောင့် အဖွဲ့အစည်းထိခိုက်နစ်နာဆုံးရှုံးမှု မရှိသ၍ သည်းခံပေါင်းသင်းနေရုံကလွဲလို့ အခြားမရှိ။ ဒီကြားထဲမှာပဲ စံလွဲနေတဲ့ မိတ်ဆွေကို တတ်နိုင်သလောက် ဖေးမကူညီရင်း အဖွဲ့အစည်းမှာဝင်ဆံ့နိုင်အောင် စည်းရုံးသွားကြရမှာ ဖြစ်တယ်။ စည်းရုံးမှုကို မနာခံဘဲ အဖွဲ့အစည်း ပျက်စီးနိုင်တဲ့အထိ စံလွဲဖို့ ကြိုးပမ်းလာရင် ကတ္တီပါလမ်းခွဲကိုသာ ရွေးချယ်ရပေတော့မယ်။

သန်းနိုင်ဦး

Cartoon



www.free4readers.com



## တပ်မတော်မှ ငြိမ်းချမ်းရေးအပ်ပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခါတည်းပါလာမည်ဟု NLD ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် ပြော

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

တပ်မတော်မှ ငြိမ်းချမ်းရေးအပ်ပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခါတည်း ပါလာမည်ဟု NLD ပါတီ ဗဟိုကော်မတီ အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က ပြောသည်။

ဒီဇင်ဘာ ၉ ရက်က နေပြည်တော် စည်ပင်ဧည့်ရိပ်သာ (၂) တွင် ပြုလုပ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှ ဗဟိုကော်မတီဝင်အဖွဲ့ဝင်များ ပြုလုပ်သော အစည်းအဝေးအပြီးတွင် ဒေါက်တာမျိုးညွန့်က မီဒီယာများကို ပြောကြားလိုက်ခြင်း ဖြစ်သည်။

"ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ပြောခဲ့တဲ့ စကားရှိတယ်။ ၂၀၂၀ မှာ ငြိမ်းချမ်းရေးကို ပြည်သူ့လက် အရအပ်ပါမယ်လို့ စကားရှိတယ်။ ငြိမ်းချမ်းရေးအပ်နိုင်ပြီဆိုရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ခါတည်းပါလာမှာပါ"ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

၂၀၀၈ ဖွဲ့စည်းပုံပြင်ဆင်ရန် တပ်မတော်၏ ပါဝင်မှု အလွန်အရေးကြီးသည့်အတွက် အစဉ်မပြတ် စည်းရုံးနေကြောင်း ဒေါက်တာမျိုးညွန့်က ပြောကြားသည့်အပေါ် တပ်မတော်၏ တုံ့ပြန်မှုအား မီဒီယာများ မေးမြန်းစဉ် အထက်ပါအတိုင်း ၎င်းက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အား ဒီမိုကရေစီစစ်နှင့် ပြည်သူ့ဆန္ဒမှလာသော အစိုးရမျိုး၊ ဥပဒေပြုအဖွဲ့မျိုး ပေါ်ပေါက်ရန် ဦးတည်ပြီးပြင်ဆင်သွားမည်ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့်က ဆိုသည်။

"ပြင်ဆင်မှုလုပ်တဲ့အခါမှာ ပြည်သူတွေ မနစ်နာမယ့် နည်းလမ်းကိုပဲ ရွေးမယ်လို့ ကျွန်တော်တို့က ပြောပါတယ်။ ပြည်သူတွေ အနေနဲ့ မကျေမနပ်ဖြစ်ပြီးတော့ ကျွန်တော်တို့ လှုပ်ရှားမှုတွေ သိပ်များလာမယ့်၊ လုံခြုံရေး ထိခိုက်လာမယ့် ဒီလိုဟာမျိုး မထိခိုက်အောင်လို့ နိုင်ငံသားချင်း တွေ့ဆုံဆွေးနွေးမယ်။ ညှိနှိုင်းမယ်။ ဒီနည်းနဲ့ အစွမ်းကုန် ကျွန်တော်တို့ လုပ်ပါမယ်"ဟု ဒေါက်တာမျိုးညွန့်က ဆိုသည်။

နိုင်ငံအနေဖြင့် ဒီမိုကရေစီဖက်ဒရယ် စနစ်ကို သွားသည့်အခါ တိုင်းရင်းသားများ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ပြဋ္ဌာန်းခွင့်၊ အုပ်ချုပ်ခွင့် စသည်တို့ကို အာမခံပြီးသားဖြစ်မည့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဇယား(၂) ပြင်လျှင် တိုင်းရင်းသားအချို့၏ ကျေနပ်မှုရကောင်းရနိုင်ကြောင်း ၎င်းက ဆိုသည်။

သို့သော် ယနေ့ ရင်ဆိုင်နေရသော ရခိုင်ပြည်နယ်မြောက်ပိုင်း အရေးအခင်းလို ကိစ္စမျိုးတွင် အထက်ပါ ပြင်ဆင်ချက်သည် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြားတွင် ပူးပေါင်းလုပ်ဆောင်ရန် အခက်အခဲများ ပေါ်လာနိုင်ကြောင်း သိရသည်။

**အေးအေးဟန်**

## စီးပွားရေးလုပ်ငန်းနှင့် ရုံးလုပ်ငန်းများတွင် နားလည်မှုသက်သက်နှင့် နေသားကျနေသည်ကို ပြောင်းလဲမည်ဟု NLD ပါတီ ဗဟိုကော်မတီဝင် ပြော

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

စီးပွားရေးလုပ်ငန်းတွင်မက ရုံးလုပ်ငန်းများတွင်လည်း နားလည်မှုသက်သက်နှင့် နေသားကျနေသည်ကို ပြောင်းလဲရမည်ဟု NLD ပါတီဗဟိုကော်မတီဝင် ဒေါက်တာမျိုးညွန့်က ပြောသည်။

ဒီဇင်ဘာ ၉ ရက်က နေပြည်တော် စည်ပင်ဧည့်ရိပ်သာ (၂) တွင် ပြုလုပ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD) မှ ဗဟိုကော်မတီဝင်အဖွဲ့ဝင်များ ပြုလုပ်သော အစည်းအဝေးအပြီးတွင် ဒေါက်တာမျိုးညွန့်က မီဒီယာများကို ပြောကြားလိုက်ခြင်း ဖြစ်သည်။

"စီးပွားရေးလုပ်ငန်းတွေ ဆိုရင်လည်း ၉၀ ရာခိုင်နှုန်းက တရားမဝင်လုပ်ငန်းတွေပါ။ အဲဒီတော့ စီးပွားရေးလုပ်ငန်းအပြင် ရုံးလုပ်ငန်းတွေ အားလုံးမှာလည်း နားလည်မှု သက်သက်နဲ့ ကျွန်တော်တို့က နေသားကျနေပါပြီ။ ဒီဟာတွေကို ပြောင်းလဲဖို့ကိစ္စမှာ နေရာတိုင်းမှာ တဖြည်းဖြည်း ပြောင်းလဲရမှာပါ" ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

တချို့နေရာများတွင် ထမင်းဆိုင်များ၊ အင်မတန်ကောင်းသည့် လုပ်ငန်းကြီးများ တွေ့နေရပြီး ထိုလုပ်ငန်းများ နိုင်ငံတော်အား အခွန်ထမ်းဆောင်ခြင်း၊ မဆောင်ခြင်းအပေါ် တရားမဝင်လုပ်ငန်းဟု ပြောဆိုခြင်း ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ကြောင့် အခွန်ရှောင်သည့် တရားမဝင် လုပ်ငန်းများအပြင် ရုံးလုပ်ထုံးလုပ်နည်းဖြင့် ပုံမှန်အတိုင်း မလုပ်ဆောင်ဘဲ လွယ်ကူအောင် လုပ်နေသည့် နည်းလမ်းများလည်း တရားမဝင်ကြောင်း ဒေါက်တာမျိုးညွန့်က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ယင်းလုပ်ငန်းများ လွယ်ကူအောင် လုပ်နေခြင်းကို ပြောင်းလဲရန် ပြည်သူများ နားလည်သဘောပေါက်ကာ ပူးပေါင်းပါဝင်လာရန် အရေးကြီးပြီး ပြည်သူများပါဝင်လာရန်လည်း ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံတစ်ခုဟာ ထိုက်သင့်တဲ့ အချိုးအစား နိုင်ငံတော်ကို အခွန်ဆောင်ရမယ်။ ဒီလိုနည်းနဲ့ နိုင်ငံတော်ဟာ လည်ပတ်ရတာ။ ရှေ့အစိုးရအဆက်ဆက်က သယံဇာတတွေ၊ ငွေတွေနဲ့ပဲ လုပ်ထားတာ။ ကျန်တဲ့အပိုင်းမှာ နားလည်မှုနဲ့ပဲ လုပ်ကြတယ်။ ကျွန်တော်တို့ တကယ်တမ်း စည်းစနစ်နဲ့ ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံလုပ်ဖို့ဆိုရင် အခွန်အပေါ်မှာ ရပ်တည်နိုင်တဲ့ နိုင်ငံဖြစ်အောင် တဖြည်းဖြည်း ပြောင်းလဲရမှာပေါ့"ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

နိုင်ငံ၏ စီးပွားရေးဘက်တွင် အနောက်နိုင်ငံများက စီးပွားရေးပိတ်ဆို့ရန် လုပ်နေသဖြင့် လုပ်ငန်းကြီးများ နိုင်ငံတွင်း ဝင်မလာသည့်အတွက် နိုင်ငံ၏ အခြေအနေကို နားလည်သော အရှေ့တိုင်းမှ မိတ်ဆွေနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာရန် နိုင်ငံ့ခေါင်းဆောင်များ ကြိုးစားခဲ့မှုများရှိကြောင်း သိရသည်။

ကုမ္ပဏီဥပဒေပြင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပြင်ခြင်းများ ပြုလုပ်ခဲ့သည့်အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အောင်မြင်ရန် လုပ်ဆောင်ခဲ့သည့်အတွက် အရှိန်ရလာသည်နှင့်အမျှ ပြောင်းလဲလာသည့် အကျိုးကျေးဇူးကို ခံစားရမည်ဟု ဒေါက်တာမျိုးညွန့်က ဆိုသည်။

**အေးအေးဟန်**

## မူးယစ်ဆေး လက်ကြီးသမားများ မရသေးသော်လည်း အားမလျှော့ကြောင်း သမ္မတရုံးမှ ပြော

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

မူးယစ်ဆေး လက်ကြီးသမားများ မရသေးသော်လည်း အားမလျှော့ကြောင်း နိုင်ငံတော် သမ္မတရုံးမှ ပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးက ပြောသည်။

နေပြည်တော် သမ္မတအိမ်တော် သတင်းစာရှင်းလင်းဆောင်တွင် ပြုလုပ်သော နှစ်ပတ်တစ်ကြိမ် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများကို ပြောကြားလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်ပြောချင်တာကတော့ အခုအချိန်အထိ လက်ကြီးသမားတွေ ကြီးကြီးမားမား မရသေးဘူး။ အဲဒီအတွက်လည်း အားတော့ မလျှော့ဘူး။ ဆက်လက်ပြီး မျှော်လင့်တယ်။ တစ်ဖက်က အကျိုးခံစားခွင့် သိသိသာသာ ရလာတာနဲ့အမျှ တိုင်ကြားမှုတွေ ရလာမယ်လို့ မျှော်လင့်တယ်"ဟု ဦးဇော်ဌေးက ဆိုသည်။

ပြည်သူလူထု၏ သတင်းပေးတိုင်ကြားမှုအပေါ် လုံခြုံမှုအတွက် အာမခံနိုင်လျှင် ယုံကြည်မှု ရမည်ဖြစ်ပြီး တိုင်ကြားသူအတွက် ထိုက်သင့်သည့် ဆုကြေးငွေအပြင် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးအတွက် အကျိုးထူးဖြစ်စေမည်ဆိုသည့် အချက်များကြောင့် ပြည်သူလူထုမှ ပို၍ ပါဝင်လာရန်လည်း မျှော်လင့်ကြောင်း ဦးဇော်ဌေးက ပြောသည်။

မူးယစ်ဆေးဝါး သတင်းပေးတိုင်ကြားသူများအတွက် အကျိုးခံစားခွင့်အား ရာခိုင်နှုန်းဖြင့် သတ်မှတ်ထားရာ အမှုအား တရားရုံးတင်သည့် အချိန်တွင် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်သူများ၏ ငွေမည်းဖြင့် ရသည့်ပိုင်ဆိုင်မှုများကို တို့ထိ၍ မရသောကြောင့် တရားရုံးပြီး၍ နိုင်ငံပိုင်ဖြစ်သည့် အချိန်မှသာ အချိုးချခွဲဝေယူရသည့်အတွက် လုပ်ငန်းစဉ်မှ အနည်းငယ် ကြာနေကြောင်း ဦးဇော်ဌေးက ဆက်လက်ပြောကြားသည်။

"နံပါတ်တစ်က သတင်းပေးတိုင်ကြားသူ၊ နံပါတ်နှစ်က ကျွန်တော်တို့ကို အဲဒီလူတွေကို ဖမ်းဆီးတဲ့ ယစ်ရဲတွေပေါ့။ သုံးအချက်ကတော့ နိုင်ငံတော်ပေါ့။ ဒီအချိုးကျနဲ့ ကျွန်တော်တို့က ဆုကြေးတွေ ပေးနိုင်အောင်လုပ်နေပါတယ်"ဟု ဦးဇော်ဌေးက ဆိုသည်။

နိုင်ငံတော်သမ္မတဦးဝင်းမြင့်က သမ္မတတာဝန်ထမ်းဆောင်ချိန်တွင် မူးယစ်ဆေးဝါး လက်ကြီးသမားများကို ဖမ်းဆီးအရေးယူနိုင်ရေး သမ္မတရုံးမှ တိုက်ရိုက်ကွပ်ကဲနိုင်ရန် မူးယစ်ဆေးဝါး အထူးသတင်းပေးဌာနကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေးအေးဟန်**

## အသစ်ထုတ်ဝေရောင်းချမည့် ကျပ်တစ်ထောင်တန် ထီလက်မှတ်များ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး စီမံနေကြောင်း စီမံ/ဘဏ္ဍာဝန်ကြီး ပြော

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

အသစ်ထုတ်ဝေရောင်းချမည့် ကျပ်တစ်ထောင်တန် ထီလက်မှတ်များ ဈေးနှုန်းကြီးမြင့်မှု မရှိစေရေး စီမံနေကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

"အောင်ဘာလေထီဖြန့်ဖြူးမှု စနစ်အား ပြန်လည်သုံးသပ်လျက်ရှိပြီး အသစ်ထပ်မံထုတ်ဝေရောင်းချမည့် ကျပ်တစ်ထောင်တန် အောင်ဘာလေ ထီလက်မှတ်များ ဖြန့်ဖြူးရောင်းချသည့်အချိန်တွင် ကြိုတင်မှာကြားချက်၊ ဈေးကွက်လိုအပ်ချက်များနဲ့အညီ အက္ခရာလုံးရေအား မှာကြားရိုက်နှိပ် ဖြန့်ဖြူးခြင်းဖြင့် ထီဈေးနှုန်းများ ကြီးမြင့်မှု မရှိစေရေးအတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

အောင်ဘာလေထီ လက်မှတ်များကို အက္ခရာ တိုးမြှင့်ထုတ်ဝေရန် ပျက်ကွက်နေသောကြောင့် နိုင်ငံတော်မှ လစဉ်အခွန်ဝင်ငွေများ နစ်နာနေခြင်း၊ ထီလက်မှတ်တစ်စောင်လျှင် ကျပ် ၆၅၀၊ ကျပ် ၇၀၀ ဖြစ်နေ၍ ပြည်သူများ နစ်နာဆုံးရှုံးနေခြင်း၊ တစ်နိုင်တစ်ပိုင် ထီရောင်းသူများ ဝင်ငွေကျဆင်းနေခြင်းတို့ ဖြစ်ပေါ်နေသော်လည်း ထီလုပ်ငန်းရှင်ကြီးများမှာ အကျိုးအမြတ်များစွာ ရရှိနေပါသဖြင့် လိုအပ်သလို ပြုပြင်တည့်မတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး မေးမြန်းသည်နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြောကြားလိုက်ခြင်း ဖြစ်သည်။

အောင်ဘာလေထီလုပ်ငန်းသည် သက်တမ်းအားဖြင့် ၇၀ ရှိပြီဖြစ်သော်လည်း ထီဈေးမတက်အောင်နှင့် ပြည်သူများနစ်နာမှု မရှိအောင် ပြုလုပ်ထားသည့် သုတေသနမရှိသောကြောင့် ထီဈေးကွက် တည်ငြိမ်မှု မရှိသည်ကို တွေ့ရကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ဆိုသည်။

"ဒီလိုအခြေအနေမှာ လုပ်ငန်းရှင်ကြီးတွေ အကြိုက်ဖြစ်အောင် အဂတိတရားတွေ ရှိလာနိုင်ပါတယ်။ တည်ငြိမ်လာအောင်ထိန်းချုပ်နိုင်မှ အဂတိလိုက်စားတဲ့ ဝန်ထမ်းတွေ ဖော်ထုတ်အရေးယူနိုင်မှ တစ်ထောင်တန်ထီ ထုတ်သင့်ပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦးက ပြောသည်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ထီဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ထီကံစမ်းလိုသူများ လိုသလောက် အလွယ်တကူ ကံစမ်းနိုင်ရေးနှင့် အောင်ဘာလေထီရောင်းချ ဖြန့်ဖြူးခြင်း လုပ်ငန်းအား စီးပွားရေးလုပ်ငန်းရှင်များမှ လက်ဝါးကြီးအုပ်ချုပ်ကိုင်မှု မဖြစ်စေရေး ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့် သတ်မှတ်ချက်နှင့်အညီ ကြိုတင်လျှောက်ထား၍ Deposit တင်သွင်းသည့် ထီလုပ်ငန်းရှင်များအား ဥပဒေနှင့်အညီ စာချုပ်ချုပ်ဆို၍ ရောင်းချခြင်း၊ စာချုပ်စည်းကမ်းများအား တိကျစွာလိုက်နာမှု မရှိသော ထီဝယ်ခွင့်လျှောက်ထားသူများနှင့် ဈေးနှုန်းများ တိုးမြှင့်ရောင်းချသည့် လက်ကားဆိုင်၊ လက်လီ၊ လက်ခွဲအရောင်းဆိုင်များအား မြို့နယ်များအလိုက် စိစစ်ဖော်ထုတ်၍ ထီစာအုပ်ဝယ်ယူခွင့် ပိတ်သိမ်းခြင်း၊ စပေါ်ငွေ သိမ်းယူခြင်း စသော စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများဖြင့် လိုအပ်သလို အရေးယူကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထီဝယ်ယူလိုသူများ ကြိုတင်မှာကြားသည့် အက္ခရာလုံးရေအပြင် အရန်ထီအက္ခရာ တစ်လုံး အုပ်ရေရှစ်သောင်းကျော်အား လစဉ် ထပ်ဆောင်းရိုက်နှိပ် ဖြန့်ဖြူး၍ ရန်ကုန်၊ မန္တလေး အောင်ဘာလေဌာနခွဲနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အသီးသီးတွင် ထီဈေးကြီးမြင့်မှုမရှိဘဲ သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူနိုင်ရေး စီစဉ်ရောင်းချလျက်ရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**အေးအေးဟန်**



www.free4readers.com

# ဧရာဝတီမှ အမှတ်တရများ

ဧရာဝတီဆိုသည့်အမည်ကို အေဒီ သုံးရာစုကာလ ပျူမြို့ပြခေတ်တွင် ခေါ်ဆိုနေကြပြီဟု အများက ယုံကြည်ကြပေသည်။ ဘူမိဗေဒလွှာဖြစ်ပေါ်မှုအစဉ်တွင် မြန်မာနိုင်ငံဖြစ်လာမည့်ဒေသ၌ ဧရာဝတီသည် ချင်းတွင်း၊ စစ်တောင်း၊ သံလွင်တို့နှင့်အတူ လွန်ခဲ့သော နှစ်ပေါင်း ၁၅သန်းကာလကတည်းက ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်ဟု ယုံကြည်ကြပေသည်။

ဧရာဝတီမြစ်နှင့် ပတ်သက်၍ ဂိုန်းဖောတို့ ဘာသာစကားဖြင့် မြစ်ကြီးဟု အဓိပ္ပာယ်ရသည့် မလိခ၊ မြစ်ဆိုးဟု အဓိပ္ပာယ်ရသည့် အင်မိုင်ခ၊ မြစ်ဆုံဟု အဓိပ္ပာယ်ရသည့် မလိဇွပ် အခေါ်အဝေါ်များကား ဧရာဝတီအစ ဒေသများဖြစ်ပေသည်။ ဧရာဝတီကိုမူ မလိဟု ခေါ်ဆိုခဲ့ကြသည်။





ဧရာဝတီဝန်းကျင်ရှိ သစ်တောများမှ သစ်များမည်မျှ ခုတ်၍ မည်မျှထုတ်ခဲ့သည်ကို လွန်ခဲ့သည့် ငါးနှစ်ကျော်အထိ သစ်များ သယ်ဆောင်နေကြသည်အား ဤကဲ့သို့ တွေ့ရပေမည်။ (ထက်နှင့် အောက်နှစ်ပုံတွဲ)







နန်ချောင်ရှမ်းတို့က လူပေဟု ခေါ်ကြပြီး မောရှမ်းတို့က နမ့်ကျိုဟု ခေါ်ကြသည်။ နမ့်ဆိုသည်မှာ ရေ၊ ကျိုမှာ ကျောက်မျက်ရတနာဟု အဓိပ္ပာယ်ရပေရာ ရတနာမြစ်ကြီးဟု ခေါ်ကြခြင်းဖြစ်ပေသည်။

တရုတ်တို့၏ မန်ရှုသမိုင်းကျမ်းတွင် ဧရာဝတီကို လိရွှေဟု ရေးခဲ့ကြသည်။ အဓိပ္ပာယ်ကား လှပသောမြစ်ကြီးဟု ဆိုသည်။ အိန္ဒိယတို့က ဟိန္ဒီဘာသာဖြင့် ဣရာဝတီဟု ခေါ်ကာ ဆင်မြစ်ကြီးဟု အဓိပ္ပာယ်ရပေသည်။ သသ်ကရိုက်ဘာသာဖြင့် ပရုမဏီဟု ခေါ်ရာ အဓိပ္ပာယ်မှာ အားသစ်ဖြည့်သူ ဖြစ်၏။

မြန်မာအများက ဧရာဝတီကို သဂ်ဳိနဒီဟု တင်စားကြပေသည်။ အဓိပ္ပာယ်ကား ရွှေမြစ်ကြီးဟု ဆိုရပေမည်။

❖ ❖ ❖

ထိုဧရာဝတီသည် ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့အထက် ၂၈ မိုင် ၂ ဖာလုံခန့်တွင် စတင်မြစ်ဖျားခံ၍ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း (ရောမြစ်ခွဲ တိုးမြစ်အဖြစ်ထိစပ်သည်) တို့ကို ဖြတ်သန်းစီးဆင်းကာ ကီလိုမီတာ ၂၁၇၀ကျော်(မိုင်အားဖြင့်၁၃၄၀ကျော်) ရှည်လျားစွာဖြင့် မြစ်ကျဉ်း (လေးနေရာ) မြစ်ကျယ်ပုံစံမျိုးစုံဖြင့် စီးဆင်းလာပြီး ဘင်္ဂလားပင်လယ်အော်သို့ စီးဝင်ပေသည်။

ဧရာဝတီသည် မြန်မာ့မြေ ဖြစ်လာသည့် ဒေသ၏ ခေတ်အဆက်ဆက်၌ စီးဆင်းသည့် ဝန်းကျင်ဒေသများမှ လူသားများအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေ၊ စားနပ်ရိက္ခာအတွက် ရေသတ္တဝါရရေးနှင့် လမ်းပန်း ဆက်သွယ်ရေးအတွက် ရေကြောင်းခရီးလမ်းအဖြစ် အဘက်ဘက်မှ နှစ်ပေါင်း သန်းချီ၍ တာဝန်ထမ်းဆောင်ခဲ့ပေသည်။

ထိုသို့ သမိုင်းကောင်းလှသည့် ဧရာဝတီသည် လွန်ခဲ့သော နှစ်သုံးဆယ်ခန့် (ဆယ်စုနှစ်သုံးစု) အတွင်း ယိုယွင်းပျက်စီးလာသည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလေ့လာနေသူများနှင့် ဧရာဝတီကို စောင့်ကြည့်နေသူများက ကောက်ချက်ပြုကြသည်။ ဧရာဝတီတွင် မိုးတွင်းကာလ၌ ရေကြီးခြင်း၊ ရေလျှံခြင်း၊ ကမ်းပြိုခြင်းများကို မြစ်ဝန်းကျင်ဒေသများ၌ ကြုံတွေ့လာရသည်။ ဒေသခံများ ခံကြရသည်။ မိုးကုန်၍ ဆောင်း၊ နွေကာလတွင် မြစ်ကြောင်း တိမ်လာသည်နှင့် ရေအပါးမြန်လာသည်ကို တွေ့လာရသည်။ သောင်ကြီးများထွန်းသည်။ မြစ်ကြောင်းမြွာသည်။ မြစ်ကြောင်းဘေးတွင် စက်ရုံ၊ အလုပ်ရုံ များပြားလာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိလာသည့် စွန့်ပစ်အညစ်အကြေးများကြောင့် မြစ်ရေ အရည်အသွေး ကျဆင်းလာသည်။ မြစ်အတွင်းနှင့် မြစ်ကမ်းဘေး၌ ပေါ်ထွန်းလာသော သောင်ကျွန်း၊ သောင်ကမ်းများ၌ စိုက်ပျိုးကြသည့် ကိုင်းများတွင် သုံးကြသည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတို့ကြောင့် မြစ်ရေ၌ ဓာတုအဆိပ်များ များပြားလာသည်။ ရေလုပ်သားများအနေဖြင့် လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ သောင်ဆွဲပိုက်စနစ်၊ ထောင့်ကျဉ်းခတ်စနစ်များ သုံးကြခြင်းကြောင့်လည်းကောင်း မြစ်ရေအကျမြန်လာသဖြင့် မြစ်ကျိုးအင်း၊ ကုန်းတွင်း၊ အင်းပေါက်များ အပိတ်စောလာရာ မြစ်တွင်းငါးပေါက်သည့် ငါးရစ်ငါးသန် မြစ်တွင်းပြန်ဆင်းရန် ခက်ခဲလာခြင်း စသည်ဖြင့်လည်းကောင်း မြစ်တွင်း၌ ငါးပါးလျှုရှားပါးလာခြင်းကို တွေ့လာရသည်။





ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသများ၊ မြစ်ဖျားခံရာ ကချင်ပြည်နယ် မေခ၊ မလိခဝန်းကျင်၌ သစ်တောများ ပျက်ပြုန်းခဲ့သည်။ ဗန်းမော်ဝန်းကျင်တွင် တစ်ချိန်က တိန်းသော်၊ နောင်ဟူး၊ စင်ခန်း၊ ပုံရှည်၊ ဇင်းဘုံ၊ ရွှေဂူဝန်းကျင်၌ နမ့်ဖား၊ စက္ကလာ၊ ဇင်းဘုံ၊ ရွှေကူကြီး၊ ကန့်ကူး၊ ဝါးဖြူတောင်တို့မှ တစ်ချိန်က ထူထပ်လှသော ကြိုးဝိုင်းကြီးများ ဖြစ်သည်။ ဧရာဝတီကို ဆက်ဆင်းလျှင် တစ်ဆက်တည်း၌ စစ်ကိုင်းတိုင်းဒေသကြီးရောက်လျှင် ကသာဝန်းကျင်၌ ကလုံ၊ အောင်ပုံ၊ နတ်တံခါး၊ နမ့်နာ၊ မဲဟင်း၊ ယင်းခဲ၊ အင်ပေါင်း၊ ကျောက်တောင်၊ ဖက်ဆွတ်၊ မိုးတား၊ ပင်းမလွတ်၊ နမ့်ကျိုင်း၊ နဘားကြီး၊ နမ့်ဒရန်၊ ဖားပံ၊ ထီးချိုင့်ဝန်းကျင်၌ လွယ်ကူး၊ မင်းဝံ၊ ကန့်ကော်၊ ဖက်ဆွတ် စသည်ဖြင့် ကြိုးဝိုင်းများ၊ ရေဝေရေလဲ တောတောင်တန်းများကား ထင်ရှားခဲ့ပါသည်။ (ကြိုးဝိုင်းများ၌ မြို့နယ်တစ်မြို့နယ်နှင့် နောက်တစ်မြို့နယ် ဒေသအတွင်းမှ ကြိုးဝိုင်းများ အမည်တူများ တွေ့ရပေမည်။ ထိုသို့တူရသည်မှာ ကျယ်ပြောလှသော ကြိုးဝိုင်းများမှာ နှစ်မြို့နယ်ဒေသတွင် ပါရှိနေ၍ ဖြစ်သည်)

ထိုထင်ရှားသော ကြိုးဝိုင်းများကား လွန်ခဲ့သော နှစ်သုံးဆယ်ခန့်အတွင်း အတော်ပင် ပြုန်းသွားခဲ့ပေရာ ရေဝေရေလဲ ဂေဟစနစ် အတော်ပင် ပျက်ပြားခဲ့ပေပြီ။ မိုးရာသီ၌ မိုးရွာသွန်းချိန်တွင် သစ်တောများ ပါးလျှသည့်အတွက် ရေထိန်းသစ်တောများ မရှိသည့်အတွက် မိုးရေများမှာ မြစ်တွင်း၊ ချောင်းတွင်းများသို့ အပေါ်ယံမြေလွှာများကိုပါ တိုက်စားစီးဆင်းကြသည်။ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပေသည်။ မြစ်အတွင်းသို့လည်း မြေနုန်းပို့ချမှု များပြားလာပေသည်။ မြစ်ကြမ်းပြင် မြင့်တက်လာ၏။

ဧရာဝတီမြစ်ကို ဒုက္ခပေးသော အခြားတစ်ခုမှာ ရွှေမျောများကိစ္စဖြစ်သည်။ လွန်ခဲ့သော အနှစ်၂၀မှ ၁၀နှစ်အတွင်း၌ ဧရာဝတီတစ်ကြောသာမက မေခတစ်ကြောတွင်ပါ ရွှေမျောများ များစွာ သောင်းကျန်း

ဧရာဝတီမြစ်ကမ်းဘေး၌ သစ်ပုံကြီးများမှာ မြင်မကောင်း
မိုးတားမှ အထက် ဗန်းမော်မရောက်မီအထိ ဤသို့ တွေ့



www.free4readers.com







၂၀၁၂ ခုနှစ်၌ စာရေးသူ
မှတ်တမ်းပြုထားနိုင်ခဲ့သော
စင်ခန်းအနီး ဗူးတောင်းရွာရှေ့မှ
မြစ်တွင်းရွှေမှော်ကြီး
မှော်လှေအစင်း ၃၀၀ ကျော်
မှော်ထိုးနေကြပုံ။
မှော်လှေများအတွက် လိုအပ်သော
ဒီဇယ်နှင့် စက်ပစ္စည်း၊ လူသုံးကုန်များ
လာရောက် ရောင်းချသည့်
မြစ်ကမ်းဘေးယာယီဈေး

ခဲ့သည်။ စာရေးသူ ၂၀၀၈ခုမှ ၂၀၁၂ခု အထိ နှစ်စဉ် နှစ်တိုင်း မန္တလေး-ဗန်းမော် ငါးနှစ်ဆက်နှင့် မြစ်ကြီးနားမှ ချီဖွေသို့ နှစ်နှစ်ဆက်ရောက်ခဲ့သည်။ မင်းကွန်းနှင့် ဗန်းမော်ကြား၌ နေရာ ၃၀ ကျော်တွင် ၂၀၀၉ ခုနှစ်က ကမ်းပါးမှော ၁၀၀ ကျော်၊ ၂၀၁၁ ခုတွင် မှော ၂၀၀ ကျော် မြစ်လယ်သောင်များ၌ လှေဖောင်တို့ဖြင့် လှေတွင် မှော်စင်ထိုးကာ ရွှေကျင်သူဖောင်အရေအတွက် ၂၀၀၉ တွင် ၃၀ ကျော်၊ ၂၀၁၁ ခုတွင် ၇၀ ကျော် တွေ့ခဲ့ရဖူးသည်။ အဆိုးဆုံးကား တတိယမြစ်ကျဉ်းပိုင်းတွင် ရှိသည်။ သပိတ်ကျဉ်းနှင့် မလယ်၊ စမ္ပါနဂို ကြားတွင်ဖြစ်သည်။ ပေသောင်တွင် ဖြစ်ပေသည်။ ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်များ၌ ပေသောင်မှာ မှော်လှေ အစင်း ၄၀ ခန့်ဖြင့် ရွှေစခန်းကြီးအဖြစ် (ဝန်းကျင်တွင် ဗီဒီယိုရုံ၊ ကာရာအိုကေ၊ စားသောက်ဆိုင်၊ အနှိပ်ခန်း) များဖြင့် စည်ကားခဲ့ဖူးသည်။ ထိုနှစ်များဝန်းကျင်မှာ ရွှေမှော်များပြားမှု၌ အဆိုးဆုံးဖြစ်သည်။ ၂၀၁၂ခုနှစ်၌ စာရေးသူသည် နှစ်စဉ်သွားနေကျအတိုင်း မန္တလေး-ဗန်းမော်ခရီးစဉ် သွားဖြစ်ခဲ့ပြန်ရာ ဒုတိယမြစ်ကျဉ်းအထက် ဝက်တိုး၊ နတ်ခုတ်၊ နောင်ပို၊ စင်ခန်းဝန်းကျင်ရှိဗူးတောင်းရွာရှေ့၌မထင်မှတ်ထားသော ရွှေမှော်လှေအစင်း ၃၀၀ ကျော် ကမ်းကို ဦးထိုးကာ မှော်တိုက်နေကြသည်မှာ ထိုအနား၌ ဆူညံသောအင်ဂျင်စက်သံကြောင့် စကားပြောလျှင် အော်ပြောရသည်။ ရွှေမှော်လုပ်သားများ ပျားပန်းခတ်တွေ့ရသည်။ ရွှေမှော်၏ အောက်ဘက် နတ်ခုတ်နှင့် မျက်နှာချင်းဆိုင်တွင် စက်အပိုပစ္စည်းများနှင့် စက်သုံးဆီမျိုးစုံ အရောင်းလှေ ကမ်းဘေးအရောင်းဆိုင်များက များပြားလှသည်။ ရွှေမှော်ထိုးရာနေရာ၌ တိုးကပ်ရန်နေရာမရသဖြင့် နေရာလပ်ပါက ရလိုရငြား စောင့်နေကြသော မှော်လှေ အစင်း ၁၀၀ ခန့်ကလည်း ရှိနေသည်။ ထုံးစံအတိုင်း မှော်များရှိလျှင် ရောက်လာကြသော ကာရာအိုကေဆိုင်၊ အနှိပ်ခန်း၊ စားသောက်ဆိုင်၊ ဗီဒီယိုရုံများကလည်း ထိုအနီး၌ ဈေးတန်းဖြစ်နေပေသည်။





ရွှေမှော်များမှာဧရာဝတီအထက်ပိုင်း မြစ်ကမ်းဘေးများ၌ ရှိရာ ထိုမှော်များမှ ရွံ့နှစ်ရေ၊ နုန်းရေများ မြစ်တွင်းသို့ ကျသည်။ ထို့အတူ မည်သည့်ရွှေမှော်မဆို ရွှေဖမ်းသော ပြဒါးမှ ပြဒါးဆိပ် (လောဘပိုပါက အက်စစ်အပြင်းစား) များ မြစ်တွင်းသို့ ကျပေသည်။ မြစ်ရေညစ်ညမ်းကာ ရေသတ္တဝါများ၏ ဂေဟစနစ်ပျက်ရသည်။

ထိုမြင်ကွင်းကား စာရေးသူအတွက် အမှတ်တရဖြစ်ခဲ့သည်။ ထိုအကြောင်းကို



ပုံများနှင့်တကွ ထိုစဉ်က ကိုမြတ်ခိုင်၏ လျှပ်တစ်ပြက်နှင့်မော်နီတာဂျာနယ်တွင်ရေးခဲ့ရာ နိုင်ငံတော်မှ အရေးယူရှင်းလင်းခဲ့သဖြင့် စာရေးသူကို ရွှေလှေရွှေမှော်သမားများ၏ ခြိမ်းခြောက်မှုပင်ခံခဲ့ရသည်။ ထို့ကြောင့် ထိုမြင်ကွင်း၊ ထိုအကြောင်းအရာကို ခရီးသွားအမှတ်တရတစ်ခုအဖြစ် မှတ်မှတ်ရရ ဖြစ်ခဲ့ရပါသည်။

❖ ❖ ❖

ဧရာဝတီဝန်းကျင်တွင် ဝိသမလောဘသမားများ၏ မတော်မတရား သစ်တောခုတ်မှု၊ ကိုင်းသမားများ၏ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးမှု၊ နည်းလမ်းမမှန် ငါးဖမ်းမှု၊ ရွှေမှော်များထိုးမှု၊ မြစ်ကမ်းဘေးမှ စက်ရုံအလုပ်ရုံများ၏ စည်းကမ်းမဲ့လုပ်ဆောင်မှုတို့ကြောင့် မြစ်ကြောင်းပျက်ရခြင်းကို ယခုအခါ ပြန်လည်ပြုပြင်ထိန်းကျောင်း၍ ဧရာဝတီစည်ပင်ရန် ကြိုးပမ်းနေမှုကား မည်မျှကြာမြင့်ဦးမည်၊ မူလအခြေအနေပြန်ရရန် ဖြစ်မဖြစ်ကား စဉ်းစားစရာပင် ဖြစ်ပါတော့သည်။

နေခဲ့ကြဖူးသည်။ လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုခန့်တွင် ကမ်းလုံးညွတ်မျှသော သစ်ပုံကြီးများမှာ
ည်။





တတိယမြစ်ကျဉ်းအတွင်း ပေသောင်နေရာ၌ ရွှေမှော်များစွာရှိခဲ့စဉ်။
လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက ဖြစ်သည်။

စိန်မျိုးမြင့်

# စရိုက်နှင့် ဝါသနာ

ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)



ယခင်တစ်ပတ်မှ အဆက်

"ဘယ်ခုနှစ်၊ ဘယ်နေ့၊ ဘယ်ရက်ဘယ်လမှာ မွေးတာမဟုတ်လား" ဆိုတာ ပြောနိုင်တယ်နော်။ အဲဒါတော့ သူ့အတတ်ပဲလို့ ပြောရမယ်။ သူ့ကို ဘယ်သူက ပြောပေးတယ်လို့ထင်လဲ၊ များသောအားဖြင့် အဲဒါမျိုးတွေက မွေးထားတဲ့ အကောင်တွေရှိတတ်တယ်။ မွေးထားတဲ့ အကောင်တွေက ကြိုတင်ပြီးတော့ သူ့ကိုဘယ်သူလာ လိမ့်မယ်။ အဲဒီလူက ဘယ်ခုနှစ်၊ ဘယ်လ၊ ဘယ်နေ့၊ ဘယ်ရက်မှာ မွေးတယ်ဆိုတော့ သူကအဲဒါလေးကို စာလေးနဲ့ ရေးပြီးတော့ ဒါ ခင်ဗျားမွေးတဲ့နေ့ မဟုတ်လားတဲ့။ ဟော ဟိုလူက အံ့ဩပြီး အထင်ကြီးကြီးသွားတယ်။ အဲဒီလိုဟာမျိုးလည်းရှိတယ်။ ဒီလိုထူးထူးခြားခြားတွေတော့ ရှိကြမှာပေါ့။ ဒီ့ထက်တော့ ပိုပြီး ထူးခြားမှာမဟုတ်ဘူး။ အံ့ဩဖွယ်ရာလောကဟာ ထူးဆန်းတာတွေတော့ ရှိတာပဲ။ တချို့က ယုံစရာကောင်းတယ်၊ တချို့က ယုံစရာ မကောင်းဘူး။

သို့သော် လောကလူတွေကတော့ သူပြော လူပြောကို ယုံကြတာ။ ကိုယ်တွေ့ကို ယုံတဲ့သူ အင်မတန်နည်းတယ်။ အများပြောလို့ရှိရင် ယုံလိုက်ကြတယ်။ ဟုတ်တယ်လေ။ ယုန်လေးတစ်ကောင်က မြေပြိုလို့ သူပြေးလာပါတယ်ဆိုရင် ကျန်တဲ့သူတွေကလည်း ဟာ ဟုတ်တယ်၊ မြေပြိုတာပဲလို့ ယုံကြတယ်။ တကယ်ပြိုတာ ဟုတ်မဟုတ် လေ့လာဆန်းစစ်ဖို့ မလုပ်ကြဘူး။ မြေပြိုပြိုဆိုတာနဲ့ မြေပြိုသတဲ့၊ မြေပြိုသတဲ့နဲ့ ပြေးကြတာပဲ။ ပြောရုံနဲ့ ယုံကြတယ်။ ဒါ လူရဲ့သဘာဝပဲ။ အများစုက ပြောတာနဲ့ပဲ ယုံလေ့ရှိတယ်။ ဝေဖန်ဆန်းစစ်ပြီးတော့ အမှန်ကို တွေ့အောင်ရှာနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ အင်မတန်မှ နည်းတယ်တဲ့။

အဲဒီ "ပိလိန္ဒဝစ္ဆ" ဟာ ဂန္ဓာရီဝိဇ္ဇာအတတ် တတ်တယ်။ အဲဒီအတတ်ပညာတွေက အိန္ဒိယနိုင်ငံမှာ တစ်ချိန်တုန်းက ထွန်းကားခဲ့တယ်။ ဝိဇ္ဇာမယိဒ္ဓိဆိုတာ တကယ်ရှိခဲ့တယ်ပေါ့နော်။ အဲဒီအတတ်ပညာတွေနဲ့ သူတစ်ပါးစိတ်ကို သိတယ်။ ကောင်းကင်ကို ပျံနိုင်တယ်။ အဲဒီအချိန်မှာ သူက ဘုန်းတန်ခိုးတွေ ကြီးပြီးတော့ သူ့ကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ အင်မတန်မှများတယ်။ အဲဒီအချိန်မှာမြတ်စွာဘုရား ရောက်သွားတယ်။ ဘုရားလည်းကြွလာရော သူကောင်းကင်ပျံလို့လည်း မရဘူး၊ သူများစိတ်ကိုလည်း မသိတော့ဘူး။ အဲဒီမှာ သူစဉ်းစားတယ်၊ ရဟန်းဂေါတမ ရောက်လာကတည်းက ငါ ကောင်းကင်ပျံတက်လို့လည်း မရဘူး။ လူတွေရဲ့စိတ်ကိုလည်း ငါ မသိနိုင်တော့ဘူး။ ငါ ကြားဖူးတယ်၊ စူဠဂန္ဓာရီဝိဇ္ဇာအတတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မဟာဂန္ဓာရီဝိဇ္ဇာကြီးတွေ ရောက်လာလို့ရှိရင် သူတို့က သူတို့အတတ်ပညာတွေဟာ အကုန်လုံးသိမ်းချုပ်ခြင်း ခံလိုက်ရတယ်။ သိမ်းယူခြင်း ခံလိုက်ရလို့ အတတ်ပညာတွေဟာ သုံးလို့ မရတော့ဘူး၊ ဆိုလိုတာကတော့ သူတို့ထက်စွမ်းတဲ့ပုဂ္ဂိုလ် ရောက်လာလို့ပေါ့။

ရဟန်းဂေါတမဟာ မဟာဂန္ဓာရီဝိဇ္ဇာအတတ်တတ်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်လိမ့်မယ်။ သူ့ဆီမှာ ငါက မဟာဂန္ဓာရီဝိဇ္ဇာအတတ် သွားသင်မယ်ဆိုပြီး သွားတာလေ။ ဘုရားဆီ ရောက်တဲ့အခါကျတော့ အေးတို့လို သင်္ကန်းဝတ်ရင်တော့ ပေးမယ်လို့ပြောတော့ သူသင်္ကန်းဝတ်တာပေါ့။ မြတ်စွာဘုရားက ကမ္မဋ္ဌာန်းတရားဟောတော့ အဲဒီကမ္မဋ္ဌာန်းကို မန္တန်ရဲ့ ကျင့်စဉ်တစ်ခုအနေနဲ့ သူကျင့်တာ ရဟန္တာဖြစ်သွားတယ်။ အဲဒီကိုယ်တော်ကို 'ပိလိန္ဒဝစ္ဆ' လို့ ခေါ်တယ်။

သူ့မှာ ဝါသနာအကျင့်ဆိုးကြီးတစ်ခုက ဘာတုန်းဆိုရင် လူမြင်လို့ရှိရင် 'ဝသလ' လို့ခေါ်တဲ့ စကားလုံး၊ သူသုံးတဲ့ စကားလုံးက အင်မတန်မှ ရိုင်းတယ်။ ဝသလဆိုတာ သူယုတ်မာ၊ ငယုတ်မာလို့ပြောတာ။ လူမြင်ရင် ဟေ့ လူယုတ်မာလို့ ခေါ်တာ။ ကဲကိုယ့်ကို လူယုတ်မာလို့ လာခေါ်ရင် ဘယ့်နှယ်နေမလဲနော်။ လောကလူတွေဟာ အကျင့်ကြီးတွေ ပါနေတတ်တယ်၊ သတိထားစရာနော်။ ရဟန္တာဖြစ်ပေမယ့်လို့ သူဟာ နှုတ်ကျိုးနေတာ၊ လူမြင်လိုက်တာနဲ့တစ်ပြိုင်နက် ဟေ့ ငယုတ်မာလို့ ဒီလိုခေါ်တာ။ ဘယ်သူ့ဖြစ်ဖြစ် နှုတ်ဆက်လို့ရှိရင် လူယုတ်မာလို့ခေါ်ပြီး နှုတ်ဆက်တယ်။

အဲဒီလို မဖြစ်နိုင်ဘူး မထင်နဲ့။ ဘုန်းကြီးတို့ကိုယ်တိုင် စစ်ကိုင်းမှာ ဆရာတော်ကြီးတစ်ပါးတွေ့တယ်။ တောအရပ်က ဆရာတော်ကြီးပေါ့။ အဲဒီဆရာတော်ကြီးလည်းပဲ ဒီလိုအကျင့်ရှိတယ်။ လူမြင်လိုက်တာနဲ့ သူက ဘာလုပ်လဲဆိုရင် ဆဲပြီးတော့နှုတ်ဆက်တာ။ "ဟ ကောင်ကြီး၊ မသေသေးဘူးလား"တဲ့။ ဘယ်သူ့ဖြစ်ဖြစ် 'ငါမသား' မသေသေးဘူးလားနဲ့ နှုတ်ဆက်တာ။ သူနှုတ်ဆက်တာက မသက်သာဘူးလေ။ ဘယ်သူ့ဖြစ်ဖြစ် သူနှုတ်ဆက်ရင် ဘယ်တော့မှ ချိုချိုသာသာ နှုတ်ဆက်တာ မမြင်ဘူး၊ ဆဲပြီးတော့ နှုတ်ဆက်တာ။ အဲဒီကိုယ်တော်ကြီးကို တွေ့ဖူးတယ်၊ ဆဲနှုတ်ဆက်တာ။

> မဟုတ်တာ လုပ်ထားတဲ့ ပုဂ္ဂိုလ်က
> ဟာ-ငါ့ပြောနေပြီဆိုပြီးတော့
> ရင်ထဲမှာ ဒိတ်ခနဲ ဆိုတာလေးတော့
> ရှိမှာပဲပေါ့ ...

အဲဒီတော့ အဲဒီလို ဒီ ရှင်ပိလိန္ဒဝစ္ဆကလည်းပဲ လူမြင်လိုက်တာနဲ့ လူယုတ်မာလို့ သူကပြောတယ်။ တစ်ခါတုန်းက အဖြစ်အပျက်တစ်ခုရှိတယ်။ လှည်းသမားတစ်ယောက် ဈေးသွားရောင်းမလို့ ပိတ်ချင်းသီးတွေကို လှည်းနဲ့တင်လာတယ်။ ရှင်ပိလိန္ဒဝစ္ဆနဲ့ တိုးတဲ့အခါကျတော့ ရဟန္တာပေမယ့် သူက အငြိမ်မနေဘူး၊ ဝါသနာ။ 'ဟဲ့-ငယုတ်မာ၊ လှည်းနဲ့ ဘာတွေတိုက်လာတုန်း'၊ ဟိုလူကလည်း အချောင် ငယုတ်မာလို့ အခေါ်ခံလိုက်ရတော့ ဘယ်ကြိုက်မလဲ။ အဲဒါနဲ့ ဘုပြောတဲ့အနေနဲ့ သူက ပြောလိုက်တာ။ ကြွက်ချေးတွေကိုယ်တော်လို့ ပြောလိုက်တယ်။ အဲဒီတော့ 'ကြွက်ချေးဆိုလည်း ကြွက်ချေးပေါ့ဟယ်'တဲ့။ ဈေးရောက်တော့ အဲဒီ ပိတ်ချင်းသီးတွေက အကုန် ကြွက်ချေးတွေဖြစ်နေတယ်။ အဲဒီကျတော့မှ ငိုချင်းချပြီး ဟာ ငါသယ်လာတုန်းက ပိတ်ချင်းသီးတွေပါ၊ အခု ဈေးရောက်တော့ ဘယ့်နှယ်ကြောင့် ကြွက်ချေးတွေဖြစ်ကုန်တာလဲဆိုတော့ အကြောင်းသိတဲ့ ဒကာတစ်ယောက်နဲ့ တွေ့တဲ့အခါ မေးတယ်။ "မင်း လမ်းမှာ ဘယ်သူနဲ့ တွေ့ခဲ့တုန်း"ဆိုတော့ "ဟာ ဟိုအပြောဆိုးတဲ့ ကိုယ်တော်ကြီးတစ်ပါးနဲ့တွေ့ခဲ့တယ်။ အဲဒီအပြောဆိုးတဲ့ကိုယ်တော်ကြီးက ဟဲ့-ငယုတ်မာ၊ နင့်ပေါ် ဘာတွေတုန်းလို့မေးတော့ ကျုပ်လည်းစိတ်တိုတာနဲ့ ကြွက်ချေးတွေလို့ ပြောလိုက်မိတယ်"။ "ဒါဆို ရှင်ပိလိန္ဒဝစ္ဆနေမှာ၊ မင်း ဒီတစ်ခါမေးရင် ရိုရိုသေသေပြော၊ အဲဒီလမ်းအတိုင်း မှန်မှန်ကန်ကန် ပြန်မောင်းသွား" ရှင်ပိလိန္ဒဝစ္ဆနဲ့ ပြန်တိုးပြန်တယ်။ ပြန်တိုးတဲ့အခါ မေးပြန်တယ်။ "ဟဲ့-ငယုတ်မာ၊ ဘာတွေ သယ်လာတာလဲ"၊ "မှန်ပါ့ဘုရား၊ ပိတ်ချင်းသီးတွေပါဘုရား"ဆိုတော့ "အေး-ပိတ်ချင်းသီးဆိုလည်း ပိတ်ချင်းသီးပေါ့"တဲ့။ အဲဒီတော့မှ ပိတ်ချင်းသီး ပြန်ဖြစ်သတဲ့။

ရဟန္တာတောင်မှပဲ ဝါသနာမစွန့်ဘူး။ ဒါက စာထဲမှာ ပါတာ။ စာထဲမှာမပါဘဲနဲ့ လူပြောသူပြော ပြောနေကြတာလေးတစ်ခုရှိသေးတယ်။ ရှင်သာရိပုတ္တရာနဲ့ ပတ်သက်တာ။ ဒါက စာထဲမှာ ပါတဲ့ဟာလည်း မဟုတ်ဘဲ ဘယ်သူကကြံဖန်ပြီး ပြောသလဲမသိဘူး။ ဆွမ်းစားပင့်တာ၊ လမ်းမှာ ရေအိုင်လေးတွေ၊ ရေပွက်လေးတွေ တွေ့တော့ ရှင်သာရိပုတ္တရာက ခုန်ခုန်ပြီးတော့ သွားတယ်ဆိုလား။ ပထမရေတစ်ကွက် ခုန်သွားတယ်၊ နောက်ကလိုက်လာတဲ့ ဒကာက "ဟင်၊ ရဟန္တာဆိုပြီး ကျွေမရပါလား၊ ဒီတစ်ခါခုန်ရင် ဆွမ်းစားမပင့်တော့ဘူး"၊ အဲဒီလိုစိတ်ပေါ်သွားတဲ့အခါကျတော့ နောက်တစ်ကွက်ကျ မခုန်တော့ဘူးတဲ့။ ဒါကတော့ စာထဲပါတာ မဟုတ်ပါဘူး၊ ဘယ်သူကနေ လျှောက်ပြောသလဲတော့ မသိဘူး။ သို့သော် ရဟန္တာမပယ်ဘူးဆိုတာတော့ မှန်တယ်ပေါ့။ ရှင်သာရိပုတ္တရာနဲ့ ပတ်သက်တဲ့စာထဲမှာပါတဲ့ မှတ်တမ်းတွေက အင်မတန်ကောင်းပါတယ်။

ရှင်သာရိပုတ္တရာဟာ အများပေါ်မှာ အင်မတန်မှုကြင်နာတယ်။ ရှင်သာရိပုတ္တရာဟာ ထိပ်တန်းသာဝကကြီးတစ်ပါးပဲ။ သို့သော် ရဟန်းတော်တွေပေါ်မှာ အလွန်ကြင်နာတယ်။ နံနက်ဆွမ်းခံဝင်ပြီဆိုရင် တခြားပုဂ္ဂိုလ်တွေက ကိုယ့်ဘာသာကိုယ် ဆွမ်းခံဝင်သွားကြသော်လည်း ရှင်သာရိပုတ္တရာမထေရ်မြတ်က အဲဒီလို မလုပ်ဘူး။ တစ်ကျောင်းလုံး လှည့်ပတ်ကြည့်တယ်။ လှည့်ပတ်ကြည့်ပြီး တံမြတ်စည်းမလှဲရသေးဘူးဆိုရင် လှဲထားခဲ့တယ်။ သင်္ကန်းတွေမခေါက်ဘဲနဲ့ ကိုးရိုးကားရားလုပ်ထားခဲ့တယ်ဆိုရင် ခေါက်ပေးထားခဲ့တယ်။ အဲ နေမကောင်းထိုင်မသာတဲ့ ကိုယ်တော်တွေတွေ့လို့ရှိရင် ဝင်ပြီး နဖူးလေးစမ်းမေးလို့ ဘာစားချင်တုန်းမေးပြီး ဟော-ကျွေးမွေး စောင့်ရှောက်တယ်။ ဒါ ရှင်သာရိပုတ္တရာ လုပ်ရိုးလုပ်စဉ်တစ်ခုပဲ။ အင်မတန်မှ စိတ်နေသဘောထားနူးညံ့တယ်။

ရှင်မောဂ္ဂလာန်ကျတော့ အဲဒီလို မဟုတ်ဘူး၊ ဝါသနာပါတာကိုပဲ ကြည့်ဦး။ ရှင်သာရိပုတ္တရာက ပညာမှာ ဝါသနာပါတယ်။ ဘယ်အရာပဲဖြစ်ဖြစ် စူးစူးစမ်းစမ်း ဆင်ခြင် စဉ်းစားတတ်တယ်။ ရှင်မောဂ္ဂလာန်ကျတော့ အဲဒီလို မဟုတ်ဘူး၊ သမာပတ်တွေ ဝင်စားပြီး၊ သမာဓိစွမ်းအားတွေလုပ်ပြီး တန်ခိုးပဲ ဖန်ဆင်းနေတာ သူ့ဝါသနာ။ အဲဒီတော့ တန်ခိုးဖန်ဆင်းတယ်ဆိုတဲ့ ပုဂ္ဂိုလ်က အမျိုးမျိုး လုပ်ကြည့်နေတာပဲလေ။ ရှင်မောဂ္ဂလာန်ကတော့ နည်းနည်းစိတ်တိုတဲ့သဘော ရှိတယ်ပေါ့။

ဒေါသနဲ့ စိတ်တိုတာတော့ မဟုတ်ဘူး၊ ဝါသနာအရ သူကစိတ်ဆတ်တဲ့ ပုဂ္ဂိုလ်လို့ ထင်ရတယ်။ တစ်ခါတုန်းက မြတ်စွာဘုရား ဩဝါဒပါတိမောက် ဂါထာတွေကိုရွတ်ဆိုပြီး ဩဝါဒပေးတယ်။ သံဃာတွေအားလုံး စုဝေးရောက်ရှိနေတယ်။ မြတ်စွာဘုရားက တရားပလ္လင်ပေါ်မှာထိုင်ရင်း ဩဝါဒမပေးဘဲနဲ့ ငြိမ်နေလိုက်တာ ပထမယာမ် ကုန်သွားတယ်၊ ရှင်အာနန္ဒာက "အရှင်ဘုရား၊ ထိုင်နေတာကြာပါပြီ၊ သံဃာတွေ ဩဝါဒပေးတော်မူပါ" ဆိုတော့ ဘာမှမပြောဘူး၊ ငြိမ်နေတယ်။ သန်းခေါင်ကျော်သွားတယ်။

အဲဒီတော့ ရှင်အာနန္ဒာက တစ်ခါထပ်လျှောက်တယ်။ နောက်ဆုံး ပစ္ဆိမယာမ် မိုးလင်းခါနီးရောက်တဲ့အခါ ရှင်အာနန္ဒာက "အရှင်ဘုရား၊ မိုးလင်းတော့မှာပါဘုရား၊ သံဃာတွေ တစ်ညလုံးထိုင်နေရတာ ဩဝါဒပေးပါ"ဆိုတော့ တစ်ခွန်းတည်းပဲ ပြောတယ်။ "ပရိသတ် မစင်ကြယ်ဘူး"။

အဲဒီတော့ ကျန်တဲ့ကိုယ်တော်တွေကတော့ ဒီအတိုင်း ငုတ်တုတ်ထိုင်နေကြတာ၊ ရှင်မောဂ္ဂလာန်က ထသွားလိုက်တယ်။ ပရိသတ်မစင်ကြယ်ဘူးလို့ ဆိုလိုက်တာနဲ့ သူက စေတောပရိယအဘိညာဉ်နဲ့ ကိုယ်တော်တွေရဲ့စိတ်ကို လေ့လာစူးစမ်းတယ်။ မဟုတ်တာ လုပ်ထားတဲ့ ပုဂ္ဂိုလ်က ဟာ-ငါ့ပြောနေပြီဆိုပြီးတော့ ရင်ထဲမှာ ဒိတ်ခနဲ ဆိုတာလေးတော့ ရှိမှာပဲပေါ့။ ပရိသတ်မစင်ကြယ်ဘူးလို့ ဆိုလိုက်ကတည်းက သူ့စိတ်ထဲမှာတော့ ဟုတ်လား။ ငါ့ကို ဘုရားသိသွားပြီလို့ဆိုပြီး ရင်ထဲမှာ ဖုတ်လှိုက်ဖုတ်လှိုက်တော့ ဖြစ်နေမှာပဲ။ အဲဒါ ရှင်မောဂ္ဂလာန် တွေ့သွားတယ်။ တွေ့သွားတော့ သူ့နားသွားပြီးတော့ ပခုံးကိုလက်ကလေးနဲ့ တို့ပြီးတော့ "ငါ့ရှင်၊ ဘုရားက မြင်နေပြီ၊ ဒီထဲမှာ မနေနဲ့၊ ထွက်" ဟိုကိုယ်တော်က ငုတ်တုတ်ထိုင်နေတယ်။ ဘာမှမပြောဘူး မသိချင်ယောင်ဆောင်နေတယ်။ အဲဒီကျတော့ တံခါးပေါက်ထိအောင် ဆွဲခေါ်သွားတာ။ ဆွဲခေါ်သွားပြီးတော့ အပြင်ဘက်ကို တွန်းထုတ်ပြီး အထဲက ဂျက်ထိုးထားလိုက်တယ်။ ဂျက်ထိုးထားပြီးတော့မှ မြတ်စွာဘုရားကို "အရှင်ဘုရား၊ ပရိသတ်စင်ကြယ်ပါပြီ ဘုရား"တဲ့။ ဩဝါဒကထာ မိန့်ကြားတော်မူပါလို့။ ဒါလည်း မှတ်တမ်းထဲမှာ ရှိတာပဲ။ အဲဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေကိုလည်း သူတို့ရဲ့ဝါသနာစရိုက်ကလေးတွေနဲ့ အကဲခတ်လို့ရတယ်လို့ ပြောလို့ရတယ်ပေါ့နော်။

တစ်ပါးနဲ့တစ်ပါး ဝါသနာလေးတွေ မတူကြဘူး။ အဲဒီတော့ ကောင်းတဲ့ ဝါသနာပါရင်တော့ ကောင်းတာပေါ့။ မကောင်းတဲ့ ဝါသနာ၊ မကောင်းတဲ့ စရိုက်ကြီးတွေ အကျင့်ပါလာရင် ရဟန္တာတောင် ရုပ်ပျက်ဆင်းပျက် ဖြစ်တတ်သေးတယ်နော်။ အဲဒါကြောင့်မို့ ကောင်းတဲ့စရိုက်ကလေးတွေကိုသာ မွေးမြူပြီးတော့ မကောင်းတဲ့ စရိုက်တွေကို ဆက်လက်ပြီးတော့ ထိန်းသိမ်းမထားဘဲနဲ့ ဖယ်ရှားဖို့ အင်မတန်မှ အရေးကြီးပါတယ်တဲ့။ ဒါရဟန္တာတောင် ဝါသနာ မစွန့်နိုင်ဘူးဆိုတာနဲ့ ပတ်သက်တဲ့ သာဓကတွေပေါ့။

စာမျက်နှာ (၂၆) သို့

www.free4readers.com



# မဲဆောက်တစ်ခေါက် ရောက်ခဲ့တယ်

သောင်းဝေဦး

မရောက်တာကြာပြီဖြစ်တဲ့ မြဝတီကို စာပေကိစ္စနဲ့ နိုဝင်ဘာ ၁၅ ရက်က ထွက်ခဲ့တယ်။

မြဝတီကို ၂၀၁၇ ဒီဇင်ဘာလက နောက်ဆုံးရောက်ပြီး အဲ့ဒီနောက် မရောက်တော့ဘူး။ မြဝတီစာပေ ဥက္ကဋ္ဌ ကိုသက်ဦးနဲ့လည်း အဆက်အသွယ် ပြတ်သွားတာကြာပြီ။ တစ်နှစ်နီးပါးရှိပြီထင်ရဲ့။ ပြီးခဲ့တဲ့ နိုဝင်ဘာလဆန်းက သူဖုန်းဆက်လို့ အဆက်အသွယ် ပြန်ရတယ်။ ဒါနဲ့ မြဝတီကို ပြန်သွားဖို့ ဖြစ်လာတယ်။ သူကလာခဲ့ပါတဲ့။ မြဝတီ စာပေချစ်သူတွေနဲ့ စာပေစကားဝိုင်းလေး လုပ်ကြမယ်တဲ့။

ဒါနဲ့ နိုဝင်ဘာ ၁၅ ရက်မှာ အိမ်ကကားနဲ့ သားတော်မောင် ကိုကျော်သောင်းဝေကို မောင်းခိုင်းပြီး မြဝတီကို ထွက်ခဲ့ကြတယ်။ ကားပေါ်မှာတော့ မကြာမီ လေးငါးရက်က မှ ထွက်ထားတဲ့ ကျွန်တော်ရဲ့ "စစ်သားဘဝ အမှတ်တရများ ပေါင်းချုပ်-၂" စာအုပ်ကြီးရယ်၊ သူ့အရင် တစ်လလောက်စောထွက်ထားတဲ့ ပေါင်းချုပ်-၁ရယ်၊ တိုက်ပွဲဝင် တပ်မှူးကြီးများရဲ့ "ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး" စာအုပ်များ တတိယတွဲမှသည် နဝမတွဲအထိရယ်။ အရင် ကျွန်တော်ရေးထားတဲ့ တိုက်ပွဲစာအုပ်တွေရယ်။ စာအုပ် လေး၊ ငါးသေတ္တာလောက် တင်ပြီးယူလာခဲ့တယ်။

ပဲခူးရောက်တော့ မနက် ကိုးနာရီရှိပြီ။ သဇင်(၂) စာပေက မအေးအေးမော်နဲ့ တွေ့တော့ စစ်သားဘဝ အမှတ်တရများ ပေါင်းချုပ် ၁/၂ တစ်မျိုးငါးအုပ်စီ ယူလိုက်တယ်။ Regular Customer ပါ။ မြရတနာ စာပေက ထွက်သမျှ စာအုပ်အားလုံးကို အမြဲတမ်း Cash down ဝယ်နေကျ။ အားပေးနေကျ။

ပဲခူးက ၉ နာရီခွဲလောက် ထွက်တယ်။ မော်လမြိုင်က စာရေးဆရာ ရဲမင်းစိုး(ဗိုလ်မှူးစိုးမြင့်၊ ညွှန်မှူး။ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)က invite လုပ်ထားလို့ မော်လမြိုင်ရောက်တော့ လှမ်းပြီးရောက်ကြောင်း ပြောရတယ်။ နေ့လယ် ၁ နာရီခွဲပြီ။ သထုံ အထွက်မှာ ကထိန်လှည့်နေတာနဲ့ကြုံလို့ ကားရပ်စောင့်နေရတာ နာရီဝက်ကျော်တယ်ဗျာ။ သောက်ကျိုးနည်း သထုံမြို့တွင်းလမ်းတွေကလည်း ကျဉ်းဗျာ။ ကားနှစ်စီး ရှောင်မရ တိမ်းမရနဲ့။ အဲ့ဒါကြောင့် မော်လမြိုင် အရောက် နောက်ကျသွားရော။

ဗိုလ်မှူးစိုးမြင့်က "ဘုန်းကြီးစားရိပ်သာ" မှာ နေ့လယ်စာ Lunch နဲ့ ဧည့်ခံပါတယ်။ မတွေ့တာကြာလို့ တွေ့ကြတာပါပဲ။ တပ်ထဲမှာ မဆုံခဲ့ဘူးပါ။ အပြင်ရောက်မှ စာပေနဲ့ ပတ်သက်ပြီး သိကြတဲ့ စာပေမိတ်ဆွေပါ။ သူက "ရဲမင်းစိုး"ဆိုတဲ့ ကလောင်အမည်နဲ့ စာအုပ် လေး၊ ငါးဆယ်အုပ် ထွက်ပြီးပြီ။ စာရေးကောင်းပါတယ်။ ရသစာပေတွေရေးတယ်။ ကဗျာလည်းရေးတယ်။ စစ်ဝတ္ထုတွေလည်း ရေးတယ်။ သင်ခန်းစာယူသင့်တဲ့တိုက်ပွဲ မှတ်တမ်းတွေနဲ့ တိုင်းရင်းသားချစ်ကြည် ရေးနဲ့ ငြိမ်းချမ်းရေးဦးစားပေးတဲ့ စာတွေရေးဖို့ အကြံပြုခဲ့ပါတယ်။

သူက လက်ရှိ ဝန်ထမ်း၊ ရာထူးက ကြီးကြီး၊ တာဝန်ကများများမို့ စကားနည်းနည်း ပဲပြောပြီး အရေးကြီး အစည်းအဝေးကို ထွက်သွားရတယ်။ တွေ့ရတော့လည်း အမှတ်တရ ရှိတာပေါ့လေ။

Lunch စားပြီး ကျော်ကျော်စာပေ ရောက်တော့ ညနေ ၃ နာရီထိုးပြီ။ ကိုကျော်ကျော်ရဲ့ သမီးကြီးဆိုင်ထိုင် အပျိုကြီးမမက စာအုပ်သုံးသိန်းခွဲဖိုးလောက် ဝယ်တယ်ဗျာ။ Cash down ပါပဲ။ ကျေးဇူးတင်ပါတယ်။ ညနေ ၄ နာရီကျော်ကျော်မှာ ကျိုက်မရောလမ်းက ဗိုလ်မှူးကြီး စောလှထွန်းအိမ်ကို ရောက်သွားပြီး တစ်ညခေတ္တ အခြေပြုပါတယ်။

ကိုစောလှထွန်းနဲ့က ၁၉၈၄ ခုနှစ်က တည်းက သိခဲ့ကြတာ။ အဲဒီတုန်းက သူက ကျိုင်းတုံဗျူဟာကျိုသရီး ကိုယ်က ရှေ့တန်းတပ်မ (၈၈)က ဂျီတူး၊ နောက်တော့ ၁၉၉၃ မှာ သူက ခလရ(၄) တပ်ရင်းမှူး၊ ကိုယ်က တပ်မ (၃၃) က ဗျူဟာမှူး မြင်းခြံခရိုင် ကျောက်တစ်လုံးဆည်အတူ ဆောက်ခဲ့ကြတာ။ တစ်နှစ်လောက် လုပ်ရမယ့်ဟာကို နှစ်လလောက်နဲ့ ပြီးအောင် လုပ်နိုင်ခဲ့ကြလို့ ကျွန်တော်တို့ တစ်တွေ ကျောက်တစ်လုံး Hero တွေ ဖြစ်ခဲ့ကြတယ်။

အခုလည်း ကိုစောလှထွန်းက "မော်လမြိုင်မှာ သူတစ်ယောက်တည်းပါ။ သူ့အိမ်မှာ တည်းပါ"လို့ invite လုပ်လို့ တစ်ညဝင်တည်းပြီး သူနဲ့ ရှေးဟောင်းနှောင်းဖြစ် ပြောဖြစ်ကြပါတယ်။ သူ့ဇနီးသည် ဒေါ်ခင်မေဝင်း ခေါ်အင်းလျားက မနှစ်ကဆုံးသွားပြီ။ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိတာ သမီးက ကြည်းတပ်က တပ်ရင်းမှူးကတော်။ သားက ရေတပ်ကဗိုလ်ကြီး။ ဒါ့ကြောင့် ကိုစောလှထွန်းက မော်လမြိုင်က အိမ်ကြီးကြီးမှာ တစ်ယောက်တည်းမို့ ဖော်မဲ့တစ်ကိုယ် လွမ်းစိတ်ပိုနေတာ။

နောက်တစ်နေ့ နိုဝင်ဘာ ၁၆ ရက်မှာ မော်လမြိုင်မှ ဘားအံကို ထွက်ခဲ့တယ်။ ကိုစောလှထွန်းကလည်း ကျွန်တော်တို့နဲ့အတူ ပါလာတယ်။ မြဝတီမှာသူက ကြိုပြီး Hotel Booking လုပ်ထားတယ်။ သူက Sponsor ပေါ့။ ပြီးတော့ မြဝတီက စာပေစကားဝိုင်းလည်း Participate လုပ်ဖို့ရှိတယ်။

ဘားအံကို မနက် ၉ နာရီလောက် ရောက်တယ်။ ဦးဆောက်ပန်းစာပေက ကိုဇော်ဇော်နဲ့တွေ့တော့ စာအုပ်တွေ နှစ်သိန်းဖိုးလောက် ဝယ်ပါတယ်။ သူလဲ Regular Customer ပါပဲ။

ကိုဇော်ဇော်ကို ဗိုလ်မှူးကြီးစောလှထွန်းနဲ့ မိတ်ဆက်ပေးတော့ အာလာပ သလ္လာပ ပြောကြရင်းနဲ့ ကိုဇော်ဇော်က ယခင်ကချင် (၅)တပ်ရင်းမှူးဟောင်း ဗိုလ်မှူး မျိုးနောင်ရဲ့ သမက်မှန်း သိသွားတော့ သူတို့နှစ်ယောက် ပြောစရာစကားတွေ အများကြီး ရသွားကြတယ်။ အဲ့ဒီ ၁၉၈၀ ပြည့်လွန်နှစ်များက ဗိုလ်မှူးကြီး စောလှထွန်းက ကျိုင်းတုံ ဗျူဟာကျိုသရီး ဖြစ်နေပါပြီ။ ကိုဇော်ဇော်ရဲ့ ဇနီး ကိုမျိုးနောင် သမီးကြီးက အဲ့ဒီတုန်းက ကျောင်းသူလေးပေါ့ဗျာ။ ကိုစောလှထွန်းက စာလည်း ရေးတယ်။ ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေးစာအုပ် Series မှာ သူ့ဝတ္ထုတွေ အုပ်တိုင်းလိုလိုမှာ ပါပါတယ်။ စစ်သားစာရေးဆရာ "ရွှေကူမောင်စော"ပါ။

ကိုဇော်ဇော်နဲ့ စကားဖြတ်ပြီး ဘားအံက ထွက်ခဲ့ကြတယ်။ သာမညကျော်ပြီး လာတော့ လမ်းမကောင်းတော့ဘူးဗျာ။ ဖုန်တွေထနေတဲ့ Asia High Way ကြီး ဖြစ်နေတယ်။ မနှစ်က တရုတ်ကုမ္ပဏီကြီးတစ်ခုက တာဝန်ယူပြီး လုပ်နေတာ။ တရုတ်အင်ဂျင်နီယာတွေနဲ့ အခုတော့ ဘာတွေဖြစ်ပြီး ဘယ်လိုတွေ ဖြစ်မှန်း မသိတော့ဘူး။ တရုတ်ကုမ္ပဏီကြီးရောသူ့လက်ခွဲကုမ္ပဏီလေးတွေပါ ပြေးကုန်ကြပါပြီ။ တကယ်တော့ ဒီ ၁၅ မိုင်/မိုင် ၂၀ လောက်က လမ်းဟောင်းခဲ့တာပဲဗျာ။ တစ်နှစ်၊ နှစ်နှစ်နဲ့ ပြီးရမှာပါ။ အခုတော့ မပြီးဘူး။ ရတဲ့ငွေထုတ်ပြီး လစ်ကြပြီလား။ ဒါမှမဟုတ် ကုမ္ပဏီကြီးက လက်ခွဲတွေ လက်လွှဲရောင်းပြီး ပြေးပြီလား မသိပါဘူး။ ကားတွေဖုတ်တထောင်းထောင်းနဲ့ မောင်းနေရတာကတော့ အရသာဆိုးတာ အမှန်ပါ။ သန်းထွန်းလေးရဲ့ မမေ့သောအညာသီချင်းထဲကလို ဖုန်လုံးကြီးတွေ တလိမ့်လိမ့်တက်ခါ မြင်ယောင်သေးတော့သည် ဖြစ်နေပါပြီ။

ကရင်ပြည်နယ် အစိုးရမှ ပစ်မထားဘဲ အမြန်ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်ဗျာ။

ကော့ကရိတ်ကျော်တော့ လမ်းကောင်းပါပြီ။ ယိုးဒယားဖောက်တဲ့ ဒေါနတောင်ကျော်လမ်း အလွန်ကောင်းပါတယ်။ ဒီလမ်းပြီးခါစက စောဆန်းအောင်နဲ့ ကျော်သက်တို့ရဲ့ DKBA ခွဲထွက်အဖွဲ့က မဆီမဆိုင် ကားလမ်းပေါ်မှာ နေရာ ရှစ်နေရာလောက်ခွဲပြီး ကားတစ်စီး ၂၀၀၀ စီ ဆက်ကြေးကောက်လို့ ပေးခဲ့ရပါတယ်။ ဘားအံကလာတဲ့ ကရင်ပြည်နယ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း ခေါင်းဆောင်တဲ့ မြဝတီဘုရားထီးတင်မယ့် ကားတန်းကိုတားပြီး ပိုက်ဆံကောက်တော့ ပိုက်ဆံကောက်တဲ့ စောဆန်းအောင်ရဲ့ ရဲဘော်တွေနဲ့ ဘုန်းကြီးတွေ အချေအတင် ဖြစ်ကြပြီးနောက်ရက်အနည်းငယ်ကြာတော့ ဒီ DKBA ခွဲထွက်တွေကို တပ်နဲ့ BGF ပေါင်းတိုက်ထုတ်လိုက်ကြတာ စောဆန်းအောင်တို့ ဖနောင့်နဲ့ တင်ပါးတစ်သားတည်းနေအောင် ပြေးကြပါလေရော။ အခုတော့ သွားရလာရတာ အေးချမ်းနေပါပြီ။ စောဆန်းအောင်တစ်ယောက်လည်း DKBA လိုလို၊ KNU လိုလိုနဲ့ သင်းကွဲမျောက်လို ယောင် ဝ၀ ဖြစ်နေပါပြီ။ ဟိုတစ်လောက MNDAA က ဖုန်ကြားရှင်နဲ့တောင် သွားတွေ့သေးတယ်တဲ့။ FB မှာ မြင်လိုက်ရတာ။ ပီပြင်တဲ့ အရောင်အသွေး မရှိဘဲ သေနတ်ကိုင်နေရင်တော့ ဓားပြပဲဖြစ်မှာပေါ့။ ဘယ်တော်လှန်ရေးသမားဖြစ်လာမှာလဲ။ ထားပါဗျာ။ ဒါက ကြုံတုန်း ရေးလိုက်တာပါ။

မြဝတီကို နေ့လယ် ၁ ချက်တီးလောက်မှ ရောက်တယ်။ ဘားအံနဲ့ ကော့ကရိတ်ကြားက လမ်းမကောင်းလို့ ကြာနေတာ။

မြဝတီကုန်သွယ်ရေးဇုန်မှာ ဗိုလ်မှူးကြီး စောလှထွန်း တပည့်နှစ်ယောက်က စောင့်နေပြီး နေ့လယ်စာနဲ့ ဧည့်ခံပါတယ်။ ဗိုလ်မှူးကြီး စောလှထွန်းက နယ်စပ်ဒေသကုန်သွယ်ရေးညွှန်မှူးနဲ့မြဝတီမှာနေခဲ့ဖူးသေးတာကိုး။

ကျွန်တော်တို့ ကားရပ်တော့ သူ့တပည့်နှစ်ယောက်အနက် တစ်ယောက်က -

"အဘ ကျွန်တော့် မှတ်မိလား"တဲ့။

"ဘယ်သူပါလိမ့်"

"ကျွန်တော် Y.C.D.C ဈေးများဌာနက သန်းဦးပါ"တဲ့။

"ဩော်"

ကိုသန်းဦးက Y.C.D.C မှာ ကျွန်တော်ရှိစဉ်က ဈေးများဌာနက ဌာနစုမှူးကိုး။ အခုတော့ မြဝတီမှာ စားသောက်ဆိုင်နဲ့ KTV ဖွင့်ပြီးနေတယ်။ နေ့လယ်စာအပြင် သူတို့က အဲဒီနေ့က ညစာပါ ကျွေးပါတယ်။ နောက်ရက်မှာလည်း ညစာကျွေးပါသေးတယ်။ စီးပွားရှာတာလည်းရှာပေါ့။ ရတဲ့ငွေ စုဆောင်းပြီး ဒါ့ထက် ကောင်းတဲ့ လုပ်ငန်းလေးတွေ ရှာလုပ်ဖို့ မှာခဲ့ရပါတယ်။ သူလည်းတပ်ထွက်။ ကျွန်တော့် သူငယ်ချင်း ဒုဗိုလ်မှူးကြီးသောင်းတင်ရဲ့ ခလရ(၂၁)က။ Gun Shot နဲ့ ထွက်လာတာ ထွက်ပြီး Y.C.D.C ရောက်လာတာ။

မြဝတီမှာ Myawaddy Hotel မှာ တည်းကြပါတယ်။ မြဝတီစာပေ ဥက္ကဋ္ဌ ကိုသက်ဦးနဲ့တွေ့ပြီး ညမှာစာပေစကားဝိုင်းလေးလုပ်ဖို့ ညှိနှိုင်းပါတယ်။ စကားဝိုင်းလည်းလုပ်ရင်း ပါတဲ့စာအုပ်လေးတွေလည်း ရောင်းရင်းပေါ့။ ၂၅ ရာခိုင်နှုန်း လျှော့ပြီးရောင်းမယ်။ လက်မှတ်လည်း ထိုးပေးမယ်ပေါ့။

ညနေပိုင်း စာပေစကားဝိုင်း မစမီ အရှေ့ဘက်ကမ်း မဲဆောက်သွားကြဖို့ ကိုစောလှထွန်းနဲ့ ပြောဖြစ်တယ်။ မဲဆောက်မရောက်တာကြာပြီ။ နှစ်နှစ်လောက်ရှိပြီ။ ဒါ့ကြောင့် ရောက်တုန်းရောက်ခိုက် သွားကြည့်လိုက်ပါဦးမယ်။

ခုတစ်လော ယိုးဒယားဘက် ရောက်တဲ့ ဗမာတွေ အဖမ်းခံရလို့ ခဏခဏ ပြန်လာနေကြတာ ကြားနေရတယ်။ ဟုတ်မယ်၊ ဟိုတုန်းက မနက် မနက် တံတားထိပ်မှာ ဟိုဘက်ကမ်းသွားမယ့်လူတွေ တန်းစီနေတာ ရာနဲ့ချီပြီးရှိတယ်။ အခု မတွေ့ဘူး။ ပြန်လာတဲ့လူတွေကိုသာ တွေ့နေရတာ။

ဟိုဘက်ကမ်း ကူးဖို့ ရင်းနှီးတဲ့ ကားပိုင်ရှင် ကိုချစ်ဝိုင်းကို လှမ်းခေါ်တော့ ရောက်လာတယ်။ သူက တပ်ထွက်။ ဒီမှာနေတာကြာပြီ။ ဆယ်စုနှစ်သုံးခုကျော် လောက်ရှိပြီထင်ရဲ့။ သူနဲ့တွေ့တော့-

"အဘရဲ့ ကျွန်တော် ဟိုဘက်ကိုသိပ်မသွားတော့ဘူး။ ကားသင်းဥက္ကဋ္ဌ တာဝန်နဲ့ တုန်းက စကားသုံး၊ လေး၊ ငါးခါ မျှားပြီးပြီ။ ဒီကောင်တွေက တအားလူပါးဝတယ် ညစ်တယ်။ ဒီဘက်က ဆေးပေါ့လိပ်လေးတစ်စည်းတောင် သူတို့ဘက် သယ်ခွင့်မရှိဘူး။ သူတို့ဆီကတော့ ကုန်တွေ နေ့စဉ်ကားအစီးရာနဲ့ချီပြီး ဝင်နေတယ်"

ဆက်လက်ဖော်ပြပါမည်။



မဲဆောက် ဦးအောင်ဇေယျ နတ်နန်းရောက် စာရေးသူနဲ့ ဗိုလ်မှူးကြီးစောလှထွန်း

> ကော့ကရိတ်ကျော်တော့ လမ်းကောင်းပါပြီ ယိုးဒယားဖောက်တဲ့ ဒေါနတောင်ကျော် လမ်းအလွန်ကောင်းပါတယ် . . . ”

# ပြည်တွင်းစစ်က ပေးတဲ့ဝေဒနာ



နှင်းမောင်ဦး



'အစားမတော် တစ်လုပ်၊ အသွားမတော် တစ်လှမ်း' ဆိုသည့် မြန်မာ ဆိုရိုးစကား တစ်ခုရှိသည်။ ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်း တတိယအများဆုံးရှိသည့် မြန်မာနိုင်ငံ၌ ခြေတစ်လှမ်းကြောင့် ဘဝတစ်ခုလုံး ပျက်စီးသွားနိုင်သည်ကို မမေ့စေချင်ပါ။

တပ်မတော်တွင် နှစ်ပေါင်းနှစ်ဆယ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည့် ဒုတိယဗိုလ်မှူးကြီး သန့်ဇင်အနေဖြင့် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်တစ်ခုကို ပိုင်ဆိုင်နှင့်ရရှိခဲ့သည်။ သို့သော် လွတ်လပ်ရေးနှင့် ဖွားဖက်တော်ဖြစ်ခဲ့ပြီး ယနေ့တိုင် အဆုံးမသတ်နိုင်သေးသည့် ရှည်လျားလှသော ပြည်တွင်းစစ်ကြောင့် သူ၏ ညာခြေထောက်တစ်ဖက်ကို အပြီးအပိုင် စွန့်လွှတ်လိုက်ရသည်။

ထိုနေ့သည် ၁၉၉၀ ပြည့်နှစ် ဧပြီလ ၁၁ ရက်။ နေရာကား ရှမ်းပြည်နယ်မြောက်ပိုင်းတစ်နေရာရှိ 'ဝ' တပ်ဖွဲ့တို့ ကြီးစိုးရာနယ်မြေ၊ ထိုနေ့က စစ်မှုထမ်းသက်နှစ်ပေါင်း နှစ်ဆယ်ကျော်အတွင်း ကြွက်မတက်ဖူးခဲ့သည့် တပ်မတော်သားကြီး ဦးသန့်ဇင်သည် လမ်းခရီးတွင် ကြွက်သုံးခါ တက်ခဲ့သည်။ မြင်းစီးရန် တိုက်တွန်းကြသော်လည်း ရဲဘော်များနှင့်အတူ လမ်းလျှောက်ချီတက်ရင်း 'ဝ' တပ်ဖွဲ့ထောင်ထားသည့် တရုတ်နိုင်ငံလုပ် မြေမြှုပ်မိုင်းကို နင်းမိခဲ့သည်။

တစ်ကိုယ်လုံး သွေးများ ရွှဲနေခဲ့သော်လည်း သတိတော့ လစ်မသွားခဲ့ပါ။ အဆိုပါ မြေမြှုပ်မိုင်းသည် သူ့ခြေထောက်တစ်ဖက်ကို သာမက ဗိုလ်ချုပ်ကြီး ဖြစ်ချင်သည့် သူ့အိပ်မက်များကိုပါ ဖောက်ခွဲနိုင်စွမ်း ရှိခဲ့သည်။ သို့သော် မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းဖြစ်ခဲ့ရသည့် မြန်မာနိုင်ငံ အနှံ့အပြားက တိုင်းရင်းသား ပြည်သူများ၏ ဘဝများနှင့် နှိုင်းယှဉ်လျှင်တော့ သူ့ဘဝမှာ များစွာကောင်းမွန်သည်ဟု ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်တေးနုယဉ်လမ်းတွင် နေထိုင်သည့် အငြိမ်းစား တပ်မတော်အရာရှိ ဦးသန့်ဇင်က ပြောသည်။

"ကိုယ်က ရန်ကုန်လိုမြို့ကြီးမှာ တိုက်နဲ့ကားနဲ့ အဆင်ပြေနေပေမယ့် ဘဝတူတွေ တွေ့ရင် စိတ်မကောင်း ဖြစ်မိတယ်"ဟု သူက ဘဝတူများကို စာနာစိတ်ဖြင့် ပြောသည်။ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော ပြည်တွင်းစစ်ကြောင့် မြန်မာနိုင်ငံ၏ နေရာဒေသအချို့တွင် မြေမြှုပ်မိုင်းများ ပျံ့နှံ့နေပြီး တိုင်းရင်းသား ပြည်သူများ၏ ဘဝများကို နေ့စဉ် ခြိမ်းခြောက်လျက်ရှိသည်။ ထို့ပြင် မိုင်းဒဏ်သင့်ပြည်သူများသည် ထောက်ပံ့ကြေးတစ်စုံတစ်ရာမရရှိဘဲ မသန်စွမ်းဘဝဖြင့် ခေတ်အဆက်ဆက်ချို့တဲ့စွာ အသက်ဆက်ခဲ့ကြရသည်။ ယနေ့အချိန်အထိလည်း ယခင်အတိုင်း မပြောင်းမလဲရှိနေဆဲ။

မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူများကို အကူအညီပေးလျက်ရှိသည့် ငြိမ်းချမ်းမြန်မာ ကူညီထောက်ပံ့ရေး ဖောင်ဒေးရှင်း၏ သုတေသနအစီရင်ခံစာအရ မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုရှိ မြို့နယ်ပေါင်း ၄၆ မြို့နယ်တွင် မြေမြှုပ်မိုင်းများ ပျံ့နှံ့တည်ရှိနေသည်ဟု ဆိုသည်။

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်နယ်များနှင့် ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးတို့အတွင်းရှိ မြို့နယ်အချို့တွင် မြေမြှုပ်မိုင်းအန္တရာယ်ကို ပြည်သူများ ရင်ဆိုင်ခံစားနေရကြောင်း အဆိုပါ ဖောင်ဒေးရှင်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘဝတူများကို တတ်နိုင်သမျှ ကူညီနိုင်ရန်အတွက် ငြိမ်းချမ်းမြန်မာ ကူညီထောက်ပံ့ရေး ဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌဖြစ်သူ ဒုတိယဗိုလ်မှူးကြီး သန့်ဇင် (ငြိမ်း) က မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်း အန္တရာယ်ရှိသည့် မြို့နယ်အမည်များကို ဖော်ပြထားသော မြေပုံကိုကြည့်ရင်း ပြောပြသည်။

၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မြေမြှုပ်မိုင်းကြောင့် သေဆုံးခဲ့သူ မြန်မာနိုင်ငံသား ၃၇၄၅ ဦး ရှိခဲ့ကြောင်း Landmine Monitor အဖွဲ့မှ ထုတ်ပြန်ထားသော်လည်း အမှန်တကယ်တွင် သေဆုံးသူ ၄၀၀၀၀ ခန့် ရှိနိုင်သည်ဟု နိုင်ငံတကာ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့များက ခန့်မှန်းထားသည်။

မြေမြှုပ်မိုင်း အသုံးပြုမှု တားဆီးပိတ်ပင်ရေး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှုအဖွဲ့ (International Campaign to BanLandmines – ICBL) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မြေမြှုပ်မိုင်းအသုံးပြုမှု အများဆုံးနှင့် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူ အများဆုံးနိုင်ငံများ စာရင်း၌ အာဖဂန်နစ္စတန်နှင့် ကိုလံဘီယာတို့နောက် တတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့သည် မြေမြှုပ်မိုင်းအများဆုံး ရှိနေသော ဒေသများဖြစ်ကြပြီး အဆိုပါဒေသများတွင် မြေမြှုပ်မိုင်းကြောင့် မသန်စွမ်းဖြစ်ရသည့် လူဦးရေမှာ အများဆုံးဖြစ်ကြောင်း ICBL အစီရင်ခံစာမှ ဆက်လက်ဖော်ပြထားသည်။ အပြစ်မဲ့ပြည်သူများ မြေမြှုပ်မိုင်းနင်းမိ၍ သေဆုံးဒဏ်ရသည့် သတင်းများကို နေ့စဉ်လိုလို ကြားနေရသော်လည်းတစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရမှသာ မြေမြှုပ်မိုင်း ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်၊ နာမွန်ကျေးရွာအုပ်စု ပေါက်ကျောင်းကျေးရွာတွင် ဒီဇင်ဘာ ၂ ရက်က အသက်(၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ ပေါက်ကျောင်းကျေးရွာတွင်ပြုလုပ်သည့် အလှူအတွက် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် တခြားကျေးရွာသို့ သွားရောက်စဉ် လမ်းခရီး၌ မိုင်းထိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ သုတေသနပြုချက်များအရ မြေမြှုပ်မိုင်းကြောင့် လူဦးရေ ၁၀၀ သေဆုံးလျှင် အယောက် ၈၀ မှာ အရပ်သားပြည်သူများဖြစ်ကြပြီး ၁၈ ရာခိုင်နှုန်းမှာ လက်နက်ကိုင်များ ဖြစ်ကြသည်။ ကျန်နှစ်ရာခိုင်နှုန်းမှာ မြေမြှုပ်မိုင်း ရှင်းလင်းရေးဆောင်ရွက်သူများ ဖြစ်သည်ဟုဆိုသည်။

ပြည်တွင်းဖြစ် ဒူးခေါင်းအောက်ခြေတုတစ်ခု၏ တန်ဖိုးသည် ကျပ်နှစ်သိန်းဝန်းကျင်ရှိပြီး နိုင်ငံခြားဖြစ် ပေါင်းရင်းအထိ တပ်ဆင်ရသည့် ခြေတုတစ်ခု၏ တန်ဖိုးသည် ကျပ်ခြောက်သိန်းဝန်းကျင် ရှိနေသောကြောင့် သာမန်ဆင်းရဲသားအများစုမှာ ခြေတု မတပ်နိုင်ကြဘဲ ချိုင်းထောက်ကိုသာ အားကိုးရင်းနေ့စဉ်ဘဝများကို ခက်ခက်ခဲခဲ ဖြတ်သန်းနေကြရဆဲဖြစ်သည်။

"မိုင်းတွေရှိနေတဲ့အတွက် အလုပ်လုပ်ရတာ အခက်အခဲတွေ အများကြီးရှိတယ်။ မိုင်းထိတဲ့သူတွေလည်း ဘာအကူအညီမှ မရကြဘူး"ဟု ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲ ဟိုပန်ကျေးရွာမှ စိုးအောင်မြင့်က ပြောပြသည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၆၂ နိုင်ငံက မြေမြှုပ်မိုင်း အသုံးပြုမှု တားဆီးပိတ်ပင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော်လည်း မြန်မာနိုင်ငံအနေဖြင့် ယနေ့အချိန်အထိ ပါဝင်လက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။

ဦးသန့်ဇင်၏ ငြိမ်းချမ်းမြန်မာကူညီထောက်ပံ့ရေး ဖောင်ဒေးရှင်းအနေဖြင့် မြေမြှုပ်မိုင်းကြောင့် ခြေထောက်ပြတ်သွားသူများအတွက် ခြေတုများ၊ ချိုင်းထောက်များနှင့် ဝှီးချဲများကို တတ်နိုင်သလောက် ကူညီလှူဒါန်းပေးလျက်ရှိနေသည်။ ၂၀၁၄ ခုနှစ်အတွင်းက ကျောက်ကြီးမြို့နယ်တွင်ပြုလုပ်ခဲ့သည့် ခြေတုလှူဒါန်းပွဲတစ်ခုတွင် ထိုစဉ်က NCA လက်မှတ်မထိုးရသေးသည့် KNU အဖွဲ့မှ မြေမြှုပ်မိုင်းထိထားသည့် တပ်ကြပ်ကြီးတစ်ဦး ပါဝင်လာခဲ့သည်။ ရွာသားများ၏ ပြောပြချက်အရ KNU အဖွဲ့မှဟု သိရှိခဲ့သော်လည်း လူသားချင်းစာနာစိတ်ဖြင့် မသိဟန်ဆောင်ကာ လှူဒါန်းပေးခဲ့ကြောင်း ဦးသန့်ဇင်က သတိတရ ပြန်ပြောပြသည်။

"အရင်တုန်းက ရန်သူတွေ ဆိုပေမယ့်အခုအချိန်မှာ သူလည်းအပြတ် ကိုယ်လည်းအပြတ်ပဲလေ"ဟု ၎င်းက တစ်ခုခုကို သရော်ချင်နေသည့်ပုံဖြင့် ပြောသည်။ တပ်မတော်မှ အငြိမ်းစားယူခဲ့ပြီးနောက် စီးပွားရေးလောကထဲရောက် သွားသည့် ဦးသန့်ဇင်သည် မြန်မာပြည်အနှံ့အလုပ်ကိစ္စဖြင့် ခရီးသွားလာခဲ့ရသည်။ ထူးခြားချက်အနေဖြင့် မြို့နယ်တိုင်းလိုလိုတွင် ချိုင်းထောက်နှင့် လူများကို တွေ့ရခဲ့သည်ဟုဆိုသည်။

"ငါထောင်ခဲ့တဲ့ မိုင်းကို နင်းမိတဲ့လူများ ဖြစ်မလားလို့ လိပ်ပြာမလုံ ဖြစ်မိတယ်"

နှင်းမောင်ဦး

မြန်မာနိုင်ငံရှိ ကရင်ပြည်နယ်နှင့်
ပဲခူးတိုင်းဒေသကြီးတို့သည် မြေမြှုပ်မိုင်း
အများဆုံးရှိနေသော ဒေသများဖြစ်ကြပြီး
အဆိုပါဒေသများတွင် မြေမြှုပ်မိုင်းကြောင့်
မသန်စွမ်းဖြစ်ရသည့် လူဦးရေမှာ အများဆုံးဖြစ် ...





www.free4readers.com

www.free4readers.com



# ကလေးရလို့အိမ်ထောင်ရေး ကွဲခဲ့တာ၊ သမီးအတွက် အဖေဆိုတာ မလိုအပ်ဘူး

## အဆိုတော် အေသင်ချိုဆွေ နှင့် တွေ့ဆုံခြင်း

ဘုန်းနေလ(ဒဂုံတက္ကသိုလ်)

ကလေးတစ်ယောက်ဖြင့် အများရှေ့ကို ထွက်ပေါ်လာချိန်တွင် အားလုံး၏ ဝေဖန်ပြစ်တင်ပြောဆိုမှုများကို ကြံ့ကြံ့ခံ ဖြတ်သန်းခဲ့သလို ဂီတအနုပညာလောကထဲကို ပြန်လည်ဝင်ရောက်လာသည့် အချိန်တွင်လည်း အခက်အခဲများစွာဖြင့် ရင်ဆိုင်ဖြတ်သန်းနေရသည့် အဆိုတော် အေသင်ချိုဆွေကို Speaker က တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြပေးလိုက်ပါသည်။

**အခုတလော ဘာတွေလှုပ်ရှားနေလဲ။**

အခုလတ်တလောက မီနီအယ်လ်ဘမ် လုပ်နေတယ်။ ဒီလထဲမှာ သီချင်းတစ်ပုဒ် Single sound အနေနဲ့ သီချင်းတစ်ပုဒ် တင်မယ်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှာ ထွက်ဖို့ပါ။ မီနီအယ်လ်ဘမ်ထဲမှာက ပြန်ဆိုတေးတွေပါမှာပါ။ အသစ်အနေနဲ့က Single sound အနေနဲ့ ထွက်မယ်။ မီနီအယ်လ်ဘမ်အနေနဲ့က သီချင်းဟောင်းတွေကို ပြန်ဆိုတေးအဖြစ် ခြောက်ပုဒ်လောက် ဖန်တီးပြီး ထွက်မှာပါ။ မီနီအယ်လ်ဘမ်မှာက လူကြီးရော၊ လူငယ်ရော ကြိုက်မယ့်ပုံစံမျိုးတွေ လုပ်ထားပါတယ်။ မီနီကို လုပ်တာ သိပ်မကြာသေးပါဘူး။ ပထမက Single sound ကို ထွက်မယ်ပေါ့။ ဒါပေမဲ့ နောက်ပိုင်းကြတော့ ပြန်ဆိုတေး တွေကို ပြန်ဆိုချင်တာနဲ့လုပ်ဖြစ်တာပါ။

**အေသင်က Single Mother အဖြစ် ပြတ်ပြတ်သားသား ရပ်တည်နိုင်တယ်။ အလုပ်တွေကိုလည်း ပြန်ကြိုးစားလာတယ်။ ပရိသတ်တွေက အေသင့်ကို အားပေးနေကြတာနဲ့ပတ်သက်ပြီး။**

ကိုယ့်ဖြစ်တည်မှုတွေမှာ ဘယ်သူကမှ အများတွေနဲ့ ဒီလိုဘဝကြီးကို မလိုချင်ဘူးလေ။ ဒါပေမဲ့ ကိုယ့်ရဲ့ဖြစ်တည်မှုတွေရလာတဲ့ အခါမှာ ကိုယ့်ရဲ့ ဖြစ်တည်မှုကို လက်ခံရမယ်။ ကိုယ့်ရင်သွေးကိုလည်း တကယ်ချစ်တယ်။ နောက်ပြီး လူတွေရှေ့မှာ ဟန်ဆောင်ပြီးတော့မှ လျှို့ဝှက်ချက်တွေ ထားပြီးမလုပ်ချင်ဘူး။ မနေချင်ပါဘူး။ အဲဒါကြောင့် မို့လို့ပါ။ နောက်ပြီး အစကတည်းက ဒီကိုယ်ဝန်စပြီးရတဲ့ အချိန်ကတည်းက Single Mother အဖြစ် ရပ်တည်မယ်ဆိုပြီး ဆုံးဖြတ်ပြီးမှ ကလေးယူခဲ့တာ ဖြစ်တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုအပြည့် ရှိတယ်။ မုန်းတဲ့သူတွေကိုလည်းဘာမှ မပြောချင်ဘူး။ ချစ်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**ခုနောက်ပိုင်းနယ်ရှိုးတွေကို သွားဆိုရင် အနုပညာကြေး အဆင်မပြေကြတာတွေ ရှိနေကြတယ်။**

အေသင်တို့က အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ရတာဆိုတော့ ဒီလိုပဲလုပ်ရတာပါ။ အေသင်ကတော့ အလုပ်ကို ကောင်းကောင်းမွန်မွန်လုပ်တယ်။ ကြိုးစားတယ်ပေါ့နော်။ အဲဒီတော့ အခုနောက်ပိုင်းတော့ ကြားတော့ ကြားရတာရှိပေမယ့် ကိုယ်တိုင်က တစ်ခါမှ မကြုံဖူးသေးပါဘူး။

**စာချုပ်တွေနဲ့ အလုပ်လုပ်ပေမယ့် ဖောက်ဖျက်ကြတာ ရှိတယ်။ အဲဒီအပေါ် ညီမဘယ်လိုသုံးသပ်လဲ။**

ဥပဒေ တစ်ခုခုတော့ ထုတ်သင့်တယ်လို့ထင်ပါတယ်။ တချို့ပွဲတွေဆိုရင် ပျက်ခဲ့ရင် ဘယ်လောက် ပြန်လျော်ပေးဖို့ပေါ့။ ကိုယ်တွေဘက်က ပျက်ကွက်ရင်သာ ဘယ်နှဆပေါ့။ သူတို့ဘက်က ပျက်ကွက်ရင် ဘာမှမဖြစ်သလိုပါပဲ။ အဲဒါတွေကတော့ အဆိုတော်တွေဘက်က အရမ်းကို ထိခိုက်ပါတယ်။ ပြီးတော့ ကိုယ်တွေက ဟောလိဝုဒ်တို့လို မဟုတ်တော့ အခွေတွေရောင်းပြီး ပိုက်ဆံများများပြန်ရဖို့ ဆိုတာကလည်း မလွယ်ပါဘူး။ ဘာပဲဖြစ်ဖြစ်ဂီတ အစည်းအရုံးက သေသေချာချာသတ်သတ်မှတ်မှတ်လေး လုပ်ပေးသင့်တယ်လို့ ထင်ပါတယ်။

**ခုနက ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ ထွက်မယ့် အယ်လ်ဘမ်က ဘယ်သူတွေရေးတာလဲ။**

ဇန်နဝါရီလမှာ ထွက်မှာပါ။ အယ်လ်ဘမ်နာမည်တော့ မပေးရသေးပါဘူး။ တေးရေးတွေက သုခမိန်လှိုင်၊ မြင့်မိုးအောင်၊ နောင်နောင်(SF)ပါမယ်။ တခြားအပုဒ်တွေက မသေချာသေးလို့လေ။ သီချင်းတွေကို ချိန်နေရတာကြောင့်ပါ။

**ပိုပြီးတည်ငြိမ်လာတယ်လို့ ပြောကြတယ်။ နဂိုကလည်း ထက်ထက်မြက်မြက်ရှိတယ်။ အခု ကလေးတစ်ယောက်နဲ့ ရပ်တည်လာတဲ့အခါမှာ ပိုပြီး ရင့်ကျက်တည်ငြိမ်ပြီး ထက်မြက်လာတဲ့ မိန်းမတစ်ယောက်လို့ ပြောကြတဲ့ အပေါ်ကို ဘာပြောချင်လဲ။**

ပြောရမယ်ဆိုရင် လူကြီးဖြစ်လာတယ်ပေါ့နော်။ တည်ငြိမ်တာ ရင့်ကျက်လာတယ်ဆိုတာက။ ကိုယ်ကလည်း ထပ်ပြီးတော့ အကြီးမားဆုံး နာကျင်စရာခံစားမှုတွေလည်း ခံစားခဲ့ဖူးပြီ။ ကိုယ့်အတွက် အခက်ခဲဆုံး အချိန်တွေလည်း ဖြတ်သန်းခဲ့ရတာဆိုတော့ ထပ်ပြီးတော့ ဒီ့ထက်တော့ ခက်ခဲစရာအကြောင်း၊ နာကျင်စရာအကြောင်း မရှိတော့ဘူးလေ။ ပြောရမယ်ဆိုရင်တော့ ရင့်ကျက်လာတယ်လို့ ပြောရမယ်ပေါ့။

**ကိုယ်ကလည်း သမီးလေးရလာပြီဖြစ်တော့ သမီးအတွက် ဘယ်လောက်ထိ စဉ်းစားထားလဲ။**

အများကြီးကို စဉ်းစားထားပါတယ်။ သူ့အတွက် အကောင်းဆုံး ပြုစုပျိုးထောင်သွားမှာပါ။ သူ့အတွက် အေသင် အများကြီးကို စီစဉ်ထားပေးတယ်။ ရှေ့ရေးကိုပေါ့လေ။ ကိုယ့်ရဲ့ Personal ကိစ္စဆိုတော့ ထုတ်ဖော် မပြောချင်ဘူးပေါ့နော်။

**သမီးတစ်ယောက်မိခင် ဖြစ်လာတော့ ကိုယ်ကလည်း ရှေ့မှာ မှားယွင်းတဲ့ အဖြစ်အပျက်တွေဖြစ်ခဲ့တာ ရှိနေသူဆိုတော့ ကိုယ့်ရဲ့သမီးကို ဘယ်လိုထိန်းကျောင်းသွားမလဲ။**

သူ့စိတ်ထဲမှာတော့ စိတ်ထိခိုက်စရာတွေ ရှိကောင်းရှိနိုင်မှာပေါ့နော်။ ဒါပေမဲ့ မလိုအပ်ပါဘူး။ အေသင် သူ့ကို အကောင်းဆုံး ပေးဆပ်သွားမယ်။ ညီအစ်မ လိုမျိုးပေါ့။



အေသင့်တုန်းက အရမ်းကျပ်ခဲ့တာဆိုတော့ ထွက်ပေါက်တွေ ရှာခဲ့တယ်။ ညီအစ်မတွေလို သူငယ်ချင်းလိုမျိုး သားအမိနှစ်ယောက် တိုင်တိုင်ပင်ပင်သွားမယ်။ ကြီးလာရင် ကိုယ့်အတွက် အဖော်ဖြစ်လာမှာပဲလေ။ သူ့အတွက် အဖေဆိုတာက မလိုအပ်ပါဘူး။ စကတည်းကလည်း သူ့ရဲ့ကံကြမ္မာနဲ့သူ လာတာပါ။ ဒီကလေးရလို့ပဲ ပြတ်သွားကြတာပါ။ နောက်ဆိုရင် ပြတ်ချင်မှ ပြတ်မှာပါ။ ကွဲချင်မှကွဲမှာပါ။ အဲဒီတော့ သူက အလိုမရှိလို့ နေမှာပေါ့။

**Single Mother အဖြစ် ရပ်တည်နေကြသူတွေကို ဘယ်လိုစိတ်ဓာတ်တွေနဲ့ ပြန်ပြီး အားပေးချင်လဲ။**

ဘဝမှာ ဒီလို ဘဝမျိုးကို ဘယ်သူမှမရောက်ချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ဘဝမှာ ဖြစ်တည်လာတဲ့ ကိုယ့်ရဲ့ဖြစ်တည်မှုကို ကိုယ်မှလက်မခံရင် ကိုယ့်ပတ်ဝန်းကျင်က လူတွေကလည်း လက်ခံဖို့ဆိုတာ မလွယ်ကူပါဘူး။ အဲဒီတော့ ယုံကြည်မှုရှိရှိနဲ့ လှပနေဖို့လိုတယ်။ အဲဒီတော့ ဒါက စိတ်ပိုင်းဆိုင်ရာနဲ့ ဆိုင်သွားပြီ။ ကိုယ့်ရဲ့ ကလေး၊ ကိုယ်ရဲ့ သားသမီးဆိုတာက ကြီးလာရင် ကိုယ့်အတွက် အဖော်ဖြစ်မယ်။ ကိုယ့်အတွက် မိသားစုဝင်ဖြစ်လာမယ်။ ဘာပဲဖြစ်ဖြစ် ဘဝမှာတစ်ယောက်တည်းနေရတာထက် စာရင် ယောကျ်ားတစ်ယောက်အတွက် ဒုက္ခတွေ၊ သုက္ခတွေခံနေပြီး ခံစားနေရတာထက်စာရင် ကိုယ့်သားသမီးတွေနဲ့ ကိုယ့်ဘဝကို ဖြောင့်ဖြောင့်တန်းတန်းနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းတာက ပိုပြီး အဓိပ္ပာယ်ရှိပါတယ်။ အေသင်ကတော့ အဲဒီလိုပဲ ခံယူပါတယ်။

**အရွယ်လည်း ရှိသေးတယ်။ ကိုယ့်အတွက် ဘဝလက်တွဲဖော်ကိုရော ပြန်စဉ်းစားဖို့ရှိနိုင်မလား။**

အဲဒါကိုတော့ မပြောတတ်ဘူး။ ဘာလို့လည်းဆိုတော့ အချစ်နဲ့ပတ်သက်ပြီးတော့ ဘာခံစားမှုမျိုးမှကို မရှိတော့တာ။ ၁၅၀၀ နဲ့ပတ်သက်ပြီးတော့ပေါ့လေ။ ၅၂၈ နဲ့ ပတ်သက်ပြီးတော့ ကိုယ့်သမီးနဲ့ မိဘတွေပေါ့။ ဒါကတော့ ဖူးစာကံပါလာလို့ရှိရင် ညားရင်လည်း ညားမယ်။ ရရင်လည်း ရမယ်ပေါ့နော်။ အဲဒါကြီးကိုတော့ စိတ်ထဲမှာ ငါယူမယ်ဆိုတာကြီးကို မထားပါဘူး။ သူ့ဟာနဲ့သူ ကောင်းတဲ့သူ ပေါ်လာမယ်။ တစ်နေ့ဖူးစာဖက်ပေါ်လာရင်တော့ ရချင်လည်း ရသွားမှာပါပဲ။ ဖြစ်သွားမှာပါပဲ။

**စိတ်နာသွားတာလား အိမ်ထောင်ရေးနဲ့ အချစ်ရေးကို။**

စိတ်နာသွားတာတော့ မဟုတ်ပါဘူး။ ဘယ်လိုပြောမလဲ စိတ်ကုန်သွားတာပါ။ အေသင်ချိုဆွေကို စစချင်းတုန်းက အပြစ်တွေ၊ မကောင်းတာတွေ ပြောကြတယ်။ နောက်ပိုင်း သိသွားကြတဲ့အပေါ် ဆိုးရွားတဲ့မှတ်ချက်တွေ မရှိတော့ဘူး။

**အလုပ်တွေ ပြန်လုပ်တော့ အဆင်ပြေရဲ့လား။**

ပြေတာတော့ ပြေပါတယ်။ အခက်အခဲကတော့ ရှိပါတယ်။ ဒါပေမဲ့ လူစိတ်နဲ့ပဲ ဆိုင်ပါတယ်။ အေသင်က အစကတည်းက လူ့ခွစာပေါ့နော်။ ဒါပေမဲ့လည်း ပြောင်းလဲသွားတယ်။

**ပရိသတ်ကို ဘာပြောချင်လဲ။**

အေသင် ကြိုးစားမှာပါ။ ဒါပေမဲ့ဖြည်းဖြည်းနဲ့ မှန်မှန်သွားမယ်။ အောင်မြင်မှုကို အရင်တုန်းကလောက် ရချင်မှ ရမိမ့်မယ်။ ခုချိန်မှာ အရမ်းကြီးလည်း မျှော်လင့်ချက်တွေ မထားဘူး။ ဘာလို့ဆို အေးအေးနဲ့ ဖြည်းဖြည်းလေးအတွက် ကိုယ့် Fan တွေ အတွက် လုပ်မယ်။ သီချင်းတွေလည်းဆိုနေတယ်ပေါ့နော်။ မိခင်တစ်ယောက်ဖြစ်လာတဲ့အတွက် ကိုယ့်အနေနဲ့ စီးပွားရေးတော့ လုပ်ရမယ်။ အရင်တုန်းကလောက် အောင်မြင်ချင်မှ အောင်မြင်မယ်။ ကိုယ်က အသက်လည်း ကြီးသွားပြီဆိုတော့လေ။ ♦

www.free4readers.com



# စစ်ကိုင်းသားကိုငွေး (ခေါ်) ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွင်းရေးမှူး ရဲဘော်ငွေး (၁၉၂၂ – ၁၉၆၇)



မျိုးသန့်ထွန်း(စစ်ကိုင်း)



ဆရာကြီးသခင်ကိုယ်တော်မှိုင်းအိမ်တွင် တွေ့ရသော ရဲဘော်ငွေး၊ ဗိုလ်ဇေယျနှင့် ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့ဝင်များ

ပထမဦးဆုံး ရဲဘော်ငွေးအကြောင်း တစ်စိတ်တစ်ပိုင်းကို ရေးဖို့ တိုက်တွန်းသူမှာ ကဗျာ၊ ဝေဖန်ရေးဆရာ၊ စာရေးဆရာကြီး မောင်စွမ်းရည်ပင် ဖြစ်ပါတယ်။ ဆရာမောင်စွမ်းရည် မြန်မာပြည်လာခိုက်မှာ စာရေးသူကို ထင်ရှားတဲ့ စစ်ကိုင်းသား၊ စစ်ကိုင်းသူများ အကြောင်း ရေးကွာဆိုပြီးတော့ 'စစ်ကိုင်း အက်ပီဂရမ်း' Epigraph ဆိုပြီး စာအုပ်ထုတ်တဲ့။ မင်းရေးဖြစ် အောင်ရေးလို့လည်း တွန်းတွန်းတိုက်တိုက် ပြောကြားခဲ့ပါတယ်။ ဒါတင်မကပါဘူး။ ဆရာမောင်စွမ်းရည်ဟာ မြန်မာပြည်ရောက်တော့ မန္တလေးလူထုတိုက်ကို သွားရောက်ခဲ့ပါတယ်။ မန္တလေးလူထုစာကြည့်တိုက်ရဲ့ စာကြည့်တိုက်မှူးဖြစ်တဲ့ ကိုအောင်မြင့်ဦးကိုလည်း စစ်ကိုင်းက အထင်ကရ ပုဂ္ဂိုလ်များအကြောင်းကို သူရေးရင် ကူညီလိုက်ပါကွာ။ စေတနာအပြည့်အဝနဲ့ မှာကြားခဲ့ပါတယ်။ ဆရာမောင်စွမ်းရည်ဟာ စာရေးသူကို စာအမြဲရေးနေဖို့ လူကိုယ်တိုင်ရော၊ စာနဲ့ရော၊ ဖုန်းမက်ဆေ့ပို့ကာ ရေးဖို့ တိုက်တွန်းခဲ့သူပါပဲ။ အခုတော့ စာရေးသူမှာ စာရေးဖို့ အကြောင်းအရာတွေ ရှာဖွေရပါတော့တယ်။

အခုရေးမယ့် ရဲဘော်ငွေးဟာ တကယ့်ပုဂ္ဂိုလ်ကြီး နယ်နယ်ရရ ပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်လေတော့ စာရေးသူမှာ မဝံ့မရဲ ဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ မမီနိုင်တဲ့ အသီးအပွင့်ကို ကိုယ်လက်လှမ်းမီသလောက် ကိုယ့်အဖေ စကားများကို နားထောင်ရင်း စာအုပ်စာတမ်းများကို အသုံးချကာ ရေးမယ်လို့ ဆုံးဖြတ်ချက်ချခဲ့ပါတော့တယ်။ အဓိကတော့ စာရေးသူအဖေဟာ စစ်ကိုင်းသားဖြစ်တဲ့ ရဲဘော်ငွေးကို အလွန်လေးစားကြည်ညိုသူတစ်ယောက် ဖြစ်ပါတယ်။

စာရေးသူအဖေအမည်က ဦးတင်ထွန်း (၁၉၂၄-၁၉၉၈) အင်္ဂလိပ်လက်ထက်က ဘီလစ် ရုံးစာရေးကြီးပါ။ နောက်ပိုင်းတော့ မြေတိုင်းစာရေးကြီးဘဝနဲ့ ပင်စင်ယူခဲ့ရပါတယ်။ စာရေးသူရဲ့ စစ်ကိုင်းကအိမ်မှာ အဖေ့ကိုယ်ပိုင်စာအုပ်စင်တစ်ခု ရှိပါတယ်။ အဲဒီစာအုပ်စင်မှာ 'သခင်သန်းထွန်း၏ နောက်ဆုံးနေ့

“ တောခိုတော့ သူနေထိုင်ရာ မြေနဲ့အိမ်ကို ဆင်းရဲသားမိသားစုကို ပေးခဲ့၊ စွန့်ခဲ့တယ်လို့ ကြားဖူးပါတယ်၊ ဒါတွေ မကပါဘူး၊ သူမွေးထားတဲ့ သားအရင်းကို အိမ်နီးနားချင်းဆီကို မွေးစားဖို့ ပေးခဲ့ပါတယ် ....

များ' (၁၉၆၉) မြရာပင်တိုက်ထုတ်တဲ့ နှစ်အုပ်တွဲ စာအုပ်၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ စာအုပ်များ၊ သခင်စိုးရဲ့ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုများစာအုပ်တွေကို တွေ့ရပါတယ်။ ငယ်ငယ်ကတော့ အရုပ်ကြည့်၊ အသက်ကြီးလာတော့ ဖတ်ဖြစ်တာပေါ့။ ဒါ့ပြင် အဖေက မကြာခဏ ရဲဘော်ငွေး၊ သခင်သန်းထွန်း၊ သခင်စိုးနှင့် ရဲဘော်ဂိုရှယ်တို့အကြောင်းကို အချိန်ရတိုင်း ပြောပြလေ့ရှိပါတယ်။ စာရေးသူ အဖေဟာ ကွန်မြူနစ်လိုလားသူတစ်ယောက်လို့ အသက်ကြီးမှ သိလာခဲ့ရတယ်။ ဆင်းရဲသားဘက်က ရပ်တည်ခဲ့သူတစ်ဦးပါ။ အဖေ ပြောလေ့ရှိတဲ့ စကားကတော့ “ကွန်မြူနစ်တွေဟာ ဟိုခြဲ၊ ဒီခြဲ ခုန်မကူးတတ်ဘူး။ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ သစ္စာရှိတယ်” လို့ ပြောလေ့ရှိပါတယ်။ ဗမာပြည်ကွန်မြူနစ်အထဲမှာ စစ်ကိုင်းသားများဟာ ထိပ်တန်းပါပဲ။ ဒါပေမဲ့ အစိုးရ စစ်ဘက်အရာရှိတွေမှာလည်း စစ်ကိုင်းသားများဟာ ထိပ်တန်းရောက်ခဲ့ကြသူတွေ အများကြီးပါပဲ။ ဥပမာ လေတပ်ဦးစီးချုပ်ဖြစ်ခဲ့တဲ့ ဗိုလ်မှူးချုပ်သောင်းဒန်၊ ဗိုလ်မှူးကြီးစောမြင့်၊ ဗိုလ်မှူးကြီးသိန်းဒုတ်၊ ဗိုလ်မှူးကြီးလှမော်၊ ဗိုလ်မှူးကြီးသိုးထိန်း စတဲ့ တပ်မတော် တပ်ရင်းမှူး (၁၇) ယောက်တောင် ရှိခဲ့တယ်လို့ သိရပါတယ်။ ဒါ့ပြင် ဗမာပြည်ကွန်မြူနစ်ပါတီအထဲမှာလည်း စစ်ကိုင်းသားများက ထိပ်ပိုင်းခေါင်းဆောင်တွေအဖြစ် ရပ်တည်ခဲ့ကြတာ လက်တွေ့ပါပဲ။ ဥပမာ-ရဲဘော်ငွေး၊ ဗိုလ်ကြင်မောင်၊ ရဲဘော်စိုးသိမ်း၊ ရဲဘော်အောင်ကြီး၊ ရဲဘော်ကိုကိုလေးတို့က အစစ်ကိုင်းသားလို့ စာရေးသူ သိရသလောက် သူတို့ဟာ ကွန်မြူနစ်ပါတီဝင်တွေပါပဲ။ အခုရေးမယ့် စစ်ကိုင်းသားဖြစ်တဲ့ ကိုငွေး (ခေါ်) ရဲဘော်ငွေး အကြောင်းကို သိရသလောက် ရေးပါရစေ။ (အမှားပါခဲ့ရင် ထောက်ပြကူညီကြပါ၊ ရိုင်းပင်းကြပါ။)

ရဲဘော်ငွေးကို စစ်ကိုင်းမြို့က စာရေးကြီး (ဘီလစ်စာရေးကြီး) ဦးထွန်းဦး၊ ဒေါ်လှတို့မှ မွေးဖွားခဲ့ပါတယ်။ မွေးချင်းနှစ်ယောက်ရှိတယ်လို့ သိရပါတယ်။ ရဲဘော်ငွေးကို ၁၉၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ မွေးဖွားခဲ့ပါတယ်။ အမည်အရင်းက ကိုငွေးမောင်ပါ။ တောမခိုခင်က စစ်ကိုင်းမြို့ နန်းတော်ရာအရပ်မှာ နေထိုင်ခဲ့ပါတယ်။ တောခိုတော့ သူနေထိုင်ရာ မြေနဲ့အိမ်ကို ဆင်းရဲသားမိသားစုကို ပေးခဲ့၊ စွန့်ခဲ့တယ်လို့ ကြားဖူးပါတယ်။ ဒါတွေ မကပါဘူး။ သူမွေးထားတဲ့ သားအရင်းကို အိမ်နီးနားချင်းဆီကို မွေးစားဖို့ ပေးခဲ့ပါတယ်လို့ ကြားခဲ့ဖူးပြန်တယ်။ ပစ္စည်းမဲ့မပြောနဲ့ အသက်ရှိတဲ့သူကို စွန့်လွှတ်ရဲတဲ့ သတ္တိရှိသူပါ။ (အခုအခါမှာ သူ့ရဲ့သားတွေဟာ နိုင်ငံ့ဂုဏ်ဆောင် ဆရာဝန်ကြီးတွေ ဖြစ်နေပြီလို့ သိခဲ့ရပါတယ်။ နာမည်ဖော်ပြခွင့်မရှိတာ ခွင့်လွှတ်ပါ။)

ရဲဘော်ငွေး သူ့အသက် ၁၄၊ ၁၅ နှစ်လောက် ကျောင်းသားဘဝမှာ စစ်ကိုင်းကျောင်းသားသမဂ္ဂများကို ဦးဆောင်တဲ့ ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။ အဲဒီအချိန်က အင်္ဂလိပ်ခေတ် ကျောင်းသားအရေးတော်ပုံများကို ခေါင်းဆောင်လှုပ်ရှားခဲ့သူပါ။ စစ်ကိုင်းမြို့မှာရှိတဲ့ အင်္ဂလိပ်အရေးပိုင်ရုံးရဲ့ လှေကားအဝမှာ ဝမ်းလျားမှောက်လျက် ပိတ်ဆို့ကာ အင်္ဂလိပ်အရေးပိုင်ကို ဆန့်ကျင်လှုပ်ရှားခဲ့ပါတယ်။

ထိုအချိန်က စစ်ကိုင်းမြို့ ဂါမက်ဟိုက်စကူး (Government Hight School) ယခု အ. ထ. က(၁) စစ်ကိုင်းမှာ အင်္ဂလိပ်မျက်နှာနီ ကျောင်းအုပ်ကြီးက အုပ်ချုပ်ပါတယ်။ မြို့နေကျောင်းသားတွေကို စည်းရုံး၍ စကောက်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဖွဲ့ရတဲ့အကြောင်းက ကျောင်းသားတွေ ဆန္ဒပြတာ၊ သပိတ်မှောက်တာတွေ ဖြစ်လာခဲ့ရင် နှိပ်ကွပ်ရအောင် ဖွဲ့စည်းပေးထားခြင်း ဖြစ်ပါတယ်။

၁၉၃၆ ခုနှစ်က ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်ဟာ အမြို့မြို့အနယ်နယ်ဆီသို့ ကူးစက်လာတဲ့အခါ စစ်ကိုင်းကျောင်းသားများကလည်း မိမိတို့ ကျောင်းက အင်္ဂလိပ်နယ်ချဲ့ ကျောင်းအုပ်ကြီးကို ဝိုင်းဝန်းဆန္ဒပြမှုတစ်ရပ် ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ မန္တလေးဗဟိုကျောင်းသားများကို ဦးဆောင်သပိတ်မှောက်သူ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းက မန္တလေးမှ စစ်ကိုင်းဘက်ကို ကူးလာပြီး အင်အားနည်းတဲ့ စစ်ကိုင်းကျောင်းသားများနဲ့ ပူးပေါင်း၍ သပိတ်မှောက်ကြပါတယ်။ အဲဒီမှာ စစ်ကိုင်းက ကျောင်းသားခေါင်းဆောင်ကိုငွေးဟာ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြပါတယ်။ ရဲဘော်ငွေးဖြစ်မည့် ကိုငွေးဟာ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းကို အတုယူအားကျလေးစားစေခဲ့တယ်လို့ သိရပါတယ်။

၁၉၃၆ ခုနှစ် စစ်ကိုင်းကျောင်းသား သပိတ်မှောက်နေချိန်မှာ စစ်ကိုင်းကျောင်းက ဖွဲ့စည်းထားတဲ့ အင်္ဂလိပ်အလိုတော်ကြီးများရဲ့ လက်ကိုင်တုတ်သဖွယ် စကောက်တပ်ဖွဲ့ (ကင်းထောက်လူငယ်အဖွဲ့)များက သပိတ်မှောက် ကျောင်းသားများကို ဝါးရင်းတုတ်နဲ့ ရက်ရက်စက်စက် ဝိုင်းဝန်းရိုက်နှက်ကြပါတော့တယ်။ အဲဒီအချိန်က ကိုငွေးဆိုတဲ့ ကျောင်းသားလေး အံကြိတ်ပြီး အရိုက်နှက်ခံရတဲ့အခါ “မင်းတို့ မိုးကောင်းတုန်း ရွာထားပေါ့ကွာ” လို့ ပါးစပ်ကလည်း အော်ပြောလေရဲ့။ အကြောင်းကတော့ သပိတ်မှောက်ကျောင်းသားနဲ့ ဖြိုခွဲတဲ့ လူငယ်စကောက်တပ်ဖွဲ့တို့က အင်အားမမျှသောကြောင့် ဖြစ်ပါတယ်။ ကိုငွေးဟာ အင်္ဂလိပ်ကျွန်မခံတဲ့ ကျောင်းသားလူငယ်တစ်ယောက်ပါ။

၁၉၃၈ ခုနှစ်မှာ အင်္ဂလိပ်အစိုးရကို ကျောင်းသားများရဲ့ အခွင့်အရေးတို့ တောင်းဆိုခဲ့ဖူးပါတယ်။ ထိုအချိန်က ၁၃၀၀ ပြည့် အရေးတော်ပုံကာလဖြစ်သောကြောင့် ကျောင်းသားထုက ဆင်းရဲသားအလုပ်သမား၊ လယ်သမားဘက်မှ တိုက်ပွဲများကို ကိုဗဟိန်း (သခင်ဗဟိန်း)တို့၏ ဦးဆောင်လှုပ်ရှားမှုနောက်တွင် ကိုငွေးဟာ ပြတ်ပြတ်သားသား ပါဝင်ခဲ့ကြပါတယ်။ အဲဒီအချိန်က ကိုငွေးဟာ မန္တလေး ဥပစာကျောင်းသားသမဂ္ဂ အတွင်းရေးမှူးအဖြစ် ကျောင်းသားများအရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့ပြင် ဆင်းရဲသားအလုပ်သမားများ၊ လယ်သမားများတို့ကို ကျောင်းသားခေါင်းဆောင်ဖြစ်တဲ့ ကိုငွေးက ခေါင်းဆောင်ရပ်တည်ကာ ကိုလိုနီအစိုးရကို လုံးဝဆန့်ကျင်ခဲ့ကြပါတယ်။ သူ့ကောင်းကျိုးမပါ အများကောင်းကျိုးအတွက် ဆောင်ရွက်ခြင်းပါပဲ။

(၁၉၄၀-၄၂) လောက်မှာ ကိုငွေးဟာ ဥပစာကောလိပ်ကနေ ထွက်လာပြီး နိုင်ငံရေးလောကထဲသို့ လုံးလုံးလျားလျား ဝင်ရောက်ခဲ့ပါတယ်။ ရဲဘော်ငွေးဟာ ဆင်းရဲတဲ့ တောင်သူလယ်သမားတို့၏ဘဝ လွတ်မြောက်ရေးအတွက် မြေရှင်ပဒေသရာဇ်စနစ်အား အမြစ်ကနေ တိုက်ဖျက်ပစ်ရန် လှုပ်ရှားခဲ့ပါတယ်။ ဒါကြောင့် နယ်ချဲ့မြေရှင်ဥပဒေများကို ဆန့်ကျင်ကာ လယ်သမားတို့နဲ့ ပူးပေါင်းကာ လယ်ယာတိုက်ပွဲများ၊ လယ်သမားများ သက်သာချောင်ချိရေးအတွက် သီးစားခ မပေးရေး တိုက်ပွဲများနှင့် အမတော်ကြေး တိုက်ပွဲများကို တက်တက်ကြွကြွ ပါဝင်ဦးဆောင်ဆင်နွှဲခဲ့ကြပါတယ်။ ထိုသို့ လှုပ်ရှားမှုကြောင့် ရဲဘော်ငွေး ဖမ်းဆီး ထောင်ချခံခဲ့ရပါတယ်။ ထောင်ထဲမှာ နယ်ချဲ့မကြောက်တရားများ ဟောပြောမှုများ လုပ်ဆောင်ခဲ့ပါသေးတယ်။ 'အမေကမွေး ထောင်ကကျွေး' ကြွေးကြော်ခဲ့ကြပါတယ်။

စာမျက်နှာ (၂၆) သို့

www.free4readers.com



**စာမျက်နှာ (၂၅) မှ အဆက်**

ထောင်က လွတ်လာအပြီး ရဲဘော်ဌေးဟာ ဗမာနိုင်ငံ အာရှလူငယ်အစည်းအရုံးမှာ ဗဟိုအမှုဆောင်အဖွဲ့တွင် ပါဝင်လာပါတယ်။ ထိုစဉ်က အာရှလူငယ်ဗဟိုအမှုဆောင်အဖွဲ့ အထွေထွေအတွင်းရေးမှူး ကိုခင်အောင်၊ ကိုညီလေးတို့နဲ့အတူ စည်းရုံးရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ရဲဘော်ဌေးဟာ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလတွင် ကွန်မြူနစ်ပါတီဝင် ဖြစ်လာပါတယ်။

၁၉၄၂ ခုနှစ် ဒီဇင်ဘာလကုန်ခါနီးတွင် ဗမာနိုင်ငံ အာရှလူငယ်အစည်းအရုံး၏ စည်းရုံးရေးတာဝန်ခံ သင်တန်း နှစ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ အဲဒီသင်တန်းမှာ စစ်ကိုင်းက ရဲဘော်ဌေးနှင့် ရဲဘော်ဗိုလ်ကြင်မောင်တို့ တက်ရောက်ခဲ့ကြပါတယ်။

၁၉၄၃ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်မြို့ ရွှေတောင်ကြားလမ်း သခင်သန်းထွန်းနေအိမ်တွင် ပြုလုပ်သော ဖက်ဆစ်ဆန့်ကျင်ရေး စည်းရုံးရေးမှူး ရက်တိုသင်တန်းကိုလည်း ကိုညီလေး၊ ကိုသန်းညွန့်တို့နဲ့အတူ တက်ရောက်ခဲ့ပါတယ်။ အဲဒီအခါက သခင်သန်းထွန်းနဲ့ လူချင်းရင်းနှီးခဲ့ပုံ ရပါတယ်။ ထိုရက်တိုသင်တန်းမှာ သခင်ဗဟိန်းက ပို့ချပေးခဲ့ပါတယ်။ ကျောင်းသားဘဝက အားကျခဲ့တဲ့ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းပေါ့။

ရဲဘော်ဌေးကို ဗမာနိုင်ငံ အာရှလူငယ် အစည်းအရုံး ဗဟိုမှနေ မုံရွာခရိုင်စည်းရုံးရေးမှူး တာဝန်ခံအဖြစ် ပေးအပ်ခဲ့ပါတယ်။ စစ်ကိုင်းခရိုင်စည်းရုံးရေးတာဝန်ခံအဖြစ် ဗိုလ်ကြင်မောင်၊ ရဲဘော်ထွန်းခေါ် ရဲဘော်ဗိုလ် ကြင်မောင် ဗကပ တာဝန်ပေးအပ်ခံကြပါတယ်။

မုံရွာခရိုင်တွင် ခရိုင်စည်းရုံးရေးမှူး တာဝန်ခံ ကိုဌေး(ခ)ရဲဘော်ဌေးဟာ ၁၉၄၃ ခုနှစ် အစပိုင်းတွင် သခင်တင်မြနှင့် ဆက်သွယ်လုပ်ပြီးနောက် ခရိုင်အတွင်းရှိ အာရှလူငယ်အစည်းအရုံးဝင်များနှင့် အခြားသင့်တော်မည့် လူငယ်များအား ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို သင်တန်းပို့ချကာ မြေအောက်အဖွဲ့ (U.G) များကို ဖွဲ့စည်းပေးခဲ့ရပါတယ်။ (Unity of Underground Units)

မုံရွာခရိုင်တွင် ၁၉၄၄ ခုနှစ်နောက်ပိုင်းမှာ ခရိုင်စည်းရုံးရေးတာဝန်ခံ ကိုဌေး (ခ) ရဲဘော်ဌေးဟာ ဂျပန်ဆန့်ကျင်ရေးအတွက် မဟာမိတ်များ၏ အကူအညီရယူရန် ကိုခင်မောင်ကြီး (ကိုဘမောင်)နှင့်အတူ အိန္ဒိယသို့ သွားရောက်ခဲ့ပါတယ်။

ရဲဘော်ဌေးဟာ ဖက်ဆစ်ဆန့်ကျင်ရေးများ၊ လူထုစည်းရုံးရေးများတို့ကို ၁၉၄၄ ခုနှစ် နောက်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ အရန်ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်လာခဲ့တယ်။ နောက်ပိုင်း ဖက်ဆစ်တော်လှန်ရေးပြီးတဲ့နောက် ၁၉၄၅ ခုနှစ် ဇူလိုင်လမှာ ဒုတိယ ကွန်ဂရက်အစည်းအဝေးက ဆုံးဖြတ်၍ ဗဟိုကော်မတီဝင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ထိုမှတစ်ဆင့် အထက်ဗမာပြည် ဗဟိုကော်မတီ အတွင်းရေးမှူးဖြစ်ခဲ့ပါတယ်။

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှာ မန္တလေးခရိုင်ဗမာပြည်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၄၈ မတ်လ ၂၈ ရက်မှာ ရဲဘော်ဌေးအား ဦးနု အစိုးရကို ဆန့်ကျင်ခဲ့တာကြောင့် မန္တလေးမှာ ထောင်ကျခဲ့ပါတယ်။ ထိုထောင်အထဲမှာ ရဲဘော်အောင်သူ (မြင်းခြံ)၊ ဗိုလ်အာဠာဝကတို့နဲ့အတူ ကွန်မြူနစ်ပါတီဝင်များ၊ သမဂ္ဂခေါင်း ဆောင်များတို့ကို သင်တန်းပေးစည်းရုံးခဲ့ပါတယ်။ ထောင်ထဲမှာ ကွန်မြူနစ်စည်းရုံးရေးဆင်းခဲ့ပါတယ်။

ရဲဘော်ဌေးဟာ ထောင်ကျနေစဉ် အလံနီ ပြည်သူ့ရဲဘော်များနှင့် ပူးပေါင်းကာ ထောင်တွင်းနစ်နာချက်များကို ရဲရဲတောက် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူတစ်ဦးပါ။ ထောင်မကြောက် ထောင်တွင်း ရဲရဲတောက် တရားများကိုလည်း ပြောကြားလေ့ရှိပါတယ်။

ရဲဘော်ဌေးဟာ ၁၉၄၉ ခုနှစ် မတ်လ ၁၀ ရက်ညနှင့် ၁၁ ရက်နေ့များမှာ မန္တလေး ထောင်ကိုဖောက်၍ နိုင်ငံရေးအကျဉ်းသားများနှင့်အတူ လွတ်မြောက်နယ်မြေသို့ ပို့ ဆောင်ပေးခဲ့ပါတယ်။ ထို့ကြောင့် ရဲဘော်ဌေးတောခိုတဲ့နှစ်ဟာ ၁၉၄၉ ခုနှစ်လို့ ပြောလို့ရပါတယ်။ သူ့ရဲ့ ပါတီအပေါ် သစ္စာရှိမှု ရည်ရွယ်ချက်ကြီးမှုတို့ကြောင့် သူ့ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အရန်ဗဟိုကော်မတီဝင်အဖြစ် လည်းကောင်း၊ စက်တင်ဘာလမှာ ဗဟိုကော်မတီဝင်အဖြစ် တိုးမြှင့်ရွေးချယ်ခြင်းခံရပါတယ်။ ၁၉၅၁ ခုနှစ် စက်တင်ဘာလမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ပေါလစ်ဗျူရို လူကြီးအဖြစ် ရွေးချယ်ခြင်းခံရ ပါတယ်။ ပဲခူးရိုးပါတီတိုက်ပွဲတွင် 'ဗမာတိန့်ရှောက်ပင်း' ဟု မှတ်တမ်းတင်ခံရသည်။

၁၉၆၂ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီမှာ ဗဟိုကော်မတီဥက္ကဋ္ဌ သခင်သန်းထွန်းဖြစ်ပြီး အတွင်းရေးမှူးမှာ ရဲဘော်ဌေး ဖြစ်ခဲ့ပါတယ်။ သခင်သန်းထွန်းနှင့် ရဲဘော်ဌေးတို့ဟာ အရင်းနှီးဆုံး ပါတီမိတ်ဆွေတွေဖြစ်ခဲ့သလို သူမတူအောင် ထက်မြက်ကြသူများဖြစ်ကြပါတယ်။ ရဲဘော်ဌေးရဲ့ သမိုင်းကိုကြည့်ရင် ကျောင်းသားအရေးတော်ပုံ၊ လယ်သမားအရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ဗိုလ်နေဝင်း ဆိုရှယ်စနစ်ကို ဆန့်ကျင်ရေးတို့တွင် ဦးဆောင်တိုက်ပွဲဝင်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။ ရဲဘော်ဌေးရဲ့ ရည်မှန်းချက်တစ်ခုမှာ ပြည်သူလူထု၏ ညီညွတ်ရေးဟာ အရေးကြီးဆုံးလို့ ခံယူထားပုံရပါတယ်။ ထိုသို့လူထု စည်းလုံးညီညွတ်ရေးကို တိုက်ပွဲဝင်ရင်း ၁၈-၆-၁၉၆၇ ခုနှစ်မှာ ဖြုတ်ထုတ်သတ် လမ်းစဉ်နှင့်အတူ ကျဆုံးသွားခဲ့ပါတယ်။

ရဲဘော်ဌေးရဲ့အကြောင်းကို နောက် ပြန်လှည့်ကြည့်ရင် သူ့ယုံကြည်ချက်နဲ့အတူ သူ့ကိုယ်ကျိုးအတွက်မပါ ကျောင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက် လုပ်ဆောင်ချက်များသာ တွေ့ရပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် အမိကကတော့ ကိုယ့်အကျိုးစွန့် အနစ်နာခံသော လူသားတစ်ဦးလို့ ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါတယ်။

**မျိုးသန့်ထွန်း(စစ်ကိုင်း)**

***ရည်ညွှန်းစာ***
*၁။ အရှေ့အာရှလူငယ်များ အစည်းအရုံး*
*(ဗမာနိုင်ငံ) သမိုင်း*
*၁၉၈၄ ဩဂုတ်လ (၂)တွဲ (လက်နှိပ်စက်မူ)*
*၂။ ကလောင်စုံ - အယ်ဒီတာတစ်ဦးရေး။*
*'ဗဟိုစည်းရုံးရေးကော်မတီလူကြီး ရဲဘော်ဌေး အတ္ထုပ္ပတ္တိ'*
*မှ သမိုင်းခေတ်နှင့် လူပုဂ္ဂိုလ်။*
*ရန်ကုန်၊ မိုးလုံးမှိုင်းစာပေ၊ ၂၀၁၇။ (စာ - ၅၅ - ၅၈)*
*၃။ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ (၂) တွဲ*
*(၁၉၆၉)၊ မြရာပင်စာပေ။*

**စာ (၂၁) စရိုက်နှင့် ဝါသနာ မှအဆက်**

**စရိုက်ပြင်နည်း**

ကဲ၊ ကောင်းပြီ၊ စရိုက်ကို ပြင်ချင်တယ်၊ ဘာနဲ့ပြင်မလဲ။ 'ရာဂစရိုက်' အလှအပတွေ သိပ်ကြိုက်တယ်နော်၊ မက်မောတယ်။ အဆင်းလှတာ သဘောကျတယ်၊ အသံကောင်းတာ သဘောကျတယ်။ အနံ့မွှေးတာ သဘောကျတယ်။ ဟင်းကောင်း ကြိုက်တယ်၊ တွယ်တာမှုတွေ အားကြီးတယ်၊ လောဘတွေ အားကြီးတယ်။ ဒီစရိုက်တွေ များလာပြီ ဆိုလို့ရှိရင် ဘာနဲ့ဖျောက်ပစ်ဖို့ ကြိုးစားမလဲ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ကမ္မဋ္ဌာန်း (၄၀) လို့ဆိုပြီး ထိုထိုကျမ်းဂန်တွေကနေ ထုတ်ပြီးတော့ မှတ်တမ်းတင်ထားတယ်။ အဲဒီထဲမယ် ရာဂစရိုက်ရှိတဲ့ ပုဂ္ဂိုလ်အတွက် အသုဘဘာဝနာ-မတင့်တယ်မှုကို ဆင်ခြင်စဉ်းစားမှု အရေးကြီးဆုံးပဲ။ သူက ဘာဖြစ်လို့တုန်းဆိုတော့ အမြဲတမ်းလှတယ်ချည်းပဲ တွေးနေတဲ့ပုဂ္ဂိုလ်ကိုး။ အဲဒီတော့ မလှဘူး၊ မစင်ကြယ်ဘူးဆိုတာကို မြင်အောင်ကြည့်ဖို့ပေါ့။ အဲဒါမှသူ့ရဲ့ တွယ်တာမှုတွေကို လျှော့ချနိုင်မှာ။ အသုဘ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ-ရာဂစရိုက်ကို ဖယ်ရှားနိုင်ဖို့အတွက် အသုဘကမ္မဋ္ဌာန်းကို ပွားပါတဲ့။

အေး၊ လူတွေက အသုဘလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ဟို-မသာအိမ်သွား အောက်မေ့နေတယ်နော်။ အသုဘဆိုတာ အသက်ရှင်နေတုန်းကလည်းပဲ အသုဘ၊ အသုဘဆိုတဲ့ စကားလုံးက မတင့်တယ်ဘူး၊ ရွံစရာကောင်းတယ်။ ကဲ-ကိုယ့်ကိုယ်ကိုယ် ရွံစရာကောင်းမကောင်း ကိုးပေါက်ဒွါရကနေ ထွက်နေတာတွေကို နမ်းကြည့်ပေါ့၊ အတွင်းထဲမှာ မွှေးကြိုင်နေတယ်ဆိုတာ တစ်ခုမှ မရှိဘူးနော်။

မျက်စိက ထွက်ရင် မျက်ချေး၊ နှာခေါင်းကထွက်ရင် နှပ်ချေး။ (အမယ် နန်းတော်သူတွေကတော့ မျက်ချေးကို 'မျက်ဝတ်'လို့ ခေါ်လိုက်သေးတာနော်။ နာမည်လေးကို လှလှပပထားပြီးတော့ ရွံစရာမကောင်းအောင်လို့။) နှာခေါင်းကထွက်တော့ နှပ်ချေး၊ နားကထွက်တော့ နားဖာချေးပေါ့။ အဲဒီလို ခန္ဓာကိုယ်က ထွက်သမျှအရာတွေဟာ သိမ်းထားလို့ရတဲ့ဟာ တစ်ခုမှ မရှိဘူး၊ မွှေးကြိုင်တယ်ဆိုတာလည်း တစ်ခုမှမရှိဘူး။ လူတွေ မွှေးကြိုင်တယ်ဆိုတာ ပြင်ပက ခေတ္တခဏလိမ်းကျံထားတဲ့ အနံ့လေးက မွှေးတာ၊ လူက မွှေးတာ မဟုတ်ဘူး။ စန္ဒီးလိမ်းထားရင် စန္ဒီးက၊ ပေါင်ဒါလိမ်းထားရင် ပေါင်ဒါက မွှေးတာနော်။ ရေမွှေးဆွတ်ထားရင် ရေမွှေးက မွှေးတာ။ အဲဒါကို လူက မွှေးတယ်ထင်နေကြတာ။ အဲဒီတော့ လူ့ရဲ့ခန္ဓာကိုယ်ဟာ မွှေးတယ်၊ ကြိုင်တယ်ဆိုတာ တစ်ခုမှမရှိဘူး။ ဒါစဉ်းစားဖို့ပြောတာနော်။ အဲဒီလို စဉ်းစားဆင်ခြင် တတ်လာမယ်ဆိုရင် လှပတယ်။ တင့်တယ်တယ်ဆိုတာ မရှိဘူးတဲ့။ ရွံစရာကောင်းတယ်ဆိုတာတွေ တွေ့လာမှာပဲ။ အဲဒီလို ရွံစရာကောင်းတာတွေကို တွေးကြည့်ပြီးတော့ ရာဂစိတ်ကို ပယ်ဖျောက်ရမယ်တဲ့။ တွယ်တာမှုတွေကို လျှော့ချရမယ်။ ဒါက ရာဂစရိုက်ကို ပြုပြင်တဲ့ နည်းတစ်နည်းပေါ့နော်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ ခန္ဓာကိုယ်ကြီးကို တစ်ခုစီ တစ်ခုစီ ဖျက်ချကြည့်လိုက်။ ဆံပင်ကလည်း ခေါင်းပေါ်နေတော့ လှတယ်လေ၊ အဲဒီခေါင်းပေါ်က ဆံပင်လေးတစ်ခုဟာ ထမင်းပန်းကန်ထဲရောက်သွားရင် ရွံစရာကောင်းတယ်၊ လူက အဲဒီကျမှ ရွံရကောင်းမှန်းသိတာ။ ခေါင်းပေါ်နေတုန်းကတော့ အရောင်အမျိုးမျိုးဆိုးပြီး အလှအပတွေလုပ်၊ အမွှေးအကြိုင်တွေလိမ်း၊ ဒီလိုလုပ်ကြတယ်။ အဲဒီတော့ ခေါင်းပေါ်မှာရှိတဲ့ ဆံပင်နဲ့ ကျွတ်လာတဲ့ဆံပင်ဟာ အတူတူပဲ။ အဲဒီလို ဆံပင်၊ မွေးညင်း၊ ခြေသည်းလက်သည်း၊ သွား၊ အရေ ခန္ဓာကိုယ်မှာ ရှိတာတွေ သဘာဝရဲ့ မလှပ၊ မတင့်တယ်မှုတွေကို ဆင်ခြင်စဉ်းစားပေးခြင်းဖြင့် ရာဂစရိုက်ကို လျှော့ချပေးလို့ ရပါတယ်တဲ့။

ဒါဖြင့် ဒေါသစရိုက်ကိုတော့ ဘာနဲ့လျှော့ချရမလဲ ဆိုလို့ရှိရင် ဒေါသဆိုတာ ဘယ်အာရုံပေါ်မှာမှ သူက ကြည်လင်တာ မဟုတ်ဘူး၊ အမြဲတမ်းမုန်းတီးမှုနဲ့ ဆက်ဆံနေတယ်။ ဒါကြောင့်မို့ ဒေါသစရိုက်ကို ဖယ်ရှားဖို့ရာကျတော့ ကိုယ့်ရဲ့ရင်ထဲ နှလုံးထဲမှာ မေတ္တာတရားကို ဖြစ်ပွားများအောင် ကြိုးစားရမယ်။ မေတ္တာ ဘာဝေတဗ္ဗာဒေါသဿ ပဟာနာယတဲ့။ အမုန်းတရားလို့ဆိုတဲ့ ဒေါသစရိုက် ပျောက်သွားအောင် ကြိုးစားပါတဲ့။ အများအကျိုးကိုလိုလားခြင်းဆိုတဲ့ မေတ္တာကို တည်ဆောက်တဲ့အခါမှာ ခန္တီဟာ များစွာ အကူအညီပေးတယ်။ ဒါကြောင့်မို့ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းဖြင့် မေတ္တာတရားကို ထိန်းသိမ်းထားပြီး ဒေါသတရားကို ဖယ်ရှားနိုင်အောင် ကြိုးစားရမယ်။

အဲဒီလို မကြိုးစားနိုင်လို့ အကျင့်ကြီးပါသွားပြီဆိုရင် လူဖြစ်ရင်လည်း လူစိတ်တိုကြီးဖြစ်တယ်။ တိရစ္ဆာန်ဖြစ်ရင်လည်း ကျားတို့၊ ခြင်္သေ့တို့ ဒေါသကြီးတဲ့ အကောင်မျိုးတွေ သွားဖြစ်တယ်။ အဲဒီလိုမဖြစ်ရအောင် သိတတ်တဲ့ဘဝမှာ မေတ္တာတရား များများပွားပြီးတော့ အဲဒီစရိုက်ပျောက်ဖို့ရာအတွက် ကိုယ့်ရဲ့ နှလုံးသားကို မေတ္တာတရားတွေနဲ့ ဆွတ်ဖြန်းပေးဖို့ လိုအပ်တယ်တဲ့။

မောဟစရိုက် ပျောက်ဖို့ရာအတွက် ဘာလုပ်ရမလဲ၊ တရားနာရမယ်။ မောဟစရိုက်ပျောက်အောင် တရားနာတယ်။ နှလုံးသွင်းတယ်။ မြတ်စွာဘုရားဟောကြားထားတဲ့ တရားရေးသားထားတဲ့ စာအုပ်တွေဖတ်ရှုတယ်။ လေ့လာတယ်၊ မေးမြန်းတယ်၊ ဆရာသမားတွေထံ ချဉ်းကပ်တယ်။ မသိတာတွေကို မေးတယ်။ အဲဒီလို မေးမြန်းစုံစမ်းခြင်း၊ သင်ယူခြင်း၊ မှတ်သားခြင်းဖြင့် မောဟစရိုက်ကို ပျောက်ကင်းစေနိုင်ပါတယ်။

အဲဒီလို ပညာရလာအောင်လုပ်တဲ့အခါမှာ အရေးကြီးတာက ဘာလဲလို့ဆိုရင် စိတ်ကလေးငြိမ်အောင်နဲ့ မိမိရဲ့သန္တာန်မှာ သတိတရားတွေ ခိုင်မာလာအောင် လေ့ကျင့်ရမယ်။ သတိသမ္ပဇဉ ထားရမယ်၊ သတိရှိလာလို့ရှိရင် ပညာဟာရှိလာမှာဖြစ်တယ်။ ဒါကြောင့်မို့လို့ သတိကို ထူထောင်ပေးရမယ်။ အာနာပါနံ မောဟစရိတဿ-မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ဟာ သတိလေးထားပြီး ထွက်လေဝင်လေလေးကို ရှုမှတ်ပွားများနေရမယ်။ ဒီလိုနေမယ်ဆိုရင် မောဟစရိုက်နည်းပါးသွားမယ်။ သတိရှိလာတာနဲ့တစ်ပြိုင်နက် အသိပညာလည်း ရတယ်။ အသိပညာရအောင်လည်း ရရာရကြောင်းတွေကို ဆည်းပူးရတယ်၊ လေ့လာတယ်၊ နာယူရတယ်၊ မှတ်သားရတယ်။ ဟော ဒီလိုနည်းနဲ့ မောဟစရိုက်တွေပျောက်ကွယ်ပြီးတော့ သွားနိုင်တယ်။

စရိုက်ဆိုးတွေကို ဒီဘဝမှာ ပြင်ရင်ပြင်၊ မပြင်လို့ ရှိရင် သံသရာထဲမှာ စရိုက်ဆိုးတွေနဲ့ပဲ ကျင်လည်ကြရမှာဖြစ်တယ်။ လူ့ဘဝရောက်ရင်ပဲ စရိုက်ဆိုးတဲ့လူ၊ လောကလူတွေ ကြည့်လေ၊ တစ်ယောက်နဲ့တစ်ယောက် စရိုက်မှ မတူတာ။ စရိုက်ဆိုးတဲ့လူတွေ ရှိတာပဲ၊ စရိုက်ကောင်းတဲ့လူတွေရှိသလို စရိုက်ဆိုးတဲ့သူတွေ ရှိတာပဲ။ ဒီဘဝမှာ မပြင်ဘူးဆိုလို့ရှိရင် နောင်ဘဝမှာလည်းပဲ အကျင့်ကြီးပါသွားမှာပဲ။

အဲဒီ မကောင်းတဲ့အကျင့်ကြီးတွေ ပါသွားပြီဆိုလို့ရှိရင် ဒီစရိုက်ဟာ နောက်ဆုံးမှာ ဖျောက်လို့မရနိုင်တဲ့အဆင့်ထိအောင် ရောက်သွားပြီးတော့၊ အထုံဝါသနာကြီးပါပြီးတော့ ဘုရားတောင်မှ ချွတ်ဖို့ရာ ခက်သွားတယ်။ ဥပမာမယ် ဖွတ်ဖို့၊ လျှော်ဖို့ မလွယ်ကူတဲ့ လက်နှီးစုတ်လို ဖြစ်သွားမှာပေါ့နော်။

မကောင်းတဲ့စရိုက်တွေ ကိုယ့်စိတ်ထဲမှာ လွှမ်းမိုးသွားပြီ ဆိုလို့ရှိရင် သံသရာထဲမှာ နစ်မွန်းသွားနိုင်တယ်တဲ့။ ဒါကြောင့်မို့လို့ ခုလို ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်နဲ့ ကြုံတဲ့အခါမှာ ရာဂစရိုက်ကိုလည်း လျှော့ချဖို့ ကြိုးစားရမယ်၊ ဒေါသစရိုက်ကိုလည်း လျှော့ချဖို့ ကြိုးစားရမယ်၊ မကောင်းတဲ့ မောဟစရိုက်ကိုလည်း လျှော့ချဖို့ ကြိုးစားရမယ်၊ ကောင်းတဲ့စရိုက်တွေကိုတော့ ကြီးထွားလာအောင် ထိန်းသိမ်းစောင့်ရှောက်ပြီးတော့ ပေးရမယ်လို့ ဒီလို မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။ အခုလို တရားဓမ္မတွေကို နာယူမှတ်သားပြီးတဲ့အခါ မိမိတို့ရဲ့ ဘဝမှာ ကောင်းမြတ်တဲ့ စရိုက်တွေ မွေးမြူခြင်းဖြင့် ကောင်းမြတ်တဲ့ ဝါသနာတွေနဲ့ နောက်ဆုံးမှာ ထာဝရချမ်းသာတဲ့ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာ ဖြစ်တယ်လို့ အားလုံးသဘောကျပြီး ဝါသနာတို့ စရိုက်တို့ကို ဖယ်ရှားနိုင်ကြောင်း အကျင့်ကောင်းကို ကျင့်ကြံကြိုးကုတ်အားထုတ်ကာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓု**

**ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ**
**ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)**

The SPEAKER news journal Cartoon



www.free4readers.com



# ငြိမ်းချမ်းသည့် ငှက်တို့ဘဝ အေးချမ်းရေး (၂)



ဒေါက်တာသိန်းအောင်



ငှက်ခေါင်းမွဲ

ငှက်ခေါင်းမွဲသည် ငှက်မျိုးစိတ် ၁၀ မျိုးတွင် ပါဝင်သည့် ငှက်တစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ် အလယ်အလတ်အရွယ်ရှိ ငှက်မျိုးစိတ်ဖြစ်သည်။ အင်္ဂလိပ်အမည်မှာ (Ashy-headed Green-pigeon) ဖြစ်ပြီး သိပ္ပံအမည်မှာ (Treron phayrei) ဖြစ်သည်။ ငှက်ခေါင်းမွဲသည် ငှက်နှုတ်သီးထူနှင့် ဆင်တူသော်လည်း မျက်ကွင်း မပါရှိပေ။ နှုတ်သီးသည် ပိုမိုသွယ်လျပြီး မီးခိုးရောင် ဖြစ်သည်။ ရင်ပိုင်းတွင် အဝါရောင်သန်းပြီး လည်မျိုပိုင်းသည် အဝါရောင်သန်းသည်။ အောက်အမြီးဖုံးပိုင်းသည် အုတ်နီခဲအနီရောင် ဖြစ်သည်။ ငှက်ခေါင်းမွဲ အမသည် ငှက်နှုတ်သီးထူ အမကဲ့သို့ အမွေးအရောင်မှာ အစိမ်းရောင်တစ်ရောင်တည်းဖြစ်ပြီး ရင်ပိုင်းတွင် အဝါရောင် မပါပေ။

ငှက်ခေါင်းမွဲတို့သည် သဘာဝသစ်တောအတွင်း သစ်ပင်ရွက်အုပ်များတွင် နေထိုင်ကာ အမျိုးမျိုးကွဲပြားခြားနားသည့် သစ်သီး၊ သစ်စေ့များစားသည်။ တစ်ကောင်သို့မဟုတ် အကောင်ရေ နည်းပါးသည့် အုပ်စုဖွဲ့နေတတ်သည်။ ပျံသန်းရာတွင် လျင်မြန်ပြီး တည့်တည့်မတ်မတ် ပျံသန်းကြသည်။ ပျံသန်းစဉ် တောင်ပံကို မှန်မှန် ခတ်ပြီး၊ ငှက်တို့၏ အပြုအမူအတိုင်းတောင်ပံဆတ်ခနဲ ရှုတ်တတ်သည့် အလေ့အထရှိသည်။

ငှက်ခေါင်းမွဲတို့သည် အမြဲစိမ်း သစ်တောနှင့် အမြဲစိမ်း ရောနှောသည့် သစ်တောအတွင်း အမြင့်မီတာ ၈၀၀ ထိ နေထိုင်ကျက်စားသည်။ အိန္ဒိယတိုက်ငယ်တွင် အိန္ဒိယ အနောက်တောင်ပိုင်း၊ သီရိလင်္ကာဒေသ၊ တရုတ်ပြည်အရှေ့မြောက်ပိုင်း၊ ဖိလစ်ပိုင်ဒေသများတွင် နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှဒေသတွင် မြန်မာ၊ ထိုင်း (အလယ်၊ တောင်ပိုင်းမှအပ)၊ ကမ္ဘောဒီးယား၊ လာအို၊ ကိုချင်ချိုင်းနားတို့၌ မပေါမများ နေထိုင်ကျက်စားသည်။ ငှက်ခေါင်းမွဲတို့သည် ဧပြီ၊ မေလတွင် မိတ်လိုက်သားပေါက်ကြသည်။ မြေပြင်မှ အမြင့် ၁၃ မီတာခန့်မြင့်သည့် သစ်ပင် သို့မဟုတ် ဝါးပင်များတွင် အသိုက်လုပ်ကြသည်။ အသိုက်ကို သစ်ကိုင်း သစ်ခက်များဖြင့် ပြုလုပ်ကြသည်။ တစ်မြုံလျှင် ဥနှစ်လုံး ဥသည်။

အဒမ်မန်ငှက်သည် ငှက်မျိုးစိတ်တွင် ပါဝင်ပြီး မြန်မာနိုင်ငံတောင်ပိုင်း ပင်လယ်အတွင်း အဒမ်မန်ကျွန်းတွင် နေထိုင်သည့် ငှက်မျိုးစိတ်ဖြစ်သည်။ အထီးနှင့် အမသည် အမွေးအရောင်တူသည်။ အထီးသည် ငှက်ခေါင်းမွဲနှင့် ဆင်သော်လည်း အရွယ်ပိုကြီးပြီး နှုတ်သီးပိုကြီးသည်။ တောင်ပံဖုံးသည် အစိမ်းရောင်နည်းသည်။ ကျောအောက်ပိုင်းသည် တောက်ပသည့် ထုံးစိမ်းရောင်ဖြစ်သည်။ အောက်အမြီးဖုံးပိုင်းတွင် မီးခိုးစိမ်းရောင် အမွေးအတောင်တို့၏ အဖျားသည် အဝါရောင် ဖျော့ဖျော့ဖြစ်သည်။ အဒမ်မန်ငှက်အမသည် ငှက်ခေါင်းမွဲ အမနှင့် ဆင်ပြီး ခန္ဓာကိုယ် အရွယ်ပိုကြီးသည်။ နှုတ်သီးပိုကြီးသည်။ ကျောအောက်ပိုင်းနှင့် အောက်အမြီးဖုံးသည် အထီးကဲ့သို့ ထုံးစိမ်းရောင်ဖြစ်သည်။



အဒမ်မန်ငှက်

အဒမ်မန်ငှက်တို့သည် အများအားဖြင့် တစ်ကောင်တည်း သို့မဟုတ် အကောင်ရေနည်းနည်းဖြင့် အုပ်စုဖွဲ့နေတတ်ကြသည်။ ပင်လယ်သမုဒ္ဒရာတွင်း ကျွန်းများတွင် နေထိုင်သည့် ငှက်မျိုးစိတ်များဖြစ်သဖြင့် သဘာဝစားကျက်နယ်မြေ အကျယ်အဝန်းနှင့် အစားအစာရရှိမှု ကန့်သတ်ချက်ရှိခြင်း၊ ပျံ့နှံ့ကျက်စားသည့်ဒေသ ကျဉ်းမြောင်းလာခြင်းတို့ကြောင့် မျိုးသုဉ်းမှု အန္တရာယ်ခြိမ်းခြောက်ခံမျိုးစိတ်အဖြစ် သတ်မှတ်ထားသည့် ငှက်မျိုးစိတ်ဖြစ်သည်။

အဒမ်မန်ငှက်တို့သည် အမြဲစိမ်းတောနှင့် အမြဲစိမ်းရောနှောတောတွင် အမြင့်မီတာ ၈၀၀ ထိ နေထိုင်ကျက်စားသည်။ အဒမ်မန်ကျွန်းနှင့် နီကိုဘာကျွန်းတွင် ဌာနေငှက်အဖြစ် နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှဒေသတွင် မြန်မာနိုင်ငံတောင်ပိုင်း ကိုကိုးကျွန်း၌ နေထိုင်ကျက်စားသည်။ အဒမ်မန်ငှက်တို့သည် ဖေဖော်ဝါရီလမှ ဇွန်လထိ မိတ်လိုက်သားပေါက်ကြသည်။

ငှက်ခေါင်းမွဲနှင့် အဒမ်မန်ငှက်တို့ကို နိုင်ငံတကာ သဘာဝ ထိန်းသိမ်းရေး အဖွဲ့ (International Union for Conservation of Nature-IUCN) ၏ စာရင်းနီ (Red list) တွင် မျိုးသုဉ်းမှု အန္တရာယ် ခြိမ်းခြောက်ခံရသော (Near Threatened-NT) မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် လုံးဝကာကွယ်ထားသည့် (Completely protected) ငှက်မျိုးစိတ်စာရင်းထည့်သွင်း သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်ထားသည်။

ငှက်တို့သည် ယေဘုယျအားဖြင့် အစိမ်းရောင်ငှက်မျိုးဖြစ်ပြီး ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်အချိုးအစား လှပကြော့ရှင်းခြင်းကြောင့် တွေ့မြင်သူများအဖို့ နှစ်သက်ဖွယ်ကောင်းသည့် ငှက်မျိုးဖြစ်သည်။ အလှမွေးငှက်အဖြစ် ဖမ်းယူကာ လှောင်အိမ်ဖြင့် မွေးမြူသော်လည်း မွေးမြူစောင့်ရှောက်တွေးမွေးရန် ခက်ခဲသည့် ငှက်မျိုးစိတ်ဖြစ်သည်။ ငှက်တို့သည် လူတို့ကျွေးသည့် အစာကို မစားခြင်း၊ ကြောက်လန့်တတ်ခြင်းကြောင့် မွေးမြူစောင့်ရှောက်ရန် ခက်ခဲခြင်းဖြစ်သည်။ ငှက်တို့သည် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသတွင် သစ်သီး၊ သစ်စေ့များကို စားကြပြီး အတူနေထိုင်ကျက်စားသည့် အခြားသော တိရစ္ဆာန်များနှင့် သင့်မြတ်စွာနေထိုင်ပြီး သဘာဝ ဂေဟစနစ်ကို ဟန်ချက်ညီစေသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ပါဝင်ကူညီ သယ်ပိုးသည့် ငှက်မျိုးစိတ်များလည်းဖြစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ရေရှည်တည်တံ့ရေး အခန်းကဏ္ဍတွင် အရေးပါသည့် ငှက်မျိုးစိတ်များ ဖြစ်သည်။

ငှက်ခေါင်းမွဲနှင့် အဒမ်မန်ငှက်တို့သည် သဘာဝ ပတ်ဝန်းကျင်သစ်တောစားကျက်ဒေသအတွင်း သစ်ပင်၊ ရွက်အုပ်များအတွင်း နေထိုင်ကျက်စားခြင်းကြောင့်၊ သစ်တောသစ်ပင်များ ခုတ်လှဲခြင်းဖြင့် စားကျက်ဒေသ ကျဉ်းမြောင်းလာကာ ပျောက်ဆုံးခြင်း၊ အစားအစာ လျော့နည်းရှားပါး ပြတ်လပ်ခြင်း စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရသည်။

ငှက်တို့သည် နေထိုင်လှုပ်ရှားမှုမှာ ဖျတ်လတ်လျင်မြန်မှုမရှိဘဲ နှေးကွေးတတ်ခြင်း၊ ရုတ်တရက် အန္တရာယ်တစ်စုံတစ်ရာကြုံတွေ့ပါက ရှောင်ရှားရန် တုံ့နှေးခြင်းကြောင့် ငှက်မုဆိုး သို့မဟုတ် သားရဲတိရစ္ဆာန်တို့၏ ဖမ်းဆီးတိုက်ခိုက်မှုကို အလွယ်တကူခံရကာ သေဆုံးကြရသည်။ အဒမ်မန်ငှက်သည် မြန်မာနိုင်ငံတွင် တောင်ဘက်စွန်းပင်လယ်ရေပိုင်နက်အတွင်း တည်ရှိသော ကိုကိုးကျွန်းဒေသတွင်သာ နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်ဖြစ်သည်။ အဒမ်မန်ငှက်တို့သည် ပင်လယ်သမုဒ္ဒရာအတွင်း ကျွန်းများပေါ်တွင်သာ နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များဖြစ်ခြင်းကြောင့် စားကျက်ဒေသကျဉ်းမြောင်းပျောက်ဆုံးခြင်း၊ အစားအစာလျော့နည်းရှားပါးခြင်း၊ အမဲလိုက်ဖမ်းဆီးသတ်ဖြတ်ခံရခြင်းတို့ကြောင့် အကောင်ရေ လျင်မြန်စွာ ကျဆင်းကာ မျိုးသုဉ်းမှု အန္တရာယ်နှင့် အလွယ်တကူ ရင်ဆိုင်နိုင်သည့် ငှက်မျိုးစိတ်များဖြစ်ပါ၍ အလေးထား ထိန်းသိမ်းနိုင်ရန် ရေးသားလိုက်ပါသည်။



အဒမ်မန်ငှက် (ယာ)၊
ငှက်ခေါင်းမွဲ (အောက်)



အဒမ်မန်ငှက်



ဒေါက်တာသိန်းအောင်

Photographs by Internet

www.free4readers.com







# အီရန်ရုပ်ရှင် (၂)

ဝင်းခန့်မောင်

**Taste of Cherry (1997)**

Kiarostami ရဲ့ ကျော်ကြားမှုကြောင့် နိုင်ငံတကာဟာ အီရန်ပြည်တွင်းက တခြားထူးချွန်တဲ့ ဒါရိုက်တာတွေဆီကိုပါ အာရုံစိုက်စရာ ဖြစ်လာပါတယ်။ Under the Olive Trees (1994) ဇာတ်ကားရိုက်တုန်းက လက်ထောက်ဒါရိုက်တာ (Assistant Director)အဖြစ် ပါဝင်ခဲ့တဲ့ Jafar Panahi ဟာ Kiarostami ကို The White Balloon (1995) ရေးဖို့ အိုင်ဒီယာပေးခဲ့ပြီးနောက် ဇာတ်ညွှန်းဖြစ်လာတဲ့အခါ Panahi အဖို့ ဒါရိုက်တာအဖြစ် ရိုက်ကူးတဲ့ ပထမဆုံး ရုပ်ရှင်ကားကြီးဖြစ်လာပါတယ်။ သူ့ရဲ့ ၁၉၉၇ ခုနှစ်ထွက် The Mirror ကားမှာတော့ Panahi ဟာ သူ့ရဲ့ ညီမလေးကို မင်းသမီးအဖြစ်ထည့်ရိုက်ပြီး အကောင်းဆုံးသော သရုပ်ဆောင်မှုတွေရအောင် လုပ်ယူနိုင်ခဲ့ပါတယ်။ ဒီဇာတ်လမ်းကတော့ လူနေထူထပ်တဲ့ တီဟီရန်မြို့ ကျောင်းကနေ အိမ်ကို ပြန်ဖို့ကြိုးစားတဲ့ မိန်းကလေးငယ်လေးတစ်ယောက် အကြောင်းပါ။ Where is My Friend's Home ? (1987) ဇာတ်ကားနဲ့အတူ ဒီလိုဇာတ်လမ်းတွေဟာ အီရန်တွေ "Child Quest" လို့ ခေါ်တဲ့ ရုပ်ရှင်အမျိုးအစားတစ်ခု ဖြစ်လာပါတယ်။ ဒီလိုကားတွေမှာ နိုင်ငံရေးကိစ္စတွေကို ချန်လှပ်ထားတဲ့အပြင် နိုင်ငံတကာပရိသတ်အတွက်လည်း စိတ်ဝင်စားစရာ ဖြစ်နေတာ တွေ့ရပါတယ်။

Kiarostami နဲ့ ခေတ်ပြိုင်နောက်တစ်ယောက်ကတော့ သူ့လိုပဲ ၁၉၇၀ ခုနှစ်တွေကတည်းက ရုပ်ရှင်တွေရိုက်နေတဲ့ ဒါရိုက်တာ Mohsen Makhmalbaf ပါ။ သူ့ရဲ့ပထမဆုံး နိုင်ငံတကာအသိအမှတ်ပြုခံရတဲ့ ရုပ်ရှင်ကတော့ ၁၉၉၄ ထွက် Salaam Cinema ဖြစ်ပါတယ်။ ရုပ်ရှင်လောကနဲ့ ရုပ်ရှင်ချစ်သူတွေကို သရော်ထားတဲ့ မှတ်တမ်းရုပ်ရှင်ကားတစ်ကားပါ။ နောက်ထပ်ထင်ရှားတဲ့ ရုပ်ရှင်တွေကတော့ Moment of Innocence (1996), Gabbeh (1996) နဲ့ The Silence (1998)။ Makhmalbaf ဟာ Kiarostami ရဲ့ Close-Up(1990) မှာလည်း ပါဝင်ခဲ့ပါတယ်။ ဒီဇာတ်လမ်းဟာ Docufiction အမျိုးအစား၊ တကယ့်ဖြစ်ရပ်ကို မှတ်တမ်းတင်တာတစ်ဝက်နဲ့ သရုပ်ဆောင်ရိုက်ကူးတာ တစ်ဝက်ပါတဲ့ ရုပ်ရှင်လို့ ခေါ်ရမှာပါ။ Makhmalbaf ရဲ့ ဒါရိုက်တာအဖြစ် နာမည်ကြီးမှုကို အသုံးချပြီး သူနဲ့ ရုပ်ချင်းဆင်တဲ့ လူတစ်ယောက်က သူ့ဟန်ဆောင်ပြီး လူကုန်ထံအိမ်တစ်အိမ်ကို ဝင်ထွက်သွားလာနေတဲ့ အကြောင်းပါ။ နောက်တော့ အဲဒီလူအဖမ်းခံရပြီး တရားရုံးတင်ခံရပါတယ်။ တဖက်က ကြေးအေးလိုက်တဲ့အတွက် အမှုကို ပလပ်လိုက်အပြီးမှာတော့ Makhmalbaf ကိုယ်တိုင် ဒီလူကိုလာခေါ်ပြီး သူတို့နှစ်ယောက် တရားလိုအိမ်ကို ရောက်သွားတာနဲ့ အဆုံးသတ်ထားပါတယ်။ ဒီဇာတ်ကားဟာ ၂၀၁၂ ခုနှစ် Sight & Sound မဂ္ဂဇင်းက လုပ်ခဲ့တဲ့ ဝေဖန်ရေးသမားတွေရဲ့ အကောင်းဆုံး ရုပ်ရှင် ၅၀ စာရင်းကို ဝင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်မှာ ရိုက်ခဲ့တဲ့ Kandahar ကတော့ တာလီဘန်လက်အောက်က ဖိနှိပ်ခံ အာဖဂန်နိုင်ငံအကြောင်းဖြစ်ပြီး အဲဒီအချိန်က အာဖဂနစ္စတန်ရဲ့ အကြမ်းဖက်မှုအပေါ် အမေရိကန်ကမ်ပိန်းလုပ်နေတဲ့ အချိန်နဲ့သွားပြီး တိုက်ဆိုင်ခဲ့ပါတယ်။

**Close-Up (1990)**

အောင်မြင်မှုတွေရလာတဲ့ Makhmalbaf ဟာ သူ့ရဲ့ ကိုယ်ပိုင် The Makhmalbaf Film House ထုတ်လုပ်ရေးကို တည်ထောင်ခဲ့ပါတယ်။ အဲဒီထုတ်လုပ်ရေးနဲ့အတူ ၁၇ နှစ်ပဲ ရှိသေးတဲ့ သူ့ရဲ့သမီးဖြစ်သူ Samira က The Apple (1997) ကို ရိုက်ကူးခဲ့ပြီး သူက ဇာတ်ညွှန်းနဲ့ တည်းဖြတ်အဖြစ် ပါဝင်ခဲ့ပါတယ်။ Samira ရဲ့ နောက်တစ်ကားကတော့ Blackboards (2000) ဖြစ်ပြီး မတည်ငြိမ်တဲ့ အီရတ်နဲ့ အီရန်နယ်စည်းမျဉ်းနားက အလုပ်လက်မဲ့ဖြစ်နေတဲ့ ဆရာတွေ အကြောင်းပါ။ ဒီဆရာတွေက ဘလက်ဘုတ်ကြီးတွေကို ကိုယ်တိုင်ကျောမှာထမ်းရင်း အသက်ရှင်ဖို့ ရုန်းကန်နေရတဲ့ ဒုက္ခသည်တွေကို စာသင်ဖို့ ကြိုးစားနေကြတာ ဖြစ်ပါတယ်။ Makhmalbaf ရဲ့ဇနီး Marziyeh Meshkini ဟာလည်း သူ့သမီးအတွက် လက်ထောက်ဒါရိုက်တာအဖြစ်ပါဝင်ရင်း သူ့ရဲ့ပထမဆုံးဒါရိုက်တာ လက်ရာအနေနဲ့ အီရန်မှာရှိတဲ့ အမျိုးသမီးတွေရဲ့ အခြေအနေတွေကို မျိုးဆက်သုံးဆက်စာ တင်ပြထားတဲ့ The Day I Became a Woman (2000) ကို ရိုက်ကူးခဲ့ပါတယ်။

**Blackboards (2000)**

အဖွင့်မှာဆိုခဲ့သလိုပဲ တခြားသော အိမ်နီးချင်း အရှေ့အလယ်ပိုင်းနိုင်ငံတွေထက်စာရင် အီရန်ဟာ သူ့ရဲ့ ရုပ်ရှင်ကဏ္ဍမှာ အများကြီး ပိုအောင်မြင်ခဲ့ပါတယ်။ ရှားဘုရင်နန်းကျပြီး ၁၉၈၀ မှာ ရုံကြီးကား ၂၈ ကားပဲ ထွက်ခဲ့ပေမယ့် ၂၀၀၁ ခုနှစ်မှာတော့ ၈၇ ကားအထိ ပြန်ရှိခဲ့ပါတယ်။ အီရန်လို တခြားနိုင်ငံတော်တော်များများလည်း ရုပ်ရှင်ကဏ္ဍမှာ အစိုးရက အထောက်အပံ့တွေ ပေးခဲ့ပေမယ့် အီရန်နဲ့ မတူတာက အီရန်ရဲ့ အမေရိကန်ရုပ်ရှင်တွေအပေါ် ပိတ်ပင်ထားမှုဖြစ်ပါတယ်။ ပိတ်တယ်ဆိုပေမယ့်လည်း ရုံတွေမှာ ကြည့်ခွင့်မရတာသာ ဖြစ်ပြီး တရားမဝင်ပျံ့နှံ့နေတဲ့ အထူးသဖြင့် ဟောလိဝုဒ်ရုပ်ရှင်တွေကတော့ တော်တော်လေးများပါတယ်။ Titanic ရုပ်ရှင်ပေါက်ပြီး အီရန် ပြည်တွင်းမဂ္ဂဇင်းတွေနဲ့ ဆယ်ကျော်သက်တွေရဲ့ တီရှပ်တွေမှာ မင်းသားလီယိုနာဒိုပုံတွေ နေရာယူလာတာက ဒီအချက်ကို သက်သေပြနေပါတယ်။ တစ်ချိန်တည်းမှာပဲ နိုင်ငံတွင်း ရုံတင်တဲ့ကားတွေဆိုတာလည်း အများကြိုက် ရုပ်ရှင်အမျိုးအစားတွေဖြစ်ကြတဲ့ ထိုးဇာတ်ဆန်ဆန် ဇာတ်လမ်းတွေ၊ သမိုင်းထဲက ကြီးကျယ်ခမ်းနားမှုကိုပြတဲ့ ဇာတ်လမ်းတွေဖြစ်ပြီး နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေဆီကို အရောက်နည်းပါတယ်။

အနောက်နိုင်ငံတွေအတွက် အီရန်ဟာ တံခါးပိတ်လူမှုအဖွဲ့အစည်းတစ်ခုလို မြင်နိုင်ပေမယ့် Farabi Cinema Foundation ကတော့ နိုင်ငံတကာရဲ့ ရုပ်ရှင်ရှုခင်းကို သေသေချာချာစောင့်ကြည့်နေခဲ့တာပါ။ ၁၉၉၂ ဆောင်းရာသီမှာ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ Film International (Iranian Film Quarterly) မဂ္ဂဇင်းစခဲ့ပြီး ရုပ်ရှင်ပွဲတော်မှာ အောင်မြင်နေတဲ့ အီရန် ရုပ်ရှင်ဒါရိုက်တာတွေနဲ့ ရုပ်ရှင်တွေကို အဆင့်သတ်မှတ်တာမျိုးတွေ လုပ်ပါတယ်။ FCF အနေနဲ့လည်း ၁၉၉၀ မှာ ပျမ်းမျှ ရုပ်ရှင်တစ်ကားဘတ်ဂျက်ဟာ ဒေါ်လာ တစ်သောင်းတစ်ထောင် ရှိနေရာကနေ ၁၉၉၈ မှာ ဒေါ်လာ နှစ်သိန်းထိ ရောက်လာခဲ့ပါတယ်။ (အနောက်တိုင်းစံနှုန်းနဲ့ဆိုရင်တော့လည်း မယှဉ်သာဘူးပေါ့လေ။)

၁၉၉၇ ခုနှစ် အီရန်မှာ သဘောထားပျော့ပျောင်း၊ လစ်ဘရယ်ပိုဖြစ်တဲ့ သမ္မတမိုဟာမက် ခါတာမီအရွေးခံခဲ့ရပါတယ်။ သူဟာ အရင် ယဉ်ကျေးမှုဝန်ကြီးဟောင်း ဖြစ်ခဲ့တာနဲ့အညီ ရုပ်ရှင်သမားတွေအတွက် လွတ်လပ်ခွင့်ပိုရအောင် ပံ့ပိုးပေးခဲ့ပါတယ်။ နိုင်ငံရေးမှာတော့ အနောက်ကမ္ဘာနဲ့ ဒိုင်ယာလော့ ရှိစေချင်တဲ့ သူ့ရဲ့ သဘောထားကြောင့် ကွန်ဆာဗေးတစ်နိုင်ငံရေးသမားတွေရဲ့ ပြင်းပြင်းထန်ထန် ဆန့်ကျင်တာခံရပေမယ့်လည်း သူဟာ အီရန်ရုပ်ရှင်လောကအတွက်တော့ ဩဇာရှိတဲ့ မဟာမိတ်တစ်ယောက် ဖြစ်ခဲ့ပါတယ်။

ဒီနေ့ခေတ် အီရန်ရုပ်ရှင်ရုံတွေမှာတော့ ပြည်တွင်းဖြစ် ပင်မရေစီးရုပ်ရှင်တွေက လွှမ်းမိုးထားပါတယ်။ အနောက်တိုင်းရုပ်ရှင်တွေကို တစ်ခါတလေ ရုံတင်ခွင့်ရပြီး နိုင်ငံပိုင် ရုပ်သံမှာလည်း တချို့ကို ပြပါတယ်။ အနုပညာအသားပေး ရုပ်ရှင်တွေကိုတော့ ပြည်တွင်းမှာ တရားဝင်ရုံတင်တာမျိုးရှားပြီး DVD တွေကနေတစ်ဆင့်သာ ကြည့်ချင်သူတွေဆီ ရောက်တာ များပါတယ်။ အဲဒီလိုပြခွင့်ရတဲ့ အနည်းအကျဉ်းထဲက ပြည်တွင်းရုံတွေမှာ အောင်မြင်ခဲ့တဲ့ ဇာတ်ကားတွေကတော့ "I'm Taraneh, 15"(2002), "Under the skin of the City" (2001), "Marooned in Iraq" (2002) နဲ့ "Women's Prison" (2002) တို့ဖြစ်ပါတယ်။ တကယ်တော့ နိုင်ငံတကာက အလေးထားရတဲ့ အီရန်ရုပ်ရှင်ရဲ့ ပုံရိပ်ဟာ ပြည်တွင်းပရိသတ်အတွက် ဦးစားပေးထုတ်တဲ့ ရုပ်ရှင်တွေရဲ့ ပုံရိပ်နဲ့တော့ အကွာကြီးကွာနေဆဲပါ။ အပြန်အလှန်အနေနဲ့ ပြည်တွင်းမှာပေါက်တဲ့ ရုပ်ရှင်တွေဟာလည်း နိုင်ငံတကာဆီ အရောက်အပေါက်နည်းတာကို ရပါတယ်။

**References:** Film History: An Introduction by Kristin Thompson & David Bordwell,
**Wikipedia:** Cinema of Iran






www.free4readers.com



# တစ်ပတ်စာ ကံကြမ္မာ

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက် မှ ဒီဇင်ဘာ ၁၉ ရက် အထိ

**ကုန်သည်နှင့် စီးပွားရေးသမားများ ချမ်းသာအံ့**

တနင်္ဂနွေဂြိုဟ် ၁၇. ၁၂. ၂၀၁၈ တနင်္လာနေ့တွင် ဓနုရာသီသို့ ကူးပြောင်း၏။ တနင်္လာနေ့တွင် ကူးပြောင်းသောကြောင့် 'ခွဒိ' သင်္ကြန်မည်၏။ 'ခွဒိ' သင်္ကြန်ကြုံပါက လာမည့်တစ်လတာအတွင်း ကုန်သည်၊ စီးပွားရှာသူတို့ ချမ်းသာအံ့။ လူအများတို့ သာယာ ဝပြောအံ့။ ပင်လယ်ထွက် ရတနာများဖြစ်သော ပုလဲ၊ သန္တာ အဖိုးဈေးနှုန်း ကျဆင်းမည်။ ဆန်းစပါး မပေါမရှား ဖြစ်မည်။

တနင်္ဂနွေဂြိုဟ် ဓနုရာသီတွင် တည်ဆဲကာလ ဆီ၊ နှမ်း၊ ဝါဂွမ်း ရှားပါးမည်။ ပစ္စည်း သိုလှောင်မည်ဆိုပါက ခရုသင်း၊ ကနုကမာ၊ ပုလဲ၊ သန္တာ၊ စဥ့်ထည်များ ဝယ်ယူသိမ်းဆည်းပြီး ခြောက်လကြာသောအခါမှ ရောင်းချရလျှင် ကောင်းစွာအမြတ်အစွန်းရပေအံ့။ မြန်မာ လဆန်း ၁၀ ရက်ဖြစ်သောကြောင့် အပျော်ခရီးမသွားရ။

**မြန်မာ့ရိုးရာအယူအဆအရ**

၁၃. ၁၂. ၂၀၁၈ ကြာသပတေးနေ့နှင့် ၁၆. ၁၂. ၂၀၁၈ တနင်္ဂနွေနေ့တို့တွင် ခေါင်းဆေးခေါင်းလျှော်ပြုပါက အနာရောဂါကင်းခြင်း၊ ဘုန်းကံကြီးခြင်း၊ အသက်ရှည်၊ ကျန်းမာခြင်းတို့ကို ရရှိစေပါသည်။

၁၅. ၁၂. ၂၀၁၈ စနေနေ့သည် မြန်မာလဆန်း ၈ ရက်ဖြစ်ပေရာ သစ်ပင်မစိုက်ရ။

**ဤကာလအတွင်း နေ့သားအသီးသီးတို့၏ ကံကြမ္မာသည်ကား**

**တနင်္ဂနွေနေ့ မွေးသူများ**

ဆောင်ရွက်ထားသော ကိစ္စများမှ ကောင်းသောအကျိုးဆက် ရရှိမည်။ ဘဝအခြေအနေ အပြောင်းအလဲနှင့် တိုးတက်မည်။ အတတ်ပညာနှင့် ပတ်သက်သော ကံကောင်းမည်။ စိတ်ထဲတွင် တွေးဆထင်မြင်လိုက်သည့် ကိစ္စများ လက်တွေ့ဖြစ်လာတတ်သည်။ စိတ်စွမ်းအင် ထက်မြက်နေမည်။ ကြိုတင်မှန်းဆပြီး လုပ်လိုက်သည့် ကိစ္စများမှ အကျိုးဆက်ကောင်း ရရှိမည်။ ခရီးကိစ္စ စီစဉ်အောင်မြင်မည်။

*ယတြာ - တနင်္ဂနွေနေ့တွင် အိုး၊ ခွက်၊ ပန်းကန်များအား သန့်ရှင်းရေးပြုပါ။*

**တနင်္လာနေ့ မွေးသူများ**

ရန်အနှောင့်အယှက်များမည်။ စိတ်လိုက်မာန်ပါ လုပ်ကိုင်လိုစိတ်များ ဖုံးလွှမ်းနေမည်။ ခွ၊ ကန့်လန့်ပြောလိုခြင်း၊ စိတ်တို၊ စိတ်ဆတ်ခြင်း၊ ခန္ဓာကိုယ်အတွင်း မကောင်းဆိုးရွား ပူးကပ်နေသည့်အလား ထင်ရာစိုင်းလိုစိတ်နှင့် ဇွတ်တရွတ်လုပ်လိုစိတ်များ ဖုံးလွှမ်းနေမည်။ အထူးသဖြင့် ပျို့ရွယ်သောသူများ မိသားစုနှင့် ပဋိပက္ခဖြစ်သည့်အရာများကိုမှ ရွေးချယ်လုပ်ကိုင်လိုမည်။ မေတ္တာရေး ညံ့မည်။

*ယတြာ - တနင်္လာနေ့တွင် ငါးကြော် ဆွမ်းလောင်းလှူပါ။*

**အင်္ဂါနေ့ မွေးသူများ**

သစ္စာမဲ့သူများနှင့် တွေ့တတ်သည်။ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ မှန်ကန်သော လမ်းကြောင်းပေါ်တွင် တစ်စစ မြင့်မားအောင် ဆောင်ရွက်လာရာမှ သဲထဲရေသွန်ဖြစ်မည်။ အလောတကြီးဆောင်ရွက်ခြင်း မပြုရ။ အညံ့အဆိုးများ ကျော်လွှားနိုင်သည်။ တစ်ပါးသူ ကတိစကားအပေါ် ယုံစားခြင်း၊ နားယောင်ခြင်းကြောင့် အမှားအယွင်းကြုံမည်။

*ယတြာ - အင်္ဂါနေ့တွင် အသက်အရွယ်ကြီးသူတစ်ဦးအား ဆေးဝါး၊ ဓာတ်စာ လှူပါ။*

**ဗုဒ္ဓဟူးနေ့ မွေးသူများ**

ဆောင်ရွက်သမျှ အဆင်ပြေ၍ ရည်ရွယ်ထားသည်များ ပြီးမြောက်အောင်မြင်သွားမည်။ ကာလအတန်ကြာ အဖြေရှာ၍မရ ကြန့်ကြာနှောင်နှေးနေသည့် ကိစ္စများကို အပြီးသတ်ဆောင်ရွက်နိုင်မည်။ ထူးခြားသည့် အထောက်အကူကောင်းများ ရရှိမည်။ ငွေကြေးလာဘ်လာဘ တိုးပွားမည်။ အမျိုးသမီးမိတ်ဆွေ အကူအညီရမည်။ ပြဿနာဟောင်းများ ဖြေရှင်းနိုင်မည်။

*ယတြာ - ဗုဒ္ဓဟူးနေ့တွင် ရှောက်ယို ဆွမ်းတော်တင်ပါ။*

**ရာဟု(ဗုဒ္ဓဟူးမွန်းလွဲ) မွေးသူများ**

စိတ်အနှောင့်အယှက်များ ရှိမည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ ရန်အနှောင့်အယှက်များ ဝိုင်းဝိုင်းလည်နေသည်။ မိမိအမှားကို ထောက်၍ ဘဝအခြေအနေ နိမ့်ပါးသွားအောင် ချောက်တွန်းဒုက္ခပေးသူများ ရှိမည်။ ပြီးပြတ်ပြီဟု ယူဆထားသည့် ပြဿနာဟောင်းတစ်ခုကိုလည်း ဖြေရှင်းရမည်။ မတော်တဆ ထိခိုက်မှု အန္တရာယ် ဂရုစိုက်ရမည်။ *ယတြာ - ဗုဒ္ဓဟူးမွန်းလွဲပိုင်းတွင် လက်ဖက်သုပ် ဒါနပြုပါ။*

**ကြာသပတေးနေ့ မွေးသူများ**

ရည်မှန်းချက်မှန်သမျှ အောင်မြင်မည်။ အခက်အခဲမှန်သမျှ ကျော်လွှားနိုင်မည်။ ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်။ ပြဿနာများကို ပြီးမြောက်အောင် ဖြေရှင်းနိုင်မည်။ အရေးပါသော ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ဆေးကုသမှု ခံယူ၍ ဝေဒနာပျောက်ကင်းမည်။ လည်ချောင်း အနည်းငယ် ဒုက္ခပေးမည်။ *ယတြာ - ကြာသပတေးနေ့တွင် ပေါင်မုန့်ထောပတ်သုပ် ဒါနပြုပါ။*

**သောကြာနေ့ မွေးသူများ**

ရပ်တန့်ထားသည့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခြင်း ရှိမည်။ တစ်ပါးသူ အနားယူချိန်အတွင်း ကိုယ်တိုင်၌ ဘဝတိုးတက်မှုများအတွက် ဆောင်ရွက်အကျိုးပေးမည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆုံဆည်းမည်။ ခရီးသွား၍ အကျိုးရှိမည်။ မတော်တဆ ထိခိုက်မှုအန္တရာယ် မရှိအောင် သတိပြု နေထိုင်ရမည်။ အရပ်ဝေးနှင့် ဆက်သွယ်၍ လုပ်သော ကိစ္စများ အကျိုးပေးမည်။

*ယတြာ - သောကြာနေ့တွင် သော့အသစ်တစ်လုံး ပြောင်းလဲသုံးစွဲပါ။*

**စနေနေ့ မွေးသူများ**

တွေဝေဒွိဟဖြစ်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှုနည်းခြင်း မရှိသင့်။ ဆုံးဖြတ်ထားသည့် အရာအပေါ် ရှေ့တိုးဆောင်ရွက်သင့်သည်။ သူတစ်ပါး ဝေဖန်မှုများအပေါ် နားမယောင်ပါနှင့်။ ကိုယ်ဆုံးဖြတ်ထားသည့် ကိစ္စအပေါ် ခိုင်မာပြတ်သားစွာ ဆုံးဖြတ်၍ ရှေ့တိုးဆောင်ရွက်ပါ။ ပေါ်ပေါက်လာသော အခြေအနေကြောင့် အရာမှန်သမျှ စနစ်တကျ သုံးစွဲပါ။ အကျိုးရှိမည်။

*ယတြာ - စနေနေ့တွင် အိမ်ရှိ အထည်အဟောင်းများအား နွမ်းပါးသူတို့အား ပေးပါ။*

*ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။*
*စံ-ဇာဏီဘို*

# အမြန်လမ်းတစ်လျှောက် လယ်ယာမြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူများကို လျော်ကြေးပေးရန် စီစဉ်နေ

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

အမြန်လမ်းတစ်လျှောက် လယ်ယာမြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူများကို လျော်ကြေးပေးရန် စီစဉ်နေပြီဖြစ်ကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်က ပြောသည်။

ဒီဇင်ဘာ ၈ ရက်က နေပြည်တော် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမ ဖောက်လုပ်စဉ်က ပါဝင်ခဲ့သော လယ်ယာမြေများအနက် ဥတ္တရသီရိမြို့နယ် ဘုရားထောင် ကျေးရွာနေ တောင်သူ ၂၅ ဦးကို လယ်ယာမြေလျော်ကြေး ပြန်လည်ပေးအပ်သည့် အခမ်းအနားတွင် ဒေါက်တာ မျိုးအောင်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

"လယ်ယာမြေငွေကြေး၊ လမ်းအတွက်၊ အမြန်လမ်းအတွက် ပေးတဲ့လျော်ကြေးငွေက အမြန်လမ်းတစ်လျှောက်လုံးအတွက်ပေးဖို့ အခုဆို စီစဉ်နေပြီဖြစ်သလို ဒီဆည်မြောင်း၊ တာတမံတွေက နေပြည်တော်ကြီးအတွက် တည်ဆောက်ရင်းနဲ့ နစ်နာသွားတဲ့ လယ်တွေ၊ ယာတွေပေါ့" ဟု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြောသည်။

တကယ်တမ်း ထိုလယ်ယာများ တရားဝင်ခြင်း၊ မဝင်ခြင်းက တစ်ပိုင်းဖြစ်သော်လည်း နစ်နာခဲ့သည့် ပြည်သူများ၏ မျက်နှာကိုကြည့်ရှုရန်ရည်ရွယ်ချက်ဖြင့် လျော်ကြေးငွေ ကရုဏာကြေးများကို ဆက်လက်ပေးဆောင်သွားမည်ဟု ဒေါက်တာမျိုးအောင်က ပြောသည်။

နေပြည်တော် တည်ဆောက်ရေးကာလတွင် လယ်ယာမြေသိမ်းဆည်းမှုကြောင့် နစ်နာခဲ့သည့် တောင်သူလယ်သမားများအတွက် ထိုက်သင့်သော လျော်ကြေးငွေပေးအပ်ရန် ၎င်းတို့ တာဝန်စယူသည့် အချိန်မှစ၍ နေပြည်တော်ရှိ လယ်ယာမြေသိမ်းဆည်းခံရမှုများကို စိစစ်ရေးကော်မတီမှ စိစစ်ဆောင်ရွက်နေကြောင်း သိရသည်။

"အခြားလယ်ယာမြေတွေကို ကျွန်တော်တို့ တကယ်စီမံကိန်းမရှိဘူးဆိုရင် ဒါကိုပြန်ပေးဖို့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ အများဆုံးကတော့ ကျွန်တော်တို့အားလုံးသိတဲ့ အတိုင်းပါပဲ။ ဥတ္တရရယ်၊ နောက် လယ်ဝေးဘက်ရယ်၊ နောက် ဒက္ခိဏဘက်လည်း အနည်းငယ်ပါတယ်" ဟု ဒေါက်တာမျိုးအောင်က ပြောသည်။

ထိုနေရာများမှ နစ်နာသူတောင်သူများအတွက် ဆောင်ရွက်ပေးနေပြီး ယခုအချိန်မှစ၍ ပထမဦးဆုံး အမြန်လမ်းဘက်အား လျော်ကြေးပေးသည့် အပိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်မှ သတ်မှတ်ထားသော လျော်ကြေးငွေပေးအပ်ခြင်းသည် တောင်သူများ ဆုံးရှုံးနစ်နာမှုနှင့် မထိုက်တန်ကြောင်း၊ ခံယူစဉ်းစားမှုများ ရှိနိုင်သော်လည်း နိုင်ငံတော်သည် ဘဏ္ဍာငွေအခြေအနေကြောင့်သာ နှုန်းထားတစ်ခုဖြင့် လျော်ကြေးပေးရခြင်းဖြစ်ကြောင်း ဒေါက်တာမျိုးအောင်က ဆိုသည်။

အမြန်လမ်းဖောက်လုပ်စဉ်က သိမ်းဆည်းခဲ့သော လယ်ယာမြေများအတွက် လယ်မြေတစ်လျှောင် ကျပ် ၁၀ သိန်း၊ ယာမြေတစ်ဧကလျှင် ကျပ်သုံးသိန်းခွဲနှင့် သစ်တောမြေတစ်ဧကလျှင် ကျပ်နှစ်သိန်းခွဲ သတ်မှတ်ပေးလျော်သွားမည်ဖြစ်ကြောင်း သိရသည်။ အထက်ပါ နစ်နာတောင်သူ ၂၅ ဦး၏ သိမ်းဆည်းခံလယ်ယာမြေ ၆၅ ဒသမ ၈၅ ဧကအတွက် လျော်ကြေးငွေ စုစုပေါင်းကျပ် သိန်း ၇၀ကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေးအေးဟန်**

# လာမည့်နှစ်တွင် အငြိမ်းစားပင်စင်လစာများ တိုးပေးရန် စီစဉ်နေ

နေပြည်တော်၊ ဒီဇင်ဘာ ၁၀

အငြိမ်းစားပင်စင်လစာများ လာမည့်နှစ်တွင် တိုးပေးနိုင်ရန် နိုင်ငံတော်အစိုးရမှ သုံးသပ်နေကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်မေးမြန်းသည့် အစိုးရရာထူးအဆင့်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများကို မည်သည့်အချိန်တွင် အငြိမ်းစားယူခဲ့သည်ဖြစ်စေ ရာထူးအဆင့်နှင့် လုပ်သက်တူညီပါက တစ်ပြေးညီတူညီစွာ ခံစားခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြေကြားခဲ့ခြင်း ဖြစ်သည်။

"သုံးသပ်ပြီးရင်တော့ အဖြေထွက်လာမှာပေါ့။ နှစ်နဲ့ချီပြီး သိပ်မကြာအောင်တော့ လုပ်နေပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောသည်။

အငြိမ်းစားယူခဲ့သူများ၏ ပင်စင်လစာများ တိုးမြှင့်သတ်မှတ်ပေးရန် နိုင်ငံတော်အစိုးရမှ နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအပေါ် ချင့်ချိန်၍ သုံးသပ်ဆုံးဖြတ်ရမည့် ကိစ္စဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလ လစာနှုန်းများတိုးမြှင့်ပြီးတော့ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာ တိုးမြှင့်နိုင်ရေး ကိစ္စအပေါ် နိုင်ငံတော်အစိုးရမှ သုံးသပ်ဆဲဖြစ်ကြောင်း သိရသည်။

တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ လစာနှုန်းများ သတ်မှတ်ခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပြီး နိုင်ငံ့ဝန်ထမ်းလစာနှုန်းများ တိုးမြှင့်ပေးသည့်အခါတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အခြေအနေအပေါ် မူတည်၍ အခါအားလျော်စွာ ထိုက်သင့်သလို တိုးမြှင့်ပေးခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

"ဒီနေ့ ငွေကြေးတန်ဖိုး ငွေဖောင်းပွမှုနဲ့ မူတည်ပြီးတော့ ကာဗာဖြစ်အောင်တော့ တိုးစေချင်တယ်။ ပြင်ဆင်တယ်ဆိုတာကတော့ လက်ရှိဝန်ထမ်းလောက်တော့ မရဘူးပေါ့။ သို့သော် တတ်နိုင်သမျှတော့ ကာဗာဖြစ်အောင် တိုးစေချင်တယ်။ ရာထူးတူ၊ လုပ်သက်တူရင် တစ်ပြေးညီ ခံစားခွင့်ရစေချင်တယ်"ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်က ပြောသည်။

၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဝန်ထမ်းများ၏ ဘဝအခြေအနေကို မြှင့်တင်ပေးဖို့ဆို၍ စီမံကိန်းတစ်ခုနှင့် ပတ်သက်၍ ပြောခဲ့ကြောင်း၊ ပြင်ဆင်တာတွေ၊ အငြိမ်းစားနေအိမ်များ ဆောက်ပေးရန် ရှိသော်လည်း လက်ရှိအချိန်မှ ဘာမှလုပ်မပေးသေးကြောင်း ဦးရဲထွဋ်က ဆိုသည်။

၂၀၁၈ ခုနှစ် သမ္မတဦးဝင်းမြင့်လက်ထက်တွင် နိုင်ငံ့ဝန်ထမ်းလစာများ နောက်ဆုံးတိုးပေးသည့် အချိန်တွင် အငြိမ်းစားလစာများ သီးခြားထုတ်ပြန်ရန် ပြောခဲ့သော်လည်း လက်ရှိအချိန်အထိ ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လအထိ ပင်စင်လစာ ခံစားလျက်ရှိသော အငြိမ်းစားဦးရေ ရှစ်သိန်းကျော်ရှိပြီး နှစ်စဉ် ပင်စင်စားအင်အား တိုးတက်လာမှုနှင့်အတူ ပင်စင်နှင့်ဆုငွေ အသုံးစရိတ်မှာလည်း လိုက်ပါတိုးမြှင့်လာမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

ပင်စင်ဦးစီးဌာန၏ မှတ်တမ်းများအရ နှစ်စဉ်တိုးတက်လာသော ပင်စင်စားဦးရေ ပျမ်းမျှလေးသောင်းကျော်ခန့် ရှိပြီး လျော့နည်းသွားသော ဦးရေမှာ ပျမ်းမျှငါးထောင်ခန့်သာရှိသောကြောင့် နှစ်စဉ်ပင်စင်စားဦးရေ အသားတင် သုံးသောင်းခွဲခန့် တိုးတက်နေကြောင်း သိရသည်။

**အေးအေးဟန်**

www.free4readers.com



# အစိုးရနဲ့ မီဒီယာ ဘယ်သူ အရေပိုထူလဲ



သီဟသွေး



ဓာတ်ပုံ=ဇော်မင်းနိုင်(ဒီဝဲယင်း)

ကျင်းပလာတာ သတ္တမ အကြိမ်မြောက်ရှိသွားပြီဖြစ်တဲ့ မြန်မာ့မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို အခု ဒီဇင်ဘာလပထမအပတ်မှာပဲ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ မြန်မာ့ မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံဟာ ယူနက်စကို အဖွဲ့ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများစွာရဲ့ ပံ့ပိုးကူညီမှုနဲ့ ကျင်းပတာဖြစ်ပြီး ပြန်ကြားရေး၊ ကာကွယ်ရေးနဲ့ ပြည်ထဲရေးလို မြန်မာ အစိုးရအဖွဲ့ ဝန်ကြီးဌာနတွေလည်း ပူးပေါင်းပါဝင်ပါတယ်။ ဒီတစ်ခေါက် မီဒီယာညီလာခံကြီးကတော့ ယခင်ကျင်းပခဲ့တဲ့ ညီလာခံတွေထက် ထူးခြားပါတယ်။ အကြောင်းကတော့ နိုင်ငံတကာ အစိုးရတွေနဲ့အဖွဲ့အစည်းများ ရှေ့မှောက်မှာ အစိုးရနဲ့ မီဒီယာအကြား ပဋိပက္ခ သဘောဆန်လာတဲ့ အားပြိုင်မှုဟာ အဆိုးဆုံး အခြေအနေရောက်ရှိလာတာကို ချပြလိုက်သလို ဖြစ်သွားတာပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ အားလုံးအတွက် အရှက်ရစေတဲ့ ကိစ္စတွေ ဖြစ်ခဲ့တယ်လို့ပဲ မှတ်ချက်ပြုချင်ပါတယ်။ ဒီကနေ့ သတင်းစားသုံးသူ ပရိသတ်၊ အစိုးရအဖွဲ့၊ မီဒီယာအကြားမှာ အငြင်းပွားမှုအပြစ်တင်မှုတွေဟာ ပြင်းထန်ခဲ့ပါတယ်။ ကျွန်တော် ဘက်မလိုက်ပါဘူး။ သို့သော် ကျွန်တော်ကြားလည်း မနေပါဘူး။ ကျွန်တော် အမှန်တရားဘက်ကနေ ဘက်လိုက်လေ့ ရှိပါတယ်။ ဒါကြောင့် အကြောင်းအမျိုးမျိုးနဲ့ မျက်စိမှိတ်ငြင်းခုံပြီး မိမိတို့ လိုလား နှစ်သက်ရာ ဘက်ကနေ ရပ်တည် ငြင်းခုံ ကာကွယ်ပြောဆိုနေတဲ့ကြားမှာပဲ မီဒီယာညီလာခံ အတွေ့အကြုံကနေ ကျွန်တော် ရရှိလိုက်တဲ့ နားလည်မှု၊ သဘောပေါက်မှုတွေကို အချက်အလက် စားသုံးသူများအတွက် ရေးသားတင်ပြခွင့်ပြုပါ။

ပထမဆုံး ညီလာခံအဖွင့် မိန့်ခွန်းပြောကြားတဲ့ ပြန်ကြားရေးဝန်ကြီးကနေ စလိုက်ချင်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဟာ ဝေဖန်မှုတွေအပြင် မီဒီယာကောင်စီ ကျမ်းကျိန်ပွဲတုန်းက ဖြစ်ခဲ့တဲ့ ပြဿနာအချို့ကြောင့် စိတ်ဖိအား ရှိနေပုံရပါတယ်။ သူပြောကြားခဲ့တဲ့ မိန့်ခွန်းဟာ ပထမပိုင်းမှာ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လုပ်ဆောင်ချက်များကို သဘောလောက် ပြောခဲ့ပြီးတဲ့နောက် မြန်မာနိုင်ငံမှာ သတင်းမီဒီယာ လွတ်လပ်ခွင့်တွေ ကျဆင်းနေပြီလို့ အညွှန်းကိန်းထုတ်ခဲ့တဲ့ နိုင်ငံတကာ မီဒီယာ စောင့်ကြည့်အကဲခတ်ရေးအဖွဲ့တွေကို စတင်ဝေဖန်ပါတယ်။ အဲဒီနောက်မှာတော့ ပြည်တွင်း ပြည်ပ မီဒီယာတွေရဲ့ တစ်ဦးချင်း ရပ်တည်နိုင်ခွင့်နဲ့ သတင်းဌာနတွင်း သတင်းလွတ်လပ်ခွင့် မူဝါဒဆိုင်ရာ အားပြိုင်မှုကို ထောက်ပြပြီး သတင်းသမားတွေရဲ့ သတင်းရေးသားဖော်ပြမှုဆိုင်ရာ လွတ်လပ်မှုအပေါ် နောက်ကွယ်က သတင်းဌာန ပိုင်ရှင်တွေရဲ့ ဩဇာလွှမ်းမိုးမှုကို ဝေဖန်ခဲ့ပြန်ပါတယ်။ မိန့်ခွန်းအပိတ်မှာတော့ သတင်းသမားနဲ့ တိုင်းပြည်အရေးကို ချိန်ထိုးပြီး သတင်းသမားတွေ မိမိတိုင်းပြည်ကို ကာကွယ်ဖို့ သတိပေးချက်နဲ့ နိဂုံးချုပ်တာဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီး ဦးဖေမြင့်ရဲ့ အဆိုပါ အဖွင့်မိန့်ခွန်းကို ညီလာခံမှာ ပါဝင်ဆွေးနွေးသူအဖြစ်ရောက်ရှိနေပြီး စုံစမ်းထောက်လှမ်းသတင်းတင်ဆက်မှုမှာ အောင်မြင်ကျော်ကြားတဲ့ အစိုးရအသိအမှတ်ပြုလက်မှတ် ရရှိထားသော Myanmar Now သတင်းဌာန် အယ်ဒီတာ ကိုဆွေဝင်းက သူကြားဖူးတဲ့အထဲမှာ အဆိုးဆုံးဝါဒဖြန့်ချိရေး မိန့်ခွန်းဖြစ်တယ်လို့ စင်ပေါ်ကနေ မှတ်ချက်ပြုခဲ့ပါတယ်။ကျွန်တော့်အနေနဲ့တော့ အများပြည်သူ မှတ်ချက်ပြုနိုင်အောင် ဝန်ကြီးရဲ့ မိန့်ခွန်းထဲက အဆီအငေါ်မတည့်တဲ့ အချက်တွေ၊ မှားနေတယ်လို့ ပြောနိုင်တဲ့ အချက်တွေကို ထောက်ပြချင်ပါတယ်။ ဝန်ကြီးအနေနဲ့ ပထမဦးစွာ မြန်မာနိုင်ငံမှာ သတင်းမီဒီယာ လွတ်လပ်မှု အညွှန်းကိန်းကျဆင်းနေပြီလို့ လေ့လာတွက်ချက်ရေးသားကြတဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ ငွေကြေးထောက်ပံ့တဲ့အဖွဲ့တွေဟာ အမေရိကန် အစိုးရလို အစိုးရအဖွဲ့တွေဖြစ်နေတာကို ထောက်ပြခဲ့ပါတယ်။ အစိုးရ ထောက်ပံ့ထားတဲ့အဖွဲ့ဖြစ်လို့ ဘယ်လို အားနည်းချက်တွေရှိတယ်ဆိုတာကို ဝန်ကြီးအနေနဲ့ အသေအချာ မပြောခဲ့တာကြောင့် ဝန်ကြီး ဆိုလိုချင်တာဟာ အဆိုပါ အကဲဖြတ်အဖွဲ့တွေအနေနဲ့ ၎င်း အစိုးရတွေ အကြိုက် အညွှန်းကိန်းတွေ ထုတ်ပြန်နေတယ်လို့ ယူဆရုံသာရှိပါတယ်။ ဒီနေရာမှာ ပြဿနာက ဝန်ကြီးအနေနဲ့ မိမိကိုယ်တိုင်က အစိုးရအနေနဲ့ မီဒီယာကို တောင် တည်ထောင်လည်ပတ်နေတဲ့သူ ဖြစ်နေတာကြောင့် အစိုးရက နောက်ကနေ ပိုက်ဆံထုတ်ပေးထားတိုင်း အဲဒီအဖွဲ့အစည်းရဲ့ လှုပ်ရှားမှုဟာ အရောင်အစွဲမကင်းဘူးလို့ တစ်ဖက်ကို လက်ညှိုးထိုးလိုက်တာနဲ့ မိမိကိုယ်တိုင်လည်း အဲဒီ ထောက်ချက်ကို အတူတူ ခံယူလိုက်ရတာပဲဖြစ်ပါတယ်။ တစ်ဆက်တည်း ဒီအချက်နဲ့ ဆက်စပ်ပြီး ပြောချင်တာကတော့ မြန်မာမီဒီယာ အညွှန်းကိန်းကျဆင်းတယ်လို့ပြောတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့၊ အစိုးရအပေါ် မီဒီယာ လွတ်လပ်ခွင့် အပါအဝင် ဖမ်းဆီး အရေးယူခံထားရတဲ့ သတင်းထောက်တွေ လွှတ်ပေးရေး တောင်းဆိုနေတဲ့ မီဒီယာတွေကို နောက်ကွယ်က ပိုင်ရှင်ဘယ်သူလည်းဆိုတဲ့ မေးခွန်းကို အသုံးပြုပြီး အစိုးရဘက်က တန်ပြန်လှုပ်ရှားလာတဲ့ သဘောကို တွေ့ရပါတယ်။ ဖြစ်နေတဲ့ ပြဿနာတွေကို ဒီပုံစံနဲ့ ချဉ်းကပ်တာဟာ စစ်အစိုးရခေတ်က ဆန္ဒပြသူတွေ ဒီမိုကရေစီ အရေးလှုပ်ရှားသူတွေကို နောက်ကွယ်မှာ ဘယ်သူရှိတယ်ဆိုတဲ့ အချက်ကို ထောက်ပြီး အဓိက ဆန္ဒပြနေတဲ့ အကြောင်းအရာနဲ့ ဒီမိုကရေစီရေးကို မှေးမှိန်အားပျော့သွားအောင်လုပ်တဲ့ သဘောမျိုး ဖြစ်နေပါတယ်။ တကယ်တော့ ဒီကနေ့ ပြည်တွင်းမီဒီယာတွေ နောက်ကွယ်က ဘယ်သူရှိရှိ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့ နောက်မှာဘယ်အစိုးရရှိရှိ အဲဒီပုဂ္ဂိုလ်၊ အဲဒီအဖွဲ့အစည်းတွေဟာ လက်ရှိ အစိုးရအတွက် အရင်တုန်းက မိတ်ဆွေ၊ အခု လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်ကြပါတယ်။ ဘယ်တုန်းကမှ ရန်သူဖြစ်ခဲ့ဖူးသူတွေ မဟုတ်ဖူးဆိုတာကိုတော့ သတိပြုမိဖို့လိုနေတယ်လို့ ယူဆပါတယ်။ အကယ်၍များ အစိုးရအနေနဲ့ နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေး ဆန္ဒပြပွဲတွေ၊ ထောက်ခံပွဲတွေရဲ့ နောက်မှာမရိုးဖြောင့်တဲ့ ငွေကြေးထောက်ပံ့ လှုပ်ရှားမှုတွေကို စိတ်ဝင်စားနေသလိုမျိုး မီဒီယာတွေနောက်မှာ ဒီလိုလှုပ်ရှားမှုတွေ ရှိနေသလားလို့ စိတ်ဝင်စားတဲ့ သဘောဆိုရင်တော့ စိတ်မကောင်းစရာဘဲ[illegible] ပြောရမှာ ဖြစ်ပါတယ်။ ဒါဟာ အချိန်ကုန်လူပန်း အကျိုးမဲ့စေတဲ့ အတွေးသက်သက်[illegible]ချင်ပါတယ်။ ဒီလိုပြောရတဲ့ အကြောင်းကတော့ အခုအစိုးရနဲ့ ရင်ဆိုင် အငြင်းပွားနေတဲ့ မီဒီယာတွေ၊ ထောက်ပံ့နေတဲ့ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာက အစိုးရတွေဟာ အခုမှ ပေါ်ပေါက်လာတာ မဟုတ်ဘဲ လက်ရှိ အစိုးရ အတိုက်အခံဘဝကတည်းက တည်ရှိနေကြတာဖြစ်သလို အချို့ပြည်ပ အဖွဲ့အစည်းတွေဆိုရင် ယခင်ကရော လက်ရှိ အချိန်မှာပါ မီဒီယာအဖွဲ့အစည်းတွေကိုရော အစိုးရကိုပါ ကူညီနေဆဲ အဖွဲ့အစည်းတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာက လက်ရှိ ဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုတွေ၊ သဘောမမျှနိုင်တဲ့ အခြေအနေတွေဟာ ညှိနှိုင်းဖြေရှင်းလို့ ရနိုင်တဲ့၊ ညှိနှိုင်းဖြေရှင်းခြင်း နည်းလမ်းနဲ့သာ ဖြေရှင်းသင့်တဲ့ ပြဿနာတွေ၊ အငြင်းပွားမှုတွေ ဖြစ်ပါတယ်။ နောက်ကွယ်လက်သည် ဘယ်သူလဲဆိုတာမျိုး ချဉ်းကပ်တာဟာ ရန်သူလို အပြတ်ရှင်းအပြတ်ဖြတ် အယူအဆလို ဖြစ်နေပါတယ်။ ဝန်ကြီးကိုယ်တိုင်က ဒီလို အယူအဆမျိုးကို နိုင်ငံတကာ သံတမန်တွေနဲ့ အဖွဲ့အစည်းတွေရှေ့မှောက်မှာ အခုလို ပြောကြားလိုက်တာဟာ နိုင်ငံတကာ အသိုင်းအဝိုင်းကို တုန်လှုပ်သွားစေပါတယ်။ ရခိုင်အရေးနဲ့ ပတ်သက်ရင် သတင်းထိမ်ချန်မှုတွေရှိတယ်လို့ ယူဆနေတဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် ပိုပြီးရင်လေးစေပါတယ်။

ပြန်ကြားရေး ဝန်ကြီးအနေနဲ့ နောက်ထပ် မဆီလျော်တဲ့ ဝေဖန်ထောက်ပြမှုတစ်ခုလုပ်မိသွားတာဟာလည်း နိုင်ငံတကာ အဖွဲ့အစည်းတွေရော မီဒီယာတွေပါ အံ့အားသင့်ခဲ့ရပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံရဲ့ မီဒီယာလွတ်လပ်မှု အညွှန်းကိန်းကို ကျဆင်းနေပြီလို့ ဝေဖန်ထောက်ပြရုံနဲ့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုက သူရဲ့လုပ်ဆောင်ချက်တွေနဲ့ပတ်သက်ပြီး ရှင်းလင်းချက်တစ်ခုအပေါ် ဝန်ကြီးက ဝေဖန်မေးခွန်းထုတ်ခဲ့တာပါ။ အဲဒီအဖွဲ့က သူဟာ သတင်း ဘယ်လောက် စီးဆင်းနိုင်သလဲ၊ ဘယ်လောက် လွတ်လွတ်လပ်လပ် စီးဆင်းနိုင်သလဲ၊ ဘယ်အထိ စီးဆင်းနိုင်လဲ ဆိုတာကိုပဲ။ စိတ်ဝင်စားပြီး သတင်းအရည်အသွေးပိုင်းကိုတော့ စိတ်မဝင်စားဘူးလို့ ဆိုထားတဲ့အပေါ် ဝန်ကြီးက အရည်အသွေးအပိုင်းကို စိတ်မဝင်စားတဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ရပ်တည်ချက်သဘောထားကို ထောက်ပြပြီး တန်ပြန်ဖို့ကြိုးစားခဲ့ပါတယ်။ တကယ်တော့ အဆိုပါ အကဲဖြတ်တဲ့ အဖွဲ့ရဲ့ ပြောကြားမှုဟာ ရေပိုက်ကျွမ်းကျင်သူတစ်ယောက်က သူ့ရဲ့တာဝန်ဟာ ရေကောင်းကောင်း စီးဆင်းသွားနိုင်ဖို့နဲ့ လိုရာကို ထိထိရောက်ရောက် စီးဆင်းပို့လွှတ်နိုင်ရေးသာ ဖြစ်တယ်။ စီးဆင်းသွားမယ့် ရေရဲ့ အရည်အသွေး ကိစ္စကတော့ သူ့ကိစ္စမဟုတ်ဘူးလို့ ပြောချင်တာသာ ဖြစ်ပါတယ်။ ဒီသဘောတရားကို မီဒီယာညီလာခံမှာ တက်ရောက်နေကြတဲ့ မီဒီယာ အဖွဲ့အစည်းများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းက ပုဂ္ဂိုလ်များအားလုံးက နားလည်သဘောပေါက်ပြီးသားဖြစ်တာကြောင့် ဝန်ကြီးထောက်ပြချက်အပေါ် အားလုံးက အံ့အားသင့်ခဲ့ကြရပါတယ်။ ဒီအချက်ကြောင့် ဝန်ကြီးဟာ စိတ်ဖိအားတစ်ခုအောက်မှာ စိတ်ခံစားချက်တစ်ခုနဲ့ မီဒီယာများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် တန်ပြန်ပြောကြားမှုတွေ လုပ်ဆောင်ခဲ့တာ သိသိသာသာကြီး တွေ့စေခဲ့ရတာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဝန်ကြီးက သတင်းမီဒီယာတိုင်းဟာ နောက်ကွယ်က ပိုင်ရှင်တွေရဲ့ ဩဇာကို မလွန်ဆန်နိုင်လို့ သတင်း မီဒီယာ လွတ်လပ်ခွင့်ဆိုတာပိုင်ရှင်တွေဆီမှာပဲ ရှိနိုင်တယ်လို့ ပြောခဲ့တာပဲဖြစ်ပါတယ် ။ လောကမှာ ပိုင်ရှင်မဲ့ မီဒီယာဆိုတာ မရှိတာကြောင့် ဝန်ကြီးပြောပုံအရဆိုရင် လောကမှာ သတင်းလွတ်လပ်ခွင့်ရှိတဲ့ မီဒီယာဆိုတာ မရှိဘူးလို့ နားလည်ရမလို ဖြစ်သွားပါတယ်။ " သတင်းမီဒီယာ လွတ်လပ်ခွင့်ဆိုသည်မှာ" ဆိုတဲ့ အလွတ်သဘော အဓိပ္ပာယ် ဖွင့်ဆိုချက်အရဆိုရင် ဒီလိုယူဆချက်ဟာ စောဒကတက်စရာမရှိပေမယ့် ဒီကနေ့ တိုင်းပြည်ရဲ့ ဒီမိုကရေစီယန္တရားထူထောင်ရေးမှာ ပါဝင်တဲ့ မီဒီယာ အစိတ်အပိုင်း ပြုပြင်တည်ဆောက်ရေးမှာ ဦးဆောင်နေတဲ့ အဖွဲ့အစည်းက လူပုဂ္ဂိုလ်တွေအနေနဲ့ ဒီလို ယူဆတွေးခေါ်ချက်ရှိနေတာကဟော့ ကြီးမားတဲ့ အဟန့်အတားတစ်ခုဖြစ်တယ်လို့ ဆိုချင်ပါတယ်။ မီဒီယာအဖွဲ့အစည်းတွေကို ဘယ်သူတွေကပိုင်သည်ဖြစ်စေ၊ မီဒီယာ အဖွဲ့အစည်းတွေမှာ ဘယ်လို လူပုဂ္ဂိုလ်တွေ တာဝန်ထမ်းဆောင်နေသည်ဖြစ်စေ စစ်မှန်ပြီး တရားမျှတတဲ့ လွတ်လပ်မှုကို ပြဋ္ဌာန်းပေးရမှာဟာ ဒီကနေ့ တိုင်းပြည်ကို ဦးဆောင်နေကြတဲ့ နယ်ပယ်အသီးသီးက တာဝန်ရှိသူတွေပဲ ဖြစ်ပါတယ်။ စံချိန်စံညွှန်းမီတဲ့ လွတ်လပ်ခွင့်တွေ ရှိဖို့အရေးမှာ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကြောင့် အကန့်အသတ်တွေ အတားအဆီးတွေ ရှိနေရတယ်ဆိုတာ ဖယ်ရှားရမယ့် ကိစ္စသာ ဖြစ်ပါတယ်။ အဲဒါကို ထောက်ထားပြီး လွတ်လပ်မှုတွေအပေါ် ကန့်သတ်ချက်တွေ၊ အတားအဆီးတွေ၊ ဖိအားတွေကို ဆက်ပြီးခွင့်ပြုထားဖို့ မဟုတ်ဘူးလို့ ပြောချင်ပါတယ်။ ဒါကြောင့် သတင်းလွတ်လပ်မှုနဲ့ ပတ်သက်ပြီး အခုလို အငြင်းအခုံ ဖြစ်ရတဲ့အခါမှာ ဝန်ကြီးအနေနဲ့ သတင်းမီဒီယာလွတ်လပ်ခွင့်ဆိုတာ တကယ် မရှိပါဘူးဆိုတဲ့ သဘောကို ပြောဆိုလိုက်တာ ဟာ ကြိုးပမ်းမှုတွေကို ပြက်ရယ်ပြုလိုက်တာပဲ ဖြစ်ပါတယ်။ သတင်းမီဒီယာလောက ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းနေကြသူတွေကို မျှော်လင့်ချက်မဲ့စေသလို ဖြစ်သွားပါတယ်။

အခုလို ပြန်ကြားရေး ဝန်ကြီး တန်ပြန်ငြင်းခုံတဲ့သဘောပါတဲ့ မိန့်ခွန်းကြောင့် ညီလာခံထဲက ဆွေးနွေးချက်တွေ၊ တက်ရောက်သူတွေရဲ့သဘောထား ထုတ်ပြန်ချက်တွေမှာလည်း ဝန်ကြီးရဲ့ မိန့်ခွန်းကို အပြင်းအထန် တန်ပြန်ဝေဖန်တာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုးဆုံးကတော့ မီဒီယာအသင်းအဖွဲ့တွေအနေနဲ့ ဝန်ကြီး မိန့်ခွန်းအပေါ် ကန့်ကွက်စာ ထုတ်ပြန်ခဲ့ပြီး ညီလာခံ ကျင်းပနေစဉ်အတွင်းမှာပဲ ဖြန့်ဝေခဲ့ပါတယ်။ မီဒီယာကောင်စီ ဥက္ကဋ္ဌဦးအုန်းကြိုင်ကတော့ ဒီလို ကန့်ကွက်တာဟာ ဒီမိုကရေစီ အလေ့အထဖြစ်ကြောင်းပြောပြီး ကြိုဆိုခဲ့ပါတယ်။

စာမျက်နှာ ၃၃ သို့-

www.free4readers.com

# ဝေဠုကျော်ကို တရားစွဲဖို့ ကျွန်မမှာ သက်သေအခိုင်အမာ ရှိပါတယ်

## မော်ဒယ်အလှမယ် သင်းသင်း နှင့် တွေ့ဆုံခြင်း

**ရန်ကုန်၊ ဒီဇင်ဘာ ၁၁**

ကာမလိမ်လည်မှုဖြင့် တရားစွဲဆိုမည်ဆိုသည့် မော်ဒယ်အလှမယ်သင်းသင်းက အဆင့်အတန်းဆိုသည့် စကားအပြင် စိတ်နှလုံးထိခိုက်စေရန် ဝေဠုကျော်နှင့် အသိုင်းအဝိုင်းများက ပြောဆိုသည့်အပြင် လက်ရှိတွဲနေချိန်တွင်လည်း လိမ်လည်လှည့်ဖျားခြင်း များစွာရှိခဲ့ပြီး ကာမလိမ်လည်မှုအဖြစ် သက်သေအခိုင်အမာ ရှိခဲ့သည်ဟု Speaker သို့ ပွင့်လင်းစွာဖွင့်ဟ ပြောဆိုခဲ့သည်။

**မီဒီယာတွေကို ကိုဝေဠုကျော် ဖြေကြားသွားတဲ့ အပေါ် မသင်းသင်းအနေနဲ့ ဘယ်လိုတုံ့ပြန်ပြောဆိုချင်လဲ။**

ပရဟိတကို ကာဗာလုပ်ပြီးပြောသွားတဲ့ အချက်ကိုတော့ ဦးနှောက်ရှိတဲ့သူတွေကတော့ အကုန်လုံးသိမယ်လို့ ထင်ပါတယ်။ ကာဗာလုပ်စရာ မလိုပါဘူး။ ဒါက Personal ကိစ္စလေ။ ပရဟိတနဲ့ မဆိုင်ဘူးလို့ ထင်ပါတယ်။ အဲဒါဆိုရင် ပရဟိတလုပ်နေတိုင်းသာ မိန်းကလေး အကုန်လုံးတိုင်းကို လုပ်နေမှာလား။ မြန်မာနိုင်ငံမှာ သူတစ်ဦးတည်း ပရဟိတသမား မဟုတ်ပါဘူး။ ပရဟိတသမားတွေ အများကြီး ရှိပါတယ်။

**ငွေရေးကြေးရေးအရနဲ့ နာမည်ကြီးချင်လို့ ထလုပ်တယ်ဆိုတဲ့ စကားတွေကို ဘယ်လိုရင်ဆိုင်ချင်လဲ။**

သူ့ကို ခုတုံးလုပ်ပြီး လုပ်တယ်လို့ ပြောရအောင် သူက အသက် ၅၀ နားကပ်နေပြီလေ။ ပြီးတော့ အစ်မက နာမည်ကြီးအောင် လုပ်တယ်လို့ပြောရအောင် အစ်မအသက်က ၁၅ နှစ်၊ ၁၆ နှစ် မဟုတ်ဘူး။ အဲဒီအသက်အရွယ်လည်း မဟုတ်ဘူး။ ပြီးတော့ အစ်မက ဆယ်လီမင်းသမီးလည်း မဟုတ်ဘူး။ စူပါမင်းသမီးလည်း မဟုတ်တဲ့အတွက် ဘယ်သူ့ကိုမှ ခုတုံးလုပ်ပြီး ဆယ်လီဖြစ်စရာအကြောင်းမရှိပါဘူး။ ကိုယ့်သိက္ခာနဲ့ ကိုယ်တော့ မရင်းဘူးလေ။ မြန်မာအမျိုးသမီးတွေ အကုန်လုံး သိလိမ့်မယ်လို့ထင်ပါတယ်။ အဲဒါလေး တစ်ခုပဲ အကြံဉာဏ်ပေးချင်တာပါ။ ဘယ်သူပဲ ဝေဖန်ဝေဖန်ပါ။ သူ့ရဲ့ ပရိသတ်တွေအနေနဲ့ပေါ့။ ဝေဖန်ပိုင်ခွင့် ရှိပါတယ်။ အများကြီးကို ဝေဖန်ပိုင်ခွင့်ရှိတယ်။ အချိန်တန်ရင် အမှန်တရားဆိုတာပေါ်လာလိမ့်မယ်။ ဘာဆိုတာ သိလာလိမ့်မယ်။ သူ့ကို ငွေတောင်းမယ်ဆိုရင် ဒီအနေအထားထိ ရောက်လာစရာအကြောင်းမရှိပါဘူး။ သိက္ခာကျစရာ အကြောင်းမရှိပါဘူး။ တိုးတိုးတိတ်တိတ်နဲ့ ပြီးသွားပါပြီ။ မနေ့တုန်းက သူတို့ဘက်က ကြားဝင်တဲ့သူတွေ ရှိပါတယ်။ ကျွန်တော့်ရဲ့ Organization က တစ်ချိန်လုံး ဖုန်းဆက်ပါတယ်။ ကျွန်တော်တွေ့လည်း မတွေ့ပါဘူး။ တစ်ခါတည်းအပြတ်ပြောထားပြီးသား။ သူ့ကိစ္စနဲ့ ပတ်သက်လို့ လာမဆွေးနွေးနဲ့၊ လာမပတ်သက်နဲ့လို့ ပြောထားပါတယ်။ ငွေကိုသောင်းနဲ့ချီ လာပေးလည်း လုံးဝလက်ခံမယ့် မိန်းမမဟုတ်ပါဘူး။ အဲဒါပါပဲ။ ကိုယ့်ဘက်မှာ စွမ်းအားရှိနိုင်သလောက်တော့ အဲဒီအမှုကို အဆုံးထိလုပ်မှာပါ။ အဲဒါတစ်ခုပဲ ပြောချင်ပါတယ်။ ကျန်တာဘာမှ မပြောချင်ပါဘူး။ ကျွန်တော် ဒီကနေပြီး ဒီနေ့စိတ်မကောင်းတာက ကျွန်တော့်အဘွား စိတ်ထိခိုက်တယ်ပေါ့နော်။ အသက်အရွယ်တောင် စိုးရိမ်ရတယ်။ ဒါပေမဲ့ လက်မလျှော့ဘူး ဆက်လုပ်မှာ။ အဲဒီတော့ အိမ်ကလူတွေကိုတောင် ပြောထားပြီးသား။ ကိုယ့်မှာ မိဘနှစ်ပါးလည်း ရှိသေးတယ်ဆိုတော့လေ၊ အဲဒါတော့ စိတ်မကောင်းဘူးပေါ့။ ကျန်တာတော့ ဘာမှမရှိပါဘူး။ ဘယ်သူတွေပဲ ဝေဖန်တိုက်ခိုက်တိုက်ခိုက် ခေါင်းထဲမှာမရှိဘူး။ ဒီနေ့တော့ ကိုယ့်မိသားစုအတွက် နည်းနည်းတော့ စိတ်မကောင်း ဖြစ်မိပါတယ်။

**ပြောနေကြတယ်။ အခုချိန်မှ ဘာ့ကြောင့်ထပြီးတော့လုပ်ရတာပါလဲ ဆိုတာကိုပေါ့။ အတူ အဆင်ပြေနေကြချိန်မှာ အသံမထွက်ဘဲ ခုချိန်မှ ထွက်ရှိလာတယ်ဆိုတဲ့ ဝေဖန်မှုတွေကို ဘယ်လိုတုံ့ပြန်ပြောဆိုချင်ပါသလဲ။**

သူနဲ့ကိုယ်နဲ့ ပြတ်တာက နှစ်လလည်း မဟုတ်ဘူး။ တစ်လလည်း မဟုတ်ဘူး။ သုံးလလည်း မဟုတ်ဘူး။ ရက်ပိုင်းအတွင်း ပြတ်တာကို ချက်ချင်းလုပ်တာပါ။ အခုအခြေအနေမှ မဟုတ်ပါဘူး။ ဘာလို့လည်းဆိုတော့ မိန်းမတစ်ယောက်အနေနဲ့ အရှမ်းခံရခက်လို့ပါ။ အဲဒီတော့ ကိုယ့်လိုမျိုး အမျိုးသမီးတွေ အများကြီး ရှိပါလိမ့်မယ်။ အဲဒီလိုမျိုး ကြုံလာခဲ့ရင်လည်းပေါ့။ တချို့တွေဆိုရင် ရှိပါတယ်။ သိက္ခာတရားဆိုတာက အခုမှမြင်လာကြတာပါ။ ဘယ်သူမှ ကိုယ့်သိက္ခာကို အကျခံပြီးတော့ ဒီယောကျ်ားကြီးနဲ့ ဒီတိုင်းကြီး ဒီလိုကြီး ဖြစ်ပါတယ်ဆိုပြီးတော့ ရှက်ကြတာပေါ့နော်။ ဒါပေမဲ့ ညီမ ဘာကိုခံယူထားလည်းဆိုတော့ ဘဝမှာ ဒီယောကျ်ားနဲ့ ပြီးသွားလို့ နောက်ယောကျ်ား ကိုယ့်ကိုလာမကြိုက်ဘူးလား။ ရတယ် ဒီအတိုင်းပဲ နေသွားမှာ။ အေးဆေးပဲ။ ဂရုကို မစိုက်ဘူး။ တစ်ယောက်တည်းနေသွားမှာ။ အဲဒီခံယူချက် အတိုင်းပဲ လုပ်သွားတယ်။ အဲဒီလိုမျိုး နောက်နောင်ထပ်မဖြစ်အောင် ကိုယ့်လိုမျိုး အမျိုးသမီးတွေကို အကြံဉာဏ် ထပ်ပေးပါတယ်။ အခုနေရာမှာ ကိုယ်သာ အဲဒီလိုမျိုး ပုံစံမျိုးနဲ့ နေခဲ့လိုက်ရင် ဖြစ်သွားဦးမယ်လို့ ညီမထင်တာပါပဲ။ စိတ်မကောင်းတာက ဒီနေ့ ညီမမိသားစု အိမ်ကလူတွေက အကုန်လှမ်းတားတယ်။ ဖုန်းတွေလည်း မကိုင်ပါဘူး။ ဒါပေမယ့် တရားစွဲမှာပါ။ ဘယ်သူလာဖျက်ဖျက် တရားစွဲမှာပါ။



**ညီမ တရားစွဲမှာက ကာမလိမ်လည်ရယူမှုဆိုပြီး စွဲမှာဆိုတော့ ဘယ်လိုကျူးလွန်ခဲ့တာကြောင့် စွဲမှာလည်း။**

ဘယ်လိုပုဒ်မ တပ်စွဲလည်းဆိုတော့ ပုဒ်မက ကိုယ်တပ်ချင်တိုင်းတပ်ပြီးစွဲလို့ မရဘူးလေ။ ဘာလို့ပေးလို့ မရဘူးဆိုတော့ ဥပဒေအကြောင်းကို နားလည်တဲ့ ကိုယ့်ရှေ့နေနဲ့ တိုင်ပင်ပြီးတော့မှ ဒီပုဒ်မက ပေးလို့ရတာပါ။ အဲဒါကြောင့် ဒီပုဒ်မကို ကိုယ်လည်းသတ်မှတ်လို့ မရပါဘူး။ အဲဒါတစ်ခုပါပဲ။ ညီမကတော့ အမှန်တရားတစ်ခုအတွက်ပါပဲ။ သူ့ပရိသတ်တွေကိုရော၊ ကိုယ့်ကို မုန်းနေတဲ့ပရိသတ်တွေကိုရော၊ ကိုယ့်ကိုမမုန်းတဲ့သူတွေကိုရော အမှန်တရားလေးတစ်ခုကိုပဲ စောင့်ကြည့်ပေးပါလို့ ဒီကနေပြီးတော့ ပြောချင်ပါတယ်။ ကျန်တဲ့အကြောင်း အရာကတော့ ရှေ့ဆက်ကြည့်စေချင်တယ်။ တဖြည်းဖြည်းချင်း စောင့်ကြည့်ပေါ့နော်။

**ချစ်သူသက်တမ်း ဘယ်လောက်ရှိခဲ့ကြလဲ။ ဘယ်အတိုင်းအတာထိ ပတ်သက်ခဲ့ကြလို့လဲ။**

ချစ်သူသက်တမ်းက ၆လ၊ ၇လလောက်ပဲ ရှိပါသေးတယ်။ ဒါက ခန့်မှန်းချိန်ပါ။ အတိအကျ မမှတ်မိတော့တာပါ။ အဲဒီအတောအတွင်းမှာလည်း သူ့ကို ကိုယ်အများကြီး နားလည်ပေးတယ်။ သူက သနားအောင် ပြောတတ်တယ်လေ။ အဲဒီတော့ သူ့ကိုကိုယ်သွားတဲ့ အနေအထား တစ်ခုမှာ ဖြည့်ဆည်းမှုတစ်ခုနဲ့ပဲ သွားခဲ့တာ။

**ဖြည့်ဆည်းမှုတစ်ခုဆိုတာက ဘယ်လိုဖြည့်ဆည်းပေးတာလဲ။**

သူ့မှာ အရာအားလုံး ပြည့်စုံနေတယ်လေ။ မပြည့်စုံတာက တစ်ခုပဲရှိတာလေ။ ဟုတ်တယ် မဟုတ်လား။ အဲဒီတစ်ခုကိုတော့ သူ့ရဲ့ ပြောဆိုမှုတစ်ခုနဲ့ ကိုယ့်ဘက်က အများကြီးကို ဖြည့်ဆည်းပေးခဲ့တာပါ။ တော်တော်လေးလည်း များပါတယ်။

**အဲဒီလိုမျိုး ဖြည့်ဆည်းပေးခဲ့တယ်ဆိုတာက ကာမကို ဖြည့်ဆည်းပေးခဲ့တယ်လို့ ဆိုလိုတာလား။**

ဟုတ်တယ်။ ဟုတ်တယ်။

**အဲဒီလို ဖြည့်ဆည်းပေးနေချိန်မှာ သူ့အနေနဲ့ ယူပါ့မယ်လို့ ပြောခဲ့သေးလား။**

သူက Offical မှာ မချပြပေမယ့် သူနဲ့ကိုယ်နဲ့ ကတိတွေ၊ စကားတွေအများကြီး ပြောထားတာရှိတယ်လေ။ အဲဒါကိုတော့ တရားရုံးရောက်မှပဲ အဖြေပေါ်မှာပေါ့နော်။

**ဒါဆိုရင် တရားရုံးရောက်မှ အဖြေပေါ်မယ်ဆိုတော့ ညီမလက်ထဲမှာ အဲဒီကိစ္စက သက်သေအထောက် အထား စုံစုံလင်လင်ရှိနေတဲ့ သဘောပေါ့။**

တရားစွဲတယ်ဆိုတာက ကိုယ်က မိန်းကလေးလေ။ ကိုယ့်ဘက်က အချက်အလက်မစုံဘူးဆိုရင် ကိုယ် ဂွမ်းသွားမှာပေါ့။ အဲဒီတော့ ကိုယ့်ဘက်မှာ အချက်အလက် အစုံရှိနေတယ်။ ကိုယ့်ဘက်မှာ အဲဒီအချက်အလက်တွေ မရှိဘူးဆိုရင် သူတို့ဘက်က ကိုယ့်ကို ပုတ်ထုတ်မှာ။ ပုတ်ထုတ်မယ်ဆိုတာက ဒီလိုအဆင့်ကို ကြိုက်စရာလား ဆိုတာလာမှာ။ ဟုတ်တယ်လေ။ သူ့ရဲ့ စိတ်ဓာတ်ကို သိတဲ့အတွက်ဒီလို record တွေ၊ သက်သေတချို့တဝက်တွေ ယူထားတယ်ဆိုတာက ယုတ်မာဖို့အတွက်လည်း မဟုတ်ပါဘူး။ ကောက်ကျစ်ဖို့ အတွက်လည်း မဟုတ်ပါဘူး။ ကိုယ်က သာမန်မိန်းကလေးတစ်ယောက်ဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် cover ယူတာပါ။ တကယ်လို့ဖြစ်လာတဲ့ အချိန်မှာ ဘယ်သူမှလည်း ယုံကြမယ်မထင်ပါဘူး။ အစ်ကိုတို့တွေရောပေါ့လေ။ ဒီနိုင်ငံကျော် မင်းသားကြီးနဲ့ပေါ့။ ဒီနိုင်ငံကျော်မင်းသားကြီးက သူ့ကိုကြိုက်ပါ့မလား ဆိုတဲ့ အတွေးတွေလေ။ လူ ၁၀ ယောက်မှာ သွားမေး။ ကိုးယောက်လောက်က မယုံကြပါဘူး။ အဲဒီတော့ ဒီဟာလေးတွေ ယူထားတယ်ဆိုတာက ယုတ်မာဖို့အတွက် မဟုတ်ပါဘူး။ ကိုယ့်အတွက် ကာကွယ်ဖို့အတွက်ပါ။ အခုချိန်မှာ အဲဒါသာမရှိဘူးဆိုရင်လည်း ကျွန်တော်ဟာ မြောင်းထဲ ရောက်နေပါပြီ။ ကိုဝေဠုကျော်က ဒီအဆင့်ကို ကြိုက်စရာလား။ ဒါက ပရိသတ်တွေ လာတော့မယ်။ သူ့ဘာသာသူ ရှုးနေတာပါလေဆိုပြီးတော့ ပြောကြမှာပေါ့။

**သက်သေ အထောက်အထား အချက်အလက်တွေက ဘယ်လောက်ထိ လက်ထဲမှာ ဆုပ်ကိုင်ထားလို့ ပိုင်ပိုင်နိုင်နိုင် ပြောဆိုနိုင်တာလဲ။**

အဲဒါကတော့ အချိန်တန်ရင် သိလာပါလိမ့်မယ် အစ်ကို။

**တချို့တွေက ညီမကိုရေးထားကြတယ်။ ညီမက တစ်ချိန်က တခြားသူတွေကိုလည်း လုပ်ခဲ့ဖူးတယ်ဆိုပြီးတော့ပေါ့။ စွပ်စွဲချက်တွေရောပေါ့။ ညီမလိပ်စာ အတိအကျကအစပေါ့ ရေးထားကြတယ်။ အဲဒီအပေါ် ဘယ်လိုဖြေရှင်းချင်လဲ။**

ဘယ်လိုမှ မတုံ့ပြန်တော့ပါဘူး။ ဘာလို့ဆိုရင် ဖေ့စ်ဘုတ်လောကက ကိုယ်မြင်ရတဲ့ သူတစ်ယောက်မှ မရှိပါဘူးရှင်။ ကိုယ့်ဆွေမျိုးလည်း ပါချင်လည်းပါမယ်။ ဖေ့စ်ဘုတ်ဆိုတာက ကိုယ်မမြင်ရတဲ့ အရာတွေ။ ဖေ့စ်ဘုတ်ဆိုတာက ကျွန်တော်တစ်ယောက်တည်းနဲ့ ၁၀ ကောင့်လောက် သုံးချင်သုံးလို့ ရတာပဲ။ ၁၅ ကောင့် သုံးချင်လည်းသုံးလို့ရတာပဲလေ။ အဲဒီတော့ ဘယ်သူ့ကိုမှ ဖြေရှင်းချက်မထုတ်နိုင်ပါဘူး။ ဝေဖန်နိုင်ပါတယ်။ ပြောဆိုနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့ အိမ်လိပ်စာဆိုတာက အင်တာဗျူးတဲ့ အချိန်မှာလည်း အိမ်လိပ်စာပြောထားပါတယ်။ အတိအကျလိပ်စာ ပြောထားတာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့အကောင့်မှာ ကျွန်တော့်ရဲ့ life style ကို ပွင့်ပွင့်လင်းလင်း တင်ထားပါတယ်။ ဖွင့်ဟချထားပါတယ်။ အဲဒါကို သူတို့ယူသုံးပြီးတော့ ဝင်ရေးတဲ့သူ ဝင်ရေးနေကြတာဆိုတော့ ဘယ်သူ့ကိုမှ ဝေဖန်ပိုင်းခြားခွင့် မရှိပါဘူး။ ကိုယ့်ရဲ့ life style မှာ နေရာမထားတာဖြစ်တဲ့အတွက် ဝေဠုကျော် အသိုင်းအဝိုင်းကိုလည်း တစ်ခါတည်း ဒီကနေပြီး ပြောလိုက်ပါတယ်။ ဝေဠုကျော် ကိုယ်တိုင်ကလည်း ကိုယ့်ရဲ့ life style ကို သိထားပြီးတဲ့အတွက် ဘယ်သူတွေပဲ ဝင်မန့်မန့် ညီမကတော့ ကြိုက်တဲ့သူ မန့်ပါလို့ပဲ ပြောချင်ပါတယ်။

**လက်ရှိမှာ MR&Ms Eco International ပြိုင်ပွဲ ဝင်ပြိုင်နေတာလား။ ဒီလောကထဲကို ဝင်ရောက်လာတာ ဘယ်လောက်ကြာပြီလဲ။**

ပြိုင်တာ မဟုတ်ပါဘူး။ မော်ဒယ်ငှားလို့ ဒီအတိုင်းပဲ လျှောက်တာပါ။ မကြာသေးပါဘူး။ လပိုင်းပဲ ရှိပါသေးတယ်။ နှစ်ကို မရှိသေးပါဘူး။

**ခုလိုမျိုး ရင်ဆိုင်ကြုံတွေ့ချိန်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လို စိတ်ဓာတ်ခွန်အားတွေ ပြန်ဖြည့်ရလဲ။**

ညီမ အမှန်အတိုင်း ပြောရင်ကိုယ့်အိမ်မှာ ကိုယ်အကြီးဆုံးလေ။ ကျွန်မ မိဘနှစ်ပါးစလုံး ရှိပါတယ်။ လုပ်ကိုင်ကျွေးခဲ့ပါတယ်။ ခုထက်ထိလည်း လုပ်ကိုင်ကျွေးခဲ့ပါတယ်။ အဲဒီတော့ ကိုယ့်ဘဝကိုယ် life style က လူတစ်ယောက်ကို နွေးထွေးတဲ့ မေတ္တာနဲ့ပဲ သွားပါတယ်။ ပတ်သက်လာတာက နွေးထွေးတဲ့ ရင်ခွင်တစ်စုံနဲ့ပဲ သွားခဲ့တာပါ။ ဘာအကန့်မှ မပါပါဘူး။ အဲဒီတော့ သူသည် ပရဟိတမှာပဲ ဖြစ်တယ်။ အသက် ၅၀ နားကပ်နေတာက မင်းသားတစ်ယောက်တော့ မဟုတ်ပါဘူး။ အားလုံးက ဆယ်လီ ဖြစ်ချင်တာလားလို့ ပြောနေကြတာက ဆယ်လီဖြစ်မယ့် နည်းလမ်းက ကိုယ့်သိက္ခာကို ရင်းပြီးတော့ ကိုယ့်မွေးချင်းမောင်နှမ အသိုင်းအဝိုင်းရှိတယ်လေ။ အဲဒီသိက္ခာတွေရင်းပြီးတော့ ဆယ်လီဖြစ်ချင်ရအောင် ကျွန်မက ၁၅နှစ်၊ ၁၆နှစ် သမီးလည်းမဟုတ်ဘူး။ ထပ်ပြောဦးမယ်။ ကျွန်မကားလည်း မစီးချင်ဘူး။ တိုက်နဲ့ ကိုယ်ပိုင်လည်း မနေချင်ဘူး။ အဲဒီလိုမျိုး လုပ်မှဖြင့်လား ဒီလိုမျိုးသိက္ခာကျ အရှက်ကွဲစရာမလိုပါဘူး။ ဆယ်လီဖြစ်တာကိုပေါ့လေ။

**အခုလို တရားစွဲဆိုဖို့ထိ ပြင်းထန်တဲ့ စိတ်နာသွားတာက ဘာ့ကြောင့်လဲ။**

ပြောရရင်တော့ ကိုယ်နဲ့လက်ရှိမှာတောင် မပြတ်သေးဘူး။ အတူတူနေတယ်ကွာ။ အတူတူသွားနေတယ်။ အဲဒါကြီးကို မျက်လှည့်လိုမျိုး လှည့်သွားတာပါ။

ဘုန်းနေလ (ဒဂုံတက္ကသိုလ်)

www.free4readers.com



စာမျက်နှာ ၃၁ မှအဆက်

ညီလာခံမှာ တက်ရောက်နေတဲ့ တပ်မတော်အရာရှိ တစ်ဦးကတော့ ပြန်ကြားရေးဝန်ကြီးနဲ့ ကန့်ကွက်စာထုတ်တဲ့ မီဒီယာအဖွဲ့တွေ အခုလို ဖြစ်ကြတာကို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေထဲက အစိုးရနဲ့တိုင်းရင်းသား လက်နက်ကိုင်တွေ ဖြစ်လေ့ရှိတဲ့ သဘောမျိုး ဥပမာပေးခဲ့ပြီး ဝန်ကြီးက မီဒီယာတွေကို ကားမောင်းရင် ခါးပတ်ပတ်၊ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းဖို့ ပြောသလို ရည်ရွယ်တာပါလို့ ပြန်ဖြေခဲ့ပါတယ်။ နိုင်ငံခြားသံတမန်တွေ၊ အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေကတော့ မီဒီယာနဲ့ အစိုးရဆိုတာ အမြဲတစေ ဒီလို တကျက်ကျက်ဖြစ်နေလေ့ရှိတာဟာ သဘာဝဖြစ်ပြီး သူတို့နိုင်ငံတွေမှာလည်း ဒီလိုပဲရှိပါတယ်လို့ ပြောခဲ့ပါတယ်။ အစိုးရနဲ့ မီဒီယာအကြားမှာ အခုလို အားပြိုင်မှုတွေ၊ တစ်ဖက်ကို တစ်ဖက် စိတ်အနှောင့်အယှက်နဲ့ ဖိအား ဖြစ်စေတာတွေဟာ ဖြစ်ကိုဖြစ်ကြမှာဖြစ်ပြီး ရှောင်လွှဲလို့ မရသလို ရှောင်လွှဲနေစရာလည်း မလိုကြောင်း၊ စိတ်ရှင်းရှင်းနဲ့ အငြိုးအတေး အာဃာတမထားဘဲ ရင်ဆိုင်ကြစေချင်ကြောင်း ဆုံးမသွားပါတယ်။ ကျွန်တော့်အမြင်မှာလည်း ဒီလိုပဲ ဖြစ်ပါတယ်။ အခုချိန်မှာ နှစ်ဖက်စလုံးဟာ အကဲဆတ်လွန်းနေပြီး အားပြိုင်သလို ဖြစ်လာပါတယ်။ မီဒီယာ အဖွဲ့အစည်းတွေ ဘက်မှာလည်း အချို့အဖွဲ့တွေဟာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေနည်းတူ ပြင်းထန်နေတဲ့သဘော၊ ဆတ်ဆတ်ထိမခံတဲ့သဘော တွေ့ကြရပါတယ်။ အချို့သော မီဒီယာသမားများအနေနဲ့ အစိုးရနဲ့ မီဒီယာအကြား သံတမန်ဆန်ဆန် ချဉ်းကပ်သင့်တဲ့နေရာမှာ ကျင့်ဝတ် အရမေးခွန်းထုတ်ရမယ့် လုပ်ဆောင်မှုမျိုးကိုလုပ်ပြီး အစိုးရကို ဖိအားပေးတဲ့ လုပ်ဆောင်ချက်တွေ လုပ်ခဲ့တာတွေ့ရပါတယ်။ တကယ်တမ်း ဒီကနေ့ မီဒီယာနဲ့ အစိုးရနဲ့အကြားမှာ ပိုဆိုးရွားလာတဲ့ တင်းမာမှုတွေ ဖြစ်လာရတဲ့ အကြောင်းရင်းခံထဲမှာ မီဒီယာအရေး လှုပ်ရှားသူတွေဘက်က အခုလို ကျင့်ဝတ်အရ၊ လုပ်နည်းလုပ်ဟန်ပိုင်းအရ ပြဿနာကို ပိုပြီးဆိုးရွားစေတဲ့ ပုံသဏ္ဌာန်တွေ၊နည်းလမ်းတွေ ရှိခဲ့တာဟာလည်း အရေးပါတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ မီဒီယာတွေ အနေနဲ့ အခုထက်ပိုပြီး ညီညီညွတ်ညွတ်ရှိဖို့ လိုအပ်သလို၊ တောင်းပွဲ တိုက်ပွဲနည်းလမ်းပုံစံထက် ပိုပြီး သံတမန်ဆန်တဲ့နည်းကို ရွေးကြဖို့လိုပါတယ်။ အကြောင်းကတော့ ပြည်သူအများစုဟာ လက်ရှိ နိုင်ငံရေး အခြေအနေအရ အစိုးရကို ရန်သူတွေဝိုင်းနေတယ်လို့ခံယူပြီး အစိုးရကို အကျပ်အတည်းပေးတယ်၊ တိုက်ခိုက်ထိုးနှက်တယ်လို့ယူဆရင် တန်ပြန် ဆန့်ကျင်တိုက်ခိုက်တဲ့ အနေအထားမှာ ရှိနေပါတယ်။ ဒါကြောင့် သတင်းမီဒီယာတွေအနေနဲ့ ပြည်သူလူထုရဲ့ အားကို ရယူနိုင်ခြင်း မရှိရင်တောင် ထိပ်တိုက် မတွေ့စေတဲ့နည်းနဲ့ ချဉ်းကပ်ပါမှ လိုရင်း ရောက်ပါလိမ့်မယ်။ ခရီးတွင်ပါလိမ့်မယ်ဆိုတာ ပြောချင်ပါတယ်။ သို့သော်လည်း သတင်းမီဒီယာဆိုတာကတော့ အစိုးရတစ်ခုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် ဆောင်ရွက်နေတာ မဟုတ်သလို တပ်မတော်လို၊ ရဲတပ်ဖွဲ့လို တိုင်းပြည်ကာကွယ်ရေး လုပ်နေတာလည်း မဟုတ်ဘူးဆိုတာတော့ သေချာပါတယ်။ အမှန်တရားဘက်မှာသာ ရပ်တည်ရမြဲဖြစ်တဲ့ သတင်းမီဒီယာသမားဆိုတာ ဝါဒအယူအဆ အမှန်အမှားရှိနိုင်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေးကိစ္စတွေမှာ သတိထားရပ်တည်ရတာဖြစ်လို့ သတင်းသမားဟာ တိုင်းပြည်ကို ကာကွယ်ရမယ်၊ မျိုးချစ်စိတ်ရှိရမယ်ဆိုတဲ့ သဘောတရားတွေနဲ့ ဖိအားပေးချုပ်နှောင်ထားတာမျိုးကိုတော့ လက်ခံလို့ မရဘူးဆိုတာ ဒီနေရာမှာ ရှင်းရှင်းပဲပြောချင်ပါတယ်။ မြန်မာ့မီဒီယာ ဖွံ့ဖြိုးရေး ညီလာခံရဲ့ အဖွင့်မိန့်ခွန်းရဲ့ အဆုံးသတ်မှာ ပြန်ကြားရေးဝန်ကြီး ဦးဖေမြင့်က မီဒီယာသမားတွေဟာ သတင်းမှန်ကို ထုတ်ပြန်ပေးဖို့ တာဝန်ရှိသလို တစ်ချိန်တည်းမှာပဲ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတယ်ဆိုပြီး ပြောခဲ့ပါတယ်။ ဒီလိုအချိန်မှာ ဝန်ကြီးက ဘာကိုဆိုလိုချင်လည်းဆိုတာ အားလုံးနားလည်ကြပါတယ်။ သို့သော် ဝန်ကြီးရဲ့ အခုလို သတင်းသမားတစ်ဦးနဲ့ဆိုင်တဲ့ တာဝန်နဲ့ ခံယူချက်ဆိုင်ရာ ယုံကြည်ချက်ဟာ သူရဲ့ကိုယ်ပိုင် အယူအဆသာဖြစ်ပြီး ကျွန်တော်တို့ သတင်းမီဒီယာသမားများနဲ့ လုံးဝ ကွဲလွဲပါတယ်။ မတူညီဘူးဆိုတာ ရှင်းပြလိုပါတယ်။ ဒီလိုပြောလိုက်လို့ သတင်းသမားဟာ မိမိမှီတင်းနေထိုင်ရာ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ဖို့တာဝန်မရှိဘူးလို့ ဆိုလိုနေတာ မဟုတ်ဖူးဆိုတာကိုတော့ ဦးစွာရှင်းလင်းထားလိုပါတယ်။ ဒီကိစ္စဟာ သတင်းမီဒီယာသမားနဲ့ နိုင်ငံသားဆိုတဲ့ မတူညီသော အခြေခံ စဉ်းစားတွေးခေါ်မှုနှစ်ခုကို ရောထွေးပြောဆိုမှုကြောင့်သာ ပြောစရာဖြစ်လာတာ ဖြစ်ပါတယ်။

ရှင်းပါတယ် . . . သတင်းမီဒီယာသမားဟာ နိုင်ငံသားတစ်ဦးလည်းဖြစ်တဲ့အတွက် နိုင်ငံကိုကာကွယ်ဖို့ လိုအပ်ရင် လက်နက်ကိုင်ပြီး အသက်စွန့် တိုက်နိုင်ပါတယ်။ ဒါပေမဲ့ မီဒီယာလုပ်ငန်းထဲကနေ တိုင်းပြည်ကာကွယ်တဲ့အလုပ်ဟာ သတင်းစာသမားစစ်စစ်၊ မီဒီယာ သမားစစ်စစ်တွေရဲ့ အလုပ်မဟုတ်ဘူးဆိုတာတော့ တစ်ကမ္ဘာလုံး နားလည်ပါတယ်။ မီဒီယာသမားဟာ ဆရာဝန်လိုပဲ သူ့လုပ်ငန်းတာဝန်မှာ ရန်သူ၊ မိတ်ဆွေ မရှိပါဘူး။ နိုင်ငံသားတစ်ယောက် အနေနဲ့ ရန်သူ မိတ်ဆွေ ရှိလာရင်လည်း အခြားသော နည်းလမ်းတွေကို အသုံးပြုပြီး တာဝန်ယူ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ သတင်းသမားလုပ်ပြီး၊ ဆရာဝန်လုပ်ပြီး အလုပ်ထဲမှာ ရန်သူမိတ်ဆွေဆိုတဲ့ အသိစိတ်နဲ့ အလုပ်လုပ်မိရင် မီဒီယာနဲ့ ဆရာဝန်ဆိုတဲ့ ကျင့်ဝတ် သိက္ခာကို ဖောက်ဖျက်ရာ ရောက်ပါတယ်။ တိုင်းပြည်ကို ဦးဆောင်နေတဲ့ အစိုးရတိုင်းဟာ သူ ယုံကြည်ကိုင်ဆွဲရာ မူဝါဒ ကျင့်စဉ်ရှိပါတယ်။ အစိုးရတစ်ခုပြောင်းရင် မူဝါဒပြောင်းသလို ရန်သူမိတ်ဆွေ အပြောင်းအလဲ ရှိပါတယ်။ ဒီလိုအနေအထားမှာ အစိုးရတွေပြောင်းတိုင်း၊ မူဝါဒတွေ ပြောင်းသွားတိုင်း မပြောင်းလဲဘဲ အမြဲတစေ ပြည်သူအတွက် လွတ်လပ်လပ်တဲ့ အခြေပြုမှုတစ်ခုမှာ ရပ်တည်နေတဲ့ မီဒီယာအခန်းကဏ္ဍဆိုတာ တိုင်းပြည်တစ်ခုမှာ လိုအပ်ပါတယ်။ အရေးကြီးပါတယ်။ နောက်တစ်ချက် ထောက်ပြချင်တာက ကျွန်တော်တို့ တိုင်းပြည်မှာ မီဒီယာထဲကနေ တိုင်းပြည်ကာကွယ်နေတဲ့ သတင်းမီဒီယာ ယန္တရားတွေ ရှိပါတယ် ။ အဲဒါတွေကတော့ အစိုးရနဲ့ တပ်မတော်ရဲ့ သတင်းစာတွေနဲ့ ရုပ်မြင်သံကြားတွေပဲ ဖြစ်ပါတယ်။ အဲဒီမီဒီယာတွေအနေနဲ့ မီဒီယာထဲက တိုင်းပြည်ကို ကာကွယ်နေတာ ဘယ်လောက် ထိရောက်သလဲဆိုတာ ဒီကနေ့ ၁ နှစ်အတွင်း ရခိုင်ဖြစ်စဉ်ကြောင့် တစ်ကမ္ဘာလုံးက မြန်မာနိုင်ငံအပေါ် ဖိအားပေးလာကြတဲ့အထိ ဖြစ်ခဲ့ရတာကို ကြည့်ရင် တွေ့နိုင်ပါတယ်။ သို့သော် ဒီနေရာမှာ မီဒီယာတွေဘက်ကို အရေးကြီးတဲ့ ပြန်လှန် ချိန်ညှိချက်ကို အလေးအနက်ထည့်ပြောလိုပါတယ်။ အဲဒါကတော့ သတင်းမီဒီယာသမားစစ်စစ်ဟာ တိုင်းပြည်ကို မီဒီယာနည်းနဲ့ ကွယ်ကွယ်ဖို့ တာဝန်မရှိသလို၊ တိုင်းပြည်ကို မိမိရဲ့ Professional ဖြစ်တဲ့ မီဒီယာနည်းနဲ့ ထိခိုက်ပျက်စီးအောင်လည်း မလုပ်မိဖို့ လိုပါတယ်။ အဲ့ဒါကိုလည်း ကြပ်ကြပ်စောင့်ထိန်းနိုင်ပါမှ တကယ်စစ်မှန်တဲ့ မီဒီယာသမားလို့ ခေါ်ဆိုနိုင်မှာဖြစ်ပါတယ် ။

ဒီကနေ့ မီဒီယာနဲ့ အစိုးရအကြားမှာ တင်းမာမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါဟာ အစိုးရတိုင်းနဲ့ မီဒီယာအကြားမှာဖြစ်နေကျ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပါတယ်။ ဒီခေတ်မှာမှ ထူးပြီးဖြစ်နေတာ မဟုတ်ဖူးဆိုတာတော့ စိတ်တွေလျှော့ပြီး ပြန်တွေးကြည့်ကြရင် မြင်နိုင်ပါတယ်။ တင်းမာမှု၊ အားပြိုင်မှု ဖြစ်ရတဲ့ အကြောင်းတော့ ကွဲပြားနေပါလိမ့်မယ်။ အဲဒီအပေါ်မှာ မူတည်ပြီး ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ် ဆိုတာကလည်း ရှိပါတယ်။ အခု ဒီကနေ့ မီဒီယာနဲ့ အစိုးရအကြားမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ပြဿနာတစ်ခုလည်းပဲဖြစ်ပါတယ်။ ဒီကနေ့ အာဏာပိုင်တွေအနေနဲ့ ကျင့်သုံးနေတဲ့ ဥပဒေတွေဟာ အင်္ဂလိပ်ခေတ်ကနေစပြီး ဆိုရှယ်လစ်တစ်ပါတီ အာဏာရှင်စနစ်၊ စစ်အာဏာရှင်စနစ်နဲ့ အရင်အစိုးရတွေလက်ထက်က ပြဋ္ဌာန်းကျင့်သုံးခဲ့သော ဥပဒေတွေ ပါဝင်နေပါတယ်။ အစိုးရပြောင်းပေမယ့် ဥပဒေတွေ လိုအပ်သလို မပြောင်းနိုင်သေးတဲ့ ဒီအချိန်မှာ အဲဒီခေတ်တွေတုန်းကလို မီဒီယာနဲ့ အစိုးရအကြားအားပြိုင်မှုတွေ ဖြစ်ပေါ်တာ အထူးအဆန်း မဟုတ်ဘူးဆိုတာတော့ ထောက်ပြချင်ပါတယ်။ ဒါကို မီဒီယာတွေဘက်ကလည်း တတ်နိုင်သ၍ သံတမန်နည်း၊ နိုင်ငံရေးနည်းကို မှျမျှတတ၊ သင့်တင့်လျောက်ပတ်စွာ သုံးစွဲပြီး ချဉ်းကပ်ကိုင်တွယ်ဖို့ လိုပါတယ်။ အရေးကြီးတဲ့ စိတ်သဘောထားပြင်ဆင်မှုနဲ့ စိတ်ထားမြင့်မြင့်ထားပြီး ရင်ဆိုင်ကြဖို့ အစိုးရရော မီဒီယာဘက်ကိုပါ တိုက်တွန်းလိုက်ချင်တာ ရှိပါတယ်။ အဲဒါကတော့ ဘယ်သူက အရေးခွံပိုထူပြီး တရားမျှတမှု ၊ လွပ်လတ်မှု၊ ညီမျှမှု ၊ တန်းတူ ရည်တူရှိမှု ဆိုတဲ့ ပန်းတိုင်ကို အဆုံးအစွန်အထိ ဆုပ်ကိုင်ထားနိုင်ပြီး ဘယ်သူက အရောက်သွားနိုင်မလဲဆိုတာကိုပဲ ပြိုင်ကြရအောင်ပါလို့ . . . ။

သီဟသွေး

# ရန်ကုန်ကလေးဆေးရုံကြီးတွင် ပထမဦးဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်ခြင်းနှင့် အသည်းအစားထိုးခြင်းများ ပြုလုပ်မည်

ရန်ကုန်၊ ဒီဇင်ဘာ ၁၁

ပထမဦးဆုံး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို လာမည့် ၂၀၁၉ ဇန်နဝါရီလအတွင်း ရန်ကုန်ကလေးဆေးရုံကြီး (ဟယ်ပင်)တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံအုပ်ကြီး ဒေါက်တာစုစုဒွေးက ပြောသည်။

"မြန်မာနိုင်ငံမှာ လူကြီးကျောက်ကပ် အစားကုသမှုတွေ ၁၀ နှစ်ခန့် ရှိပြီဖြစ်ပေမယ့် ကလေးကျောက်ကပ် အစားထိုးကုသမှုက ရန်ကုန်ကလေးဆေးရုံကြီးအတွက် ပထမဆုံးအကြိမ်မြောက်ဖြစ်ပြီး ၂၀၁၇ ခုနှစ်က မန္တလေးကလေးဆေးရုံမှာ ပထမဦးဆုံး စတင်အစားထိုးကုသခဲ့ခြင်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု လိုအပ်နေသည့် ကလေးများအတွက် အစားထိုးကုသမှုများ လုပ်ပေးနိုင်ရန် နိုင်ငံတကာ ပညာရှင်များနှင့်အတူ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကလေးဆေးရုံကြီးရှိ ဆရာဝန်များကို ကုသမှုပိုင်းဆိုင်ရာ ခေတ်မီပြောင်းလဲတိုးတက်မှုများအပေါ် လက်လှမ်းမီနိုင်ရန်အတွက် နိုင်ငံတကာသို့ သွားရောက်လေ့လာခဲ့သည့်အပြင် ကျောက်ကပ်အစားထိုးကုသရာတွင် လိုအပ်သည့် ဆေးဝါးများ၊ ပစ္စည်းကိရိယာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ကလေးဆေးရုံကြီး (ဟယ်ပင်) တွင် ဆေးကုသမှုခံယူနေ သည့် ကလေးများအနက် အသည်းနှင့် ရိုးတွင်းချဉ်ဆီ အစားထိုးကုသဖို့ လိုအပ်နေသည့် ကလေးများကို အစားထိုးကုသမှုများ လုပ်ပေးနိုင်ရန် နိုင်ငံတကာမှ ပညာရှင်များနှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပထမဦးဆုံး ကလေးအသည်းအစားထိုးခွဲစိတ်ကုသမှုကို လာမည့် မတ်လဆန်းပိုင်းတွင် ရန်ကုန်ကလေး ဆေးရုံကြီး (ဟယ်ပင်)၌ပင် အခမဲ့လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ စုစုဒွေးက "ခွဲစိတ်ဖို့ လိုအပ်တဲ့ လူနာတွေကတော့ အများကြီး၊ ဒီအစားထိုးကုသမှုက ခွဲစိတ်ပြီးရုံနဲ့ မပြီးဘူး။ ကလေးက ခွဲစိတ်ပြီးရင် ရောဂါပိုးတွေ ရနိုင်တယ်။ ဒါကြောင့် ပြုစုစောင့်ရှောက်ပေးတတ်ဖို့ လိုတယ်။ အချိန်မှန် လာရောက်ကုသဖို့ လိုတယ်။ ဆေးကုသမှု အောင်မြင်ဖို့ဆိုတာ ကျွန်မတို့ ချည်းပဲ မရဘူး။ မိဘတွေဘက်က ၅၀ ရာခိုင်နှုန်းလောက် အရေးကြီးတဲ့အတွက် လိုက်နာဆောင်ရွက်နိုင်တဲ့ မိဘကို ရွေးချယ်တဲ့နေရာမှာ ထည့်သွင်းစဉ်းစားသွားမှာ ဖြစ်ပါတယ်။ ပထမဆုံး ခွဲစိတ်ပေးမယ့် ကလေးကိုတော့ အသက်တစ်နှစ်ကျော်ကလေးကို ခွဲစိတ်ပေးမယ်"ဟု ပြောသည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Kyushu မြို့ Kyushu University ဆေးရုံကြီးတို့ ပူးပေါင်း၍ ခွဲစိတ်မှုအတွက် လိုအပ်သည့် ဆေးဝါး၊ စက်ကိရိယာ ထောက်ပံ့မှုများ ပေးမည်ဖြစ်ပြီး ပထမဦးဆုံး အသည်းအစားထိုး ခွဲစိတ်ပေးမည့် ကလေးကို လာမည့်ဇန်နဝါရီလအတွင်း ရွေးချယ်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်ဒွတ်ခါး

# နိုင်ငံခြားတွင် ပညာသင်ကြားမည်ဆိုပါက မိမိကုန်ကျစရိတ်တတ်နိုင်သည့် ကျောင်းများကိုသာ လေ့လာ၍ တက်ရောက်သင့်

ရန်ကုန်၊ ဒီဇင်ဘာ ၁၁

နိုင်ငံခြားတွင် ပညာသင်သွားရောက်မည်ဆို ပါက မိမိကုန်ကျစရိတ်တတ်နိုင်သည့် ကျောင်းများကို လေ့လာ၍ တက်ရောက်သင့်ကြောင်း Myanmar Search International (MSI) မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်းက ဒီဇင်ဘာ ၈ ရက်တွင် ကျင်းပသည့် ပညာရေးပြပွဲတွင် ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က တကယ်တမ်းကြတော့ သင်ရိုးညွှန်းတမ်းတွေက ကောင်းပါတယ်။ ဒါပေမဲ့ ၁၀ တန်းကို အလွတ်ကျက် ဖြေပြီးတော့ ဂုဏ်ထူးတွေ ထွက်တာ မဟုတ်ဘဲနဲ့ ဘာသာရပ် တစ်ခုချင်းစီကို ထဲထဲဝင်ဝင် လေ့လာပြီးတော့ တတ်သိနားလည်ပြီး ဂုဏ်ထူးတွေ ထွက်တာကိုပဲ ဖြစ်စေချင်ပါတယ်။ အဲ့ဒီလိုမျိုး ဂုဏ်ထူးထွက်တာဆိုရင် နိုင်ငံခြားမှာလည်း ပညာသင်တဲ့အခါမှာ အခက်အခဲမရှိဘဲ စာသင်နိုင်မှာ ဖြစ်ပါတယ်။ နောက်ပညာရေးပြပွဲတွေမှာလည်း သွားရောက်လေ့လာစေချင်ပါတယ်။ ကိုယ့်ပညာရေးနဲ့ ပတ်သက်ပြီး နိုင်ငံခြားမှာ ကျောင်းတက်ရင် ကိုယ့်ကုန်ကျစရိတ်ကို ဘယ်လောက်သုံးနိုင်မလဲ။ ကိုယ့်သွားမယ့်နိုင်ငံမှာ ကိုယ့်သင်ယူမယ့် ဘာသာရပ်က အားသာချက် ရှိ၊ မရှိ၊ ကျောင်းပြီးသွားရင် အလုပ်အကိုင် အခွင့်အလမ်း ဘာတွေရှိမလဲ။ ကျောင်းပြီးသွားရင် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့ ကျောင်းတက်နေစဉ်ကာလမှာ ဘယ်လိုတွေ ကြိုးစားပြင်ဆင်ရမလဲဆိုတာ သိထားဖို့ လိုအပ်ပါတယ်။ နိုင်ငံခြားမှာ ကျောင်းတက်တိုင်း လူတိုင်းအောင်မြင်တာ မဟုတ်ပါဘူး"ဟု ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံခြားတွင် သွားရောက်ပညာသင်ကြားမည့်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်း အားသာချက်နောက်ကို မလိုက်ဘဲ၊ မိမိဝါသနာပါသည့် ပညာရပ်ကိုလည်း ရွေးချယ်သင်ကြားစေချင်ကြောင်း၊ ထိုသို့မဟုတ်ပါက လူငယ်များအနေဖြင့် စိတ်ဖိစီးမှုဒဏ်နှင့် ပင်ပန်းမှုဒဏ်ကိုလည်း မခံနိုင်ကြောင်း၊ ထို့ကြောင့် မိမိဝါသနာပါသည့် ဘာသာရပ်နှင့် လုပ်ငန်းများကို ရွေးချယ်နိုင်ရန် လိုအပ်ကြောင်း သိရသည်။

Myanmar Search International (MSI)ပညာရေးပြပွဲသည် ၂၀၁၈ ခုနှစ်ကုန်ပိုင်းအတွက် ပြသသည့်ပြပွဲဖြစ်ပြီး နိုင်ငံတကာမှ ကျောင်းပေါင်း ၁၇ ကျောင်းဖြစ်ကာ USA၊ ယူကေ၊ စင်ကာပူ၊ ထိုင်း၊ ဩစတြေးလျ၊ မလေးရှားမှ တက္ကသိုလ်များပါဝင်ပြီး အဆိုပါကျောင်းများသည် မြန်မာနိုင်ငံတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ မိဘများ စိတ်ဝင်စားမှု အများဆုံးဖြစ်သည့် ကျောင်းများဖြစ်ကြောင်း၊ မြန်မာကျောင်းသားများလည်း လက်ရှိတွင် တက်ရောက်မှု ရှိနေသည့် ကျောင်းများဖြစ်ကြောင်း သိရသည်။

သက်မှူး


STAR WORLD KTV
ENTERTAINMENT
ဘဝအမောတွေ
ပြေပျောက်ဖို့
Star World
ဝိသားစု KTV ကို
သွားကြစို့...
အမှတ်(၈၆-အေ)၊ ရတနာလမ်းမပေါ်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

www.free4readers.com



# မိုးထိမိုးမိကို တစ်ဖက်လှည့်နဲ့ လိုချင်တဲ့ သူတွေက နည်းမျိုးစုံနဲ့ ကြိုးစား သွေးထိုးနေကြတယ် ....

## အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးထွန်းအောင်စိုးနှင့် တွေ့ဆုံခြင်း

အွန်လိုင်းဝဏ္ဏ

*အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက်က လုပ်ကိုင်နေသည့် ရမည်းသင်း မိုးထိမိုးမိ ရွှေတူးဖော်ခွင့်အား ဝန်ကြီးဌာနဘက်မှ စာချုပ်ဖျက်သိမ်းလိုက်သဖြင့် ကုမ္ပဏီဘက်မှ များစွာ နစ်နာလျက်ရှိကြောင်း ဒီဇင်ဘာ ၂ ရက်တွင် ကုမ္ပဏီဘက်မှ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး ရှင်းပြခဲ့သည်။ မိုးထိမိုးမိတွင် ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံထားသည့် ရွှေတူးဖော်ရေးမိုင်းကြီး ဘာ့ကြောင့် ရပ်ဆိုင်းခံလိုက်ရခြင်းကို သိရှိနိုင်ရန် Speaker က ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ MD ဦးထွန်းအောင်စိုးကို ဆက်သွယ်မေးမြန်းခဲ့သည်။ တစ်ချိန်တည်းမှာပင် Speaker မှ ရရှိထားသည့် သတင်းအချက်အလက်များအရ မိုးထိမိုးမိ ရွှေလုပ်ကွက်ကို ပြည်တွင်းလုပ်ငန်းရှင်တချို့မှ လက်ဝယ်ရယူရန် ကြိုးစားနေသည်ဟုလည်း စိတ်ဝင်စားဖွယ် ကြားသိနေရသည်။ အခြေအနေ အားလုံးကို မြုံငုံမိစေရန် MD ဦးထွန်းအောင်စိုးနှင့် မေးမြန်းခဲ့သမျှကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။*

Speaker ။ ။ မိုးထိမိုးမိ တင်ဒါအောင်မြင်ခဲ့ပုံကို အရင်ပြောပြပါဦး။

UTAS ။ ။ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃ ရက် နိုင်ငံပိုင်သတင်းစာမှာ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ မိုးထိမိုးမိဒေသကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဖြစ် ဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူခဲ့ပါတယ်။ သတ္တုတွင်း ဝန်ကြီးဌာန အမှတ် (၂) သတ္တုတွင်းလုပ်ငန်းက ရွှေတူးဖော်လိုသူ နိုင်ငံသား ပြည်တွင်းကုမ္ပဏီများနဲ့ ပူးပေါင်းပြီး အနည်းဆုံး မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းနဲ့ မြန်မာကျပ်ငွေ သန်းပေါင်း ၁၅၀၀ ရင်းနှီးနိုင်ရမယ်လို့ ဖော်ပြထားပါတယ်။

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှာ လေလံဝင်ရောက်ယှဉ်ပြိုင်သူများကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် အရှေ့ခြမ်းဒေသမှာရှိတဲ့ ပုဒ်မ (၁၄၄) ထုတ်ပြန်ထားတဲ့ မိုးထိမိုးမိ နယ်မြေပုံနဲ့ တရားဝင်ကုမ္ပဏီ လုပ်ကွက်များ မြေပုံဖြင့် မိုးထိတောင် လုပ်ကွက် ရွှေပါဝင်မှုနှုန်း ၃၈ ဒသမ ၀၆ ဂရမ်/တန်၊ သတ္တုရိုင်းတန် ၆၈၉၂၆ တန်၊ ရွှေသတ္တုသိုက် ပမာဏ ၂ ဒသမ ၆၂၃ တန်ဟု ဖော်ပြထားပြီး ဝင်ရောက်ယှဉ်ပြိုင်သော ပြည်တွင်းကုမ္ပဏီ ၁၈ ခုအနက် မိမိတို့ အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီမှ အများဆုံး ရွှေစင် ၅ ဒသမ ၅၇၇ မက်ထရစ်တန် ထုတ်လုပ်ပေးသွင်းပါမည်ဟု သန့်ရှင်းဖြူစင်စွာ ယှဉ်ပြိုင်ပြီး တင်ဒါ အောင်မြင်ခဲ့ပါတယ်။ တင်ဒါပြိုင်ရာမှာ လုပ်ကွက်နေရာကို သွားရောက်ကြည့်ရှုလေ့လာစမ်းသပ်ခြင်းများ ဆောင်ရွက်ခွင့် မရရှိခဲ့ပါဘူး။

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းက တာဝန်ရှိသူများနဲ့ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှာ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့ နှစ်ဖက်အကျိုးတူသဘောတူ မူလစာချုပ်ကို ချုပ်ဆိုခဲ့ကြပါတယ်။



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

> ဒီဇင်ဘာ ၂ ရက်မှာ ဖြစ်စဉ်အမှန်ကို ရှင်းလင်းတင်ပြပြီး ဒီဇင်ဘာ ၃ ရက်မှာ ကုမ္ပဏီဥက္ကဋ္ဌကို အမှုဖွင့်တာဖြစ်လို့ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုပါလာသလားဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။ ”

စာချုပ် ချုပ်ဆိုရာမှာ စာချုပ်ပါ အချက်အလက်များကို ကုမ္ပဏီက တန်းတူရည်တူ ညှိနှိုင်းဆွေးနွေးခွင့် မရရှိခဲ့ပါဘူး။

Speaker ။ ။ ကုမ္ပဏီဘက်က တင်ဒါမရမှာစိုးလို့ ရွှေကို ပိုပေးခဲ့တယ်လို့ အပြင်မှာ သတင်းထွက်ပါတယ်။ ဟုတ်ပါသလား။ ရှင်းပြပါဦး။

UTAS ။ ။ တင်ဒါမှာ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းက 38 ppm ရှိကြောင်း ဖော်ပြခဲ့၍ တွက်ချက်ပြီး ၅ ဒသမ ၅၇၇ တန် အများဆုံးပေးခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ၅ ဒသမ ၅၇၇ တန်ပေးခဲ့တာ များတယ်လို့ ယူဆပေမယ့် ဒုတိယအများဆုံး ၅ ဒသမ ၁၁ တန် ပေးထားတာကြောင့် ကျွန်တော်တို့ဟာ ၅ ဒသမ ၁ တန်ထက် နည်းခဲ့ပါက လုပ်ကိုင်ခွင့်ရရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် များတယ်လို့ ပြောလို့မရပါဘူး။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နိုင်ငံတော်အတွက် ကြိုးစားလုပ်ကိုင်မယ်ဆိုတဲ့ ခံယူချက်နဲ့ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီက မိုးထိမိုးမိမှာ ထုတ်လုပ်တဲ့အပိုင်း တာဝန်ယူတာ ဖြစ်ပါတယ်။ ၆၁၀၅ ဧကမှာ ရွှေရှိကြောင်းကို သတ္တုတွင်းဝန်ကြီးဌာနနဲ့ နိုင်ငံတော်က တာဝန်ယူရှာဖွေပြီး 38 ppm ရှိကြောင်း ဖော်ပြခဲ့တဲ့အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း စာချုပ်နဲ့ နိုင်ငံသားပိုင် ကုမ္ပဏီများအနက်မှ အမျိုးသား ကြီးပွားတိုးတက်ရေး ကုမ္ပဏီက မိမိတို့စရိတ်နဲ့ ရွှေမိုင်းတည်ထောင် တူးဖော်ထုတ်လုပ်ပေးရခြင်း ဖြစ်ပါတယ်။ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီမှာ ရွှေသတ္တုစမ်းသပ်ရှာဖွေ တိုင်းတာပြီး ထုတ်လုပ်ပေးသွင်းတဲ့ ကတိစာချုပ် မဟုတ်ကြောင်း သိစေချင်ပါတယ်။ နိုင်ငံတော်အဆင့်ကို ယုံကြည်လို့ နိုင်ငံတော်က ပေးသော သတင်းအချက်အလက်အပေါ် မူတည်ပြီး စွန့်စားဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

Speaker ။ ။ မိုးထိမိုးမိကို ရွှေတူးဖော် ခွင့်ရပ်ဆိုင်းလိုက်တာ နိုင်ငံရေးပယောဂတွေ ပါတယ်လို့လည်း ကြားနေရတယ်။ ဘာကြောင့်လဲ ခင်ဗျား။

UTAS ။ ။ ကျွန်တော်တို့ ကုမ္ပဏီက နိုင်ငံရေး ဘာမှလုပ်ကိုင်တာ မရှိပါဘူး။ စီးပွားရေးသက်သက်ကိုသာ လုပ်ကိုင် ဆောင်ရွက်နေတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲများနဲ့ အစိုးရအပေါ်မှာလည်း ယုံကြည်အားကိုးလျက် ရှိပါတယ်။ နိုင်ငံတော်အကျိုးအတွက် မျှော်မှန်းပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ **စာမျက်နှာ (၃၄) သို့**

